


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# နေနွယ်ဇင်မြင့်

## မြူနှင်းဆိုသော မိန်းမသား


စာမူခွင့်ပြုချက်အမှတ် - ၅၀၂၀၅၆၁၂၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၇၄၀၀၀၉

၂၀၀၉ ခုနှစ်၊ မတ်လ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


BURMESE CLASSIC .com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# နေနွယ်ဇင်မြင့်


# မြူနှင်း
# ဆိုသော
# မိန်းမသား

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com







ဘဝဆိုတာ ... ကျွန်မအဖို့တော့၊ တစ်ယောက်တည်း လျှောက်သာတဲ့ လမ်းကျဉ်းကလေးပါ။


"အထီးကျန်ခြင်း" ခံစားမှုထဲမှာ လူမှန်းသိတတ်စ အရွယ်ကတည်းက စုန်းစုန်းနစ်ခဲ့ရပါတယ် ဆိုရင် ပုံကြီးချဲ့တယ် မထင်ကြပါနဲ့။

တကယ်ပဲ ... ကျွန်မဘဝမှာ၊ တစ်ယောက်တည်းရှိခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com







## ၁

ခြေသည်းကို အရောင်ဆိုးပြီးမှ အပွင့်ကလေးတွေ ဆော်ဖို့၊ သားရေခုံပုလေးပေါ်တင်ပေးလိုက်ပါသည်။ သူငယ်ချင်း "သဇင်"ကို ရုတ်တရက် သတိရ ဒိုက်မိ၏။

"ဖြူတီပါလာတွေမှာ ခေါင်းလျှော်ရတာ၊ ဆံပင်ညှပ် ဘောက်၊ မိတ်ကပ်လိမ်း၊ ဘာကိုမှ အားမနာဘူး၊ ခြေသည်းညှပ်၊ ခြေသည်းဆိုးလုပ်ရတာတော့ အရမ်းအားနာတယ်ကွာ" ... တဲ့။

"ခြေထောက်ဆိုတာ ကိုယ့်ခန္ဓာမှာ အနိမ့်ဆုံးအပိုင်း ဘွာ၊ ကျုပ်တို့ မြန်မာယဉ်ကျေးမှုက၊ တစ်ခုခုကို ခြေထောက်နဲ့ပြ ရှင်တောင် ရိုင်းတယ်ထင်ကြတာ" ... တဲ့။

"သူ့ခမျာ ဒီအလှပြင်ဆိုင်မှာ ဒီအလုပ်ကို လုပ်ရလို့ သာ သူများခြေထောက်ကြီးကိုင်ပြီး လုပ်ပေးရတာ၊ အလကားနေရင်း ဆို ဘယ်သူကိုင်ချင်ပါ့မလဲ" ... တဲ့"

အဲဒီသဇင်ဟာ၊ အလကားနေရင်း၊ သူတစ်ဖက်သား ကို ဆုံးမနေတတ်တာမို့ အမြဲပဲ စိတ်တိုနေရပါသည်။ သူ့စကား တွေနားငြီးလှသည်။ ဖြစ်နိုင်လျှင် လုံးဝကိုမပေါင်းချင်။ သို့သော်မဲ့ ကိုယ့်မှာက ပေါင်းစရာဆိုလို့ ဒီတစ်ယောက်တည်းရှိတာမို့မပေါင်း

www.burmeseclassic.com

www.burmeseclassic.com



ချင်လျှင် တစ်ယောက်တည်းကျန်ရှိသာရှိတော့သည်။ တကယ်တော့ "တစ်ယောက်တည်း"ဆိုသည့်အဖြစ်က ကိုယ့်အတွက်တော့ ဆန်းလှသည်လည်းမဆိုနိုင်ပါ။ ကိုယ် ... ဆိုသောမိန်းကလေး (သူများတွေက ကိုယ့်နာမည်လေးလှသတဲ့။ နာမည်လေးနဲ့ မျက်နှာလေးက လိုက်ဖက်သလောက်၊ အကျင့်နှင့်ကျတော့ဆန့်ကျင်ဘက်တဲ့၊ ဝေဖန်ကြတာလေ)... "မြူနှင်းစို"ဆိုသည့် ကောင်မလေးဟာ တစ်ဘဝတာလုံးမှာ တစ်ယောက်တည်းချည်းပါပဲ။ အနီးအနားမှာ တစ်ယောက်တလေတော့ရှိနေတတ်ပေမယ့် ... ကိုယ်ဟာ တစ်ယောက်တည်းပါပဲလေ။

"အနက်ရောင်ဆိုးပြီးမှ ပန်းရောင်ပွင့်ကလေးတွေ ဖော်လိုက်ရမလား မမ"

အလှပြင်ဆိုင်ဝန်ထမ်း မိန်းကလေးဟာ ကိုယ်နှင့် မတိမ်းမယိမ်းပါပဲ။ သို့ပေမဲ့ ... ယဉ်ကျေးပျူငှာစွာ "မမ"ဟုခေါ်ပြနေ၏။ ခက်တာက၊ မတည်ငြိမ်သော ကိုယ့်စိတ်ပင်။ ကိုယ့်စိတ်ဟာ ဘယ်တော့မှ ပုံမှန်ရှိမနေတတ်တာ ကိုယ်သာလျှင်အသိဆုံးပါ။ ကိုယ့်ကို ...

"မျဉ်းပြိုင်နှစ်ကြောင်းပေါ်ခွပြီး လမ်းလျှောက်နေတဲ့ မိန်းကလေး" ... တဲ့။ ဦးသွေးက ပြောတာလေ။

"ခု ... ဘယ်ဘက်မျဉ်း၊ ခုချက်ချင်း ညာဘက်မျဉ်းပေါ်ခုန်ကူး၊ တစ်ချိန်ချိန်မှာ မျဉ်းနှစ်ကြောင်းပေါ် ခြေတစ်ဖက်စီဟင်လိုတင်၊ တစ်ခါတလေကျတော့လည်း၊ ခြေနှစ်ချောင်းလုံးက တစ်ဖက်တည်းပေါ်မှာ၊ မျဉ်းနှစ်ကြောင်းအလယ်ကို ခြေချော်ကျတဲ့အခါလည်းကျ ... မတည်ငြိမ်လိုက်တဲ့ မြူနှင်းရယ်" ... တဲ့။



ဦးသွေးက အဲသည်စကားတွေကို၊ ချစ်စနိုးကြီးနှင့် ရယ်မောပြောခဲ့ဖူးတာပါ။ မြူနှင်းစို ... ၏ လုပ်ရပ်များဟူသမျှကို ဦးသွေးက ပြုံးရွှင်ရယ်မောစွာ ခွင့်လွှတ်တတ်မြဲပေမယ့်၊ အမြဲလည်း ဝေဖန်ရှုတ်ချပြစ်တင်ပြုပြင်မြဲ ဖြစ်နေတတ်ပါသေးသည်။ ဦးသွေးကို ခင်သလိုလိုရှိပေမယ့်၊ ခင်လှသည်လည်းမဟုတ်။ ဝန်ခံရပါလျှင် စားဝတ်နေရေး အဆင်ပြေရုံမျှမက၊ အလျှံပယ်နေသည်မို့ ဦးသွေးနားမှာ တည်ရှိနေမိခြင်းပင်။

မြူနှင်းစို ... ဘယ်လောက်များ၊ ဘယ်နေရာမှာမှ အတည်တကျမရှိ၊ ပြုပြင်ပြောင်းလဲ လှုပ်ရှားနေတတ်ပါသလဲဆို...။ ကိုယ့်ကို တချို့က "မမ" ဟုခေါ်လျှင် (ရွယ်တူတန်းတူချင်းပဲထားပါ) ကိုယ်က ခါးသီးစွာ ခံစားတတ်ပေမယ့်၊ အဲသည်ရွယ်တူတန်းတူတွေကပဲ "မြူနှင်း"ဟုခေါ်လျှင် "မမ"အခေါ်ခံချင်ကာ စိတ်တိုဒေါသထွက်မိရပါသည်။

နောက်ဆုံး ... ဒီလူသားတစ်ဦးတည်းကပင်၊ တစ်ခါတစ်ရံမှာ "မမ"ခေါ်စေချင်ပြီး၊ တစ်ခါတစ်ရံကျ "မြူနှင်းရေ ... ညီမလေးရေ"ခေါ်စေချင်ပြန်ပါလေရော။ အဲဒါတွေကြောင့်ထင်ပါရဲ့၊ ဘွားက ...

"ညည်းလောက်စိတ်ကစား၊ မတည်ငြိမ်တဲ့မိန်းမမျိုး၊ တွေ့ကိုမတွေ့ဖူးဘူး၊ ဗီဇသွေးကိုက အရမ်းဆိုးတာ" ... တဲ့။

ဘွားနှင့်တူတူနေရစဉ်က ဘွားကို အရမ်းမုန်းခဲ့မိတာ၊ ခုကျတော့လည်း အောက်မေ့လွမ်းဆွတ်သလိုလို ဖြစ်နေပြန်ပါလေရော။ ဘွားမရှိရှာတော့ဘူးလေ။

"ဟင် ... မမ၊ အနက်ရောင်အောက်ခံဆိုးလိုက်မလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"အနက်ခံကြီးရင့်မှာပေါ့"

အဲဒါ ... မြနှင်းစိုရဲ့ စိတ်ဓာတ်ပဲဖြစ်သည်။

"ဘာရောင်ဆိုးမလဲဟင်" ...ဟုမေးလာလျှင်၊ "အနက်လေးအောက်ခံလိုက်ရင် ကောင်းသားပဲ" ... ဟု ပြောချင် ပြောမိမှာပေမယ့်၊ သူများက "အနက်ရောင်"ဟု ရွေးလာလျှင်တော့ ဆန့်ကျင်ဘက်လုပ်ပစ်ရမှ ကျေနပ်မိသည်တည်း။

"ဒါဆို ... အဖြူလားဟင်"

"ဩော် ... ခက်ရချည်ရဲ့၊ အနက်ကလွဲရင် အဖြူတစ်ရောင်ပဲရှိလို့လား"

"မမက ပွဲတစ်ခုခုသွားမှာဆိုရင်တော့ ဝတ်မယ့်အဝတ်အစားနဲ့လိုက်ဖက်မယ့် အရောင်လေးဆိုးမယ်လေ၊ မမ ဘာရောင်ကြိုက်လဲ"

"ဘာပွဲမှမတက်ဘူး၊ ဘယ်မှမသွားဘူး၊ အိမ်မှာနေရင်းရောခြေသည်းမဆိုးရတော့ဘူးလား၊ အိမ်မှာနေရင်း လှချင်တာ။ အဲဒါ မလှချင်ရဘူးလား။ ဘာရောင်ဝတ်မလဲ မမေးနဲ့၊ သက်တံမှာ မူလအရောင် ခုနစ်ရောင်ရှိတယ်ဆိုပေမယ့် ...

"အနီ၊ အရင့်၊ အမှိုင်း၊ အလွင့်တွေ ထပ်ခွဲလိုက်ရင် အရောင်ပေါင်းက ရေတွက်လို့ မကုန်နိုင်ဘူး၊ ရေတွက်မကုန်တဲ့ အရောင်အဆင်းတွေနဲ့ အဝတ်အစားမျိုးစုံ ရှိတယ်၊ ဘယ်ပွဲမှမသွားတဲ့ အိမ်မှာနေရင်းဝတ်မှာ။ ကဲ ... ဘာရောင်ဆိုးမလဲ"

"မမ ကြိုက်တာပြောပါ"



ကောင်မလေး မျက်နှာ နည်းနည်းညိုသွားတာကို သဘောတကျဖြစ်လိုက်ချေသေးသည်။ လူသားအားလုံး စိတ်တိုင်းမကျဖြစ်နေကြပါစေ။ ကိုယ့်ဘဝကိုယ် ကျေနပ်မနေကြပါစေနဲ့၊ ဒုက္ခနဲ့ ပြဿနာတွေကြားမှာ ကျဉ်းကျပ်မှောင်မည်းနေကြပါစေ၊ ဘဝရဲ့အလင်းတန်းမှာ ပျော်ရွှင်မနေကြပါစေနဲ့ ... ဆိုတာ မြနှင်းစိုရဲ့ ကိုယ်ပိုင်ဆန္ဒစစ်စစ်ကြီး ဖြစ်တော့သည်။

ဘာကြောင့်ဆို ... မြနှင်းဟာ ကိုယ့်ဘဝကိုယ် စိတ်တိုင်းမကျ၊ မနေကျပ်၊ ဒုက္ခနဲ့ ပြဿနာတွေကြားမှာ ကျဉ်းကျပ်မှောင်မည်း၊ အလင်းရောင်ပျောက်ပြီး မပျော်မရွှင်ဖြစ်နေရတာလေ။ ဦးသွေးကတော့ ပြောသား ...

"မြတ်စွာဘုရားက ... သုံးဆယ့်တစ်ဘုံမှာ ကျင်လည်သရွေ့ ဒုက္ခချည်းပဲတဲ့။ ပုထုဇဉ်တွေ စည်းစိမ်ချမ်းသာလို့ထင်နေကြတဲ့ အရာတွေဟာလည်း အစစ်တွေမဟုတ်ဘူး။ ချမ်းသာယောင်ဆောင်ထားတဲ့ ဒုက္ခတွေတဲ့။ လူတိုင်းဟာ ဒုက္ခဆိုတဲ့ပင်လယ်တွင်းမှာ ယက်ကန်ယက်ကန်ချည်းပဲ" ... တဲ့။

"ခုနစ်ရောင်ပြည့်အောင်ဆိုးမယ်၊ အပွင့်နဲ့အဆင်ကိုတော့၊ မင်း ကြိုက်သလိုဖော်တော့"

"ဘာပုံ"လို့ပြောလိုက်ချင်သားပါ။ မပြောတတ်တော့သည်မို့၊ ကိုယ်က သူ့ကို သက်ညှာစွာ ခွင့်ပေးလိုက်သလိုလိုနှင့် အသာစီးကိုယူလိုက်ခြင်းပင်။ ကောင်မလေးမျက်နှာက စောစောကလို မချို၊ မရွှင်တော့ပါ။ မစူမပုပ်မိအောင် ကြိုးစားထားပုံရသည်။ အဲဒါကိုပဲ မြနှင်းက ကျေနပ်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည် အလှပြင်ခန်းမမှ လှေကားတစ်ထပ်ဆင်းလျှင် ခေတ်မီကုန်တိုက်ခန်းမကြီးသို့ရောက်ပါသည်။ တစ်ထပ်လေးကိုပင် ခြေထောက်နှင့်မဆင်းဘဲ ဓာတ်လှေကားနှင့်ဆင်းခဲ့၏။ ဒီကုန်တိုက်ကြီးမှာ၊ အိမ်ရှင်မများအတွက် မီးဖိုချောင်သုံး ပစ္စည်းများ၊ အိမ်သုံးပစ္စည်းမျိုးစုံနှင့် အလှကုန်ကုမ္ပဏီများမှလာဖွင့်ထားသော ကောင်တာများရှိပါသည်။ အဝတ်အထည်မရှိပါ။

"အဲဒါကို စိတ်ပျက်တာ၊ ဝေဖန်အကြံပြုလွှာဆိုတဲ့ စာတိုက်ပုံးထဲမှာ အကြံပြုစာ ထည့်ကိုထည့်ရဦးမယ်"

တစ်ယောက်တည်း ကျိတ်ပြောရင်း မျက်နှာပါ သုန်မှုန်သွားရတော့သည်။ ဤကုန်တိုက်ကြီးက ရန်ကုန်မြို့ပေါ်မှာတင်ပင်၊ မြနှင်း သိသလောက် ခြောက်ခုလား ခုနစ်ခုလားရှိသည်။ ဒီလောက်ပျံ့နှံ့ပါလျက် ... လူတွေကလည်း အလကားပေးနေသလား၊ နိမ့်ဗွာန်ဈေးလားထင်ရအောင် ကြိတ်ကြိတ်တိုးစည်ကားပါလျက် ...၊ ပိုက်ဆံပေးဖို့တောင် တန်းစီပေးရပါလျက် ... ပစ္စည်းမစုံတာကို၊ မြနှင်း စိတ်ကိုရခြင်းဖြစ်၏။

အိမ်သုံးပစ္စည်းတွေကတော့ စုံတကာစေ့၊ လျှပ်စစ်ပစ္စည်းမျိုးစုံ၊ တယ်လီဖုန်း၊ သော့မှစ၍ မုန့်မျိုးစုံ၊ သားငါးမျိုးစုံ၊ စည်သွပ်ဘူးမျိုးစုံ၊ အချိုရည်၊ ကော်ဖီပေါင်းစုံ၊ ပြောလို့မကုန်အောင် မျိုးစုံပါလျက်၊ အလှကုန်ကောင်တာတွေနှင့် အလှအပပစ္စည်းမျိုးစုံလည်းရှိပါလျက်၊ မြနှင်း နည်းနည်းလေးမျှ မကျေနပ်



ပါ။ အထည်အလိပ်မရှိ၊ ဖိနပ်မရှိ၊ လက်ကိုင်အိတ်မရှိ။ လူဆိုတာ စားသောက်လှပရုံနှင့်ပြီးရိုးလား၊ အဝတ်အစားမဝတ်ရတော့ဘူးလား၊ ပိုက်ဆံကို လက်ကိုင်ပဝါအကြီးကြီးချုပ်ပြီး ထုပ်သွားရမှာလား၊ ဖိနပ်မစီးဘဲ ဒီကုန်တိုက်ကို လာခဲ့ရမှာလား။

စင်စစ် ... ဒီကုန်တိုက်ကိုလာခဲ့သည့် ရည်ရွယ်ချက်မှာ လော်ရဲလ်ကောင်တာ၊ ရက်ဗလွန်ကောင်တာ၊ မေဗလင်းကောင်တာတွေမှာ အလှကုန်ပစ္စည်းကြည့်ဖို့ ကြိုက်တာတွေ့လျှင်ဝယ်ဖို့ပေမယ့် ...မရှိတာကိုမှကြံဖန်အပြစ်တင်တတ်ခြင်းက မြနှင်းအကျင့်ပင်။

"ဒီမှာ ... ဒီမှာ"

ကုန်တိုက်၏ နံရံပေါ်မှာ ဒီနှစ်အတွက် အထူးချွန်ဆုံးသောဝန်ထမ်းများ၏ ဓာတ်ပုံတွေကတင်ထားသည်မို့ အဲဒီမျက်နှာတွေကို သေချာမှတ်ပြီးမှ၊ ဆင်တူမျက်နှာကို လိုက်ရှာပြီး မျက်နှာချင်းဆိုင်ရပ်၍ ခေါ်လိုက်၏။

"ဟုတ်ကဲ့ ... ကျွန်မ ဘာကူညီရပါမလဲရှင်"

မြနှင်း မျက်နှာက (သူများတွေက ရုပ်ကလေးလှသလောက်ဟု ပြောကြပါသည်) ရှုပ်ပုပ် ခပ်တင်းတင်း၊ မကျေနပ်ခြင်းတွေကို ဖော်ပြနေသည်မို့ တာဝန်ရှိဝန်ထမ်းမှ အချိုဆုံးပြုံး၍ မေးရှာ၏။

"ဒီကုန်တိုက်မှာ ဝေဖန်အကြံပြုတဲ့စာထည့်ဖို့ စာတိုက်ပုံး မရှိလို့၊ မတွေ့လို့"

"သြော် .. ဟုတ်ကဲ့၊ ဘာများအံမှားအယွင်း ရှိပါသလဲရှင်"

"ပြောချင်လို့ကို စာနဲ့ရေးထားတာ၊ ဟိုတစ်ခါတုန်းကလည်း ပြဿနာတစ်ခုဖြစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ဘက်က ဘာများလိုအပ်ချက်ဖြစ်ခဲ့ပါသလဲရှင်"

"တို့က အဲဒီတုန်းက ငါးသောင်းကျော်ဖိုးဝယ်တာ၊ ပန်းအိုးပါတယ်၊ ဝင်းချိုင့်မ်(Wind Chime)လေးတွေ၊ ဒီကာက်ဖိနိတ်တက် (Decaffenated) နောက်ပြီး ရေချိုးခန်းသုံးပစ္စည်းတွေ၊ ဟိုဘက်ခြမ်းကကျတော့ စပျစ်သီးနဲ့ ပန်းသစ်တော်တွေပါဝယ်တာ၊ တို့ဝယ်တဲ့ထဲမှာ သစ်ကြားသီး လုံးဝမပါဘူး ...

"အိမ်ကျတော့ စာရင်းနဲ့ပစ္စည်း ပြန်တိုက်တော့၊ စာရင်းထဲမှာ သစ်ကြားသီးတစ်ထုပ်တဲ့၊ တန်ဖိုးခုနစ်ထောင်ပါပြီး၊ သစ်ကြားသီးကျတော့ပါမလာဘူး၊ တို့က ဝယ်ကိုလည်းမဝယ်တာ"

"ကျွန်မ မှတ်မိပါတယ်၊ အဲဒီတုန်းက ကျွန်မတို့ဘက်က အမှားပါ"

"ဟုတ်တယ် ... လာတုန်းကတော့ ပိုက်ဆံပြန်ရဖို့မရည်ရွယ်ပါဘူး၊ မှားတာကိုမခံချင်တာ၊ တကယ်တမ်းကျတော့ ခုနစ်ထောင်ဆိုတဲ့ပိုက်ဆံဟာလည်း ဘာမှ မဟုတ်ပါဘူး၊ ဒီကာက်ဖိနိတ်တက်တစ်ပုလင်းတောင် သောင်းသုံးထောင်ပေးရတာ၊ တန်ဖိုးက အဓိကမဟုတ်ဘူး၊ သိစေချင်လို့ ...

"လာပြောတာ၊ ပိုက်ဆံပြန်အမ်းပေးလိုက်တော့ တို့က တော်တော်ချီးကျူးမိခဲ့တယ်။ ကောင်တာမှာ သွားစစ်တော့ သစ်ကြားသီးတစ်ထုပ်ပိုနေတာတွေ့ပါတယ်တဲ့၊ အဲဒီလိုစစ်နိုင်ခွင့်ရအောင်လုပ်ထားတဲ့စည်းမျဉ်း၊ နည်းစနစ်ကို ချီးကျူးခဲ့တာပါ"

"ဟုတ်ကဲ့ ... ဒီတစ်ခါလည်း ချီးကျူးဖို့ပါလားရှင်"



"ကဲ့ရဲ့မလို့"

"အမိန့်ရှိပါ"

"ဒီလောက်ခမ်းနားကျယ်ဝန်းတဲ့ ကုန်တိုက်ကြီးထဲကို ဝင်သွားရင်၊ လိုချင်တာအကုန်ရရမယ် မဟုတ်လား။ ပြောရမယ်ဆိုရင်၊ ခုံဖိနပ်ကစပြီး စိန်နားကပ်ထိ"

ဝန်ထမ်းအမျိုးသမီးက ပြုံးလေ၏။

"ပြောတာပါ၊ ခုံဖိနပ်လည်း မဝယ်ချင်ပါဘူး၊ စိန်နားကပ်ဝယ်ချင်ရင်လည်း စိန်တိုက်တွေသွားမှာပေါ့။ ပစ္စည်းစုံတင်ဖို့ပြောတာ၊ ခုတော့ ..."

"ဟုတ်ကဲ့"

"အဝတ်အထည်၊ ကိုက်ထိုးနဲ့ရောင်းတဲ့ အထည်စတွေ၊ ရယ်ဒီမိတ်အင်္ကျီ၊ ဘောင်းဘီတွေ၊ အမျိုးသားစီး အမျိုးသမီးစီးဖိနပ်မျိုးစုံ၊ လက်ကိုင်အိတ်မျိုးစုံမှ မရှိတာ"

"ဟုတ်ကဲ့"

"အဲဒါ ... ဒီမှာ စာနဲ့ရေးလာတယ်၊ ယူထားပေးမလား"

"ဟုတ်ကဲ့ ... ထားခဲ့ပါ"

"ထားခဲ့ပါဆိုပြီး၊ အမှိုက်ပုံးထဲလည်း တန်းမထည့်လိုက်နဲ့ဦး၊ ပိုင်ရှင်ဆီရောက်အောင်ပို့ပါ"

"ပို့ပါမယ်"

"ရှင်က ဒီနှစ်အတွက် ဓာတ်ပုံတောင်ဖော်ပြခြင်းခံရတဲ့သူမို့ ယုံကြည်ပါရစေ"

"စိတ်ချပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... အလှကုန်နဲ့ပတ်သက်ရင် Brand မျိုးစုံကကောင်တာတွေရှိတာတော့ ကျေနပ်ပါတယ်။ အလှကုန်ဝယ်မှတော့၊ အိတ်မျိုးစုံဆန်းပေ့သစ်ပေ့ကိုလည်း ဝယ်ချင်တာပေါ့၊ ဖိနပ်ဆိုလည်း နောက်ဆုံးရောက်တဲ့ ဒီဇိုင်းတွေ ဝယ်ချင်တာပေါ့"

"ဟုတ်ကဲ့ ... စိတ်ချပါ။ ဒီစာကို M.D လက်ထဲရောက်အောင် ထည့်ပေးပါမယ် ... ယော ..."

ဝန်ထမ်းအမျိုးသမီးလေးက မျက်လွှာလေးဝင့်လျက်၊ ယော ... ဟု မြည်လေ၏။

"ခုလာနေတာ၊ ဒီကုန်တိုက်ပိုင်ရှင်ရဲ့သားပါ။ လောလောဆယ်မှာ သူ M.D ပါရှင်၊ ကျွန်မ တစ်ခါတည်းပြောလိုက်ပါမယ်"

"ဟင်း ... M.D တဲ့ ငယ်ငယ်လေး"

သူ့မိဘချမ်းသာလို့ ရောမကုန်တိုက်ကြီးဖွင့်နိုင်လို့ M.D ရာထူးကို ပေါပေါချောင်ချောင်ရသွားတာ အထင်မကြီးပေါင်။

ဘယ်တော့မဆို၊ ဘယ်သူ့ကိုမဆို၊ ဘယ်ဖြစ်ရပ်ကိုမဆို၊ အဆိုးမြင်ရှုထောင့်က ဝေဖန်လိုက်ရမှ စားဝင်အိပ်ပျော်သည့် မြူနှင်းက M.D ဆိုသူလေးကို မျက်စောင်းတစ်ချက်ထိုးပြီးမှ ခပ်ပေပေစိုက်ကြည့်ပစ်လိုက်၏။ သူ့ဘာသာ M.D မကလို့ ZD ဖြစ်တော့ရော ZZ ဖြစ်တော့ရော မှုစရာလားဆိုသည့် ပုံပန်းကို ဖမ်းပစ်လိုက်သည်။ မြူနှင်း၏ အဲဒီ ထိမထင် မျက်နှာလောက် "ရိုက်ပေါက်"ဖြစ်တာ မရှိတော့ဘူးဟု ... "သဇင်"က ပြောဖူးပါသည်။ ရိုက်ချင်လည်း လာရိုက်ပေါ့။ ဘယ်သူက ငုံ့ခံနေမှာမို့လဲ။



သူရိုက် ကိုယ်ရိုက်။ မနိုင် ... နိုင်ရာဆောင့်ကန်၊ ဖက်ကိုက်ပစ်လိုက်လည်း ရတာပဲမဟုတ်လား။

အရောင်းဝန်ထမ်းအမျိုးသမီးက မြူနှင်းကို လှမ်းကြည့်၊ လက်ညှိုးညွှန်၊ ဘာတွေမှန်းမသိ တတွတ်တွတ်ပြော၊ M.D ပေါက်စကကြည့်။ သူ့မျက်နှာ ... အံ့သြ၊ ချီကြည်၊ ရွှန်းလဲ့(ထင်တာပဲ) ခံစားမှုတွေ တဖျပ်ဖျပ်ပြောင်းသွားတာကို တွေ့ရ။ ယော ... သူ မြူနှင်းထံ လာနေပါပကော။

❣ ○ ❣

www.burmeseclassic.com

www.burmeseclassic.com



## ၂

"မျက်နှာလေးကိုက ဘယ်လိုမှန်းမသိဘူး၊ ထိမထင်နဲ့"

"အဲဒါ ... သူများတွေက ရိုက်ပေါက်တဲ့"

"အဲဒီရိုက်ပေါက်လေးကိုက လှနေတာ"

မြူနှင်း အော်ရယ်ပစ်လိုက်တော့သည်။

"ဟော့ ... မိန်းကလေး၊ ဒီလောက်အကျယ်ကြီးရယ်ရလား၊ တိုးတိုးသက်သာ လုပ်စမ်းပါ"

"ယဥ်စစလေးလား"

"အင်းပေါ့"

"မကြိုက်တဲ့အချိန်၊ လက်တွဲဖြုတ်နိုင်တယ်၊ ရည်းစားက ဖြတ်လို့ ထိုင်ငိုနေမယ့် မိန်းမစားထဲမှာ မြူနှင်းစို မပါဘူး"

"တော်တော်လှတဲ့ ကောင်မလေးကွာ၊ ဘုတောနေလည်းလှ၊ မျက်စောင်းထိုးလည်းလှ၊ အပေါက်ဆိုးလည်းလှ"

ဒီတစ်ကြိမ်မှာတော့ မြူနှင်း ပြုံးစိစိလုပ်လိုက်ပါသည်။ သူ့အပြောတွေကို ကြိုက်တာကိုး။ သူ ... တကယ်ခံစားပြီးပြောနေမှန်း၊ ယုံကြည်တာကိုး။ တကယ်မခံစားရဘူးပဲထား၊ အလိမ်



အညာပဲထားဦး၊ မြူနှင်းစိုတို့က အမြှောက်ကြိုက်တယ်လေ၊ တစ်သက်လုံးက ဖိနှိပ်ထုထောင်းတာခံလာရတာမို့ အမြှောက်အပင့်များဆို ... နှာခေါင်းထဲကို ချိုပြီးကြိုက်တာ၊ အဟုတ်။

"ကိုယ့်ကို မျက်စောင်းလှလှလေးနဲ့လည်း လှမ်းပစ်နေသေးတယ်၊ အဲဒီမျက်စောင်းလက်နက်က ဒီရင်ဘတ်ကြီးကို တည့်တည့်မှန်တာ"

"ဆက်ပြောပါဦး၊ နားထောင်လို့ ကောင်းတယ်"

"အရူးမလေး"

"အဲဒါ ချစ်စနိုးနဲ့လား"

"ချစ်လို့ပေါ့"

"အရူးမလေးအခေါ်ခံရတာ၊ အခုပစ္စုပ္ပန်မှာ ချစ်စနိုးလေးဆိုပြီးကြိုက်ပေမယ့် ... နောက်တစ်ခါဆိုရင် စော်ကားတယ်ဆိုပြီး စိတ်ဆိုးချင်ဆိုးမှာနော်၊ ပုံမှန်တော့တွက်မထားနဲ့"

"အဲဒါလေးတွေပဲ ချစ်ဖို့ကောင်းနေတာ။ ကလေးလေးလိုပဲ"

"ကျွန်မ ... စကားကောင်းတစ်ခု ပြောမယ်နော်"

"အရင်ကပြောခဲ့တဲ့စကားတွေက စကားဆိုးတွေပေါ့"

"ကျွန်မကို အပေါက်ဆိုးတယ်လို့ လူတိုင်းကသတ်မှတ်ကြတာပဲ။ အခုက ... စိတ်ကောင်းဝင်တုန်းလေးတစ်ချက်ပြောမှာ"

"အင်း"

"ခုချိန်မှာ ... ရှင်က ကျွန်မကို သိပ်ချစ်နေတဲ့အချိန်၊ တစ်နည်းပြောရရင်တော့ ချစ်တဲ့ဇီဝိတ်တွေ မွှန်နေတဲ့အချိန်၊ ဘာပဲလုပ်လုပ် အကောင်းမြင်နေတဲ့အချိန်ဆိုတော့ မဲပြလည်း

www.burmeseclassic.com

www.burmeseclassic.com



ရှင့်မျက်စိထဲမှာ လှနေမှာပဲ။ ဒါပေမဲ့ ... စိတ်ဆိုတဲ့အရာ
တည်မြဲတယ်ရယ်လို့မှ မရှိတာ"

"အင်း ... ကျွန်တော့်ချစ်သူလေးက အတွေးအခေါ်ပညာရှ
လေးပဲ၊ ဘယ်ဆိုးလို့လဲ။ စိတ်တင်မတည်မြဲတာ မဟုတ်ဘ
လေ ရည်းစားရဲ့၊ တစ်လောကလုံး ... ဘယ်ဟာမှ မမြဲတာ"

"ဦးသွေးက ပြောတယ်၊ အဲဒီမမြဲတာတွေ ဖြစ်လိုက် ပျက်
လိုက်နဲ့ ပြုပြင်ပြောင်းလဲနေတာတွေ အားလုံးထဲမှာ ကျွန်
စိတ်ကတော့ ရှေ့ဆုံးကပဲတဲ့။ ဖြစ်ပျက်ပြောင်းလဲမြန်လွန်
လို့၊ မတည်ငြိမ်လွန်းလို့၊ ယောက်ယက်ခပ်လွန်းလို့တဲ့"

ညီမိုးညိုက ပျော့ပျော့လေး ရယ်ပြခြင်းဖြင့် ထောက်
ခံလိုက်ပါသည်။ ကိုယ့်ချစ်သူလေးဟာ တကယ်ပဲ အပြောင်းအလဲ
က မြန်ဆန်လွန်းလှသည်။

"ရှင် ... ကျွန်မကို ချစ်တယ်ဆိုတာလည်း၊ အခုလို အချစ်
ခိုးတွေမွှန်ပြီး တလှုလှုတက်နေတဲ့ အချိန် ဘဲ၊ တစ်နေ့နေ့
တော့ ရပ်တန့်သွားမှာပဲ"

"ကျွန်တော် သေဆုံးတဲ့အချိန်ပေါ့"

"အဲဒီအထိရှည်ကြာမယ်မထင်ပါဘူး၊ ကျွန်မပြောချင်တာ
က၊ ရှင် ... ကျွန်မကို စိတ်ပျက်စိတ်ကုန်လာတဲ့တစ်နေ့
မှာ ... တစ်နေ့နေ့မှာ ..."

ပြောရင်း ... ရင်ထဲမှာ ဘာကြောင့်များ လှိုက်ခနဲ
ဆို့နင့်သွားရသည်မသိပါ။ ညီမိုးညို ... ကိုယ့်ကို စွန့်ပယ်ပစ်ခွာ
သွားခဲ့လျှင်လည်း အပြုံးမပျက် ကျန်ရစ်ခဲ့နိုင်မယ်လို့ ထင်ထားတာ။
အဲသည်အချိန်တောင် မရောက်သေး၊ အဲဒီအဖြစ်အပျက်ကိုတောင်



ဆိုင့်ရသေးပါဘဲ ... ဒါလေးကို စကားလုပ်ပြောရုံနှင့် ရင်ထဲမှာ
ကျင်ကြေကွဲသွားခဲ့ပါလား။ ဖြစ်စရာလား။ ကိုယ် ... ပျော့ညံ့
ချည်လား။

ဒါမှမဟုတ် ... သူ့ကို၊ ညီမိုးညို ဆိုသည့် M.D
ကဲ့စလေးကို၊ ကိုယ်ဟာ မခွဲနိုင်၊ မခွာရက်၊ ဘဝလုံးပုံ၊ သက်
ပုံပြီး စူးနစ်စွဲခိုက်စွာ ချစ်နေမိပြီလား။

ကိုယ်အကြောက်ဆုံးက ... လူတစ်ယောက်ကို အဲဒီ
ချစ်မိသွားမှာမျိုးပင်။ အဲဒီလောက် ချစ်မိပြီ ဆိုကတည်းက၊
ယ်က အရာရာမှာအရှုံးသမားဖြစ်တော့မယ်ဆိုတာ ကြိုတင်သိနှင့်
ပင်။

"အင်း ... အဲဒီတစ်နေ့နေ့မှာ၊ ကျွန်မကို ရှင်က ပွင့်ပွင့်
လင်းလင်း ဖွင့်ပြောပြီး စွန့်ခွာသွားနိုင်တယ် ဆိုတာကို
ပြောမလို့ပါ"

စိတ်ကိုတင်းပစ်လိုက်တော့လည်း ကိုယ့်ရင်ထဲမှာ
မှာကျင်ကျင် ရှိရလှသည့် ဝါကျရှည်ကို ဖြူးဖြူးဖြောင့်ဖြောင့်
ပြောလိုက်နိုင်သားပါ။ ကိုယ်ဟာ ကိုယ်ထင်သလောက် မပျော့ညံ့
သေးဘူးထင်ပါရဲ့။

"တစ်ခုပြောမယ်"

ညီမိုးညိုက လက်ညှိုးထောင်ပြ၏။ မြူနှင်း ... အဲဒီ
က်ညှိုးလေးကို ဆွဲယူ၍ ရင်ခွင်ထဲဝှက်သိမ်းလိုက်ချင်စိတ် ပြင်းပြ
ဖြစ်ထွန်းသည်။ မြူနှင်းစို ... ဆိုတာ ချစ်တတ်သူလူတန်းစားပါ။
ချစ်ရှိသူပါ။ ရှိသည့်အချစ်ကလည်း ထုထည်ကြီးမားတတ်ပါ
သည်။ သို့ပေမဲ့ ... အဲဒီလို နက်ရှိုင်းစူးနစ်သောအချစ်ထုထည်

www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ဘယ်သူ့ထံကမှ မရဘူးခဲ့သေးဟု ... ယုံကြည်သည်
အဲဒါကြောင့်ပင် ... ကိုယ့်ရင်ထဲက အချစ်အစိုင်အခဲကြီးကို တ
ဖက်သွားထံ ပေးပို့ဆက်သ,လိုက်ရမှာကို ကြောက်လန့်၊ စိုးရွံ့
နေမြောလှပါတော့သည်။

"ကျွန်တော်တို့ ချစ်သူတွေ ဖြစ်ခဲ့ကြပြီ"

"သြော် ... တော်တော်ဆန်းတဲ့ဝါကျပဲ"

"ရှင် ... ရှင် ... နဲ့ ပြောနေတာ နားထဲကို ခရင်မ်ဆို
လောင်းထည့်ခံရသလိုပဲ"

ယုလှတာက"

"ချိုတော့ချိုတယ်၊ အေးလည်းအေးပါတယ်၊ ဒါပေမဲ့ အစိ
ရောင်ဖြစ်နေတယ်"

မြှုနှင်း ဟက်ဟက်ပက်ပက်ကလေး ရယ်ပြန်
"တိုးတိုးရယ်ပါဆို"

"တစ်သက်လုံးက အဲဒီလိုပဲ ရယ်ခဲ့တယ်။ ဒီလိုအရယ်
မိန်းမသားကို ရှင်ချစ်ရေးဆိုခဲ့တာလေ။ ရှင် ... ချစ်တ
လို့ပြောစဉ်က ကျွန်မ ... တိုးဖွဖွလေး ရယ်နေဖူးသလာ

ညီမိုးညို ခေါင်းညိတ်ပြလိုက်သည်။ ဒီချစ်သူ့အ
စားလေးကို ပြုပြင်ပြောင်းလဲဖို့ လွယ်မှာမဟုတ်တာကို သေချာလ
ခံရပါမည်။ သူ့ကို ဒီပုံစံအတိုင်း ဆက်ချစ်မလား။ သူ ... ပြု
ပြောင်းလဲမလာမှာ သေချာသည်မို့ ချစ်ခြင်းကို ရပ်တန့်ရမလာ
မချစ်ဘဲမနေနိုင်လျှင်တော့ သူ့ကို သူ့အတိုင်းလက်ခံဖို့ပဲဖြစ်
သည်။

"ဘာပြောမလို့လဲ၊ အစိမ်းရောင်ဖြစ်တော့ ဘာဖြစ်လဲ"



ခုပဲကြည့်။ သူ ... စိတ်မရှည်တော့ပါ။ အဲဒီလို
စိတ်မရှည်ပုံလေးကိုက အတိုင်းမသိ ချစ်ဖွယ်လေး ဖြစ်နေတာ
တော့ ဒီကောင်မလေးရဲ့ဘဝပေး၊ ရေးကုသိုလ်ပင်။

"ကျွန်တော့်ကို ကစ်ခုခုခေါ်ပါလား"

မြှုနှင်း အော်ရယ်ပြန်သည်မို့ ဘေးစားပွဲတွေက
ဆောင် လှည့်ကြည့်ကြ၏။ ပြီးမှ ... ရိုင်းပျမှာစိုးစွာ ... ခေါင်း
တွေပြန်လှည့်သွားကြသည်။ ဒီကော်ဖီဆိုင်က ညီမိုးညိုရဲ့ကုန်တိုက်
ကြီး (ညီမိုးညိုတို့ရဲ့ မာ့တ် Mart ကြီးက မြေညီထပ်မှာရှိသည်။
ကားရပ်ဖို့နေရာကိုတော့ Basement ဟုခေါ်သော မြေအောက်တစ်
လွှာမှာထားပါသည်)ရဲ့ ပထမထပ်မှာ။ ဒီကော်ဖီဆိုင်ရှင်က သူ့
ဆိုင်ခန်းနေရာကို၊ အဆောက်အအုံတစ်ခုလုံးကြီး (ရှစ်ထပ်)ကို
ပိုင်သည့် ဦးမင်းညိုထွန်း (ညီမိုးညို၏ဖခင်)ထံမှ ဝယ်ယူပြီးဖွင့်
ထားခဲ့ခြင်းဖြစ်သည်။

အဲသည်ကော်ဖီဆိုင်မှ ပိုင်ရှင်၊ ဆိုင်မန်နေဂျာနှင့်
ဝန်ထမ်းအချို့ဟာ ညီမိုးညိုကို ဦးမင်းညိုထွန်း၏သား၊ အောက်
ထပ်(မြေညီထပ်)မှာဖွင့်ထားသည့် Heart to Heart Super Market
ကြီးရဲ့ M.D မှန်းသိကြပါသည်။ ညီမိုးညိုမို့ ဒီကောင်မလေးနှင့် ...
ကော်ဖီဆိုင်ကို ရောက်လာလျှင် ကွက်ကြည့် ကွက်ကြည့် လုပ်ကြ
ပါသည်။ ကိုယ်တာဝန်ယူထားရသည့် စူပါမားကတ်ကြီးကို အချိန်
ကြာကြာစွန့်ခွာမသွားနိုင်သည့် ညီမိုးညိုကလည်း နေ့ခင်းနေ့လယ်
ဆို ဒီကော်ဖီဆိုင်မှ ပို၍ ဝေးဝေးမခွာနိုင်ပါ။ ခုလောက်ဆို ...
ဦးညီမိုးညို (သူ့အသက်ကလေး၊ နှစ်ဆယ့်သုံးဆိုပေမဲ့ MD မို့
"ဦး"တပ်ပြီးတော့ ခေါ်နေပါပြီ)ဟာ တော်တော်လေး လှုပ်ခတ်

www.burmeseclassic.com

www.burmeseclassic.com



ယိမ်းထိုးသည့် မတ်ညီမငြိမ်ကောင်မလေးတစ်ယောက်နှင့် တွဲနေပြီဆိုတာ ကော်ဖီဆိုင်တစ်ဆိုင်လုံး သိနေကြလောက်ပါပြီ။

သိကြတာကို၊ ရှင်ထဲ ဘယ်လိုမှမရှိပါ။ မြူနှင်းကို စ,ချစ်မိကတည်းက ရှုးရှုးနစ်နစ်မို့၊ တစ်နေ့ ... လက်ထပ်ဖို့လည်း ရည်ရွယ်ထားပါသည်။ သို့ပေမဲ့ ... သူ့ရဲ့ မတည်မငြိမ်၊ လှုပ်ခတ်ယိမ်းထိုးလွန်းမှုများကိုတော့ မကြာခဏ၊ ရှက်စိတ်ဝင်မိရပါ၏။ ညီမိုးညို ... မျက်နှာကြီး ဖျင်းခနဲပူကာ ရှက်စနိုးဖြစ်သွားရကြိမ်ပေါင်းလည်းများပါပြီ။

"နှုံးကရော ဘာဖြစ်လို့ ... ကျွန်တော်လို့ ပြောနေသေးလဲ"

မြူနှင်းက ရယ်လို့ဝမှ ပြန်မေး၏။

"မြူနှင်း မကြိုက်လို့လား၊ ကျွန်တော်က ကျွန်တော့်ချစ်သူကို အမြင့်တစ်နေရာမှာတင်ပြီး၊ တစ်ဆင့်နိမ့် ခ,စားချစ်ရတဲ့ အချစ်မျိုးနဲ့ ချစ်ချင်တာ။ ကျွန်တော်က ချစ်သူကို ချစ်တဲ့နေရာမှာ ... စောစောက မြူနှင်း ပြောခဲ့သလို ယာယီ မွှန်ပြီးချစ်တာမဟုတ်ဘူး၊ အချစ်တစ်ခုကို အထွတ်တင်ပြီး သက်တစ်ဆုံးချစ်သွားမှာ။ အဲဒါကြောင့် ... ကျွန်တော်လို့ ပြောရတာလေ ... ရင်ထဲမှာမြိန်တယ်။ မြူနှင်း မကြိုက်ရင်တော့ပြင်ပါမယ်"

"ဟင့်အင်း ... မပြင်နဲ့"

ညီမိုးညို၏ ဝါကျများနှင့် အသံအရှိက်အဖွင့်တို့ဟာ တည်ငြိမ်သလောက် အလိုလို အဆင့်အတန်းမြင့်နေသည်။ ယဉ်ကျေးသိမ်မွေ့နေသည်။ ညက်ညောနေသည်။ သူတို့မိသားစု (သားမိသားဖသုံးယောက်တည်း)ဟာ ဆက်ဆံရေး ပြေပြစ်ခြင်း၊



စိတ်ထားနူးညံ့ခြင်း၊ လူလူချင်းဆက်ဆံရာမှာ ဂုဏ်ပကာသနကို ဦးစားမပေးဘဲ၊ ရိုးသားခြင်း၊ ဖြူစင်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်းတို့ပေါ်မှာသာ အခြေခံတတ်ခြင်း ... စသည့်တို့၌ နာမည်ကြီးသတင်းမွှေးပါသည်။ ကောင်းသတင်းကြိုင်ပါသည်။

"စီးပွားရေးလောကထဲဝင်တော့မယ်ဆိုရင်၊ ဦးမင်းညိုထွန်းတို့မိသားစုကို ပြော်ဆိုဆက်ဆံပုံ၊ စိတ်ဓာတ်ကစ,လို့ အတုခိုးကြ" ... လို့တောင် စံထားခံရပါသည်။ မြူနှင်းစိုဆိုသည့် မိန်းကလေးကတော့ စကားပြောလျှင်၊ ဝါကျထဲမှာ "ပါ"ဆိုတာလေးနှင့် နိဂုံးသတ်ဖို့ ဘယ်တုန်းကမျှ စိတ်ကူးမရှိခဲ့ဘူးလား မသိပါ။

"ကျွန်မနားထဲမှာ ... ကျွန်တော်ဆိုတဲ့ အသုံးအနှုန်းလေးက ခရင်ဆိုဒါလို အစိမ်းရောင်မဖြစ်ဘူး၊ ကြိုက်တယ်"

"ကျွန်တော့်ကို တစ်ခုခုတော့ ခေါ်မှပေါ့။ ဘယ်လိုမှ မခေါ်သေးဘူး"

"ရှင်ကြိုက်တာပြောလေ၊ လက်ခံစဉ်းစားမယ်"

"မြူနှင်း ကြိုက်တာတစ်ခုခု အရင်ပြော"

"ရှင့်အဖေက ဘယ်လိုခေါ်လဲ"

"မိုးညိုလို့ ခေါ်တာများတယ်။ တစ်ခါတလေတော့လည်း သားတဲ့"

"အမေကရော"

"သားငယ်တဲ့"

"သားကြီးရှိသေးလို့လား၊ သုံးယောက်တည်းဆို"

"မြူနှင်း မသိသေးဘူးထင်တယ်၊ ကျွန်တော့်ကို မေမေက မွေးစဉ်ကအမြွှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့"

"ဟုတ်တယ်၊ အကြီးက နောင်မိုးညို၊ ကျွန်တော်က ညီမိုးညို။ အဲဒီ နောင်မိုးညိုက ကိုးတန်းရောက်မှ ဆုံးသွားတာ။ ကျွန်တော်က လူ့ဘဝထဲကို ဝင်လာကတည်းက အပေါင်းအသင်းနဲ့။ တစ်ယောက်တည်းလာတာ မဟုတ်ဘူး။ ပျော်ပျော်ပါးပါးလာခဲ့တာ"

မြူနှင်းဘို့ကတော့ တစ်ယောက်တည်းလာခဲ့တာပါ။ မြူနှင်း ... လူ့ဘဝထဲတိုးဝင်ဖို့ စတင်ချိန်ကတည်းက မိခင်အလို မရှိသောကလေး ... တဲ့။

"ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်ဆိုတော့၊ တခြားအဖော် မလိုဘူး၊ ကစားတူတူ၊ စာကျက်တူတူ၊ အဖော်က ရှိပြီးသား"

"သိပ်ပျော်ခဲ့မှာပဲ"

"ပျော်တာပေါ့၊ နောင် ဆုံးသွားတော့ ကျွန်တော့်ဘဝကြီးကို တစ်ခြမ်းပဲ့သွားသလိုခံစားရတယ်၊ အဲဒီကိုးတန်းနှစ်က စာမေးပွဲအောင်တော့တောင် ဂုဏ်ထူးမပါလို့ ဆယ်တန်းတက်တော့ ဘီတန်းပဲရတယ်၊ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်လုံး အမြဲတမ်း အေတန်းမှာချည်းနေခဲ့တာ"

"ကျွန်မဖြင့် ... ကျောင်းအုပ်ဆရာကြီးလက်မှတ်အပေါ်မှာကချည်း ကပ်အောင်တော့၊ နှစ်စဉ်း မော်ဒရေးရှင်း (Moderation)နဲ့ချည်းအောင်တာဖြစ်မယ်။ အီးနဲ့အက်ဖ်က တန်းကျတွေထားတာဆိုရင် ကျွန်မက ဒီတန်း၊ ကျတဲ့နှစ်ကျတော့လည်း အီးတို့ အက်ဖ်တို့ပေါ့"



"ဆယ်တန်းမှာ ဘီတန်းရောက်သွားတော့ မေမေက ငိုပါလေရော၊ အဲဒါနဲ့ ဆယ်တန်းမှာ အသည်းအသန်ကြိုးစားပြရတယ်၊ စာထဲစိတ်နှစ်လိုက်မှ နောင်မရှိဘဲ တစ်ခြမ်းပဲ့နေတဲ့ဘဝကို မြေသာနေသာဖြစ်သွားရတာ။ ကျွန်တော်က သွေးသားဆွေမျိုးဆိုလည်း အရမ်းချစ်တယ်၊ မြူနှင်းကိုလည်း အရမ်းချစ်တယ်၊ အိမ်မှာဆို သားမိသားဖသုံးယောက် အပြန်အလှန်ချစ်ကြတာ လုံးထွေးနေတာပဲ"

"ကျွန်မဖြင့် ... ဘယ်သူ့မှ အသည်းအသန်မချစ်ခဲ့ဖူးပေါင်" ... ဟု ပြောလိုက်ချင်၏။ ဝန်ခံရပါလျှင်၊ အမေကိုကျတော့ မေ့တော့တော့၊ အဖေ့ကိုကျတော့ ကြောက်တောက်တောက်၊ အဘွားကျတော့ မုန်းတုန်းတုန်း ဆိုသလို။

ဒါပေမဲ့ ... ရှင့်ကိုတော့ သိပ်ချစ်မိပါတယ် ညီရယ်။

အတွေးထဲမှာ လျှပ်တစ်ပြက်ခေါ်လိုက်မိသည့် အသုံးအနှုန်းလေးကို သဘောကျသွားရတော့၏။

"ရှင့်ကို ... ညီလို့ခေါ်မယ်"

"ကြိုက်တယ်။ နောင်ရှိတုန်းက ညီလို့ခေါ်ခဲ့တယ်"

"အဲဒီနောင်ကို တော်တော်ချစ်လား"

"ချစ်တယ်"

"ကျွန်မနဲ့ ဘယ်သူ့ပိုချစ်လဲ"

"ဘာဆိုင်လို့လဲ၊ ယှဉ်ရအောင် တူမှမတူတာ၊ တစ်မျိုးစီပဲ"

"ရှင့်အမေနဲ့ ကျွန်မ ... ဆိုရင်ရော"

"ဒါလည်း တစ်မျိုးစီပဲ"

"ရှင့်အဖေ ..."

www.burmeseclassic.com

www.burmeseclassic.com



"မတူတာတွေ ဘာလို့လျှောက်ယှဉ်နေရတာလဲ။ တစ်ကဏ္ဍစီ၊ ဘယ်သူ့ကိုပိုတယ်လို့ ပြောလို့ရတာမျိုးမှ မဟုတ်တာ။ ကျွန်တော့်မှာ ရည်းစားဆယ်ယောက်ရှိရင်သာ၊ မြူနှင်းက ဘယ်သူ့ကို အချစ်ဆုံးလဲလို့ မေးလို့ရမှာ"

"ကျွန်မကတော့ ရှင်းရှင်းပဲ၊ အဖေ၊ အမေ၊ အဘွား၊ ကျေးဇူးရှင်ဆိုတဲ့ ဦးသွေး၊ ဘယ်သူ့မှ ခေါင်းထဲမရှိဘူး၊ လက်ရှိ ... ဦးသွေးက ခေါင်းထဲ နည်းနည်းရှိတာဟာ သူက ဘဝရပ်တည်ရေးအတွက် ထောက်ပံ့ထားလို့။ ကျွန်မ ဘဝတစ်ခုလုံးမှာ ကျွန်မကလွဲရင် အချစ်ဆုံးလူသားဟာ ရှင်ပဲ။ ရှင်တစ်ယောက်တည်း"

ညီမိုးညိုက ရင်ထဲနွေးဖြာသွားရသည်မို့ မြူနှင်းလက်ခုံလေးကို လှမ်းညှစ်ဆွဲယူ၏။

"မြူနှင်း ကိုယ်တိုင်နဲ့ ကျတော့ရော"

ပျော်စိတ်ဖြင့် ကျီစယ်မေးခွန်းကို မြူနှင်းက မေးကလေးဆတ်၍ဖြေ၏။

"တစ်လောကလုံးမှာ ကိုယ့်ကိုယ်ကိုယ်အချစ်ဆုံး၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ဆုံး။ ကိုယ်ကလွဲရင် ဖွဲ့နဲ့ဆန်ကွဲ။ အဲဒီဖွဲ့တွေထဲမှာတော့ ရှေ့ဆုံးမှာ ရှင်ရှိတယ်။ ကျေနပ်လား"

ညီမိုးညို ပြုံး၍ ခေါင်းညိတ်ပြလိုက်ပါသည်။

❦ ○ ❦



"မြူနှင်းစို"ဆိုသည့် ကောင်မလေးကို ကိုယ့်ရဲ့ Mart ထဲမှာ မကျေမနပ်နှင့် တိုင်တန်းနေတုန်းမှာ စတင်တွေ့ရှိခဲ့တာဖြစ်၏။ ကောင်တာတာဝန်ခံမိန်းကလေးက မြူနှင်းစိုရဲ့ဝေဖန်အကြံပြုလွှာကို ကိုယ့်လက်ထဲ ... တရိုတသေ လေးစားစွာ အပ်ပြပါလျက်၊ သူမကတော့ ခပ်တည်တည်တင်းတင်းနှင့် ထိမထင်မျက်နှာထား၊ သူ့ရှေ့မှာ ကိုယ်ကပဲပြစ်မှုတစ်ခုခု ကျူးလွန်ထားသည့်လူသားလို သူက ကြိမ်းမောင်းဆုံးမခွင့်ရှိသူလို၊ လုပ်ပြထားခဲ့သေး၏။

တကယ်တမ်းဆို ... ညီမိုးညိုဟု အများတကာက "ဦး"တပ်ခေါ်ပြီး လေးစားခြင်းခံရသည့် Heart to Heart စူပါမားကက်ကြီး၏ M.D မန်နေဂျင်းဒါရိုက်တာတစ်ယောက်အနေနှင့် ... ကိုယ့်ရှေ့မှာ မာရေကျောရေ၊ အမူအရာအောက်တန်းခပ်ကျကျ မိန်းကလေးတစ်ယောက်ကို ဘာမှ ဂရုစိုက်စရာလိုပါ။

သို့ပေမဲ့ ... ကြိုက်ချင်စရာ၊ ကျေနပ်လက်ခံနိုင်ဖွယ်ရှိသော သူ့မျက်နှာပေးဆောင့်ကြွားကြွားဟာ ညီမိုးညိုရဲ့ ရင်ထဲသို့ ဘယ်လိုတိုးဝင်တန့်နှား လွှမ်းမိုးသွားခဲ့သလဲဆိုတာ ... ညီမိုးညိုကိုယ်တိုင်တောင် မသိလိုက်ရပါ။ အဲဒီမျက်နှာလေးကို ငေးကြည့်နေမိခဲ့သည်။ သူမက အဲဒီလိုအကြည့်ခံရမှာကို ဂုဏ်ယူစွာ ... အစေ့ကလေးတောင်ပင့်မော့ပေးလျက် "ကြည့်စမ်း"ဆိုသည့် အချိုးကိုတောင် ချိုးပြခဲ့သေးသည်။ ဒါသည်ကတည်းက ... ပြောရဆို လုပ်ပုံကိုင်ပုံတွေ အဆင့်မမြင့်လှသလို အချိုးတကျလည်း

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မျှ ဖြစ်မလာမည့် အဲသည်ကောင်မလေးထံမှာ M.D ဦးညီမိုးညို ကျဆုံးခဲ့ရပြီဆိုတာ ညီမိုးညိုတင်မက၊ အဲဒီနားတစ်ဝိုက်က Heart to Heart စူပါမားကက်ဝန်ထမ်းတချို့ပါ သိလိုက်ကြမှာပါ။

"ကျွန်မ အကြံပြုစာကို လက်ခံမှာလား"

သူမကဖြင့် မာရေကျောရေပါပဲ။

"ကျွန်တော် သေသေချာချာ ဖတ်ပါမယ်"

"ရှင်တို့သဘောထားကို ပြန်သိရမှာလား"

ညီမိုးညိုက သူ့ရဲ့ဗစ်စစ်တင်းကတ် Visiting Card (လုပ်ငန်းနှင့်လိပ်စာကတ်ပြား)ကို လှမ်းပေးတော့လည်း လက်တစ်ဖက်တည်းနှင့် ခပ်ဆတ်ဆတ်ဆွဲယူသည်။ ဘေးနားက ဝန်ထမ်းတချို့မှာ သူတို့ M.D ကို အားနာ၊ မျက်နှာတွေပူပြီး မနေတတ်မထိုင်တတ်တောင် ဖြစ်ကြရရှာ၏။

"ဖုန်းဆက်မေးရင် ရမလား"

"ရပါတယ်"

"သွားဦးမယ်"

ခပ်တည်တည်ထွက်သွားပုံကလည်း စူပါမားကက်ကြီးတစ်ခုလုံးကို သိမ်းကျုံးဝယ်သွားတော့မလိုလို၊ ဒီစူပါမားကက်ကြီးရဲ့ တစ်ဦးတည်းပိုင်ရှင်လိုလို၊ မျက်နှာကိုချီလျက်၊ လက်ကိုဟန်ပါပါလွှဲလျက် ခြေလှမ်းတို့ကို နှေးစေလျက်၊ အပြုံးဝင့်ဝင့်ကိုတကူးတကဖန်တီးလျက် လျှောက်လှမ်းသွားခြင်းဖြစ်တော့သည်။

အဲဒီနေ့ရဲ့နောက်တစ်နေ့မှာတော့ သူမထံမှ တယ်လီဖုန်းက တကယ်ပဲ ဝင်လာခဲ့ပါသည်။



"ဦးညီမိုးညိုနဲ့ ပြောမယ်"

"ပြောချင်ပါတယ်"လို့များ ပြောပါတော့ဟု တွေးမိ
မယ့် ဘုဆတ်ဆတ်မာကျောကျောအသံလေးဟာ ထန်ကားထန်
၏။ သို့သော် ... ကြည်ချို၏ ဆိုသလို ...။ တော်တော်နားထောင်
ကောင်းသည့်အသံပါ။ အသံသည် အလကားနေရင်း ဩ၍ချိုနေ
သည်။ ရှသေး၏။ ရိုးရိုးဝါကျသည်ပင်လျှင် သီချင်းတစ်ပုဒ်ကဲ့သို့
နားထောင်ချင်ဖွယ် ဖြစ်နေတော့သည်။

"ပြောနေပါတယ်"

"မြူနှင်းစို"

"မြူနှင်းစိုပါ" ... လို့များ ပြောပါတော့ဟု တွေးမိ
ပြန်ပါသည်။ သူ့အကြံပေးစာထဲမှာ "မြူနှင်းနို"ဆိုသည့် နာမည်
ပါသည်။ နေရပ်လိပ်စာပါသည်။ သူ့လိပ်စာသည် လူကုံထံတွေ
နေသည့် သူဌေးရပ်ကွက်ဖြစ်နေ၏။ သူ ဝတ်စားထားသည့်
အဝတ်အစားတွေကလည်း နိုင်ငံခြားမှဝင်သော ရယ်ဒီမိတ် အသင့်
ဝတ်တွေဖြစ်၏။ တန်ဖိုးကြီးမားမှန်း၊ မြင်ရုံနှင့်သိသာသည်။
သူမဟာ အလိုလိုက်ခံတစ်ဦးတည်းသောသမီး၊ မာနခဲအတွတ်တုံးလေး
ပင်ပါရဲ့ဟု တွေးမိခဲ့ပါသေးသည်။

"ကဲ ... ပြော၊ ဘာပြောချင်လဲ"

ညီမိုးညိုတို့များဖြင့် ဝါကျတစ်ကြောင်းကို မာရေ
ကျောရေဖြစ်အောင် အတော်ကြီး ကြိုးစားတည်ဆောက်ရသည်။
ဘဲ့ကျေးသိမ်မွေ့စွာ၊ ကောင်းစွာဆိုဆုံးမခြင်းဖြင့် ကြီးပြင်းလူလား
မြောက်ခဲ့ရသည့် မိသားစုအစဉ်အဆက်မှ ပေါက်ဖွားခဲ့သူ၊ ရိုင်း
ချင်လို့ ရိုင်းဖို့ဆိုလျှင်တောင် တကူးတက ပြင်ဆင်ယူရပါသည်။

www.burmeseclassic.com



"ရှင်တို့ စူပါမားကက်မှာ အဝတ်အထည်နဲ့ ဖိနပ်နဲ့အိတ် မျိုးစုံတင်ဖို့ ဆုံးဖြတ်လိုက်ပြီလား"

ဒီကိစ္စ ... အိမ်မှာ မဖမေနှင့်ရော မေမေနှင့်ပါ ညက တည်းက ဆွေးနွေးပြီးပါပြီ။ နှစ်ယောက်လုံးက သဘောတူကာ အကြံဉာဏ်ပေးသူ မိန်းကလေးကိုပင် ချီးကျူးကြသေး၏။

"ဒါပေမဲ့ ... Heart to Heart ထဲမှာတော့ နေရာမကျန်တော့ ဘူး၊ အပေါ်ထပ်က ခန်းမကျယ်တစ်ခုကို ယူသုံးမှဖြစ် မယ်"

ရှစ်ထပ်ရှိသော အဆောက်အဦကြီး တစ်ခုလုံးကို ဦးမင်းညိုထွန်း၊ ဒေါ်မြမိုးဆွေနှင့် သားညီမိုးညိုတို့ ပိုင်ပါသည်။ အပေါ်ပိုင်းငါးထပ်က လူနေဖို့ ကွန်ဒိုမီနီယမ်အခန်းများဖြစ်၍ အောက်ဘက်သုံးထပ်မှာ မြေညီထပ်က Heart to Heart စူပါမား ကက်ကြီးက တစ်ထပ်လုံးကို ယူထားသည်။ ပထမထပ်ဟုခေါ်ရ မည့်အပေါ်ထပ်မှာ လောလောဆယ်အားဖြင့် ကော်ဖီဆိုင်တစ်ဆိုင် နှင့် ဖြူတီပါလာတစ်ခုပဲရှိသေးသည်။ ကျန်သည့်အခန်းတွေမှာ အင်တာနက်သုံးဖို့အတွက် စီစဉ်ထားဆဲဖြစ်သည်။ ဆိုင်ခန်းတွေ မဖွင့်ရသေးပါ။ အီးမေးလ်ပို့ချင်ပို့၊ ချက်တင် (Chatting) ဝင် ချင်ဝင်၊ နိုင်ငံခြားနှင့် ဖုန်းပြောရင်း တီဗီပါဖွင့်၍ တစ်ဖက်နှင့်တစ် ဖက်ကြည့်ပြီး ပြောချင်ပြော၊ အဲဒါတွေလုပ်ဖို့စီစဉ်ထားပြီး၊ နောက် တစ်ထပ်ကိုတော့ ကလေးကစားကွင်းအဖြစ် ကွန်ပျူတာဂိမ်း တီဗီဂိမ်း စသည်တို့ ထားဖို့ဖြစ်၏။

Heart to Heart ကုမ္ပဏီကြီးမှ စီးပွားရေးလုပ်ငန်း တော်တော်များများလုပ်ရာတွင် အားလုံးကို Heart to Heart



အညွှန်ပဲပေး၏။ ဒေါ်မြမိုးဆွေ၏အကြိုက်ဖြစ်သည်။ တစ်ချိန်တုန်း က မြန်မာ့ရုပ်မြင်သံကြားမှာ ရောဘတ်ဝဂ္ဂနာနှင့် စတက်ဖနီပါဝါတို့ ပါဝင်သော ရုပ်သံဇာတ်လမ်း Heart to Heart ဆီးရီးကို ဒေါ်မြမိုး ဆွေက အသည်းစွဲကြိုက်ရာမှ သူ့လုပ်ငန်းအားလုံးကို ဒီနာမည် နှင့်တည်းနှင့် ဖွင့်ဖြစ်ခဲ့သည်။ ကုန်တိုက်တွေက ရန်ကုန်မြို့ပေါ် တွင် လေးနေရာတိတိ ရှိပြီးသားမှာ နောက်ဆုံးလပ်ဖွင့်သည့် မြောက်ကုန်တိုက်ကျမှ ညီမိုးညိုကို M.D ခန့်လိုက်ခြင်းဖြစ် သည်။

"ကလေးကစားကွင်းနဲ့ ဂိမ်းဆိုင်က တစ်ထပ်လုံးမကုန်ဘူး ထင်တယ်"

ကွန်ဒိုခန်းပေါင်း တစ်ထပ်လျှင် အခန်းနှစ်ဆယ် ဝင်သည့် အပြင်ကျယ်ကြီးက ကြီးမားလွန်းပါသည်။

"ပထမထပ်မှာ ရှိရိုးကော်ဖီဆိုင်ရှိနေတော့ ဆိုင်ဘာကဖေး ကို အပေါ်ထပ်မှာ ကလေးကစားကွင်း၊ ဂိမ်းဆိုင်တွေဆီ ပို့လိုက်လို့ရတယ်၊ အဲဒီအထပ်မှာ အဲဒီကောင်မလေးပြောတဲ့ ပစ္စည်းတွေတင်ရောင်းလို့ရတာပဲ၊ ဆွေ လုပ်နိုင်မလား"

ဦးမင်းညိုထွန်းမှာတော့ ပုသိမ်ဘက်မှာ ပုစွန်သွား ရာနှင့် Heart to Heart ကုန်တိုက်တွေကို ကြီးကြပ်ရတာ ။ အဲဒါတွေထဲက ကုန်တိုက်ကြီးကစ်ခုဟာ တခြားပစ္စည်းတွေ ဘဲ အိမ်ဆောက်ပစ္စည်း၊ အိမ်အလှပြင်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း ချည်းမို့သည်ကုန်တိုက်က ဦးမင်းညိုထွန်းကိုယ်တိုင် နေ့တိုင်း ထိုင်ရသည့် ကုန်တိုက်ကလည်း ဖြစ်နေချေသေး။ ဟိုပြေးရ ပြေးရမို့ မနိုင်နင်းတော့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဆွေလည်း ဆွေ့စိန်တိုက်ကို ပစ်ထားလို့မှမရတာ။ အင်း... ပုလဲကို တာဝန်ပေးရင်တော့ ရနိုင်မယ်၊ ပုလဲက အထည်အလိပ်အဝတ်အစား ဝါသနာပါတယ်၊ သူလုပ်ချင်တယ်ပြောဖူးတယ်"

"ဒါဆိုလည်း ပုလဲနဲ့တိုင်ပင်ပြီး ဖွင့်ချေတော့"

ပုလဲဆိုတာ ဒေါ်မြမိုးဆွေ၏ တူမတစ်ဝမ်းကွဲမို့ ညီမိုးညိုနှင့်ဆိုလျှင် မောင်နှမနှစ်ဝမ်းကွဲတော်ပါသည်။ သက်တူရွယ်တူ မတိမ်းမယိမ်းတွေ၊ သူငယ်ချင်းပေါင်းပဲ ပေါင်းလျက်ရင်းနှီးပါသည်။

"အဲဒီ မြနှင်းစို ဆိုတဲ့ကောင်မလေး ပညာဘယ်လောက်တတ်လဲ"

ဦးမင်းညိုထွန်းက သူမအကြံနှင့် ဖွင့်ရမည့်ဆိုင်မှာ သူမကို ဝန်ထမ်းတစ်နေရာခန့်ဖို့တောင် စိတ်ကူးမိသည်ထင်ပါရဲ့။

"ဒီနေ့မှ မြင်ဖူးတာ ဖေဖေ"

"ထက်ထက်မြက်မြက်ထဲကဖြစ်မယ်"

ထက်မြက်ခြင်းဆိုရာ၌ ပညာလေးနှင့် ယှဉ်ပါက အောင်မြင်ဖို့ရာအတွက် တကယ်ထက်မြက်သွက်လက်နိုင်ပေမယ့် ပညာနှင့်မယှဉ်ဘူး ဆိုလျှင်တော့ ထက်မြက်ခြင်းဟာ လူတကာအော့ကြောလန်ချင်ဖွယ်ဖြစ်သွားနိုင်သေးတာကို၊ ဒေါ်မြမိုးဆွေက မဆီမဆိုင် အတွေးဝင်၏။ တက္ကသိုလ်မှာ လက်ထောက်ကထိက လုပ်ခဲ့ပြီးမှ အလုပ်မှထွက်ကာ စိန်တိုက်ဖွင့်သူမို့၊ ကျောင်းဆရာမ ဉာဉ်ကလေးကတော့ လက်ကျန်ရှိဆဲဖြစ်၏။



မြနှင်းစိုနှင့် ညီမိုးညိုတို့တွေ့ကြရပုံက တကူးတက တကယ့်ကို တကူးတက။ ဘယ်လိုမှ မနီးစပ်နိုင်သော အသိုင်းအဝိုင်း၊ ကြားခံမိတ်ဆွေ ဆိုတာမျိုးလည်း မရှိခဲ့။ ကျောင်းတူတူ တက်ဖူးတာမျိုးလည်းမဟုတ်၊ သွားရင်းလာရင်းဆိုသလို လုပ်ငန်းချင်းဆက်စပ်လျက် တွေ့နေမြင်နေရတာမျိုးလည်းမဟုတ်သလို ...ဲ့ တကယ်ပဲရင်းနှီးသွားချိန်မှာ၊ လူချင်းတစ်ခါသာ တွေ့ဆုံဖူးလျက် တယ်လီဖုန်းဆယ်ကြိမ်ဆက်ဖူးရပါသေးသည်။

တယ်လီဖုန်းဆယ်ကြိမ်ဆက်အပြီးမှာ၊ ညီမိုးညိုက ...ချင်းတွေ့ခွင့်တောင်းသည်။ မြနှင်းစို၏ အကြံပြုချက်ကို လက် ...ဆောင်ရွက်နေပြီဖြစ်ကြောင်းပြောသည်။ လူချင်းအကြိမ်သုံးဆယ် ...နဲ့တွေ့ပြီးချိန်မှာ အချိန်ကာလအားဖြင့် နှစ်လကျော်ကျော်လေးပဲ ...သည်။ ညီမိုးညိုဆိုတာ Heart to Heart ကုမ္ပဏီကြီးများပိုင်ရှင် ...မင်းညိုထွန်းနှင့် Heart to Heart စိန်တိုက်ပိုင်ရှင် ဒေါ်မြမိုးဆွေ ...၏ တစ်ဦးတည်းသောသား၊ သူဌေးသား၊ ကိုယ်တိုင် သူဌေး ...ကစ၊ စီးပွားရေးတက္ကသိုလ်မှဘွဲ့ရထားသည်။ ဆယ်တန်းအောင် ...က ဘာသာစုံဂုဏ်ထူးထွက်ပါလျက် ဆရာဝန်လိုင်း ဝါသနာ ...ပါသည်ကတစ်ကြောင်း၊ ကုန်သည်မျိုးရိုးမို့ စီးပွားရေးပဲလုပ်ရ ...ည့်တူတူ စီးပွားရေးတက္ကသိုလ်မှ ဝါဏိဇ္ဇဝိဇ္ဇာဘွဲ့ ရထားပြီး၊ ...လောဆယ်မှာ M.B.A ညနေပိုင်းသင်တန်း တက်နေသည်။ ...ပို၊ အသက်နှစ်ဆယ့်သုံးနှစ် ... Heart to Heart စူပါမားကက် ...ကြီးများအနက် နံပါတ်(၅)ကုန်တိုက်၏ M.D ဆိုတာကိုသာ ...နှင်းစို သိလျက်၊ မြနှင်းစို ဘာလဲဆိုတာ ညီမိုးညို လုံးဝမသိ ...မေးဖြစ်ခဲ့ခြင်း)ပါဘဲ ချစ်ခွင့်တောင်းခဲ့မိတော့တာပင်။

www.burmeseclassic.com

www.burmeseclassic.com



"အချိန်ကတော့ မြန်ဆန်နေသလိုပဲ၊ ဒါပေမဲ့ ... ကျွန်တော် မြူနှင်းကို ကုန်တိုက်ထဲမှာ ပထမဆုံး စ,တွေ့ဖူးလိုက်ကတည်းက၊ ကျွန်တော် လက်တွဲရမယ့် ဘဝခရီးဖော်ကို တွေ့ပြီလို့ တစ်ထိုင်တည်း ဆုံးဖြတ်လိုက်မိပါတယ် ...

"အချစ်ဆိုတာ ဘယ်ကစဖြစ်ထွန်းသလဲဆိုတဲ့ ဖော်မြူလာမရှိပါဘူး၊ အချစ်ဟာ သူဖြစ်ချင်သလို ဖြစ်ထွန်းသွားတာပဲ၊ တချို့ဆိုရင် ငယ်ငယ်ကတည်းက အတူကစား၊ ကျောင်းတူတူတက်၊ ငယ်ကျွမ်းဆွေတွေပဲဆိုပါတော့။ အဲဒါတွေထဲမှာ ချစ်သူတွေဖြစ်သွားကြတဲ့သူတွေ ရှိပါတယ် ...

"လူကြီးချင်းစပ်ဟပ်ပြီး၊ လက်ထပ်ကာနီးကျမှတွေ့ဖူးမြင်ဖူးရတဲ့သူတွေလည်း အိမ်ထောင်သည်ဖြစ်ပြီးမှ ချစ်သူတွေပြန်ဖြစ်ခွင့်ကြုံရတဲ့သူလည်းရှိတယ်၊ အမျိုးမျိုးပေါ့။ Love at first sight (မြင်မြင်ချင်းချစ်)ဆိုတာလည်းရှိတယ် ...

"ကျွန်တော်ကတော့ ... မြင်မြင်ချင်း ချစ်တာထက် သာလွန်တယ်။ မြင်မြင်ချင်းမှာပဲ၊ ဒါဟာ ... ကျွန်တော်လက်ထပ်ချင်တဲ့ မိန်းကလေးလို့ ရင်ထဲမှာ အလိုလိုစွဲမြဲသွားခဲ့တာပါ"

ဘာကြောင့်မှန်းတော့မသိ ... ညီမိုးညို ရင်ထဲမှာ၊ သူမ ... လက်ခံလိမ့်မည်ဟု ယုံကြည်နေမိသည်။

"ကျွန်မကို စဉ်းစားချိန် ဘယ်လောက်ပေးမှာလဲ" တဲ့။ မေးခွန်းက ထူးဆန်း၏။

"ကြိုက်သလောက်ယူပါ။ ဒါပေမဲ့ ... မြန်စေချင်တာတော့ ရင်ထဲကဆန္ဒပေါ့"



"အခု ... ချက်ချင်းပြောနိုင်တဲ့ ဝါကျတစ်ကြောင်းကတော့ ရှင့်ကို ယုံတယ်ဆိုတာပဲ"

"ကျေးဇူးတင်ပါတယ်"

မြူနှင်းက "ချစ်ပါတယ်" "ရှင့်အချစ်ကို လက်ခံပါတယ်" ... ဆိုတာမျိုး ဖြေမလာမိကတည်းက သူတို့နှစ်ဦးဟာ တတွဲတွဲလိုဖြစ်ခဲ့ကြတော့သည်။ နေ့လယ်ဘက် ညီမိုးညို ထမင်းစားချိန်တွေမှာ မြူနှင်းစိုက ရုံးခန်းကိုရောက်လာတတ်ပြီး၊ နေ့လယ်စာကို တစ်နေရာရာမှာ သွားစားကြသည်။ ညီမိုးညိုက အကြိမ်တိုင်း ငွေထုတ်ချေဖို့ ကြိုးစားပေမယ့် မြူနှင်းက လက်ခံလေ့မရှိပါ။

"ရှင့်ဗိုက်တစ်ခုတည်းဝ,တာမှမဟုတ်တာ၊ ကျွန်မဗိုက်လည်းဝ,သွားတာပဲ၊ တစ်ယောက်တစ်လဲပေါ့" ... တဲ့။

ညီမိုးညိုနှင့် မြူနှင်းစိုတို့ "ချစ်သူ"တွေရယ်လို့ အတိအလင်းသာ ဖြစ်သွားကြရသည်၊ ညီမိုးညိုဟာ "မြူနှင်းစို"ဆိုသည့်နာမည်တစ်ခု၊ နေရပ်လိပ်စာနှင့် ဟယ်လီဖုန်းနံပါတ်တစ်ခုမှလွဲလျှင် ဘာတစ်ခုကိုမျှ သိခွင့်မရခဲ့ပါ။ မြူနှင်းက ပြောမပြသလို၊ ညီမိုးညိုကလည်း မမေးဖြစ်ခဲ့ပါ။ သူ ... မြူနှင်းကို ချစ်တာက မြူနှင်းအတိုင်းပဲ ချစ်တာဖြစ်လျက်၊ မြူနှင်း ဘယ်သူ့ဘယ်ဝါ သားသမီး၊ မြူနှင်း အတန်းပညာ ဘယ်လောက်၊ မြူနှင်းရဲ့ စီးပွားဥစ္စာ၊ ဘာတစ်ခုကိုမျှ သူ့အချစ်ထဲမှာ ထည့်မတွက်ခဲ့ပါ။

မေမေသာသိလျှင်တော့ "မိုက်မဲခြင်း"ဟူ၍ အပြောခံရတော့မည်မှန်းသိပါသည်။

"သားလည်း ဘွဲ့ရပြီ၊ ခုထိလည်း ရည်းစားရယ်လို့ မရှိသေး၊ မိန်းကလေးအပေါင်းအသင်းတော့ ရှိတာပေါ့လေ၊ မေမေ့

www.burmeseclassic.com

www.burmeseclassic.com



ကိုတောင် တချို့သမီးရှင်တွေက ကြားလူနဲ့ တီးခေါက်ကိုနက်ကြ ပြော် ... မေ့သားလေးတောင် အိမ်ထောင်ပြုဖို့အရွယ်ရောက် ပေါ့လားလို့ မေက ခုမှပဲ သတိထားမိတော့တယ်" ... ဟု အခေါ် ကာ၊ မိန်းကလေးသာ ရည်းစားများလျှင် နာမည်ပျက်တာမဟုတ် ယောကျ်ားလေးလည်း ရည်းစားများလျှင် တန်ဖိုးရှိမိန်းကလေး က ငြင်းပယ်တတ်ကြောင်း အပါအဝင်၊ ချစ်သူနှင့် လက်ထပ် တစ်ဦးတည်းဖြစ်ရေးလည်းမကျန်စေရ၊ ခုချိန်မှာ ရည်းစားထား ဆိုလျှင်၊ လက်ထပ်နိုင်သည့်သူပဲဖြစ်ဖို့လိုကြောင်းထိ ပြောဆိုဆုံး ပြီးပါပြီ။

"ကြည့်တော့ သားလေးရေ ... တကူးတကလို ရှာဖို့တော့ ဘယ်ဟုတ်ပါ့မလဲ၊ မျက်စိဖွင့် နားစွင့်လေးတော့ တော့၊ ပြီးတော့ ... အချိန်ယူပြီးလေ့လာ၊ ဖြစ်နိုင်ပြီး စိတ်နိုင် ဆိုရင် မေ့ကိုပြော၊ သားလေးရဲ့တစ်သက်တာအရေးမှာ မေ လွတ်လပ်ခွင့် ပေးပါတယ်။ အကောင်းဆုံးဖြစ်အောင် ရွေးချယ် တီးဖို့က သားလေးတာဝန်" ... တဲ့။

ခုလို ... ဘာမှန်းညာမှန်းမသိ၊ နာမည်လေးတစ် သိ၊ ရုပ်ကလေးတစ်ကြိမ်မြင်ရုံနှင့် ရင်ထဲမှာ စူးနစ်သွားခဲ့ပါတ မေမေ ... ဟုများပြောလိုက်လျှင် မေမေက ကဲ့ရဲ့ရှုတ်ချမှာ ချာပါသည်။

"သူ့ကိုပဲ လက်ထပ်ပါရစေ မေမေ" ... ဟု ခုန် မှာပြောလိုက်လျှင်၊ မေမေ မေးလာမည့် မေးခွန်းများက ...

"ဘယ်သူဘယ်ဝါသားသမီးလဲ"

"မောင်နှမဘယ်နှယောက်လဲ"



"သူ့မိဘက ဘာလုပ်လဲ"

"သူ့ညီကိုမောင်နှမတွေ ဘာလုပ်ကြလဲ"

"ပညာဘယ်လောက်တတ်လဲ"

"မောင်နှမတွေအားလုံး ပညာတတ်ကြသလား၊ ဘွဲ့ရကြ လား၊ ဘယ်နှတန်းလောက်နဲ့ ပညာရေးရပ်တန့်သွားကြ သလဲ"

"ထောင်တန်းကျဖူးသူ၊ နာမည်ပျက်ရှိသူ၊ အနီးစပ်ဆုံးဆွေ မျိုးထဲမှာ လင်ကွဲ၊ မယားကွဲ၊ အိမ်ထောင်နှစ်ဆက်သုံးဆက် တွေရှိလား"

"ဘယ်မှာနေလဲ၊ စီးပွားဥစ္စာအဆင့်အတန်း ဘယ် လောက်ရှိလဲ" ... ဆိုတာတွေ စုံတကာစေ့အောင် မေးပါလိမ့်မည်။

"သူ့ကို ချစ်မိပြီလို့သိလိုက်တဲ့နေ့ကနေစပြီး၊ သားလေးက သူ့ကို ဖွင့်မပြောခင်လေး လေ့လာဖို့ အချိန်ဘယ်လောက် ယူခဲ့သလဲ"

"သူက ဘယ်လောက်အကြာမှာ အဖြေပြန်ပေးခဲ့ သလဲ" ... ဆိုတာတွေလည်း မေးဦးမှာပါ။ ပြီးမှ ...

"မေမေ ကြည့်မယ်၊ အိမ်လည်ခေါ်ခဲ့ပါ" ... ဟု ပြောမှာ။

ဒါတွေကို အားလုံးကြိုသိထားပါလျက်၊ မေမေ့ မေးခွန်းတွေကို တစ်ခုမှမဖြေနိုင်မှန်းသိပါလျက်၊ ချစ်ခွင့်တောင်း ခဲ့မိပါပြီ။ လက်ထပ်ဖို့ထိ ရည်ရွယ်ကြောင်းလည်း ပြောမိပြီ။ သူ့ထံမှ အချစ်ကိုလည်း ပြန်လည်ရရှိပြီ။ ဦးမိုးညို M.D အဖြစ် ဆိုင်သည့် Heart to Heart ကုန်တိုက်နံပါတ်(၅)ဝန်ထမ်းအားလုံးနီး

www.burmeseclassic.com

www.burmeseclassic.com



ပါးလည်းသိနေကြလောက်ပါပြီ။ သို့ပေမဲ့ ... ညီမိုးညိုက မေမေ့
တရားဝင်ဖွင့်မပြောရသေးပါ။ ဘာကြောင့်ဆို ... မေမေ မေးမ
မေးခွန်းတွေကို တစ်ခုမျှ မဖြေဆိုနိုင်လို့ပါ။ မေမေ့မေးခွန်းတွေ
ကိုဖြေဖို့က မြူနှင်းကို"ပြောပြပါ"... ဟူ၍ မေးမြန်းရပါမည်။ ကိုယ
တုန်းက ကိုယ့်အကြောင်းကို မြူနှင်း မမေးဘဲ တော်တော်စုံစုံလေ
ဖွင့်ပြောခဲ့ပါလျက်၊ မြူနှင်းက သူ့အကြောင်းကို ဘာတစ်ခုမျ
ပြောမပြခဲ့ပါ။ အဲဒါကြောင့်မို့ကို၊ မေးရဖို့ ပို၍ အားနာမိတာပင်

မြူနှင်းဘဝလေးက ဖြူးဖြောင့်သာယာခဲ့ပါရဲ့လား
ပြောမပြချင်ဖွယ်၊ ပြောမထွက်စရာတစ်ခုတလေများ ရှိနေခဲ့သလား

ဘာပဲဖြစ်ဖြစ် ... မေးတော့ မေးရပါတော့မည်
မေမေ့မေးခွန်းတွေဖြေဖို့ပါ။ မေမေဟာ ခုလောက်ဆို "သားက
ဘာမှမပြောပေမယ့်" သိပြီးနေလောက်ပါပြီ။ ကျောင်းဆရာမဖြ
ခဲ့ဖူးသူမို့ လူငယ်တွေအကြောင်းများ ... ပါးစပ်ဟရုံနှင့် ခြေမ
မြင်သည် ... ဟု မေမေ ပြောနေကြပါ။ ကိုယ်က ဖွင့်ဟဝန်မခံ
သေး၊ မေမေက သိနှင့်နေပြီ ... ဆိုသည့် အဖြစ်မှာ အချိန်ကြာ
လာလျှင်တော့ မေမေ စိတ်ဆိုးလိမ့်မည်ထင်ပါသည်။

ညီမိုးညို တယ်လီဖုန်းခလုတ်လေးတွေကို နှိပ်ရင်
နာရီကိုကြည့်တော့၊ ည ... ဆယ်နာရီခွဲ။ မြူနှင်း မအိပ်တန်ကောင်
သေးဘူးထင်ပါရဲ့။

"ပြော"

ညီမိုးညိုက "ဟယ်လို"ဟု ပြောရန်နှုတ်ခမ်းဖွင့်
ရှိသေး၊ တစ်ဖက်မှထူးပုံက "ပြော" ... တဲ့။ ခါတိုင်းလည်း ဒီလ
ပါပဲ။ ဒါပေမဲ့ ... အဲသည် "ပြော"ဆိုသည့် သြရှရှိ ခပ်ထန်ထ



ခပ်ရိုင်းရိုင်းအသံနှင့် စကားလုံးလေးဟာပဲ ညီမိုးညိုဆိုသည့် M.D ပေါက်စလေးရဲ့ရင်ကို လှိုင်းထန်အောင် ရိုက်ခတ်စေခဲ့တာပင်။ ဒီတစ်ကြိမ်တော့ ... မေမေနှင့်ယှဉ်တွဲလျက် စဉ်းစားခဲ့ပြီမို့ (ခါတိုင်း အောင့်ရမှန်းမသိသည့် ထူးသံက) ရင်ထဲမှာ နင့်ခနဲအောင့်သွား သလို ခံစားမိတော့သည်။

"ဟယ်လိုလေ ဘာလေး လုပ်ပါတော့လား မြူနှင်းရယ်"

"ဘာလို့လုပ်မလဲ ... ညီမှန်း သိနေတာပဲ။ ပြောပေါ့။ ဘာပြောမလို့လဲ။ ခါတိုင်းဖုန်းဆက်ရင် ဒီလောက်မှ ညဉ့်မနက်တာ၊ တစ်ခုခုပြောစရာရှိတာ ခုမှသတိရပြီး ခုထဆက်တာဖြစ်မှာပေါ့၊ ဒါကြောင့် ပြောခိုင်းတာ"

"ခါတိုင်းလည်း ... မြူနှင်း ... ပြောလို့ပဲ ပြောတာပါပဲ"

"ပြောတယ်လေ။ ဖုန်းနံပါတ်က ညီ့ဖုန်းနံပါတ်ပေါ်နေပြီပဲ။ ညီမှန်းသိပြီပဲ။ ဟယ်လို ... ဆိုတဲ့ အပိုစကားက လိုဦးမှာလား"

"ယဉ်ကျေးမှု"

"ဟာကွာ ... အပိုတွေ"

"ဘာပြောမလို့လဲ ညီရေ ... ပြောပါ ... လို့ ထူးရင်ကောင်းတာပေါ့"

တစ်ဖက်မှ တဟက်ဟက်ရယ်သံကို ကြားရ၏။ အဲသည်ရယ်ပုံရယ်နည်းဟာ အခြားမိန်းကလေးတစ်ယောက်ထံမှသာ ကြားရလျှင်တော့ "ကလက်တက်တက်"နိုင်သည်ဟု ညီမိုးညို နှာခေါင်းရှုံ့မိမှာပင်။ ခုတော့ ... ရယ်သူက မြူနှင်း။ မြူနှင်းဟာ ဘယ်လိုပုံစံမျိုးနှင့်ပဲ၊ သူ့အသံကို ထုတ်စေ၊ မူလက သြချိရှသံ

www.burmeseclassic.com

www.burmeseclassic.com



လေးနှင့်မို့၊ ညီမိုးညို ရင်တွင်းမှာတော့ ပျားရည်မြစ်တစ်စင်း ဖြတ်စီးသလိုသာရှိတော့သည်။

"ဘာပြောမလို့လဲ ညီရေ ... ပြော"

"ပြောပါ ... လို့ပြောပါလားကွာ။ ဝါကျတစ်ကြောင်းရဲ့ နိဂုံးမှာ"ပါ"ဆိုတာလေးထည့်ပြောလိုက်ရင် မြူနှင်းရဲ့သြရှ အသံကလေးဟာ ဘယ်လောက် ချစ်စရာကောင်းသွားမလဲ"

"ညီရေ ... ပါ ... ဆိုတာ စကားလုံးတစ်လုံးတည်း။ ဝါကျဆိုတာ အရှည်ကြီး။ အရှည်ကြီးထဲမှာ "ပါ"တစ်လုံး မပါရုံနဲ့ ဘာဖြစ်သွားမှာမို့လဲ"

"ထားပါ"

"ထားလိုက်ပြီ"

"ကျွန်တော်တို့အကြောင်း ... မြူနှင်းရဲ့လူကြီးမိဘတွေကို အသိပေးပြီးပလား"

"သြော် ... ဟော် ... ဒါ ညကြီးမင်းကြီး ထ,မေးရမယ့် မေးခွန်းလား"

"သိချင်လို့"

"မပြောရသေးဘူး"

"ဘယ်တော့ပြောမလဲ"

"ပြောချင်စိတ် ပေါက်တဲ့အချိန်"

"ကျွန်တော်က ပြောတော့မလို့"

"ဒီည ..."

"ခုတော့ ဘာ့ယ်ဟုတ်ပါ့မလဲ၊ ဒီတစ်ရက်နှစ်ရက်အတွင်း ပြောတော့မယ်။ ဒီကိစ္စဆိုတာ လူကြီးတွေ အသိမပေးဘဲ



ထားလို့ရတာမျိုးမှမဟုတ်တာ၊ ကိုယ်ကစမပြောတဲ့ လူကြီးက သူ့ဘာသာသိသွားတာဆိုရင် လူကြီးမိဘကိုမလေးစားရာ ရောက်တယ်မှလား။ ကျွန်တော်တို့လည်း တွဲသွားတွဲလာရှိ တော့လေ။ မြူနှင်းကိုလည်း ကျွန်တော့်အိမ်အလည်ခေါ်ချင် တယ်၊ ကျွန်တော်လည်း မြူနှင်းအိမ်ကို လာလည်ချင်တယ်"

"ဒီညလား"

"ဟာ ... မဟုတ်ပါဘူးဆို"

မြူနှင်း ရယ်သံက ဒီကိစ္စကြီးတစ်ခုလုံးကို အလေး အနက်မထားကြောင်း ဖော်ပြနေပါသည်။ ညီမိုးညို ပြောသမျှစကား တွေကို ပေါ့ပျက်စေဖို့ ဖော့ပစ်နေရာရောက်၏။

"ပြောပေါ့။ ညီ ပြောချင်တယ် မဟုတ်လား။ ပြောလိုက် လေ။ ပြီးရင် ... ညီ့ဘက်က သဘောတူပါတယ်ဆိုမှ ကျွန်မကိုပြန်ပြော။ သဘောမတူဘူးဆိုရင် ပြန်မပြောနဲ့၊ ကျွန်မ မကြားချင်ဘူး"

"မြူနှင်းက ဘယ်တော့ပြောမလဲ"

"မသိသေးဘူး"

"ကျွန်တော်ကပြောမှဖြစ်တော့မယ်။ မေမေက သိနေလောက် ပြီထင်တယ်"

"ပြောပေါ့လို့ ပြောပြီးပြီလေ"

"ပြောလိုက်တဲ့အခါမှာ မေမေ့ဆီကမေးခွန်းတွေလာလိမ့်မယ်"

"လာမှာပေါ့"

"အဲဒါတွေ ကျွန်တော် ဘာတစ်ခုမှ ဖြေနိုင်မှာမဟုတ်ဘူး"

"သဘောပေါက်ပြီ။ ပေါက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေပေါက်သွားရတာလဲကွာ"

"ကျွန်မရဲ့ မွေးသက္ကရာဇ်ကစပြီး၊ မွေးချိန်မှစ၍ ယနေ့ထိ ပေါ့ ... ကျွန်မ ဖြတ်သန်းခဲ့တဲ့ဘဝ၊ ဖြစ်ပျက်ခဲ့တဲ့ပြဿနာတွေ၊ ရုန်းကန်ခဲ့ရတဲ့ အရှုပ်အရှင်းတွေ၊ ကြုံတွေ့ခဲ့ရတဲ့ အနိဋ္ဌာရုံတွေ ... အဲဒါတွေကို ကျွန်မဘဝဇာတ်ကြောင်းဆိုပြီး မချွင်းမချန် သိချင်တယ်ပေါ့ ...

"အကုန်ပြောပြလိုက်လို့၊ ညီအမေသိသွားတဲ့အခါကျရင် ညီ့အမေဆီက ဝါကျတစ်ကြောင်း ထွက်လာလိမ့်မယ်။ တစ်ကြောင်းတည်းပဲ။ ဘာလဲသိလား၊ ခုချက်ချင်းဖြတ်ပစ်၊ လုံးဝ မပေးစားနိုင်ဘူး ... ဆိုတာပဲ။ ကဲ ... သိချင်သေးလား ကျွန်မဘဝဇာတ်ကြောင်း"

"မြူနှင်းကလည်းကွာ"

ညီမိုးညို ဘာပြောရမှန်းကို မသိတော့ပါ။ မြူနှင်း **ဘာတွေပြောလိုက်တာလဲ**။ စွဲ့တာလား။ မခံချင်စိတ်နဲ့ ထေ့ငေါ့လိုက်တာလား၊ မြူနှင်းဟာ တကယ်ပဲ သပွတ်အူခွေထဲက မိန်းမသားလား။

ညီမိုးညို ... တယ်လီဖုန်းကိုကိုင်လျက် ငိုင်ဆဲမှာပင် မြူနှင်းဘက်မှ ဖုန်းချသွားတော့သည်။

❣ ○ ❣

ခေါင်းအုံးနားမှာ ထားအိပ်သည့် ဖုန်းကလေးက ထမြည်၏။ ညီမိုးညို ဖုန်းကိုင်ရင်း နာရီကိုကြည့်တော့ လေးနာရီနှင့်ဆယ်မိနစ်၊ ကျီးကန်းတွေတောင် နိုးသံမကြားရသေးပါ။



"ညီ"

"မြူနှင်း ... တစ်ရေးနိုးလား"

"ခုထိ အိပ်မပျော်သေးတာ"

"ကျွန်တော်လည်း အိပ်မပျော်သေးဘူး"

"ကျွန်မ ... ညီ သိချင်တာတွေ ပြောပြမယ် ညီ။ ပြီးရင် ... ညီ့အမေကိုလည်း ဒီတိုင်းပဲပြောပြပေါ့။ ညီ့အမေက ... ဖြတ်ဆိုရင် ဖြတ်လိုက်နိုင်တယ် ညီ။ ပြောတော့ပြမယ်"

မြူနှင်းထံမှ ကြားရဖူးပြီးသမျှ ဝါကျတွေထဲမှာ ... ဒီတစ်ကြိမ် ငိုသံလေးများ စွက်နေသလားဟု ထင်ရပါသည်။

"မနက်ဖြန် ... ညီ နေ့လယ်စာစားချိန်၊ ကျွန်မ လာခဲ့မယ်"

"ကျေးဇူးတင်ပါတယ် မြူနှင်း၊ အိပ်ဆေးလေးသောက်ပြီး အိပ်လိုက်ပါလား။ နေမကောင်း ဖြစ်နေဦးမယ်"

"ညီပဲ သောက်ပါ။ တစ်ညလောက် အိပ်ရေးပျက်တာဟာ အဘွားအရင်းက အမျိုးယုတ်လို့ အဆဲခံရတာလောက် အခံရမဆိုးပါဘူး ညီရယ်"

ရှိုက်သံသဲ့သဲ့လေးကြားလိုက်ရသည်ထင်ပါသည်။ ဝါကျထဲမှာ "ပါ"နှစ်ကြိမ်တောင် ထည့်ပြောသွားပါလား မြူနှင်းရယ်။

မင်း ... ဘာတွေဖြစ်ခဲ့သလဲ။

❣ ○ ❣

www.burmeseclassic.com

www.burmeseclassic.com



## ၃

မြူနှင်းဘဝကို စတင်မှတ်မိချိန်ဟာ ... ကလေးဘဝ၊ လေး‌ငါးနှစ်သမီးအရွယ်လောက်ဖြစ်ပါမည်။ ဒီအချိန် ... သူငယ်တန်းမတက်ရသေး၊ မူကြိုလည်းထားခြင်းမခံရသော ကလေးသူငယ်တစ်ယောက်ဟာ ဘယ်လောက်များ ခုန်ပေါက်မြူးတူး၊ ဆော့ကစား၊ မြောက်ရွှံ့နေဖို့ ကောင်းလိုက်မလဲ။

အဲသည်တုန်းက မြူနှင်းရဲ့နာမည်ဟာ "ခင်နှင်းရီ" ဆိုတာကို မှတ်မိနေပါသေးသည်။ တစ်ဦးတည်းသောသမီးမို့ အဖေ နှင့်အမေကြား၊ အဘွား(အဖေ့အမေ)ကြားမှာ ဘယ်လောက်များအချစ်သည်းခြင်းခံနေရလိုက်မလဲ။ ဒီအရွယ်ကြီးကိုပဲ ထမင်းတွေ့ခွံ့၊ ရေချိုးပေး၊ သနပ်ခါးလိမ်းပေး၊ ကောက်ရွေ့ချီ၊ ပါးနှစ်ဖက်ဘယ်ညာနမ်း ... အဲဒါတွေကို ဘယ်လောက်ခံယူလို့ကောင်းလိုက်မလဲ။

ဒါတွေက ... မြူနှင်းကြီးလာ၊ အရွယ်ရောက်လာမှ ပြန်စဉ်းစားမိတာတွေပါ။ အဲဒီတုန်းကတော့ မြူနှင်းစို ... ဆိုသည့် ကလေးလေးတစ်ယောက်ဟာ ဟိုနားငုတ်တုတ်၊ ဒီနားငုတ်



တုတ်နှင့်၊ အရွယ်နှင့်မလိုက်အောင် မှိုင်တွေနေခဲ့ဖူးတာကို ပြန်သတိရပါသည်။ အဖေဆိုတာ ... ဘယ်တော့မျှ အိမ်မှာမရှိတတ်သူပင်။ သားပါတော့ ... အိမ်၏ စီးပွားရေးကို တာဝန်ယူရှာဖွေရသူမို့ အဖေက အလုပ်သွားရသည်ဆိုလျှင်၊ စနေလို တနင်္ဂနွေလိုနေ့မျိုးမှာတော့၊ အဖေဆိုသည့်ပုဂ္ဂိုလ်ဟာ၊ ဇနီး (အမေ)အနား၊ သမီး(ခင်နှင်းရီ)အနားနှင့် အဘွား(အဖေ့အမေ)အနားမှာ ရှိနေသင့်သည်မဟုတ်လား။ ခင်နှင်းရီတို့မိသားစုက လေးယောက်တည်းဆိုပေမယ့် အိမ်မှာ အမြဲရှိနေတတ်တာက ခင်နှင်းရီရယ်၊ အဘွားရယ်နှစ်ယောက်တည်းသာ။

မိသားစုစီးပွားရေးကို မရှာဖွေရသောအမေဟာလည်းပဲ၊ မနက်စောပိုင်းမှာ ထမင်းဟင်းချက်ပြုတ် (ချက်ပြုတ်ဖော်လေးရတာကို ကျေးဇူးတင်လွန်းလို့ ထိုင်များတောင် ကန်တော့ချင်ပါသေးရဲ့ဟု အဘွားက အမေ့(ချွေးမ)ကို ပြောဖူးပါသည်)၊ ပြီးလျှင်ရေမိုးချိုး၊ အလှပြင်ကာ ဘယ်ကိုမှန်းမသိ အပြင်ထွက်တော့သည်။ တစ်ခါတစ်ရံမှာ သူ ချက်သည့်ထမင်းဟင်းကို သူ ကမန်းကတန်းစားသွားသည်။

"အဘွား ... စားပြီးလား" ... ဟု တစ်ခါမျှမေးသံကြားရပါ။ အဘွားဟာ အမေ့ယောက္ခမပေမယ့်၊ အမေက ခင်နှင်းရီ ခေါ်သလို အဘွားဟုပဲခေါ်ပါသည်။ အမေက ချက်ပြုတ်ပေးခဲ့ခြင်းဖြင့် သူ့တာဝန်ကျေပြီမို့၊ အဘွားနှင့် ခင်နှင်းရီတို့ စားသည့်အချိန် ခူးခပ်စားကြတော့၊ ထမင်းစားခေါ်နေဖို့မလို ... ဟု ခံယူပုံရပါသည်။ ခင်နှင်းရီကိုလည်း စားချိန်တန်လျှင် အဘွားက အဝတ်ထားမှာမှမဟုတ်တာ၊ ကျွေးမှာ ... ဟု သေချာစွာလပ်လှူခွဲ

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ စောစောအလုပ်သွားသော အဖေက ထမင်းချိုင့်မယူပါ။ အဖေက ပိုက်ဆံများများ ရှာနိုင်တာကိုတော့ ခင်နှင်းရီ သိသည်။ အဖေ ဘာလုပ်ကိုင်မှန်းတော့ မသိပါ။

"ညည်းအဖေက ပိုက်ဆံတွေများများရှာနိုင်ပါရဲ့၊ ကုလားခပ်တဲ့ရေ ... ကုလားဖင်ဆေးတာနဲ့ကုန်ဆိုသလို၊ သူ ဖဲရိုက် အရက်သောက်ပစ်တာနဲ့ ကုန်တာပဲ"

အဘွားက အဲသည်လို ခပ်ရိုင်းရိုင်းပြောသည့်အခါ ခင်နှင်းရီက ရယ်ချင်စိတ်ရှိသည့်အခါမှာ ရယ်လိုက်သည်။ ရယ်ချင်စိတ်မရှိသည့်အခါတွေမှာကျတော့ ထူးမခြားနားနေလိုက်သည်။ ခင်နှင်းရီမှာ ညီကိုမောင်နှမသားချင်းမရှိ၊ သူငယ်ချင်းရယ်လို့လည်း မရှိ၊ ကလေးရယ်လို့ ပျော်ရပါးရအောင် အဖေနှင့်အမေက တိရစ္ဆာန်ရုံတို့၊ ပန်းခြံတို့၊ ကစားကွင်းတို့လိုက်ပို့တာမျိုးလည်းမရှိ။ ဘာအလုပ်လုပ်မှန်းမသိသော အဖေက စနေ တနင်္ဂနွေလည်း အိမ်မှာမရှိ၊ တစ်ပတ်မှာ ခုနစ်ရက်လုံးလုံး၊ မနက်စောစော အိမ်မှထွက်၊ ညဘက်အစောဆုံးပြန်ရောက်ချိန်ဟာ ကိုးနာရီ ဆယ်နာရီ၊ တစ်ခါတလေကျ အဲဒီအချိန်မှာ ...

"အစ်ကို ထမင်းစားမယ် ခင်စိန်ရီ" ... ဟုပြောလျှင် အမေက ထမင်းထခူးပေးသည်။ ပါးစပ်မှ တစ်ခွန်းမျှ မပြော၊ ခူးပြီးတာနှင့် အိပ်ရာထဲဝင်အိပ်၊ အဖေ့စားကြွင်းစာကျန်တွေကို မနက်ကျမှ ဆေးကြောသည်။ အဖေက ထမင်းစားမယ်ဟုမပြောလျှင်၊ အိပ်ရာထဲရောက်နေပြီဖြစ်သော အမေက လုံးဝအသိအမှတ်မပြု။ တစ်ခါတစ်ရံ အဖေ့အိမ်ပြန်ချိန်ဟာ ဆယ့်နှစ်နာရီ၊ သန်းခေါင်ကျော်တစ်ချက်၊ နှစ်ချက်လည်း ဖြစ်နေတတ်သည်။ ဘယ်အချိန်ပဲ



ပြန်လာလာ၊ စောချင်စော၊ နောက်ကျချင်ကျ၊ တံခါးကို အမြဲတမ်းထဖွင့်ရသူဟာ အဘွားဖြစ်လျက်၊ အဖေ့ထံမှာ အရက်နံ့လှိုင်ကြိုင်နေတတ်တာဟာလည်း အမြဲတမ်းပါပင်။

"မသောက်တဲ့နေ့များရှိရင်၊ ဘုရားပွဲမလားမသိဘူး"

အဘွားက အဲဒီလိုပြောလျှင် အဖေက ရယ်နေတတ်၏။ အဖေသည် အဘွားကို ဘယ်တော့မျှ ကလန်ကဆန် မပြောပါ။ ပြောနိုင်သည့်ခွန်အား မရှိလို့ထင်ပါရဲ့။ လမ်းကိုတောင် မနည်းယိမ်းထိုးလျှောက်နေရတာ။ အမေ့ကိုလည်း ဆူဆူပူပူမလုပ်။ အမေ့အိမ်ပြန်ချိန်ဟာ ညနေငါးနာရီ ခြောက်နာရီလောက်ဖြစ်လျက်၊ အမေ နေ့တိုင်း အိမ်မှထွက်နေတာကို အဖေသိလား မသိဘူးလား ခင်နှင်းရီ မပြောတတ်ပါ။

"ကျော်အေး ... နှင့်မိန်းမ နှင် ကြည့်ထိန်းဦး"

အဘွားကတစ်ခါ ... ပြောဖူးပါသည်။

"ကလေးမှမဟုတ်တာ၊ ဘာထိန်းရမှာလဲ အမေရဲ့"

"နှင်လည်းထွက်၊ သူလည်းထွက်၊ နှင်မရောက်ခင်ပြန်လာ၊ အဲဒါ နေ့တိုင်းပဲ၊ ငါ မပြောချင်လို့ ကြည့်နေတာ"

"မပြောချင်လို့ကြည့်နေမှတော့ မပြောနဲ့တော့ပေါ့ အမေရဲ့"

"နှင်ဟာလေ ... မူးဖို့နဲ့ ဖဲရိုက်ဖို့ပဲသိတယ်"

"အဲဒါ ကျွန်တော့်ဝါသနာ၊ အမေ မတားနဲ့၊ ခင်စိန်ရီတားလည်းမရဘူး၊ သူ့ကို ကျွန်တော် စားဖို့သောက်ဖို့ပေးတာပဲ။ အမေလည်း ထမင်းမငတ်ဘူး မဟုတ်လား"

"နှင်တို့မှာ မွေးထားတာ သမီးလေး"

"သူရော ငတ်နေလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာရှိနဲ့ပြီးမလား"

"ပြီးပါတယ် အမေရာ။ လောကကြီးမှာ ထမင်းမငတ်ဖို့နဲ့ ကိုယ်ဝါသနာပါတာလေးလုပ်ဖို့ပဲ အရေးကြီးတာ။ အိပ်မယ် အမေရာ"

အဖေနှင့် အမေတို့ ရင်းနှီးချစ်ကြည်စွာ ပြောဆိုနေထိုင်ကြတာမျိုး ခင်နှင်းရီ တစ်ခါမျှ မတွေ့ဘူးပါ။ အမေဟာ အဘွားနှင့်လည်း စကားသိပ်မပြောပါ။

"ခင်စိန်ရီ ... ညည်းမလည်း ယောကျ်ားနဲ့အပြိုင် နေ့တိုင်း ထွက်နေတာ ဘယ်တွေတုံးအေ။ ညည်းသမီးလေး လာမယ် နှစ်ကျောင်းတက်ရတော့မယ်"

"မိတ်ဆွေ အပေါင်းအသင်းဆိုတာ ရှိတယ် အဘွားရဲ့ ကျောင်းထားချိန်တန်တော့လည်း ထားပေါ့"

ခင်နှင်းရီကို ကျောင်းအပ်သည့်နေ့က အမေကိုယ်တိုင်လိုက်အပ်ပေးသည်မို့ အဲသည်နေ့က အမေ့ကို အားကိုးချစ်ခင် စိတ်ကလေးဝင်မိ၏။ "အမေ" "အမေ" ... ဟု ခင်နှင်း တတွတ်တွတ် ခေါ်ကြည့်နေမိသည်။ ကျောင်းမှာ သူများတွေ ချက်ချင်း ... သူငယ်ချင်းတွေဖြစ်သွားပေမယ့် ခင်နှင်းရီက ဘယ် သူ့ကိုမျှ စကားမပြောရဲ၊ မခေါ်ရဲနှင့် ငိုချင်နေ၏။

နောက်နေ့တွေမှာ အိမ်နှင့်နီးသောကျောင်းသို့ ခင်နှင်း ရီ တစ်ယောက်တည်းသွားရသည်။ တစ်ယောက်တည်းပြန်ရသည်။ အိမ်မှ ထမင်းဘူးဟာ ဟင်းကောင်းပါသည်။ အမေဆိုသော ပုဂ္ဂိုလ်နှင့် အဖေဆိုသောပုဂ္ဂိုလ်တို့ဟာ ခင်နှင်းရီအတွက် လော မှာ အားထားရာ။ မှီခိုရာ၊ မရှိမဖြစ် လူသားရယ်လို့ ခင်နှင်း



မတွေးဖြစ်တော့ပါ။ ဒီမိဘနှစ်ပါးဆိုသူနှစ်ဦးဟာ အဘွားလောက် တောင်မှ ကိုယ့်နားမှာမရှိ။ အနားမှာရှိသော အဘွားကလည်း ...

"ညည်းအဖေက" ... အစချီလျက် အဖေ့မကောင်းကြောင်းပြော။

"ညည်းအမေက" ... အစချီလျက် အမေ့မကောင်းကြောင်းပြော။

ခင်နှင်းရီက နားဝင်။ အဖေမရှိလည်းဖြစ်၊ အမေမရှိလည်းဖြစ် ... မှတော့ အဘွားမရှိလည်းဖြစ် ... ဆိုသလို။ ဘယ်ပုံဘယ်နည်းနဲ့ပဲဖြစ်ဖြစ်၊ ထမင်းကောင်း ဟင်းကောင်းစားရဖို့၊ ကျောင်းစိမ်းဂါဝန်လေးတွေ လှပဖို့သာ အဓိကကျလျက်၊ လူလူချင်းပေါင်းသင်းဖို့ဆိုရာတွင်၊ ကျောင်းမှသူငယ်ချင်း၊ သူစိမ်းတွေသည်သာ မရှိမဖြစ်လူသားတွေ၊ ခင်နှင်းရီရဲ့ ဘဝရဲ့လိုအပ်ချက်တွေဖြစ်လာရတော့သည်။

❣ ○ ❣

အဲသည်နေ့က အဖေ ... ထူးဆန်းစွာ ... ညနေငါးနာရီမှာ အိမ်ပြန်လာပါသည်။

"ဟဲ့ ... စောလှချည်လား၊ နင့်မိန်းမတောင် ပြန်မရောက်သေးဘူး"

"လင်ငယ်နောက် လိုက်သွားပြီ"

"ဟေ"

အဖေက ပြန်မထွက်တော့ဘဲ၊ အိမ်မှာချောင်ထားလေ့ရှိသည့် အရက်ပုလင်းကိုဆွဲ၏။ ညနေစာဆိုလျှင် အဘွားက

www.burmeseclassic.com

www.burmeseclassic.com



ချက်ရမြဲမို့ ထမင်းဟင်းကကျက်နေပြီ။ အဘွားက အမြည်းရယ် ဘာရယ်မဟုတ်၊ ထမင်းနှင့်ဟင်း ခူးခပ်ပေးသည်။

"နင့် ဘယ်သူပြောလဲ"

"လူကြုံနဲ့ ရုံးကို စာရောက်လာတယ်၊ သွားပြီတဲ့"

"ဘယ်ကကောင်လဲ"

"မယားကြီးရှိတယ်"

"ဟင် ... နင် ဘာလုပ်မှာလဲ"

"ဘာမှမလုပ်ဘူး"

"နင်ကြိုက်လို့ ခိုးပြေးထားတဲ့မိန်းမလေ"

"အဲဒီထဲက အကျင့်စာရိတ္တမကောင်းမှန်း သိသားပဲ"

"ဒီမှာ သမီးတစ်ယောက် ရှိသေးတဲ့ဟာကို"

"အမေပဲကြည့်ပေးတော့"

"ငါ သေချင်တယ်"

"ကျွန်တော်လည်း သေချင်တာပဲ။ ကောင်းကောင်းထားရင် ကောင်းကောင်းမနေဘူး၊ မိန်းမတွေကိုက ကမြင်းကြောထ ထယ်"

"သိမ်းကျုံးမပြောနဲ့"

"မထူးပါဘူး"

"ငါ မုဆိုးမဖြစ်တာ နင့်တစ်သက်ပဲ၊ ဘယ်တုန်းက ကမြင် ကြောထဘူးလဲ"

"အမေလိုလူမျိုးက တစ်ယောက်တည်း"

"မိန်းမဆိုတာ ထိန်းကျောင်းရတယ်၊ အုပ်ထိန်းရတယ် မလိမ္မာရင် ယောက်ျားကဆုံးမရတယ်။ ဆုံးမနိုင်တဲ့နေ



ကိုရောက်အောင် ယောက်ျားကိုယ်တိုင်ကလည်း လူရှိသေ ရှင်ရှိသေနေရတယ်။ ပိုက်ဆံတစ်ပုံပေးလိုက်ရုံနဲ့ တာဝန် ကျေပြီမထင်နဲ့၊ နဂိုတည်းက ဒီဟာမ ခပ်နန့်နန့်မို့ မယူ ပါနဲ့ပြောသားပဲ"

"ယောက်ျားရှိရင် ငြိမ်သွားမလားလို့ပေါ့ အမေရာ။ မငြိမ် တော့လည်း သွားပေါ့။ ပြီးတာပဲ"

"လွှယ်လိုက်တာ"

"မလွှယ်ချင်လို့ ခက်တော့ရော ရမလား"

"ဟိုကလည်း အိမ်ထောင်ကြီးနဲ့ဆိုတော့ ဒီဟာမ ဒုက္ခရောက် တော့မယ်၊ နှာခေါင်းကျည်ပွေ့ တွေ့ချည်သေး"

"တွေ့လည်းတွေ့ပေါ့။ အဲဒီမှာ မနေနိုင်လည်း လမ်းပေါ် ရောက်ပေါ့၊ လိုက်လည်းမရှာဘူး၊ ပြန်လည်းမခေါ်ဘူး၊ မယားခိုးလည်းမစွဲဘူး၊ အလုပ်ရှုပ်တယ်"

"နင်ကတော့ အရက်သောက်ပျက်၊ ဖဲရိုက်ပျက်မယ်ဆိုရင် လင်ငယ်နောက်လိုက်တဲ့မိန်းမကိုတောင် ပြန်မရှာဘူးဆိုတာ ယုံပါတယ်၊ ဒီနေ့က ဒါကြောင့် စောပြန်လာတာလား"

"နည်းနည်းတော့ဆိုင်တယ်၊ လုံးဝတော့လည်းမဟုတ်ဘူး၊ ဒီညက ဝိုင်းလည်းပျက်လို့။ ဝိုင်းလက်ခံတဲ့အိမ်ကကောင် က လေဖြတ်လို့ ဆေးရုံပို့လိုက်ရတယ်"

"နင်ရော ဘယ်တော့ဖြတ်မလဲ"

"တစ်နေ့နေ့ပေါ့ဗျာ"

"နင့်မှာ သမီးတစ်ယောက်ကျန်သေးတယ်"

"အမေရှိတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါက မသေရတော့ဘူးလား"

"အမေလားသေမှာ ... အမေ့အရင် ကျွန်တော်က သေမယ့် ကောင်"

"အဲဒါသိရင်လည်း ဖြတ်ပါတော့လား၊ ဒီအရက်ကို"

အဘွား ရှုံးခပ်ပေးသောထမင်းကို လုံးဝမျှမတို့ပါ။ ဟင်းသာနည်းနည်းပါးပါးနှိုက်စားပြီး အရက်ပုလင်းသာလျှင် တစ် ပုလင်းလုံးကုန်လျက်၊ အိပ်ရာပေါ်တောင်မသွားနိုင်ဘဲ၊ ထမင်းစား စားပွဲပေါ် ခေါင်းငိုက်စိုက်ကျလေသတည်း။

အဲသည်တုန်းက ... ခင်နှင်းရီ ကိုးနှစ်ကျော်ကျော် လေးတန်း။ အတန်းထဲမှာ စာသာလျှင်အညံ့ဆုံး သူငယ်ချင်း အပေါင်းအသင်းကျတော့ အများဆုံးဖြစ်နေပြီ။ အိမ်မှာ ပေါင်းစရာ၊ စကားပြောစရာလူမှ မရှိတာ၊ ရှိသည့်နေရာမှလူတွေကို စကားပြော တာ၊ ပေါင်းတာ၊ ခင်နှင်းရီ မလွဲမသွေလုပ်ဖြစ်မည့် အလုပ်မဟုတ် လား။

နောက်တစ်ခုက ... အမေ ကျန်ရစ်သည့် မိတ်ကပ် ဘူး၊ နှုတ်ခမ်းနီ၊ မျက်ခုံးမွေးဆွဲတံ၊ အလှပြင်ကရိယာများကို ခင်နှင်းရီ ကိုးနှစ်ကျော်ကျော်နှင့် အပိုင်ရ အမွေဆက်ခံလျက် သုံးဖို့စွဲဖို့ စိတ်ကြီးဝင်သွားခြင်းတည်း။

❣ ○ ❣

အမေ မရှိတော့ ... ခင်နှင်းရီက အဘွားနှင့်အဝ မီးဖိုချောင်ကူရသည်။ ကိုယ့်အဝတ်ကိုယ်လျှော်ရသည်။ ပျင်းလျှင် မလျှော်ဘဲပြန်ဝတ်သည်။ ချွေးစော်နံနေလျှင် ရေမွှေးဆွတ်သည်။



ခေါင်ဒါဖြူးသည်။ အဖေပေးသည့်မုန့်ဖိုးတွေထဲမှ အလှပြင်ပစ္စည်း ယ်ဖို့ခြိမ်းဖို့ ဆရာ မလိုဘဲတတ်လာသည်။ အဘွားက ဈေးသွား ခိုလည်းခိုင်းသည်။ မီးဖိုချောင်လည်း ကူရသည်။ သို့ပေမဲ့ ...

"ခင်နှင်းရီ စာကျက်" ... ဟု တစ်ခါမျှမပြော။ သာရည်တိုးတက်မှု အစီရင်ခံစာရလာလျှင်၊ အဖေ့ရှေ့သွားထိုး ... အဖေက မူးနေ ...။

"ဘယ်နေရာထိုးရမှာလဲ"

လက်မှတ်ထိုးဖို့နေရာပဲမေးသည်။ သမီးစာမေးပွဲ အောင်လား၊ ကျလား၊ ဘယ်နှဘာသာကျလဲ၊ အတန်းထဲအဆင့် ဘယ်လောက်လဲ၊ အတန်းပိုင်ရဲ့မှတ်ချက်က ဘာလဲ ... နည်းနည်း လေးတောင် စောင်းငဲ့မကြည့်။

"စာလိုက်နိုင်လား" ... တစ်ခွန်းမမေး။ ကျောင်းစာ ဖိုး၊ ကျောင်းမှာ ဘာကြေး ညာကြေးထည့်ဖို့ ... ဟု တောင်း င် မညည်းမညူ မမေးမစမ်း၊ ရှောရှောရှူရှူထုတ်ပေးလိုက်သည် ည်း။ ခင်နှင်းရီက ... လိုသောကျောင်းစရိတ် တစ်ထောင်ဆို င် နှစ်ထောင်ဟုပြော၍တောင်းတတ်လာပြီ။ အဖေက တောင်း င်းပေး၏။ ခင်နှင်းရီက မုန့်ဖိုးများတော့ သူငယ်ချင်းတွေလည်း လာသည်။ အဖေ့ထံမှ ပိုတောင်းထားတာတွေ၊ အဘွားက ဖိုးပေး၍ ဈေးလွှတ်ဝယ်ခိုင်းလျှင် တိုထားလိုက်တာတွေနှင့် င်းရီ တစ်ယောက် သူငယ်ချင်းတွေကြားမှာ မျက်နှာပွင့်နေ ည်။

မိတ်ကပ် နှုတ်ခမ်းနီဆိုတာမျိုးလည်း ကိုယ့်သဘော ကို ဝယ်တတ်ပြီ။ ကျောင်းတက်လျှင် နှုတ်ခမ်းနီမဆိုးရစည်း

www.burmeseclassic.com

www.burmeseclassic.com



ကမ်းရှိတာကို စိတ်ဆိုး၏။ ကျောင်းပိတ်ရက်ဆို … ခင်နှင်းရီ မျက်နှာမှာ မိတ်ကပ်ထုတက်၍ ဖွေးဆွတ်နေသလောက်၊ နှုတ်ခမ်းက ရဲပဲဒေါင်းခတ်လေ၏။

"ဆိုးထားလိုက်တဲ့ နှုတ်ခမ်းနီကလည်း … ရှမ်းဖင်ဓားရှ ထားသလားမှတ်ရတယ်"

အဖေနှင့် အမေနှင့် အဘွားနှင့် ဘယ်တုန်းကမျှ မတည့်မရှိ။ တစ်နေ့ကုန်နေလို့လည်း ဝါကျတစ်ကြောင်းနှစ်ကြောင်း မပြောဖြစ်ခဲ့သော ခင်နှင်းရီသည် အမေ အိမ်မှာမရှိတော့သည့်အချိန်မှစ၍ အဘွားနှင့် တချိန်းချိန်း ရန်ဖြစ်တော့သည်။

"နင့်ကိုယ်နင် သိပ်လှနေတယ် ထင်နေလား"

"အဘွားထက်တော့ ပိုလှတာပဲ"

အဲဒီလို ခံပက်တတ်ချိန်မှာ ခင်နှင်းရီ ဆယ်နှစ်လောက်ပဲရှိဦးမည်။

"အမေတူသမီး၊ အမေလိုပဲလာမယ်၊ **နင့်အမေလည်း နင့်**လိုပဲ၊ ငါမျက်စိအောက်တင် ဆယ်နှစ်သမီးလောက်ကတည်းက နှုတ်ခမ်းနီဆိုး၊ အပျိုဖြစ်တာနဲ့ ရည်းစားထား၊ ရည်းစားဖျောက်သောက်တွေထဲက နင့်အဖေက နွားကျလို့နိုးပြေးတာ၊ နင်တောင် ငါ့မြေးအစစ်ဟုတ်ရဲ့လား မသိဘူး"

အဘွားရဲ့စကားကို ကျင်နေအောင်နာရမှန်း ခင်နှင်းရီ သိ၏။

"နင့်သမီးဟာ ငါ့များဆို တစ်ခွန်းမခံ"

အဘွားက ရိုက်သည့်အခါရိုက်၏။ ရိုက်သည့်အခါ ဟုဆိုလျှင် စကားကပေါ့တိမ်နေပါလိမ့်မည်။ တစ်ခွန်းမခံ၊ ခံပက်



တတ်နေပြီဖြစ်သော ခင်နှင်းရီဟာ နေ့တိုင်း အရိုက်ခံရသည်။ တစ်ခါတလေ တစ်နေ့တည်း နှစ်ကြိမ် သုံးကြိမ်၊ အဘွားက လိုက်ရိုက်၊ ခင်နှင်းရီက ထွက်ပြေး၊ ဒီမြေးအဘွားက ရပ်ကွက်ထဲမှာတော့ အော့ကြောလန်။

"နင့်သမီးကို သုံးပဦး၊ အမေတူ သမီး၊ အမေလိုပဲ နန့်လာပြီ"

"ကျွန်တော် ရှာကျွေးနေတယ် အမေ။ အမေတို့မြေးအဘွားစားဖို့သောက်ဖို့ ပူစရာရှိလား။ ဒီကြားထဲကမှ ပြဿနာရှာလာရင် ကျွန်တော် မကြိုက်ဘူး"

"ငါ ဆုံးမ မနိုင်လို့ နင့်ကိုပြောတာ"

"ရိုက်ပေါ့"

"ရိုက်တာပဲ"

"ရိုက်လို့မှမရသေးဘူးဆိုရင် သူ့အမေဆီပို့လိုက်တော့"

"**နင့်မိန်းမ ဘာဖြစ်နေလဲ သိလို့လား၊ ဟိုလူကြီးဆီကနေတောင် နှစ်ယောက် သုံးယောက်ပြောင်းသွားပြီတဲ့။ နာမည်**က အရှမ်းကြီးကိုပျက်နေတာ၊ ပျက်စီးတဲ့လောကမှာ ဒိုင်းမွန်းဆိုပြီး လူသိများနေတယ်ဆိုပဲ။ အဲဒါကိုသနားသလိုလို၊ ကိုယ်ချင်းစာသလိုလိုနဲ့၊ လမ်းထဲက မြင့်သိန်းက တမင်လာပြောတာ"

အဖေရယ်၏။

"သူ့နာမည်က ခင်စိန်ရီဆိုတော့၊ အင်္ဂလိပ်လို ဒိုင်းမွန်းပေးတော့လည်း ဖြစ်သွားပေါ့"

အဖေ့ဦးနှောက်တွေဟာ အရက်ထဲမှာ နှစ်စိမ်နေခဲ့ပြီမို့ ဦးနှောက်ရဲ့အလုပ်ကို ကောင်းစွာမလုပ်တော့ဘူးထင်ပါရဲ့ …

www.burmeseclassic.com

www.burmeseclassic.com

ဟု အဲဒီတုန်းက ခင်နှင်းရီ မတွေးတတ်ခဲ့ပါ။ ခင်စိန်ရီက ဒိုင်းမွန်း ဆိုတော့ ခင်နှင်းရီက ... ဝင်းတား (Winterဆောင်းရာသီ) ဆိုရင်ကောင်းမလား။ ဟေမန္တ ကောင်းမလား၊ မြူနှင်း ဆိုရင် ကောင်းမလား ... အဲဒီအတွေးပဲ ဝင်ခဲ့ပါသည်။

ခင်နှင်းရီ ရှစ်တန်းရောက်သည့်နှစ်မှာ အဖေဆုံးသည်။ အရက်ကျွမ်းရောဂါနှင့်ပါပဲ။ အသည်းဘာဖြစ်ဆိုလား။ ဆေးရုံတွေ ဘာတွေလဲ တက်ကုလိုက်ရတယ် မရှိ။ ဘယ်မှမသွားဘဲ အိမ်မှာ သုံးရက်ဆက် အိပ်ရာထဲခွေ၊ အသွား ထမင်းခူးကျွေးတာလည်း ထမစား၊ အရက်တောင် ထမသောက်နိုင်လို့ ခင်နှင်းရီကို အယူခိုင်းရသည်။ အဲသည်ပုံစံနှင့် သုံးရက်အကြာမှာ အဖေဆုံးသည်။ အဖေ ပိုက်ဆံအရှာကောင်းခဲ့တာ၊ ဘာအလုပ်အကိုင်နှင့်လဲဟု မသိခဲ့သလို၊ အဖေ ဘာရောဂါနှင့် ဆုံးသလဲဆိုတာလည်း မပြောတတ်ပါ။ အဖေနှင့်ပတ်သက်ပြီး သိတာဆိုလို့၊ အဖေဟာ အရက်သောက်သည်။ ဖဲရိုက်သည်။ ပိုက်ဆံတွေ အဖေ့ဆီမှာပါလာတတ်သည်။

မိန်းမတစ်ယောက်လုံး နောက်ယောက်ျားနောက်လိုက်သွားလည်း မမှု၊ သမီးတစ်ယောက် ဘာဖြစ်နေလဲလည်း ... စိတ်မဝင်စား၊ အမေအိုတစ်ယောက်ကျန်တာလည်း ခေါင်းထဲမရှိ။ အဖေ့အကြောင်းကို ဘယ်သူမျှ ဘာမျှ ဂဃဏနမသိသလို အဖေကလည်း ဘယ်သူ့အကြောင်းမျှမသိ၊ စိတ်လည်းမဝင်စားဘဲ၊ လောကကြီးထဲမှ ထွက်ခွာသွားတာ၊ နည်းနည်းတော့စောသလားလို့ ... တွေးမိရုံအပြင်၊ အဖေ့ဈာပနမှာ အဘွားရော ခင်နှင်းရီပါ ဘယ်သူမျှ မငိုဖြစ်လိုက်ကြပါ။



အဘွားက မှိုင်ရုံ၊ ခင်နှင်းရီက ငြိမ်ရုံ၊ သိပ်လည်း ဝမ်းမနည်း၊ အားငယ်ရကောင်းမှန်းလည်းမသိ၊ ရှေ့ရေးလည်း မတွေး။

အဲသည်နှစ် ... စာမေးပွဲဖြေဖို့ လျှောက်လွှာတွေမတင်မီ၊ သတင်းစာထဲမှာ “နာမည်ပြောင်း”ဆိုတာကို ထည့်ရကောင်းမှန်းတော့ ခင်နှင်းရီ သိသည်။ အဲဒါကျတော့ လုပ်တတ်သည်။ အကြံပေးသည့်သူငယ်ချင်းတွေလည်းရှိသည်။ ဦးကျော်အေး၊ ဒေါ်ခင်စိန်ရီတို့၏သမီး၊ မခင်နှင်းရီအမည်ကို မြူနှင်းစို ... ဟူ၍ ပြောင်းပါကြောင်း ... ကြော်ငြာထည့်၊ ကျောင်းမှတ်ပုံတင်စာရင်းမှာ သတင်းစာကြော်ငြာပြပြီး အမည်ပြောင်း၊ စာမေးပွဲဖြေဖို့လျှောက်လွှာတင်တော့ မြူနှင်းစို။

သို့ပေမဲ့ ... မြူနှင်းစို စာမေးပွဲကျသည်။

ဘာပဲဖြစ်ဖြစ် ရှစ်တန်းကို ဒုတိယအကြိမ် ပြန်တက်တော့ အတန်းပိုင်ဆရာမ ကျောင်းခေါ်ကြိမ်ခေါ်ရာတွင် ခင်နှင်းရီဟု အခေါ်မခံရတော့ပါ။

“မြူနှင်းစို”

“ပရဲဆင့်တီချာ”

ထူးရတာ အရသာရှိလိုက်တာများနှယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



## ၄

"ညည်းပုံစံက တစ်နေ့တခြား အမေ့အချိုး ဖြစ်လာသလို ရုပ်ကလည်း အမေနဲ့မှ ချွတ်စွတ်တူလာပြီ"

"အဲဒီတော့ လှတာပေါ့ အဘွားရဲ့။ အမေက အရမ်းလှတာ၊ **အဖေသာ အဘွားနဲ့တူလို့ မဲမဲသဲသဲနဲ့ ရုပ်ဆိုးတာ"**

**"ဒီကောင်မ"**

အဘွားက မီးဖိုနားထိုင်ရင်းမှ အနီးရှိထင်းချောင်းနှင့် ကောက်ပစ်၏။ မြူနှင်းက ခုန်ရှောင်သည်။ ဟီဟိ ... ဟု ရယ်၏။

"ရယ်ပုံကိုက မိန်းမပျက်ရယ်နည်း"

အဘွားကို ပြန်ပြောမနေတော့ပါ။ ကျောင်းမှာကိုယ့်အလှကို မနာလိုသူတွေကလည်း ..."လှတော့လှပါရဲ့၊ သူ့အလှက ကလက်တက်တက်၊ နေပုံက နန့်တန့်တန့်၊ ငါတို့အိမ်က သူ့နဲ့ မပေါင်းရဘူးတဲ့"... ဟု အပြောခံရတုန်းကတော့ ပက်ခနဲကို ပြန်ပြောခဲ့တာ။



"မနာလိုရင်လည်း ရှင်းရှင်းဝန်ခံ၊ ငါ နန့်တယ်ဆိုတာ နင် နန့်ဖူးလို့ ဒါဟာ နန့်တာလို့ သိတာပေါ့။ နင်ကလက်ဘူးလို့ ဒါဟာကလက်တာလို့ သိတာပေါ့။ မနန့်ချင်ယောင်ဆောင်နေတဲ့ ကုပ်ကမြင်းတွေ"

ဘာပြောကောင်းမလဲ၊ အဲဒီကောင်မနှင့် ဖက်ကိုသတ်လိုက်ကြတာ လုံးထွေး။ ဆွဲသူဖျင်သူ မရှိ။ လက်ခုပ်တီးမပေးရုံတမယ်။ ပွဲကြီးပွဲကောင်းအဖြစ် ဝိုင်းကြည့်ကြ၊ သွားကိုက်ရာအကွင်းကြီးတွေထင်၊ မျက်နှာပေါ်မှာ ကုတ်ရာ ခြစ်ရာအစင်းကြောင်းတွေထင်။ အင်္ကျီတွေစုတ်၊ ရုပ်ပျက်ဆင်းပျက်၊ မြင်မကောင်း ရှုမကောင်း ဖြစ်ချိန်မှာ ကျောင်းတက်ခေါင်းလောင်းထိုးပြီး အတန်းပိုင်ဆရာမ ဝင်လာ၊ ကျောင်းသူကျောင်းသားတွေက "မင်္ဂလာပါဆရာမ"ဟု ပြိုင်တူဆိုချိန်ထိ သတ်ပုတ်ပွဲကြီးက ဆင်နွှဲလို့ကောင်းတုန်း။

ကျောင်းအုပ်ဆရာကြီးရုံးခန်းသို့ စုတ်စုတ်ပြတ်ပြတ်မဲသဲပြီးရောက်သွား၊ ဆရာကြီးက မိဘခေါ်၊ တစ်ဖက်ကျောင်းသူရဲ့မိခင်က လဲစရာ ဖယ်စရာ ဝတ်စုံအပိုတစ်စုံနှင့် ရင်ဘတ်စည်တီးရောက်။ အဘွားကတော့ ...

"ကျွန်မ ရင်တွေကျပ်ပြီး မောနေလို့ မလာနိုင်ပါဘူး၊ ဆရာကြီးတို့ ကောင်းသလိုသာ ကြည့်စီစဉ်လိုက်ပါ"... ဟု သွားရောက်တိုင်တန်း ခေါ်ငင်သည့် ကျောင်းလုလင်ကလေးကို ပြောလိုက်သတဲ့။

တောက် ...။ အဲဒီအချိန်မှာ အဘွားကို စိတ်အနာကြီး နာသွားခဲ့တာ။ ကိုယ့်ရန်ဘက်ထံမှာ ကျဆုံးရှုံးနိမ့်သွားလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပုံကာ၊ ဒီမျက်နှာကြီးတောင် လှီးပစ်ချင်သည်။ တစ်ဖက်က မိခင် ကိုယ်တိုင်ရောက်လာ၊ ဆရာကြီးကိုတောင်းပန်ရင်းက ...

"မြနှင်းစို ဆိုတဲ့ ကျောင်းသူအကြောင်းကို တစ် ကျောင်းလုံး သိကြပါတယ် ဆရာကြီးရှင်၊ ကျွန်မပြောရင် ကျွန်မ အလွန် ဖြစ်ပါမယ်"... ဟု အစချီပေမယ့် ပြောလိုက်သည် မြနှင်းစို မကောင်းကြောင်းတွေ။

"ကျောင်းသူနဲ့မတူဘဲ၊ စာလည်းမကြိုးစား၊ ရည်းစား ထား၊ ကျောင်းသွားကျောင်းပြန် ... ယောက်ျားလေးတွေ တရုန်း ရုန်းနဲ့ပါ ဆရာကြီးရယ်"... ဆိုတာလည်းပါသေး။

"အတန်းပိုင်ကိုလဲ မေးကြည့်ပါ။ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမတွေလည်း မေးကြည့်ပါ။ သူတစ်ယောက်ကြောင့် တောင် တစ်ကျောင်းလုံး ဂုဏ်ပျက်နိုင်ပါတယ်။ ငါးခုံး တစ်ကောင်ကြောင့် တစ်လှေလုံးပုပ်မယ့် မိန်းမပါ။ သူ့ဖြ ဆွယ်လို့ အောင်သွယ်လို့ အတန်းထဲမှာ ရည်းစားဖြစ်တဲ့ သူတွေလည်း ဖြစ်ကုန်ကြပါပြီ ...

"သူတောင် လိုက်ပြေးဖို့ စိတ်ကူးတာ ငါးခါလောက် ရှိပြီ။ သူက ချိန်းထားတာ ယောက်ျားလေးက မလာလို့၊ ရပ်ကွက်ထဲမှာ ... ညညဆိုလည်း မှောင်ရိပ်ခို ချိန်းတွေ့ နေတာပါ ဆရာကြီးရဲ့"

လွှန်မှာစိုးလို့သာပင်။ စိုးများမစိုးလျှင် ဘယ်လောက် များ ပြောမည်မသိ။

"တော်လောက်ပါပြီ။ မိဘတစ်ဦးအနေနှင့် ကိုယ့်သမီးကို အဲဒီမိန်းကလေးနဲ့ ပေါင်းခွင့် မပေါင်းခွင် ဆုံးမတာ မိဘ



ရဲ့ကိုယ်ပိုင်ဆန္ဒပါ။ ကိုယ်က လူကြီး၊ ကိုယ့်သမီးနဲ့မှရွယ်တူ မိန်းကလေးတစ်ယောက်ကို ဒါတွေပြောဖို့ မလိုပါဘူး"

ဆရာကြီးကတောင် တားယူရတော့သည်။

"ဆရာကြီးတို့ သိစေချင်လို့ ပြောတာပါ။ ဒီကလေးမျိုး ဟာ ကူးစက်တတ်တဲ့ ရောဂါဆိုးလို ကြောက်စရာကောင်း လွန်းလို့ ကျောင်းထုတ်ပစ်သင့်တာပါ ဆရာကြီးရဲ့"

"အဲဒါ ... ကျွန်တော်တို့ကျောင်းရဲ့ကိစ္စပါ။ မိဘတွေနဲ့ မဆိုင်ပါဘူး"

မြနှင်း ... ဆရာကြီးစားပွဲရှေ့တည့်တည့်မှာ မတ် တတ်ရပ်၍ လက်ပိုက်နေရရာမှ စားပွဲကို ကွေ့ဝိုက်ကာ ကြမ်းပြင် ပေါ်ထိုင်လျက် ဆရာကြီးကို ဦးသုံးကြိမ် ချပစ်လိုက်တော့သည်။ ဆရာကြီးက ငုံ့ကြည့်၏။ ဟိုမိခင်က သူ့သမီးကိုလည်း မျက်ရိပ် ပြသည်ထင်ပါရဲ့၊ အဲဒီကျောင်းသူလည်း လာရှိခိုးသည်။

"ဒီနေ့တော့ ... ခင်ဗျားသမီးကို ခွင့်တစ်ရက် ပေးလိုက် ပါတယ်၊ အိမ်ပြန်ခေါ်သွားပါ"

"ဆရာကြီး ... ကျောင်းထုတ်တာလား"

"မထုတ်ပါဘူး၊ ဒါပေမဲ့ ... ဝန်ခံကတိလက်မှတ်တော့ ထိုး ရမယ်၊ ဒါ ... နောက်ဆုံးပဲ။ နောက်တစ်ကြိမ် ဒါမျိုးထပ်ဖြစ် ရင်၊ ဘယ်သူလွန်တယ်၊ ဘယ်သူက စဖြစ်တယ် ဆိုတာမရှိ တော့ဘူး၊ ဖြစ်တဲ့သူနှစ်ယောက်လုံးကို ကျောင်းထုတ်မယ်"

ဟိုမိခင်က လက်မှတ်ထိုးပြီး သူ့သမီး ခေါ်ပြန်သွား ချိန်ထိ (သူ့သမီးက ကန်တော့ပြီး မတ်တတ်ပြန်ရပ် လက်ပိုက် နေပေမယ့်) မြနှင်းကတော့ ကြမ်းပြင်ပေါ် ငုတ်တုတ် ခေါင်းငုံ့

www.burmeseclassic.com

www.burmeseclassic.com



ဆဲ။ ဟိုမိန်းမကြီး ထွက်သွားသည်နှင့် မြူနှင်း ... အီးခနဲငိုချလိုက်တော့သည်။

"မင်းအိမ်က ဘာလို့ လိုက်မလာတာလဲ"

"အဘွားတစ်ယောက်ပဲ ရှိပါတယ်၊ အဘွားက နေမကောင်းပါဘူး"

မြူနှင်း တစ်သက်မှာ ဝါကျထဲ "ပါ"ထည့်ပြီး ရှိရိုသေသေ စကားပြောတာဆိုလို့ ကျောင်းအုပ်ကြီးနှင့် ကျောင်းကဆရာ၊ ဆရာမတွေပဲ ရှိပါသည်။

"အဖေ အမေရော"

"အဖေက ဆုံးပါပြီ။ အမေက နောက်ယောက်ျားနဲ့ လိုက်သွားပါတယ်"

ကျောင်းအုပ်ဆရာကြီးတောင် အသံတိတ်သွားရတော့သည်။

"မင်းဟာ ငယ်သေးတယ်။ ကလေးပဲ ရှိသေးတယ်။ ကလေးတစ်ယောက်ရဲ့ရှေ့မှာ မားမားရပ်ပေးမယ့် အုပ်ထိန်းသူလူကြီးမိဘဆိုတာ လိုအပ်တယ်။ မင်းမှာ အဲဒါမရှိဘူး၊ ဒီတော့ ... ကိုယ့်ကိုယ်ကိုယ်ပဲ အုပ်ထိန်းရမယ်။ တကယ်တော့လည်း ...

"လူကြီးမိဘ ဆရာသမားဆိုတော့ လမ်းညွှန်ရုံနဲ့ နည်းပေးရုံပဲ တတ်နိုင်တာ၊ ကိုယ့်ဘာသာ ကြိုးစားကြရတာချည်းပဲ။ မင်းရှေ့မှာ မားမားရပ်မယ့်သူ မရှိရင်၊ မင်းက ကိုယ့်ဘာသာ မားမားရပ်နိုင်ဖို့ ကြိုးစားရမယ်၊ ဆရာကြီး ပြောတာ နားလည်လား"



"ဟုတ်ကဲ့"

"မင်းရဲ့သတင်းက မကောင်းတာတော့ အမှန်ပဲ။ စာလည်း မကြိုးစားဘူးဆို၊ အိမ်စာပေးလည်း မလုပ်ခဲ့၊ စာမေးလည်း မရ၊ စာမရလို့ အတန်းထဲ ခုံပေါ်တက် မတ်တတ်ရပ်ဆိုလည်း မင်းရပ်တာပဲ၊ ရိုက်လည်းခံတာပဲ၊ မျက်နှာတစ်ချက်မပျက်ဘူး၊ ပြီးတော့လည်း ... ဒီလို ဒီလိုပဲဆိုတာ ဆရာကြီး ကြားထားတယ်၊ ဟုတ်လား"

"ဟုတ်ကဲ့"

"အိမ်စာတွေ ဘာဖြစ်လို့ မလုပ်လဲ"

"ကျွန်မ ... အိမ်မှာ ထမင်းဟင်းချက်၊ ဈေးသွားလုပ်ရပါတယ်၊ မောလို့ အိပ်လိုက်တာပါ"

"စာမကျက်တာလည်း မောလို့ပဲလား"

"ဟုတ်ကဲ့"

"လမ်းထဲမှာ ညဉ့်နက်ထိအောင် အိမ်လည်ပြီး၊ စကားတွေပြော၊ ကစားလိုကစား လုပ်နေတယ်ဆိုတာရော အမှန်ပဲလား"

"ဟုတ်ကဲ့"

"အဲဒါကျတော့ မမောဘူးလား"

"မမောပါဘူး ဆရာကြီး၊ ပျော်လို့ပါ"

"ဆိုက်ကိုပဲ"

ဆရာကြီးက သူ့ဘာသာ ညည်းရှာ၏။ မြူနှင်းမလည်ပါ။

"မင်းကို ပြုပြင်ထိန်းသိမ်းဖို့ အရမ်းလိုအပ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



မြူနှင်း ဘာပြန်ပြောရမှန်း မသိပါ။ အငိုတိတ်လျက် ခေါင်းကတော့ ငုံ့မြဲပင်။

"လိမ်လိမ်မာမာနေပါလား မြူနှင်းစို။ အိမ်စာတွေ ပေး လိုက်ရင်လုပ်ပါ၊ တစ်နေ့စာကို တစ်နေ့ အပြီးကျက်၊ စာ မေးပွဲအောင်ချင်တဲ့စိတ်ကိုမွေး၊ လုပ်ပါ့မယ်လို့ ဆရာကြီး ကို ကတိပေးမလား"

မြူနှင်းထံမှ အသံထွက်မလာ။

"မိန်းကလေးဆိုတာ ညဥ့်နက်သန်းခေါင် လမ်းပေါ်မှာ မနေရဘူး၊ အဲဒီလို လမ်းပေါ်မှာ ဘာတွေလုပ်နေကြလဲ"

"စကားပြောကြတာပါပဲ"

"ဘယ်သူတွေနဲ့လဲ၊ ရွယ်တူတွေနဲ့လား"

စင်စစ် ... ရွယ်တူတစ်ယောက်မျှမပါ။ ဤအရွယ် ပျိုဘော်ဝင်စ မိန်းကလေးကို ဘယ်လိုအုပ်ထိန်းသူမိဘက လမ်း ပေါ်လွှတ်ထားပါ့မလဲ။ ယောကျ်ားလေးတွေချည်း စည်းနှင့် ကမ်းနှင့် စာကြိုးစားကြသည့်သူတွေ မပါ။ တချို့ ကျဘမ်းလုပ် တချို့ ကျောင်းမနေ၊ ရပ်ကွက်ထဲ ကလေကလွင့် တေလေဂျပိုး ဆိုတာမျိုးတွေသာ လမ်းပေါ် သန်းခေါင်ကျော်ထိ အော်ဟစ် စကားပြော၊ ရယ်မော၊ သီချင်းဆို၊ အဲဒါတွေထဲမှာ ပါလာတတ် သည့် မိန်းမဆိုတာမျိုးကလည်း အသက်သုံးဆယ်ကျော်တွေ မှဆိုးမလိုလို တစ်ခုလပ်လိုလို၊ အပျိုကြီးတောင်မပါ၊ ရပ်ကွက် ထဲမှာ အရပ်ပျက်မ,လောက် နာမည်ဆိုးနေသူတွေ၊ ဇီဇဝသွေးဆိုး ကာ (မိန်းကလေးဖြစ်ပါလျက်)ယောကျ်ားလေးတွေနှင့် ခွေးရှေ့ ယုက်တင် ပုတ်ပုတ်ခတ်ခတ် နေရတာကိုမှ ပျော်တတ် ကြိုက်



တတ်သူတွေ။ အဲဒါတွေထဲက ... တချို့ရည်းစားဖြစ်သွား၊ လိုက် ပြေးသူလည်းရှိ၊ မပြေးသေးသူလည်းရှိ။

ရည်းစားမဖြစ်ကြလည်း၊ တစ်ယောက်နှင့် တစ် ယောက် သားမြော မယားပြောပြောလည်း မနာကြ၊ ပျော်တောင် ပျော်သေးဆိုသလို၊ ပြည်သူ့ချဉ်ဖတ်၊ ရပ်ရွာ့အော့ကြောဆိုသည့် အုပ်စုတွေထဲမှာ မြူနှင်းစိုက အပျိုပေါက်ကလေးတန်မဲ့၊ ရွယ်မတူ ဘဲ ဝင်ပါနေခဲ့တာပါ။

မြူနှင်း မဖြေသည်မို့ ဆရာကြီးက ထပ်မမေးတော့ ပါ။ ဒီကလေးမကို ဇွတ်ကိုင်တွယ်၍ မရမှန်းသိသည်။ ရောမမြို့ ကြီးကို တစ်နေ့တည်းနှင့် တည်ဆောက်၍မရ ... ဆိုသလို၊ အကွပ်မဲ့ကြမ်း ပရမ်းပတာလို ယိုင်ချင်တိုင်းယိုင်၊ ရွဲ့ချင်တိုင်းရွဲ့ နေသည့် ဘဝဆိုးမှ မိန်းကလေးတစ်ယောက်ကို တစ်ချီတည်းနှင့် ဘေးဝင်အောင် တရားချလို့ ဘယ်ရနိုင်ပါ့မလဲ။ သူ့စိတ်နှင့် သိပ် ဆန့်ကျင်လာလျှင် ကျောင်းထုတ်ခံရမှ ထုတ်ခံရရော၊ ဆရာကြီး ဆမယ့် ... ပက်ခနဲ ပြန်မပြောဘူးဟု ယုံကြည်စိတ်ချထားလို့ ရော။

ကျောင်းအုပ်ဆရာကြီးတစ်ဦး အနေနှင့် အရွယ်မ ရောက်သေးသော ကျောင်းသူတစ်ဦးကို သူ့ဘဝလေး လမ်းမှန် ပေါ်ရောက်အောင် တည့်မတ်ပေးနိုင်ဖို့ စေတနာများစွာ ဖြစ်ထွန်း လေသ၏။

www.burmeseclassic.com

www.burmeseclassic.com



“ညည်းကို ကျောင်းထုတ်လိုက်ပလား”

“ဂုဏ်ထူးတောင် ပေးလိုက်သေးတယ်”

“တယ် ... ငါလုပ်လိုက်ရ”

“သူများကို ရိုက်မယ်ကြံရင် ကိုယ့်ထမင်း ကိုယ်ရှာစားနိုင်ဖို့ အရင်ကြိုးစားဦး”

အဘွားက ရင်ကျပ်ပန်းနာထ၍ မောနေသည်။ ဤ... ရက်တွေအတွင်း မြူနှင်းပဲ ချက်ပြုတ်ရ၏။

“ဈေးဖိုးကုန်ပြီ၊ ဈေးဖိုးပေးဦး”

“ညည်းအဖေမရှိကတည်းက ရှိတာထိုင်စားလာတာ ခ... နှင်းရဲ့။ ဝင်ငွေမှ မရှိတာ။ ကုန်တော့မယ်”

“အဘွားဆေးကုနေရတာကိုး၊ အဖေ့တုန်းကကျတော့ သုံး... ရက်လုံးလုံး အိပ်ရာထဲကမထ,တာ ဆေး...န်းပို့မယ့်သူ... မရှိဘူး”

“မထနိုင် မဖြစ်မိတည်းက ကိုယ့်ဘာသာ ဆေးခန်းသွား... ပါမလား၊ ညည်းအဖေကို ကျုပ်က ခါးထစ်ခွင်ပြီး ပို့ပေ... ရမှာလား၊ သူ့ဘာသာ မသွားတာ၊ ကျုပ်က ကျုပ်ဘာသာ... သွားတာ၊ သေချင်ပါပြီ။ မသေအောင် ဆေးကုနေရတာ... ညည်းကျန်နေလို့”

“အမယ်လေး ... စိတ်ချသွားစမ်းပါ။ ဘယ်တုန်းက... ဘယ်သူရှိခဲ့ဖူးလို့လဲ၊ ကလေးပေါက်စတုန်းကတောင် ... လို့ဖြစ်ခဲ့သေးတာ၊ ခုဆို ပိုတောင်ဖြစ်သေး”



“သြော် ... ညည်းက ကျုပ်ကို သေစေချင်ပြီပေါ့”

“သေစေချင်ပြီလို့ မပြောဘူးနော်၊ ကိုယ့်ဘာသာ သေချင်စိတ်ရှိရင်သာ ငဲ့နေဖို့မလိုဘူးလို့ ပြောတာ”

“ငါ့အပေါ် ဒီလောက် စေတနာမေတ္တာမဲ့တာ၊ အကြင်နာတရားမရှိတာ၊ ကျော်အေးသမီး မဟုတ်လို့ နေမှာပါပဲ။ ခင်စိန်ရီ ဘယ်ကောင်နဲ့ရတဲ့ဗိုက်ကို ကျော်အေးက လှည်းကျိုးထမ်းခဲ့ရမှန်းမသိ”

“အဘွား ... လူကြီးစကားပြော”

“လူကြီးစကားပဲ ပြောနေတာ”

“ထမင်းစားတော့မလား”

“စားမယ်”

“ဒီမှာ နူးပြီးပြီ”

အဘွားခမျာ တုန်တုန်ယင်ယင်၊ ယိုင်နဲ့ယိုင်ရွဲ့နှ... လျှောက်လာတော့လည်း သနားသလိုလို အရှိသား။ ဘာပဲဖြစ်ဖြစ် ... ကျောင်းကအုပ်ထိန်းသူ ခေါ်တာတောင် လိုက်လာမယ့်သူ မရှိသည့် ကိုယ့်ဘဝကိုတော့ ကိုယ်စိတ်နာသည်။

“ဘယ်သူမှမရှိပါလား”... ဆိုသည့် အတွေးက ...မိတော၏။ မြူနှင်းဘဝမှာ အမေက သက်ရှိထင်ရှားနေသေးသော်လည်း အနားမှာမရှိ။ မြူနှင်း နေလို့ဖြစ်နေရသည်။ အဖေက ကွယ်လွန်ပြီ။ ကွယ်လွန်သွားလို့သာ ကွယ်လွန်ပြီ ... ဟု ပြောရ၊ ကွယ်လွန်မီကရော၊ ကွယ်လွန်ပြီးချိန်ထက်ပို၍ မြူနှင်းနားမှာ ...တည်ပေးခဲ့သည်ရယ်မှ မရှိတာ။ မြူနှင်း၏ ရင်တွင်းနာကြည်း...မှာ အဖေရှိခြင်းနှင့် မရှိခြင်းဟာလည်း ထူးမခြားနား။

www.burmeseclassic.com

www.burmeseclassic.com



မြူနှင်း နေလို့ဖြစ်နေတာပင်။ အဘွားတစ်ယောက်ကျန်၏။ အဲဒ်
အဘွားပါမရှိလည်း ဒီမြူနှင်းဟာ ဒီမြူနှင်း၊ ဘာများထူးခြားပြောင်
လဲသွားမှာမို့လဲ။ အဘွားရှိခြင်းနှင့် မရှိခြင်းဟာလည်း မြူနှင်
အတွက် ဘာမျှ ထူးခြားမှုမရှိနိုင်။ မြူနှင်းဘဝမှာ ဘယ်သူ့ကိုလိ
အပ်ပါသလဲ … ဟု နဖူးပေါ် လက်တင်ပြီး သုံးညလောက် ဆက်
တိုက်စဉ်းစားပါလျှင်တောင်၊ ဘယ်သူ့ကိုမျှ မလိုအပ် … ဆိုသည်
အဖြေသာလျှင် ထွက်လေသတည်း။

"ညည်းအမေ ခင်စိန်ရီဟာ ငယ်ငယ်ကတည်းက ဗီဇဆိုး
… မှ့အစ်မ ခင်စိန်ကြည် ဆိုတာရှိတယ်၊ ဒီမိဒီဘစုံတွဲ
ကပဲ မွေးတာချင်းတူတူ ခင်စိန်ကြည်ကျတော့ လိမ္မာရေးခြား
ရှိလိုက်တာ"

"ခင်စိန်ကြည်"… တဲ့။ ဒီနာမည်ကို ဒီတစ်ကြိမ်
ပထမဆုံး ကြားဖူးခြင်းပါပဲ။ အမေရှိတုန်းက သူ့မှာ အစ်မတစ်
ယောက် ရှိလေရဲ့လို့ တစ်ခါမျှ မပြောဘူးပါ။

"အဲဒီ ခင်စိန်ကြည်က ဘယ်ရောက်သွားလဲ"

"ဒေါ်ခင်စိန်ကြည်လေး ဘာလေး လုပ်ပါ။ ညည်းကြီးတော်
ဟဲ့"

"အင်းပါ … ဘယ်ရောက်သွားလဲ မေးတာ"

"သေသွားတယ်၊ ငယ်ငယ်ကတည်းက ချူချာရှာတယ်။
လိမ္မာရှာတယ်။ ဣန္ဒြေသိက္ခာလေးနဲ့။ စာလည်းကြိုးစား
တယ်။ ငါက ကျော်အေးကို ခင်စိန်ကြည်နဲ့ သဘောတူ
တာ၊ ညည်းအဘိုးလဲ ရှိသေးတော့ ကျုပ်တို့က ချောင်လည်
တယ်၊ သူတို့က နွမ်းပါးတယ်။ ငါ တောင်းရင် ရပါတယ်



ခင်စိန်ကြည်က မကြိုက်ဘူး၊ မကြိုက်ဘူးဆိုတာက သူက
ရောဂါသည်မို့ အပျိုကြီးပဲ နေချင်တာ"

"သူ့ရောဂါနဲ့သူ၊ မလှုပ်နိုင်လို့ ဣန္ဒြေရနေတာနေ
ပေါ့"… ဟု တွေးရင်း ရွဲ့ခနဲ တစ်ချက်မဲ့ပစ်လိုက်၏။

"ကျော်အေးက ဖဲရိုက်ဖို့နဲ့ အရက်သောက်ဖို့ကလွဲရင်
ဘယ်သူ့မှ ကြိုက်တာမဟုတ်ဘူး၊ ညည်းအမေက မူယာ
မာယာနဲ့ အတင်းကြိုက်တာ။ မိန်းကလေးက လိုက်လွှန်း
တော့လည်း ယောကျ်ားသားက ပါတော့တာပေါ့"

"အဲဒါနဲ့ပဲ ကျွန်မက အဖေ့သမီး မဟုတ်တော့ဘူးပေါ့"

"ပြောနိုင်ဘူး"

"အဲဒါကြောင့် အမေက အဘွားကို တစ်သက်လုံးစကား
မပြောတာ"

မြူနှင်း မှတ်မိသလောက် အဘွားကသာ အမေ့ကို …
…မိရှင်မ မပီသဘူး၊ အိမ်ထောင်သည်ဖြစ်နေပြီး နန့်ကြောဆွဲတုန်း၊
…ားထားတဲ့သမီးကိုလည်း ကိုယ့်ဗိုက်ထဲကထွက်မှန်း သတိရရဲ့
…ား … ဆိုတာတွေ ဗျစ်တောက်ပူညံရင်း ဆူမာန်ရင်း စကားပြော
…ဖြစ်သေးသည်။ အမေက တစ်ခွန်းမျှကို မပြောတာ။ အဘွားဆူ
…လည်း သူနှင့်မဆိုင်သလို။ လုပ်မြဲ နေမြဲ၊ လက်ရှိအနေအထား
… တစ်စက်ကလေး မပြောင်းလဲ။

မီးဖိုထဲမှာ ချက်ချင်ချက်နေမည်။ အလှပြင်ချင်ပြင်
…မည်။ အဘွားဗျစ်တောက်နေသည့်ကြားက ဖြီးလိမ်းဝတ်စား
…ာ ခပ်ပြောင်ပြောင် ထွက်သွားမည်။

"ညည်းဟာလေ ခင်စိန်ရီ့သမီး စစ်စစ်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငြင်းစရာရှိလို့လား၊ အဘွား မျက်စိအောက်တင်၊ အမေ့ဗိုက်ထဲက ထွက်လာတာ မဟုတ်ဘူးလား"

"တချိုးတည်းလို့ ပြောတာ၊ ရှုပိုးထိုးတာလည်းတူတူ ကမြင်းကြောနန့်တာလဲတူတူ၊ ရည်းစားပေါတာလဲတူတူ အမေတူသမီး"

မြူနှင်း ... ဟီးဟီးဟားဟား၊ ပေါးလားဝါးလား ပေါက်လွှတ်ပဲစား ဓနပါသည်။ ဣန္ဒြေမရှိဘူးလို့ ပြောလျှင်လည်း ဝန်ခံနိုင်ပါသည်။ ရပ်ကွက်ထဲမှာ၊ ကျောင်းမှာ ... ဣန္ဒြေသိက္ခာလေးနှင့် စာလည်းတော်၊ ဆရာ ဆရာမတွေလည်းချစ်၊ စကားကိုကျယ်လောင်ပေါင်ဖွာမပြော၊ သနပ်ခါးရေကျဲလေးလိမ်းကာ ငြိမ်းငြိမ်းချမ်းချမ်းနေသူများ (မြူနှင်းနှင့် လုံးဝစကားမပြော၊ အပေါင်းအသင်းမလုပ်သူများ)ကို မြူနှင်း တွေ့နေရပါသည်။ မြူနှင်းဟာ သူတို့နှင့် လုံးဝဆန့်ကျင်ဘက် ဖြစ်နေတာလည်း ဝန်ခံပါသည်။ မိန်းကလေးသူငယ်ချင်းထက် (မြူနှင်းမှာ)ယောကျ်ားလေးသူငယ်ချင်းက ပိုများသည်။ ပေါးလားဝါးလားနေသည်။ ဒူးပုတ် ပခုံးပုတ် ရိုက်နှက်သည်။ မိန်းမသူငယ်ချင်းဆိုလျှင် မြူနှင်းထက် အသက်နှစ်ဆလောက် ကြီးသူများ (များသောအားဖြင့် နှုတ်ကြမ်းအာကြမ်းလျှာရဲအပျိုကြီးတွေနှင့် တစ်ခုလပ်တွေ)နှင့်သာ ပေါင်းသင်းနိုင်၏။

မြူနှင်းမှာ ရွယ်တူတန်းတူ မိန်းကလေးသူငယ်ချင်းမရှိပါ။ ရွယ်တူတန်းတူတွေ၏ မိဘတွေက သူတို့သမီးကို မြူနှင်းနှင့် မပေါင်းခိုင်းကြပါ။ အဲဒါကိုလည်း မြူနှင်း စိတ်နာသည်။ မြူနှင်း ... ယောကျ်ားလေးတွေနှင့် အပေါင်းအသင်း များရတာက ယောကျ်ားတွေဟာ မိန်းမချင်းထက် ပိုပေါင်းလို့ ကောင်းခြင်း



ကြောင့်ပင်။ ထစ်ခနဲဆို စိတ်ကောက်သွားတာတို့၊ မနာလိုတာတို့၊ ရုပ်အလှပြိုင်တာတို့၊ ကိုယ်လုံးပြိုင်တာ၊ အဝတ်အစား အသုံးအဆောင်ပြိုင်တာ၊ အဲဒါတွေ ... မရှိ။ မိန်းကလေးချင်းဆို ပြိုင်ပြပါလိမ့်မည်။ ယောကျ်ားတွေနှင့် ပေါင်းသည်ဆိုမှတော့ ယောကျ်ားစရိုက်ဝင်ကာ ဒူးပုတ် ခေါင်းပုတ်၊ ဖျတ်ခနဲရိုက်တွေ၊ သူတို့ကလည်းရှိသည်။ ကိုယ်ကလည်းရှိသည်။

ပြီးတော့ ... မြူနှင်းပေါင်းသည့် ကောင်လေးတွေဟာ တေလေဂျပိုးဟု ရပ်ကွက်ထဲမှ သတ်မှတ်ခြင်း ခံထားရသူတွေလည်း မှန်၏။ မြူနှင်း ... အဲဒါတွေနှင့် ပေါင်းဖြစ်ရတာက၊ ဗိုင်းကောင်းကျောက်ဖိ ယောကျ်ားလေးဆိုတာမျိုးတွေကမှ မြူနှင်းကို လာမပေါင်းကြဘဲ။ သူတို့မိဘတွေက ချုပ်ချယ်ထားတာ ဖြစ်နိုင်သလို၊ အလကားနေရင်း အထင်သေးပြီး မပေါင်းချင်ကြတာလည်း ဖြစ်မည်။

ဒီတော့ ... မြူနှင်း ဘယ်သူတွေနှင့် ပေါင်းရသင်းရတော့မလဲ။ အမေနှင့် ပေါင်းလို့မရ၊ အဖေနှင့် ပေါင်းလို့မရ၊ အဘွားနှင့် ပေါင်းလို့မရ။ တခြားဆွေမျိုးသားချင်း ညီကိုမောင်နှမတစ်ဝမ်းကွဲ နှစ်ဝမ်းကွဲတွေဆိုတာ ပေါင်းဖို့သင်းဖို့ဝေးလို့ ရှိမှန်းလည်း မသိ၊ မရှိမှန်းလည်း မသိ၊ လူပဲ ဝါးလုံးခေါင်းထဲ သန္ဓေတည်ခဲ့တာမှ မဟုတ်တာ။ ဆွေမျိုးဆိုတာတော့ ရှိရမှာပဲပေါ့။ သို့ပေမယ့် ... မြူနှင်း ... ဆွေမျိုးအိမ်ဆိုတာကို တစ်ခါမျှ သွားမလည်စဖူး။ ဆွေမျိုးသားချင်းဆိုပြီး တစ်ယောက်မျှ မြူနှင်းတို့အိမ်သို့ ရောက်မလာစဖူး။ အဲဒါ အမေ့ကြောင့်လား၊ အဖေ့ကြောင့်လား၊ အဘွားကြောင့်လား။ ဖြစ်နိုင်ချေနှင့်လည်းညီပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အမေ၏အိမ်ထောင်ရှင်မ မပီသခြင်း ခုချိန်ထိလမ်းထွက်ပြီး တွဲချင်သည့်သူနှင့် တွဲခြင်းက ဆွေပြတ်မျိုးပြတ်ဖြစ်ဖို့ လုံလောက်နေပြီ။ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းက ရှက်ရှာကြမည်လေ။ အဖေ ဖဲရိုက် အရက်သောက် (ဘာအလုပ်နှင့် ပိုက်ဆံရနေမှန်းမသိ)နေခြင်းကလည်း ဆွေမျိုးတွေ အရှက်ရစရာ၊ ပြတ်တောက်ဖို့ရာ ခိုင်လုံသည်။ အဘွား၏ မည်းသောအသား၊ ဆိုးသောမျက်နှာပေါက်၊ ချိုးထားသော ရှစ်ခေါက်၊ ဆံပင်ပွယောင်း၊ အဝတ်ကြေးလက်လေးသစ်၊ ခေါင်းဆီကြေးစော်၊ ချိုင်းချွေးစော်၊ ပါးစပ်မှ ဘယ်သူ့ကိုမျှ အကောင်းတစ်ခွန်း မပြော၊ တွေ့ကရာ အပြစ်တင် စရိုက်ကြမ်း၊ ပွည့်ဗျစ်တောက်ဆိုတာဟာလည်း တစ်ဆွေတစ်မျိုးလုံးက ဖြတ်တောက်ထားဖို့ လုံလောက်သည်ပင်။ မြနှင်း ဆွေမရှိ မျိုးမရှိ ဖြစ်စေရအောင် အမေကလည်းလုပ်သည်။ အဖေကလည်းလုပ်သည်၊ အဘွားကလည်းလုပ်သည်။

"နှင် ... အရွယ်နဲ့မလိုက် ကလေကချေ ဖြစ်နေလို့ ဆွေပြတ်မျိုးပြတ် ဖြစ်ရတာ"

အဘွား အဲဒီလိုပြောတာတော့ လွန်သည်။ ရှိသမျှ အပြစ်တို့ဟာ မြနှင်းခေါင်းပေါ်မှာချည်းပဲလား။

"ညည်းတစ်ယောက်ကြောင့် ငါလည်း ရပ်ကွက်ထဲမှာရှက်လှပါပြီ"

ဘာကိုရှက်တာပါလိမ့်။ ဘယ်ဟာကို ရွပိုးထိုးတယ်လို့ ခေါ်တာလဲ။ ဘာကို နန့်တယ်လို့ ပြောတာလဲ။ စင်စစ် ... မြနှင်းမှာ ယနေ့ထက်တိုင် ရည်းစားမရှိသေးပါ။ ဘုရားရှူး ... ဟုတောင် ကျိန်ချင်၏။ ကောင်တွေကတော့ ကြိုက်ကြတာပေါ့။



မြနှင်းက လှတာကိုး။ ကိုယ်လှတာတော့ ကိုယ်ဂုဏ်ယူတာ အမှန်ပင်။ သို့ပေမယ့် ... တကယ်ပါ။ ယနေ့ထက်တိုင် မြနှင်းမှာ ရည်းစားတစ်ယောက်မျှ မရှိသေး။

"အဘွားက ဘာကိုရှက်တာလဲ"

"ညည်းအမေ ငယ်ငယ်ကအတိုင်း တစ်ချိန်တည်းမှာ ရည်းစားဗျောက်သောက်ထားပြီး ညတိုင်း ချိန်းတွေ့နေတာကိုမှ မရှက်ရင် ဘာကိုရှက်ရမှာလဲ"

"ကျွန်မမှာ ရည်းစားတစ်ယောက်မှ မရှိဘူး"

"ချေးစားပြောရင်တောင် ကြိုက်တတ်လို့ စားတယ်ပဲပြောလိုက်မယ်၊ ဘယ်သူမှ မယုံဘူး၊ ရည်းစားမဟုတ်ရင်လဲ၊ ဘာဖြစ်လို့ တွဲနေလဲ"

"တွဲတယ်ဆိုတာ ဘာကိုခေါ်တာလဲ၊ ညည ထိုင်စကားပြောတာ၊ အပြင်သွားရင် လမ်းကြုံလို့ တူတူသွားတယ်၊ မကြုံဘဲ အဖော်လိုက်ချင်တဲ့အခါလည်း လိုက်တယ်၊ ဒါ ... တွဲတာလား"

"အဲဒါတွဲတာပေါ့"

"ရွပိုးထိုးတယ်၊ နန့်တယ်ဆိုတာ ဘာကိုပြောတာလဲ၊ အဘွားရော ကျွန်မအရွယ်တုန်းက ယောကျ်ားသူငယ်ချင်း မရှိဘူးလား၊ အဘိုးတစ်ယောက်ကလွဲပြီး ဘယ်သူစိမ်း ယောကျ်ားနဲ့မှ စကားမပြောခဲ့ဖူးဘူးလား"

"မပြောဘူး"

"စေတီအချွန် ငုံ့ပြောရင်တောင် မယုံဘူး၊ ဗိုက်ပေါ်ကရုပ်ပဲ ရှိမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘွားအေကိုများ ပြောလိုက်တာ မိမဆုံးမ၊ ဘမဆုံးမ ဟာမ"

"ဘွားအေ ဟုတ်လို့လား၊ ကျွန်မ ... ဦးကျော်အေး သမီး မဟုတ်ဘူးဆို။ မိမဆုံးမ ဘမဆုံးမ ဆိုတာတော့ မှန်တယ်၊ အဖေကလည်း မဆုံးမဘူး၊ အမေကလည်း မဆုံးမဘူး၊ အမေက ထမင်းချက်ကျွေးခဲ့တယ်၊ အဖေက ပိုက်ဆံရှာ ပေးတယ်၊ တစ်ခါမှ မရိုက်ဘူး၊ ဘာမှမတော်တဲ့ ... ဦးကျော်အေးရဲ့အမေက မဆီမဆိုင် နေ့တိုင်းရိုက်နေတယ်၊ ဒီနေ့ကစလို့ လက်ဖျားနဲ့ မထိပါနဲ့၊ ကျွန်မ မခံတော့ဘူး"

"ညည်း ဒီလောက်သောင်းကျန်းနေတာ၊ ဒီလောက်ရိုက်နှက်နေတာတောင် ရမှမရတာ၊ ညည်းကို ထိုင်ရှိခိုးရမှာ လား"

"မလိုဘူး"

မြူနှင်း အိမ်ရှေ့ထွက်လာတော့သည်။ လောကကြီးမှာ စိတ်ညစ်စိတ်ကုန်လိုက်တာ မပြောပါနှင့်တော့။ သူများတွေများဖြင့် ပျော်လိုက်ကြတာ။ သူတို့ဘဝကို သူတို့ကျေနပ်စွာ လှုပ်ရှားရုန်းကန်နေလိုက်ကြတာ တာဝန်ကိုယ်စီနှင့်။ မြူနှင်းမှာတော့ တိတိကျကျ ထမ်းဆောင်ထားစရာ တာဝန်မရှိ၊ ရှိလည်းထမ်းဆောင်ဖြစ်မှာမဟုတ်၊ ပေါင်းစရာလူ မရှိ။ ချစ်မည့်ခင်မည့်သူ မရှိ။ အားကိုးစရာမရှိ။ ထမင်းနပ်မှန်အောင် စားနေရတာတော် သေးရဲ့ ... ဆိုရအောင်ကလည်း၊ မကြာခင် နပ်မမှန်နိုင်တော့ဘူး ဟု အဘွားက ပြောလာပြီ။

"ညည်းအဖေ ချန်ခဲ့တဲ့ပိုက်ဆံ ကုန်တော့မယ်" ... တဲ့။



အဲဒီအခါကျ အဘွား ဘာလုပ်မှာလဲ၊ အိမ်ရောင်းပြီး သုံးမလား၊ အဲဒီပိုက်ဆံကုန်သွားရင်ရော ဘာနဲ့စားမလဲ။ စိတ်ညစ်လိုက်တာ သေချင်စော်နံရော။ ရပ်ကွက်ထဲက တာလေကြမ်းပိုး တွေနဲ့ ဟေးလားဝါးလား နေလို့ပျော်မယ်များ ထင်နေကြသလား။ ယာယီပျော်မိတယ်ဆိုရင်တောင် အဲဒါဟာ "အပျော်တု"။ လှိုက်လှိုက်လှဲလှဲ ကြည်ကြည်နူးနူး ပီတိရွှန်းစိုစွာ ပျော်ဖူးတယ်ရယ်လို့ တစ်ခါမျှမရှိ။

တိမ်ညိုမည်းတို့မှာတောင်မှ ငွေနားကွပ်ကလေး ရှိတတ်သည် ... တဲ့။ အဲသည်နှစ်က မြူနှင်း ရှစ်တန်းအောင်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ၅

တစ်နေ့ ...

အတန်းပိုင်ဆရာမအိမ် ရောက်လာ၏။ မြူနှင်း၏ ဘ၀အခြေအနေကို ကိုယ်တိုင်ကိုယ်ကျ သိချင်လို့တဲ့။ ဆရာကြီးကလည်း လွှတ်တယ်တဲ့။ မြူနှင်းနှင့် စကားတွေအများကြီးနှင့် အကြာကြီး ထိုင်ပြောသည်။ အဘွားနှင့်လည်း ပြောသည်။ အဘွားက ဆရာမကျတော့ စကားကို ကောင်းကောင်းပြောသည်။

"ဒီအရွယ်ရောက်ပြီ မြူနှင်းစို၊ မျက်နှာကို မိတ်ကပ်လိမ်းဖို့ထက်၊ ကိုယ့်အ၀တ်အစားတွေကို ဖြူစင်အောင်လျှော်ဖို့ကပိုအရေးကြီးတယ်၊ သိရဲ့လား၊ ဆရာမပြောစကား နားထောင်နော်"

မျက်နှာပေါ် မိတ်ကပ်တင်တတ်ပြီဖြစ်သော မြူနှင်းက ကိုယ့်အ၀တ်တွေ ဖြူစင်သန့်ရှင်းအောင် လျှော်ဖွပ်ဖို့ကျတော့ ပျင်းနေသည်။ ပျင်းတာတင်မကပါဘူးလေ။ အဘွားကဆပ်ပြာမှ သေချာ၀ယ်မပေးဘဲ။ ကုန် ... ကုန်ဖြန်ပြီ၊ သုံး ... သုံးပြန်ပြီဆိုသည့် နားခါးစရာ စကားကြီးတွေကိုလည်း မုန်းလှပါပြီ။



အဘွားအိမ်မှာ နေချင်စိတ် မရှိသလို၊ အဘွားနှင့် တူတူနေရသည့် ဒုက္ခကိုလည်း စိတ်ကုန်လှပြီ။

အဘွားဟာ စကားကောင်း တစ်ခွန်းမျှမပြော။ ဆူချင်ဆူ၊ ရွဲ့ချင်ရွဲ့၊ မျက်နှာထားက ခက်ထန်။ လက်လှမ်းမီလျှင် ဒိုးခနဲ ဒေါက်ခနဲက ပါချင်သေး။ အဘွားနှင့် နေရခြင်းကို ဒုက္ခဆင်းရဲခြင်းဟု ခံယူ၏။ အတန်းပိုင်ဆရာမနှင့် ဆရာကြီးတို့က ကျောင်းစိမ်း၀တ်စုံနှစ်စုံစာ၀ယ်ဖို့ ပိုက်ဆံပေးသည်။ ချုပ်ပေးသည်။ မြူနှင်းအတွက် ကော်ပီစာအုပ် တစ်ဒါဇင်နှင့် ဘောလ်ပင်ငါးချောင်း ၀ယ်ပေးသည်။

ဘယ်လိုမှ ခေတ်မရှိတော့၍ ဘယ်သူမှ မလွယ်တော့သည့်"လွယ်အိတ်"ဆိုတာကြီးက ယိစုတ်နေပေမယ့် ဆရာကြီးနှင့် အတန်းပိုင်တို့က "ကျောပိုးအိတ်"၀ယ်ပေးဖို့ကျတော့ သတိတရ မရှိကြဘူး ထင်ပါရဲ့။

အဲသည်နှစ်က မြူနှင်း နည်းနည်းငြိမ်သည်ဟုပြောရမလား မသိပါ။ ဆရာကြီးက ရုံးခန်းသို့ နှစ်ပတ်တစ်ခါ ခေါ်၍ ဆုံးမစကားပြောသည်။ အတန်းပိုင်ကကျတော့ ကြုံလျှင် ကြုံသလို ဆုံးမပေး၏။

အဲသည်နှစ်က ကိုးတန်းစာမေးပွဲကို နှစ်ချင်းပေါက်အောင်သည်။ ရှစ်တန်းတုန်းကတောင် နှစ်နှစ်နေခဲ့ရတာလေ။

"ကျွန်မ ကျောင်းအပ်ရတော့မယ်"

"ငါ့မှာလည်း ကြွေးတွေပိုင်းနေပြီ"

"ကျောင်းမနေရတော့ဘူးလား"

"အောင်မှာဆိုရင်တော့ ထားရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဘယ်သူက အာမခံထားနိုင်မလဲ၊ ဒီနှစ် ကိုးတန်းအောင်တာပဲ"

"ရှစ်တန်းတုန်းက နှစ်နှစ်နေခဲ့ရတာ၊ ညည်းက ကျောင်းစစ်ဆိုမှအောင်တာ၊ ဆရာ ဆရာမတွေက သနားလို့ တင်ပေးတာနေမှာပေါ့၊ အစိုးရစစ်ဆို ... ညည်းကို ဘယ်သူကလာသနားမှာမို့လဲ၊ ကျတာပဲ"

"ကျောင်းအပ်ရမလား၊ မအပ်ရဘူးလား၊ ဒါပဲပြော"

"ကြွေးပတ်လည်ဝိုင်းနေလို့ ထမင်းစားဖို့တောင် ခက်နေပြီ။ ရှိတာ ထိုင်စားလာတာ ဘယ်လောက်ကြာပြီလဲ။ ဘယ်သူက ပိုက်ဆံရှာပေးနေလို့လဲ။ ဆန်ကြွေး ဆီကြွေးတွေ မဆပ်နိုင်တော့ ဘယ်သူမှ ကြွေးထပ်မပေးတော့ဘူး"

"ကျောင်းနေရမလား မနေရဘူးလားပဲ ပြော"

"အမယ်လေး ... ညည်းကို ကျုပ်က နေပါလည်း မပြောရဲပါဘူး၊ မနေနဲ့လည်း မပြောရဲပါဘူး၊ ညည်းစိတ်နဲ့ညည်းကိုယ်"

"ကျွန်မစိတ်က ဆယ်တန်းတက်ချင်တယ်။ ကျောင်းအပ်ရမယ်၊ ပိုက်ဆံလိုတယ်"

"အဲဒါ ... ငါ့မှာ ပေးစရာမရှိဘူး"

"ပြီးရော"

မြူနှင်း ... အိမ်မှထွက်လာခဲ့တော့သည်။ ဒီမနက် ... အိုးထဲမှာ ဆန်က နို့ဆီဘူးတစ်ဝက်လောက်ပဲတွေ့လို့ ထမင်းတောင်မချက်ခဲ့။ အဘွားဟာ ဆန်ဆိုလည်း အိုးထဲပြောင်မှ ... သွားဝယ်ချေ ... ဆိုပြီး ပိုက်ဆံထုတ်ပေးသည်။ ဘာမဆို ... တက်တက်



ပြောင်အောင်ပြောင်မှချည်း ပိုက်ဆံထုတ်ပေးသည်။ သူ့ဘာသာလည်း သွားမဝယ်နိုင်တော့။ မြူနှင်းဝယ်လာခဲ့ပြီလားဆို ... စစ်လိုက်ဆေးလိုက်တာလည်း လွန်ပါရော။

"ဆန်တစ်ပြည်က တစ်ထောင် ဟုတ်လို့လား"

"ထောင့်ငါးရာ ခြောက်ရာလည်း ရှိတယ်၊ တစ်ထောင်ဆိုတာ အညံ့စား"

"ဒီဈေး မကြားဖူးပါဘူး"

"မယုံရင် ကိုယ့်ဘာသာသွားဝယ်"

"ညည်းလေ ... စကားပြော သိပ်ရိုင်းတယ်၊ ညည်းအမေနဲ့ တစ်ချိုးတည်း၊ အခု ညည်းအမေ ဘာလုပ်စားနေလဲ သိလား"

"တောင်းစားနေတယ် ... လာပြောတဲ့သူ ရှိလို့လား"

"သူတောင်းစား ဖြစ်နေရင် ကျုပ်က ဂုဏ်ယူလိုက်ဦးမယ်"

မြူနှင်း ဆက်မပြောတော့ပါ။ ပြောချင်စိတ်မရှိ၊ အရင်တုန်းက အဘွားကို ရင်ဆိုင်ပြော၊ ပက်ဆိုတာတွေ များခဲ့ပြီ။ ခုက စကားပြောချင်စိတ်ကို မရှိတော့တာ။ အမေဟာ ဒါကြောင့် အဘွားကို စကားမပြောတာဘဲဟု တွေးမိ၏။ စကားကောင်းပြောလို့မှ မရဘဲ။ အဖေနှင့်အမေ အိမ်ထောင်ကျကာစတုန်းက တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် ရှိခဲ့မှာ ... ဟု တွေးမိ၏။ အဲဒီတုန်းကတည်းက အဘွား အပေါက်ဆိုးခဲ့တာလား၊ အဘွားဟာ အမေ့ကို လုံးဝကြည့်မရတာတော့ အမှန်ပါ။ အမေကလည်း အမေ။ ဖြီးလိမ်းဝတ်စားပြီး နေ့တိုင်း အပြင်ထွက်နေတာ ဘာတွေလျှောက်လုပ်နေတာပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com

ခုလည်းကြည့် ... မိန်းမရှိတဲ့ လူကြီးနောက်ကို လိုက်သွားပြီး၊ နောက်ထပ် အိမ်ထောင်နှစ်ဆက်ဆိုလား သုံးဆက်ဆိုလား ရှိနေပြီတဲ့။ မြနှင်း စိတ်ညစ်သည်။ စိတ်ကုန်သည်။ လောကကြီးမှာ နေရတာကိုကစလို့ မကျေနပ်။ စိတ်ကုန်စိတ်ပျက်။ တစ်လောကလုံးမှာ ရှိသမျှ သက်ရှိသက်မဲ့ မှန်သမျှဟာ မြနှင်း၏ ရန်သူချည်း။ သက်ရှိတွေနှင့် တစ်ယောက်မျှ အဆင်မပြေတာထားတော့၊ သက်မဲ့တွေနှင့်လည်း အဆင်မပြေ။ အိမ်ရှေ့မှာစိုက်ထားသည့် ပန်းပင်ကလေးတစ်အိုး ရှိခဲ့ဖူးသည်။ ဘာပန်းမှန်းမသိ၊ အဘွားက တစ်ခါတစ်ခါ ရေလောင်းတာတွေ့လို့ မြနှင်း တစ်ခါ(စိတ်လိုလက်ရ)ဝင်လောင်းလိုက်ပါသည် ... ပန်းပင်လေးက သေရှာပါလေရော။

"ဒီအပင်က ရေကြိုက်တာမဟုတ်ဘူး၊ နှစ်ရက်တစ်ခါ သုံးရက်တစ်ခါလောက် လောင်းရတာ၊ ခုတော့ ပန်းအိုးထဲ ရေတွေဝပ်နေအောင် လောင်းထားတော့ အပင်ပုပ်ပြီး သေတာပေါ့။ ညည်းလက်ကိုက လက်ပုပ်။ လူကိုင်ရင် လူသေ၊ ပန်းပင်ကိုင်ရင် ပန်းပင်သေမဲ့လက်" ... တဲ့။

အဘွားတို့များ မြနှင်းကို ပုတ်ခတ်နှိမ်ချပြောရမယ်ဆိုလျှင် စကားလုံးတွေက ပြောင်မြောက်လှ၏။ တစ်ခါနှင့်တစ်ခါ မထပ်စေရ၊ ရှလဲနှင့် ပြောနိုင်သမျှသော စကားတွေကတော့ ပီသလေးနှင့် ဘောပစ်ချည်း။

လမ်းလျှောက်ရင်း ... ဗိုက်ထဲက ဆာလာ၏။ ရည်မှန်းချက်မရှိ၊ ဦးတည်ရာမဲ့ လျှောက်လာရင်းက ဘယ်တွေရောက်လို့ရောက်လာမှန်းမသိ။ မြနှင်း မသွားဘူး၊ မရောက်ဘူးသည့်

...ရာတွေတော့ ရောက်ကုန်ပြီ။ နေကလည်းပူ။ ထီးမပါ။ ခြေ...ဘက်မှာ ဖိနပ်ကလည်း စုတ်လှ၏။ ဘယ်တော့သဲကြိုးပြတ်...ကျမယ်မသိ။ ချွေးဒီးဒီးကျကာ မျက်နှာပေါ်လည်း ကြေးစင်း...တွေနှင့်၊ ဝတ်ထားသော ကျောင်းအင်္ကျီအဖြူကလည်း ဝတ်လာ...တာ သုံးနှစ်ရှိပြီ။ ရက်ပေါင်း တစ်ထောင်ကျော်၊ အဲဒီထဲမှာ ...ဆပ်ပြာနှင့်တွေ့ရတာ၊ တစ်နှစ်စာတောင် ပြည့်ရဲ့လားမသိ။ သူက...လည်း မျက်နှာနှင့်အပြိုင် ကြေးစင်းတွေနှင့် လုံချည်ကလည်း ...ကျောင်းစိမ်းပါဘဲ၊ ကျောင်းဝတ်စုံနှင့် ထွက်လာမိခြင်းကတော့ ...ခြားဝတ်စုံမရှိလို့ပါ။

"ကျောင်းဝတ်စုံကို မချုပ်မဖြစ် ချုပ်ရပြီ။ တခြား...ဝတ်စုံတွေက မချုပ်မဖြစ် မဟုတ်ဘူး၊ ဒီတော့ တခြားဟာမချုပ်...ဘော့၊ မရှိမဖြစ်ကိုပဲချုပ်" ... တဲ့။

ပယ်ရှားမရသည့် အဘွားမို့ လုံးဝလက်မခံနိုင်ပါဘဲ ...ကျောင်းစိမ်းပဲ ချုပ်ရသည်။ အိမ်မှာဆိုလည်း ကျောင်းစိမ်း၊ ...ပြင်ထွက်လည်း ကျောင်းစိမ်း၊ ဒါဟာ ထုံးစံကြီးများတောင် ...နေပါပြီ။ အဟန်းပိုင်နှင့် ဆရာကြီးက ဝယ်ပေး၍ ကျောင်း...ဝတ်စုံအသစ်နှစ်စုံနှင့် ဘာနှင့် အတော်ဟန်ကျခဲ့။ ကိုးတန်း...နှစ်လုံးဝတ်၊ ရက်ပေါင်း (၃၆၅)ရက်မှာ ဆပ်ပြာနှင့်လျှော်...ရတာ ခြောက်ဆယ့်ငါးကြိမ်ခန့်ပဲရှိမည်ထင်သည်။ ခုတော့ ...နှစ်စုံဟာလည်း ဆီသည်မလက်သုတ်ဖတ် ... ဆိုသလို။

ခြေဦးတည့်ရာ လျှောက်လာရင်းက လူပြတ်သည့် ...ကွက်တစ်ခုထဲသို့ ရောက်လာမှန်း သိလိုက်ရသည်။ လူပြတ်...ဘာက ခြံကြီးဝင်းကျယ်တွေထဲမှာ တိုက်ကြီးတွေ ဟိန်းနေလို့

www.burmeseclassic.com

www.burmeseclassic.com



ပါ။ လမ်းပေါ်မှာ လူသွားလူလာ သိပ်မရှိ။ မြနှင်းတို့နေခဲ့ဖူး
သည့် ရပ်ကွက်ဆို ... လူတွေက လမ်းပေါ်လျှံကျနေကြတာ၊
လမ်းပေါ်တက်ပြီး ဘောလုံးကန်နေသည့် ကလေးတွေ ကြည့်မ
လား၊ ဘာမှန်းမသိ လမ်းပေါ်မှာလူတွေ လျှောက်နေကြတာကြည့်
မလား၊ ဆိုက်ကားတွေကြည့်မလား။ ဖြတ်သန်းသွားလာသည့်
ကားတွေ ကြည့်မလား။ ဆူလို့ညံလို့။

ဒီရပ်ကွက်ကတော့ အေးချမ်းဆိတ်ငြိမ်လွန်းသည်။
လမ်းပေါ်လျှောက်နေသူဆိုလို့ မြနှင်းတစ်ယောက်တည်း။ ဘယ်
ကလေးတစ်ယောက်မျှလည်း လမ်းပေါ်တက်ဆော့မနေ။ ဆိုက်
ကားလည်းမရှိ။ ဖြတ်သန်းသွားသော ကားတော့ တစ်စီးတလေ
ရှိ၏။ ဒါတောင် အကြာကြီးနေမှ တစ်စီးလောက်သာ။ ဘယ်
ရောက်လို့ ဘယ်ပေါက်မှန်းမသိဘဲ ခေါင်းထဲက မူးလာသည်။
ချွေးတွေက ရွှဲလာသည်။ ဗိုက်ထဲက အရမ်းဆာ၊ နေပူကြီးထဲ
အဆောင်းမပါ။ လမ်းလျှောက်ရင်း လူကဟိုဘက်ယိုင်ထိုးသွား
ဒီဘက်ယိုင်ထိုးသွား၊ လမ်းကြောင်းကမဖြောင့်၊ မျက်စိရှေ့မှ
ကတ္တရာလမ်းကြီးက ကြွထလာသလိုလို၊ ဟိုရှေ့နားက ကုက္ကိုပင်
ကြီးက မျက်စိထဲ တိုးဝင်လာဘာလား။ မတွေးတတ်နိုင်ခင်မှာ
ပင် မြနှင်း ဘာကိုမျှ မမြင်ရတော့ပါ။

❣ ○ ❣



"သတိရပြီလား"

တစ်ခါမျှ မကြားဖူးခဲ့သော ချိုအေးငြိမ့်ညောင်းလှ
သည့် အသံတစ်မျိုးပင်။

မြနှင်းရဲ့တစ်သက်တာမှာ တစ်ခါမျှစကားကောင်း
ကြားဖူး (ကိုယ်ကလည်း မပြောခဲ့)ခဲ့ပါ။ ဆူပူမာန်မဲ ရှုတ်ချပြစ်
တင်နေသည့် အသံဆိုးမျိုး၊ ရိုင်းစိုင်းဆဲဆိုသံ၊ ကြမ်းတမ်းအော်
ဟစ်သံ၊ ယဉ်ကျေးဖွယ်ရာ မရှိပါသော ဟေးလားဝါးလား အော်
ကျယ်ဟစ်ကျယ်သံမျိုးတွေကိုချည်း ကြားခဲ့ရသည်။ အတန်းပိုင်
ဆရာမနှင့် ကျောင်းအုပ်ဆရာကြီးတို့၏ ဆုံးမစကားများသည်ပင်
ချိုသာနူးညံ့မှု နည်းပါးကာ၊ ဩဇာသံပါလျက် (ရန်လိုမောင်းမဲသံ
ဟောက်ငြား) အထက်စီးမှကျလာသည့် အသံမျိုးဖြစ်၏။

"မင်း နိုးလာပါပြီ"

အသံသည် အေးဆေးငြိမ်းချမ်းနေ၏။ မှည့်ဝင်း
ပြည့်ဝချိုရှနေသည့် သရက်သီးမှည့်တစ်လုံးကို စားလိုက်ရသလို။
ဒီလောက်ကောင်းသည့် သရက်သီးမျိုးတောင် တစ်ခါတည်းစား
ဖူးတာပါ။ အမေ အပြင်ကအပြန်မှာ အလုံးတော်တော်ကြီးပြီး
ဝင်းဝါနေသည့် သရက်သီးကြီးနှစ်လုံး ပါလာသည်။ အမေကခွဲ၍
ထမင်းစား စားပွဲနိမ့်လေးပေါ်တင်ပြီး ဆန်ခါနှင့်အုပ်ထား၏။
အသွားက ... ခွဲကတည်းက မြင်နေသည်မို့ စားပွဲပေါ်ရောက်တာ
နှင့် ဆန်ခါကိုသွားလှန်ပြီးစားသည်။ အားရပါးရစားတာပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



စားမကုန်။ တမင်သွားတာပြီး ထားခဲ့တာဟု မြူနှင်း မထင်ပါ ကုန်အောင်မစားနိုင်၍ ကျန်ရစ်ခဲ့တာပဲဖြစ်မည်။

ခဏနေတော့ မြူနှင်းက ဆန်ခါကိုဖွင့်၍ သွားစာ လိုက်သည်။

"ကောင်းလိုက်တာ၊ တစ်ခါမှ မစားဖူးဘူး"

"သရက်သီးများ မစားဖူးဘူးရယ်လို့"

အဘွားက သူကိုယ်တိုင် မြိန်ရေရှက်ရေ စားခဲ့ပြီး ပါလျက်၊ မြူနှ င်းက ကောင်းလိုက်တာဆိုတော့ မျက်စောင်းခဲ၏ အဲသည်အဘွားဟာ မြူနှင်း ဘာကိုပဲလုပ်လုပ် ကျေနပ်သည်ဟူ၍ မရှိ။

"အမေ ဝယ်လာတာလား"

"လက်ဆောင်ရခဲ့တာ"

"ဘယ်သူ့ဆွေးက စွန့်ကြဲလိုက်မှန်းမသိ၊ အဲဒီသူဆွေးဟာ သူဆွေးမတော့ မဖြစ်နိုင်ဘူး၊ သူဆွေးထီးပဲဖြစ်မယ်။ ဟဲ့ ... ခင်းနှင်းရီ ... နှင့်အဖေဖို့ ချန်ဦး"

"အဖေက သန်းခေါင်မှရောက်မှာ၊ သရက်သီးစားဖို့ အစ မရှိဘူး။ အမေ ... အကုန်စားလိုက်မယ်"

"အေး"

မြူနှင်းက ကုန်အောင်သာ စားလိုက်သည်။ ပ ကန်ကိုတော့ မဆေးပါ။ ထ,လာခဲ့၏။

"ဟဲ့ ... ပန်းကန်ဆေးသွား"

အဘွားလှမ်းအော်၏။ "တူတူချင်းစားတာ၊ သူတ ဝက် ဆေးသင့်တာပေါ့" ... တိုးတိုးတိတ်တိတ် ပွစိပွစိပြောလျ



ဆေးတော့ ဆေးလိုက်ရသည်သာ။ အဲသည်တုန်းက အဲဒီသရက်သီးကို စားလိုက်ရတာ၊ ရင်ထဲ ... မအေးစဖူး အေးချမ်းသွားသည်။ ငြိမ်သက်သွားသည်။ ချမ်းမြေ့သွားသည်။ အမြဲမကျေနပ်နေသော စိတ်တွေ ယာယီကျေနပ်ခြင်းဖြင့် နှစ်လိုဝမ်းမြောက်ခြင်း ဆိုသည်ကိုပါ ခံစားလိုက်ရ၏။

အခုကြားလိုက်ရသည့် အသံသည် မြူနှင်း တစ်ကိုယ်လုံးကို လွှမ်းခြုံသွားသည်။ မြူနှင်း အေးဆေးငြိမ်းချမ်းသွားရသည်။ အရိပ်ကောင်းသည့် အပင်ကြီး တစ်ပင်အောက်သို့ ခိုဝင်လိုက်ရသလို ခံစားရသည်။ ပူလော င်ပြင်းပြခြင်းဖြင့် လောင်မြိုက်နေသည့် လူ့လောကကြီးထဲသို့ လေပြည်လေညင်းလေး တစိမ့်စိမ့်တိုးဝင်လာသလိုလည်း ခံစားရသည်။ ကျောင်းတုန်းက မြန်မာစာဆရာမ ဝါကျဖွဲ့နိုင်းသည့် "ပီတိ"ဆိုသော စကားလုံးလေးကိုတောင် သတိရလိုက်ပါသေးသည်။

"နေလို့ကောင်းတယ် မဟုတ်လား"

မျက်စိကို ဖွင့်ကြည့်လိုက်၏။ မျက်စိမဖွင့်မီကတည်းက ကျောအောက်မှ နူးညံ့အိထွေးသည့်အထိ အတွေ့ကို သတိထားမိသည်။ ပျံ့ပျံ့လေး သင်းနေသည့် ရနံ့တစ်မျိုးကိုလည်း ရပြီးပါပြီ။ ကိုယ်ဟာ အကောင်းစား မွေ့ရာခုတင်တစ်ခုပေါ်ကို ရောက်နေသည်ဆိုတာ သိလိုက်ရပြီး၊ ကိုယ်သေလို့ နတ်ပြည်ရောက်နေတာလားတောင် ထင်လိုက်သေး၏။ မျက်စိဖွင့်ကြည့်သည့်အခါမှာတော့ လူသားကြီးတစ်ဦး။ ပြီးတော့ ... ယောက်ျား။ ကိုယ့်ကို ပြုံးပြနေသည့် သူ့အပြုံးက ချိုလိုက်တာ။ တစ်သက်မှာ ... တစ်ခါမှ ဒီလိုပြုံးပြခြင်းမျိုး မခံခဲ့ရဖူးပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်အားဖြင့် သုံးဆယ်လောက်လား တော့ မသိ။ အသားက ဖြူသည်ဆိုတာထက် ကြည်လင်ဝင်းပ ရှင်းသန့်နေတာဖြစ်၏။ ဖြူသည်ဟုလည်း ပြောနိုင်ပါသည်။ ဆံပင်ပြာ ဘယ်နှထပ်တိုက်ပြီးများ ရေချိုးထားသလဲ မသိ။ မျက်လုံး မျက်ခုံးကောင်း၊ နှာတံပေါ် ရုပ်ချောချောကြီး၊ ခန့်ကလည်းခန့် သေး။ ချောလိုက် ခန့်လိုက်တာဟု ငေးကြည့်နေလိုက်မိတာ မျက်တောင်ခတ်ဖို့တောင် သတိမရ။ ရုပ်အင်္ကျီလက်တို မီးခိုးပြာ ဖျော့ဖျော့ ... သူ့အသားမှာ အရောင်သွားဟပ်ကာ၊ သူ့အသား တွေက ညနေစောင်းတိမ်တွေလို ပြာလဲ့လဲ့တောင် ဖြစ်ချင်ချင်။

"မင်း ထနိုင်ရင် ထထိုင်လိုက်"

ဝါကျထဲမှာ "ပါ"မပါဘူးဟု သတိထားလိုက်မိ သည်။ ချိုချိုကြီး ပြုံးပြသည့် လူကြီးဟာလည်း၊ ကိုယ့်လိုစုတ်တီး စုတ်ပြတ် ကောင်မလေးတစ်ယောက်ကိုကျတော့ "အမိန့်"တစ်ခု နှင့် ဆက်ဆံတာပဲ။ တကယ်ဆို ... သူ ထူပေးပါလား ... ဟု လည်း တွေးမိရသေးသည်။ မြနှင်း ... ဘယ်တုန်းက အိပ်ရာထဲ မှာ ထူပေးခြင်း ခံရဖူးသလဲဟု ကိုယ့်ကိုယ်ကိုယ် ပြန်စဉ်းစား တော့၊ ကလေးဘဝမှတ်မိချိန်မှစ၍ ခုထိ တစ်ခါမှ၊ ထူပေးတာ မျိုး မခံခဲ့ရဖူးဘူး ထင်သည်။

"ဟဲ့ ... ထ။ ဘယ်အချိန်ရှိပလဲ"

"အိပ်တာလား သေတာလား။ အိပ်တာဆိုရင် ထတော့ သေတာဆိုရင်လည်းပြော၊ ဖျာနဲ့လိပ်ပြီး ချလိုက်မယ်"

"ဘယ်လိုမိန်းမမှန်း မသိဘူး၊ သောက်ပျင်းကိုတစ်တယ်"



အဘွားပြောနေကျ၊ ကြားနေကျ ဝါကျတွေလေ။ အမေရှိစဉ်တုန်းက ဘယ်လိုနိုးခဲ့ပါလိမ့်။

"ထ ... ထ ... တဲ့"

ဒီလောက်ပါပဲ။ မြနှင်း ထထိုင်၍ အခန်းကိုလှည့် ပတ်ကြည့်သည်။ ကိုယ်ကိုရွှေ့၍ ခုတင်စောင်းမှာ ခြေတွဲလောင်း ချ ထိုင်လိုက်သည်။ အားပါး ... ကောင်းလိုက်တဲ့ အခန်းကျယ် ကြီးပါလား၊ မြနှင်းတို့နေခဲ့သည့် ပျဉ်ထောင်အိမ်လေး တစ်အိမ် လုံးစာလောက်ရှိမည်။ မြနှင်းတို့အိမ်လေးထဲမှာက ဧည့်သည်လာ ရင်ထိုင်ဖို့ (ဧည့်ခန်းဆိုပါတော့)အဖေနှင့်အမေ အိပ်သည့်အခန်း၊ အဘွားနှင့် မြနှင်းအိပ်သည့်အခန်း၊ မီးဖိုချောင်၊ နောက်ပြီး ဘာ ခန်းလို့ပြောရမှန်းမသိ၊ အခန်းတော့လည်း မဟုတ်ပါဘူး၊ သီးသန့် ကာထားတာလည်းမရှိ၊ ကြိုးတန်းပြီး ခန်းဆီးနှင့်တော့ ဆွဲပိတ် ထားသည်။ တစ်အိမ်လုံး၏ ဖြုတ်စဗျင်းတောင်းတွေ အကုန်ထား သည်။ အဲဒါနှင့် တစ်ဆက်တည်း လှေကားလေးသုံးထစ်ဆင်းတော့ သွပ်ပြားတွေနှင့် သုံးဘက်ကာ (အိမ်ဘက်လှေခါးဘက်မှာ အကာ မရှိ)ထားသော ရေတိုင်ကီတစ်လုံးချလျက် ရေချိုးရသောနေရာ။ အဲဒါတွေအကုန်လုံးလောက်ကို ကျယ်ဝန်းသည့် အခန်းကြီး။ အခန်းကပဲ ကျယ်လွန်းတာလား၊ မြနှင်းတို့အိမ်လေးကပဲ သေး ကျဉ်းတာလား မသိတော့ပါ။

ပျံ့ပျံ့သင်းသင်းလေးလည်း မွှေးနေသေးသည်။ ဘယ် ကအနံ့လေးလဲ မသိပါ။ မြနှင်းတို့အိမ်မှာဖြင့် အနံ့ပေါင်းစုံ၊ အဖေ့ထံမှ အံမြဲရသော ချဉ်စုတ်နံ့၊ အဘွားထံမှရသော ဆီကြေး စော်၊ ချိုင်းချွေးစော်၊ အမေ့ထံမှရသည့် မွှေးသည်ဆိုနိုင်ပြား၊ မွှေး

www.burmeseclassic.com

www.burmeseclassic.com



တာလက်နံ့သည့်ဘက်သို့တောင် ရောက်နေပါသေးသော အပေါ်စားကိုယ်လိမ်းပေါင်ဒါနံ့၊ မရှုမရှာ ထည့်ပြောရပါလျှင် တစ်ခါတုန်းက အိမ်သာနံ့ကလည်း အိမ်ထဲသို့ ရောက်လာတတ်သေးသည်။ မြူနှင်း ကိုယ်ပေါ်ကကျတော့ "နေစော်"ဟု ဆိုရမည့်အနံ့။

"မင်း ... လမ်းမပေါ် လဲကျနေတာတွေ့လို့ ခေါ်လာတာ"

လူကြီးက ခပ်ပြုံးပြုံးပြော၏။ သူက စကားပြောလျှင် ပြုံး၍ပြောရမည်ဆိုသည့် စည်းကမ်းထဲက လူသားထင်ပါရဲ့။ မြူနှင်းဖြင့် ခုထိ ... တစ်ခါမျှ (သူ့ကို)ပြုံးမပြဖြစ်သေးပါ။ ပြုံးချင်စိတ်လည်းမရှိ။ ပြုံးလည်း မပြုံးတတ်တော့ဘူး ထင်သည်။ အဘွားနှင့်ဆိုလျှင် စုပုပ်၊ ကျောင်းမှာကျတော့ စူတင်း၊ ညဘက်အပေါင်းအဖော်တွေနှင့်ကျတော့ နှုတ်ခမ်းကို အဆုံးစွန် ကျယ်ပြန့်စေလျက် အကျယ်ကြီးအော်ရယ်၊ ငိုသည့်အခါကျတော့ မဲ့ရွဲ့၊ အပြုံးဆိုတာ မြူနှင်းမှာ ပျောက်ဆုံးခဲ့တာ ကြာပါပြီ။

"မင်းကို ဆရာဝန်ခေါ်ပြလိုက်သေးတယ်။ ဆရာဝန်က ဘာရောဂါမှ မရှိပါဘူးတဲ့။ အားပြတ်သွားတာတဲ့။ မင်းကို ဒရစ်ပ်တစ်လုံးလုံးတောင်သွင်းတာ၊ သုံးနာရီကြာတယ်၊ အိပ်လည်းအိပ်ရအောင် အိပ်ဆေးလေးလည်း နည်းနည်းထည့်သွင်းတော့၊ မင်းသုံးနာရီလုံးလုံး အိပ်ပျော်နေတယ်၊ အခုနေရတာ လန်းလန်းဆန်းဆန်း ရှိရဲ့လား"

ခုမှ ဝဲဘက်လက်ဖျံမှာ ပလာစတာလေး ကပ်ထားတာ တွေ့ရသည်။ ဒရစ်ပ်ပုလင်းတွေ ဘာတွေတော့ မရှိတော့။ လူက ကြည်လင်လန်းဆန်း၊ အိပ်ရေးဝပြီး၊ အတော်ကြီးနေကောင်း



နေ၏။ ဒီလောက် တစ်ခါမှ နေမကောင်းဖူးပါ။ ဘယ်နေကောင်းပါ့မလဲ။ စိတ်မှမကြည်လင်တာ၊ တစ်ခါမှ ဒီလောက်ကြည်ကြည်လင်လင် မရှိဘူးတာ။

"မင်း အိပ်ရာကနိုးလာရင် ဗိုက်ဆာလာလိမ့်မယ်တဲ့။ ဘာမဆို စားလို့ရတယ်တဲ့။ မင်းမှာ ဘာရောဂါမှ မရှိဘူး။ မင်းက အစားအသောက်ကို အဟာရပြည့်ပြည့်လည်း မစားဖြစ်ခဲ့ဘူး ထင်တယ်။ ရာသီဥတုကလည်း ပူတော့လေ ... မင်း သတိလစ်ပြီး လဲကျသွားတာဖြစ်မယ်၊ မင်း လမ်းပေါ်မှာ လဲနေတာကို ပြန်သတိရလား"

ခေါင်းညိတ်ပြလိုက်သည်။

"ဗိုက်ဆာလား"

ခေါင်းညိတ်ပြလိုက်ပြန်၏။ ဟုတ်ပါရဲ့ ... သူပြောမှ ဆာလိုက်တာ။

"ထ ... ထမင်းစားခန်းကို သွားမယ်"

မြူနှင်း ခုတင်ပေါ်မှ ဆင်းလိုက်၏။ လမ်းလျှောက်နိုင်သားပဲ၊ လူက အကောင်းကြီး။

ဟုတ်ပါတယ်၊ အဆာလွန်နေပူ၊ ချွေးပြန်ပြီး မူးလဲသွားတာ ဖြစ်မှာပါ။

"အိမ်သာတက်ချင်တယ်"

"ဟိုတံခါးကိုဖွင့်လိုက်၊ အဲဒါရေချိုးခန်းပဲ"

မြူနှင်း ဝင်သွားလိုက်သည်။ အောင်မယ်လေး ... ရေချိုးခန်းတဲ့။ ဒီရေချိုးခန်းထဲမှာများ ချိုးခွင့်ရလျှင် သုံးရက်လောက်ဆက်တိုက်မအိပ်ဘဲ မစားဘဲ ရေချည်းချိုးနေချင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက်လာတော့ "လူကြီး"က အိပ်ခန်းတံခါးဝနားမှာ စောင့်နေသည်။

"မင်း ရေဆွဲမချခဲ့ဘူး ထင်တယ်"

ရေ ... ဘယ်ရေကိုဆွဲရမှာလဲ။ အရင်တွေ့ဖူးတာက ဘိုထိုင်(ကွန်မုတ်ကို ဘိုထိုင်ဟုပဲ မြူနှင်း သိပါသည်)ရဲ့ ခေါင်းပေါ်မှာ ရေအိုး၊ အဲသည်က ကြိုးတန်းလန်းကျနေလျှင် အဲသည်ကြိုးကိုဆွဲချ၊ ရေတွေကျလာမည်။ ခုက ... ရေအိုးက ဘိုထိုင်နောက်မှာ ကြိုးလည်းမတွေ့၊ ရေချိုးခန်းကိုလည်း ပြန်မှမပိတ်ခဲ့ဘဲ၊ ဒီတိုင်းကြီး ဖွင့်ထွက်လာခဲ့တာ။

"ဘယ်ကဆွဲရမှာလဲ"

"ပြန်ဝင်သွား ... ကွန်မုတ်နောက်က တိုင်ခ်ဘေးမှာ ခလုတ်လေး၊ အဲဒါကို အောက်ဘက်ဆွဲ"

ဩဇာသံပါလား။ ဘယ်လောက်ချိုချို၊ ဩဇာသံတော့ ဩဇာသံပဲ။ မြူနှင်း ပြန်ဝင်၊ ဟိုဒီကြည့်၊ သူပြောသလို လုပ်၊ ပြန်ထွက်။

"ရေချိုးခန်းတံခါးကို ပြန်ပိတ်ခဲ့"

ခပ်ပြုံးပြုံးတော့ ပြောတာပါပဲ။ ဒါပေမဲ့ မြူနှင်းကို ခပ်စုတ်စုတ်ပြတ်ပြတ် တောသူမလို့ ထင်နေနှင့်ပုံပါ။

ထမင်းစားခန်း ဆိုတာကြီးကို ရောက်တော့မှ ... အမယ်လေး ... ဟုတ်ပါပြီ။ စောစောက မြူနှင်း ဗိုက်ဆာပြီးမူးလဲသွားတုန်းက သေသွားတာ ဖြစ်မှာ၊ အခုက နောက်ဘဝတစ်ခု ဖြစ်ရမယ်၊ ဟိုလူချောချောကြီးက နတ်သားဆိုတာ ထင်ပါရဲ့။ ဟုတ်ပါပြီ။ မြူနှင်း ... နတ်ပြည်ကိုရောက်တာပါ။ စား



ရမယ့် နတ်သုဒ္ဓါတွေက စားပွဲပေါ်မှာ မွှေးလို့ ကြိုင်လို့၊ များကလည်းများ၊ ဟင်းတွေကလည်း အစုံ၊ ဘယ်ကမလဲ၊ အသီးအနှံတွေလည်းပါသေး။

ဒါဟာ နတ်ပြည်ပဲ ဖြစ်မှာပါ။

❣ ○ ❣

"မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ရှစ်နှစ်"

"ပညာရော"

"ဒီနှစ် ဆယ်တန်းတက်ရမှာ"

"မိဘ"

"အဖေကသေသွားပြီ။ အမေက နောက်ယောကျ်ားနဲ့လိုက်ပြေးသွားတယ်၊ အဖေ မသေခင်ကတည်းက"

"အဖေသေတော့ ဘယ်သူနဲ့နေလဲ"

"အဘွားနဲ့"

"အမေ့အမေလား"

"အဖေ့အမေ"

"အဲဒီအဘွားရော"

"အိမ်မှာ"

"မင်းက ဘယ်လာတာလဲ"

"အဘွားနဲ့ နေလို့မရတော့ဘူး၊ အဘွားက ကျောင်းစရိတ်လည်း မတတ်နိုင်တော့ဘူးတဲ့။ အိမ်မှာ ဆန်အိုးထဲမှာချက်

www.burmeseclassic.com

www.burmeseclassic.com



ဖို့ဆန်လည်း မရှိဘူး၊ ဘာသွားစားမလဲ၊ ကျွန်မ ထွက်လာရင်တော့ အဘွားက ဆန်သွားဝယ်ချင်ဝယ်မှာ။ အဘွားက ကျွန်မကို အိမ်မှာမထားချင်တော့ဘူး။ စိတ်ပျက်ပြီး ဒီတိုင်း ထွက်လာတာ၊ ဘယ်သွားမလို့မှ မဟုတ်ဘူး။ မိုက်ဆာပြီး မူးလဲသွားတာ"

"ဒီနားမှာ အသိရှိလို့လား"

"မရှိဘူး၊ သွားရင်းနဲ့ ရောက်လာတာ၊ ဘယ်ရပ်ကွက်မှန်းတောင် မသိဘူး"

"မင်း သွားရင်းနဲ့ မိုးချုပ်သွားရင် ဘာလုပ်မလဲ"

"သိပ်အိပ်ချင်လာရင် ဒီလိုပဲ လမ်းပေါ်အိပ်ရမှာပေါ့"

"အဲဒါဆို ... မင်းမှာ အန္တရာယ်မျိုးစုံနဲ့ တွေ့နိုင်တယ်လို့ မစဉ်းစားမိဘူးလား၊ မင်း ဘဝပျက်သွားနိုင်တယ်လို့ မတွေးမိဘူးလား၊ ဒုက္ခအကြီးအကျယ် ရောက်သွားနိုင်တယ်"

"ဒုက္ခဆိုတာ တစ်သက်လုံး ရောက်ခဲ့တာပဲ၊ မထူးပါဘူး"

"ထူးတာပေါ့။ အရင်ကရောက်ခဲ့တဲ့ ဒုက္ခက သက်သာမယ်၊ မင်း ... လူဆိုးတွေနဲ့ တွေ့နိုင်တယ်"

"လူဆိုးနဲ့တွေ့တော့ရော ပိုက်ဆံလည်း တစ်ပြားမှမရှိ၊ နားကပ်တောင်မရှိတဲ့သူကို ဘယ်ဓားပြသူခိုးက ဘာရမှာလဲ"

"လူဆိုးဆိုတာ ဓားပြသူခိုးတစ်မျိုးတည်း ရှိတာမှမဟုတ်တာ၊ မင်းက မိန်းကလေး၊ ဖျက်ဆီးသွားမှာပေါ့၊ မင်းဘဝ ပျက်သွားမှာပေါ့။ အဲဒီဒုက္ခက အဘွားနဲ့နေရတဲ့ဒုက္ခထက် အများကြီး ပိုဆိုးမယ်ဆိုတာ မတွေးမိဘူးလား"



မတွေးမိတာ အမှန်ပါ။ အဲဒီလို တွေးခေါ်မြော်မြင်တတ်အောင် ဘယ်သူက သင်ပေးခဲ့လို့လဲ။ ဒါပေမဲ့ ... ခုလောလောဆယ်လေးမှာတော့ အသိဉာဏ်ကလေး လက်ခနဲဝင်ပြီး တွေးမိလိုက်ပါသည်။ ဒါဟာ ကိုးတန်းအောင်ထားလို့ ထင်ပါရဲ့။ ဟုတ်တာပေါ့။ အဘွားအိမ်မှာ ပြောပြောနေတာ၊ ညဘက်အဘွားက အိပ်ပြီး မြနှင်းက လမ်းပေါ်မှာ၊ ဟေလား ဝါးလား၊ မနက်ကျ မြနှင်းက မထနိုင်၊ အဘွားက ဆောင့်ကန်နိုး။

"ညက အရုပ်ပျက်အုပ်စုထဲမှာ ဘယ်လောက်ပျက်ခဲ့သလဲ၊ ညည်း အပျိုရော ဟုတ်သေးရဲ့လား" ... တဲ့။

"ဟုတ်လိုက်တာမှ၊ အဘွားသာ အပျိုမဟုတ်တာ"

အဘွားက အဖေ့ကိုတောင်မွေးပြီးမှ ဘယ်အပျိုဟုတ်တော့မလဲ။ မြနှင်း ... တေလေကြမ်းပိုးတွေနှင့် ပေါ်းလားဝါးလား နေပါသည်။ အဲဒီအုပ်စုထဲမှာ ခိုးပြေးသူတွေ ရှိပါသည်။ မြနှင်းကိုလည်း အတည်တကျလား၊ ခဏတွေ့ဖွတ်လားတော့မသိ၊ ရလျှင်ပြေးဖို့ စကားစ၊ လက်တည့်စမ်းချင်၊ ဟိုဆွဲဒီဆွဲလုပ်ဖို့ လက်ဆော့ပြင်ကြတာတွေ ရှိပါသည်။ မြနှင်း ပါးပိတ်ရိုက်ပစ်ခဲ့သည်။ သူတို့တွေကို မြနှင်း လုံးဝမကြိုက်၊ ဘယ်သူနှင့်မျှလဲ ရည်းစားမဖြစ်ခဲ့။ မြနှင်း ဝတ္ထုတစ်ပုဒ်ထဲမှာ တစ်ခါဖတ်ဖူးသည်။

"မိန်းမသားဆိုတာ အပျိုရည်ကို အသက်နှင့်လဲ၍ ကာကွယ်ရမည်" ... တဲ့။

အဲဒီစကားကို ကြိုက်လွန်းလို့ အလွတ်ကျက်ပြီး မှတ်သားခဲ့ထားခဲ့သည်။ ကိုယ့်ကိုယ်ကိုယ် ဘိန်းသိမ်းစောင့်ရှောက်

www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ ကိုယ်ကျင့်တရား ဖြူစင်စေခြင်း ဆိုတာတွေ နားလည်လွန်းလို့တော့ မဟုတ်ပါ။ မြနှင်း ဘယ်သူတွေနှင့်ပေါင်းပေါင်း၊ အိမ်အပေါ်မနေချင်လို့၊ အိမ်ထဲမှာ စိတ်ညစ်လို့ လမ်းပေါ် ဘယ်လောက်ဆင်းဆင်း၊ မြနှင်းမှ ရည်းစားမထားချင်တာ။ ယောကျ်ားမယူချင်တာ။ လောကကြီးကို စိတ်ကုန်လွန်းလို့ ကိုယ့်ကို လက်ခံသည့် အသိုင်းအဝိုင်းထဲမှာ ပျော်ရာပျော်ကြောင်း ရှာတာ၊ မြနှင်း မိန်းမပျက် ဖြစ်ချင်တာမှ မဟုတ်တာ။

အဘွားက အမေ့ကို "မိန်းမပျက်"ပြောလွန်းလို့ကို အဲဒီ"မိန်းမပျက်"အဖြစ်ကို တစ်သက်လုံး အရောက်မခံဖို့ ဆုံးဖြတ်ထားတာ။ ကျောင်းမှာ ကောင်လေးတွေ စာလိုက်ပေးသားပဲ။ ရည်းစားစကားလည်း လိုက်ပြောကြသားပဲ။ ဒီကောင်တွေ မြနှင်းကို အထင်မကြီး၊ အလကားရလျှင် အချောင်လိုချင်ကြတဲ့ထဲ ... ဆိုက်ကားသမားတွေလည်းပါသေး၊ အားလုံးကို ပါးရိုက်တန်ရိုက်၊ ဆောင့်ကန်တန်ကန်၊ ဆဲတန်ဆဲ၊ ကိုယ့်ကိုအထင်မကြီးဘဲ အချောင်လိုချင်ကြတာမှန်း သိလို့ကို ဆတ်ဆတ်ခါ နာခဲ့တာ၊ ဒါကို ... ကိုယ်ကျင့်တရား ထိန်းခဲ့တာပါ ... ဟု ဂုဏ်တစ်လုံးလုပ်ပြီး ပြောရမှန်းလဲ မသိခဲ့ပါ။ သူတို့စိတ်ဓာတ်ကို မကောင်းမှန်းသိနေမှတော့ မကောင်းတဲ့ထဲမှာ ဘယ်ရောပါချင်ပါ့မလဲ။

ခုမှ ... ကိုယ့်လုပ်ရပ်ဟာ အဘွားပြောသည့် အရပ်ပျက်မအဖြစ်သို့ ကျဆင်းလုနီးပါးဆိုတာကို တွေးမိရတော့သည်။

"ကျွန်မ ... မစဉ်းစားခဲ့ဘူး၊ ဒါပေမဲ့ ... ကျွန်မ ကာကွယ်မှာ"



"အင်း ... သတ္တိတော့ ကောင်းသား၊ ရှေ့ ... ဘာဆက်လုပ်ဖို့ စိတ်ကူးရှိလဲ။ ခဏ ... ခဏ ... မင်းရဲ့ကိုယ်ရေးကိုယ်တာ အားလုံးကို ပြောပြနိုင်မလား၊ အကျဉ်းချုပ်ပေါ့"

မြနှင်း ခေါင်းညိတ်သည်။ ပြောပြသည်။ "အဘွား ... ကျွန်မ ... အဖေ့သမီး မဟုတ်ဘူးတဲ့" ... ဆိုတာနှင့် အဆုံးသတ်လေ၏။

"မင်းမှာ ... အားကိုးစရာ လုံးလုံးမရှိဘူးပေါ့"

မြနှင်း ခေါင်းညိတ်၏။

"အမေ့ကို လိုက်ရှာမလားလို့"

"မင်းအမေ ဘယ်မှာရှိလဲ သိလို့လား"

"သိတော့ မသိဘူး"

"မင်း ပြောစကားအရ ပြောတာနော်၊ မင်းအမေနဲ့တွေ့ရင်ရော၊ မင်းဘဝက ကောင်းစားဖို့နဲ့ ပျက်စီးဖို့နဲ့ ဘယ်ဟာပိုများမယ်ထင်လဲ"

မြနှင်း မဖြေပါ။ အမေ့ကို လိုက်ရှာလည်း တွေ့ဖို့ ...ယ်ပါ။ တွေ့ပြီပဲထား၊ အမေနှင့်နေလို့ဖြစ်မည် မထင်ပါ။ ...ကြီး ပြောသလို၊ ကောင်းစားဖို့ မရှိ၊ ပျက်စီးဖို့ပဲ ရှိလိမ့်မည်။

"မင်း ဘာလုပ်ချင်လဲ"

"မပြောတတ်ဘူး"

"မင်းမှာ သတ္တိတော့ ရှိတယ်။ ဒါပေမဲ့ ... မင်းသတ္တိက နေရာတကျ သုံးစွဲခွင့်မရသေးဘူး၊ မင်း လုပ်ချင်တာရှိရင်ပြော၊ သွားရမယ့်နေရာရှိရင်ပြော၊ ဘာကိုမှ စဉ်းစားလို့မရသေးခင်၊ ဒီမှာ ခဏနေနိုင်တယ်၊ နေချင်စိတ်ရှိလား"

www.burmeseclassic.com

www.burmeseclassic.com



မြှုနှင်း ခေါင်းညိတ်၏။

"မင်းခေါင်းကို လွယ်လွယ်ကူကူ မညိတ်နဲ့၊ ငါက သူ
ဓယာကျား၊ ဒီအိမ်မှာ ငါတစ်ယောက်တည်းနေတာ၊ ချ
ပြုတ်လုပ်ကိုင်ပေးတဲ့ တပည့်တပန်းတော့ ရှိတယ်၊ ဒါပေ
ငါကအိမ်ရှင်၊ ယောက်ျားသူစိမ်းတစ်ယောက်ရဲ့ အိမ်မှာမ
နေလို့ဖြစ်မဖြစ် မစဉ်းစားသင့်ဘူးလား၊ ငါက မင်းကို
ကားမော်ကားလုပ်ရင် မင်း ဘယ်လိုကာကွယ်မလဲ"

"ကြုံသလိုပဲ ဖြစ်တဲ့နည်းနဲ့ကာကွယ်ပြီး၊ ထွက်ပြေးတ
လည်းပြေး၊ ဒီလိုပဲ အိမ်ကတောင်ထွက်လာခဲ့ပြီဘဲ၊ နော
ဆုံး ဘာမှလုပ်စရာမရှိတော့ရင် သီလရှင်ကျောင်းတ
ကျောင်းရောက်အောင်ပြေးပြီး သီလရှင်ဝတ်လိုက်ရုံပေ
ဒါ ... ခုတစ်ထိုင်တည်း တွေးမိတာ"

လူကြီး ... ရယ်လေ၏။

"မင်း ... မိန်းမကောင်းလေးပဲ"

"အစက မိန်းမပျက် ထင်ထားလို့လား"

"ခုမှ လမ်းပေါ်မှာ ကောက်တွေ့လာတဲ့ မိန်းမတစ်ယော
ကို ကယ်တင်စောင့်ရှောက်ဖို့ ဆုံးဖြတ်ချင်ရင် အဘက်ဘ
ကတော့ စဉ်းစားရမှာပေါ့ကွ"

"အခု ကယ်တင်ဖို့ ဆုံးဖြတ်လိုက်ပြီလား"

"မင်း လက်ခံရင်ပေါ့"

"ယာယီ လက်ခံတယ်"

"ယာယီလက်ခံရင် ... မင်း စကားပြောရိုင်းတာကပြ
ပြင်ရမယ်၊ ငါဟာ မင်းရဲ့အုပ်ထိန်းသူ ဖြစ်သွားပြီ။ ငါ



ရိုရိုသေသေ ဆက်ဆံ၊ လေးလေးစားစား ဆက်ဆံ၊ စကား
ကို ဘောက်ဆတ်ဆတ် မပြောနဲ့၊ ငါနဲ့စကားပြောတဲ့ဝါကျ
တိုင်းမှာ 'ပါ'ဆိုတာ ထည့်ပြော။ နားလည်လား"

"နားလည်ပါတယ်"

"မင်း တော်တယ်။ မင်းကို ကယ်တင်စောင့်ရှောက်ဖို့ ငါ
ယာယီဆုံးဖြတ်လိုက်ပြီ"

လူကြီး ... ပြုံး၍ပြော၏။ မြှုနှင်း ... ပြုံးကြည့်လိုက်
သည်။ မဆိုးပါဘူး၊ ပြုံးတတ်သေးသားပဲ။ အပြုံးကို မမေ့သေးပါ
ဘူး။

❣ ○ ❣

www.burmeseclassic.com

www.burmeseclassic.com



## ၆

အခြေအနေက တော်တော်လေး တိုးတက်အဆင့်အတန်းမြင့်မားသွား၏။ မွေးစားသမီးလောက်တော့လည်း အခွင့်အရေးမရ၊ အိမ်ဖော်အဖြစ်တော့လည်း မက,ပြန်။

"မင်းကို ကျောင်းထားပေးမယ်။ မင်း လိမ္မာရင်၊ ကြိုးစားရင်၊ ဆန္ဒရှိရင် ... ဘွဲ့တစ်ခုရတဲ့အထိပေါ့။ ဒီကြားထဲမှာတော့ စည်းနဲ့ကမ်းနဲ့ နေရမယ်။ သွားချင်ရာသွား၊ လာချင်ရာလာ မလုပ်ရဘူး၊ ဘာလုပ်လုပ် ငါ့ဆီ ခွင့်တောင်းရမယ်၊ ငါ့ခွင့်ပြုချက်မရရင် ဘာမှမလုပ်ရဘူး ...

"နေတာထိုင်တာ ကိုယ်လက်လှုပ်ရှားဟန်နဲ့ပြောတဲ့စကားတွေအားလုံး၊ ယဉ်ကျေးပြီး အဆင့်အတန်းမြင့်အောင်ကြိုးစားရမယ်။ အရေးကြီးတာက စိတ်ကလေးတစ်ခုပဲ။ ဒီစိတ်ကို ပေါက်လွှတ်ပဲစား လွှတ်ပေးလိုက်ရင် ကလေကချေ ဖြစ်သွားမှာပဲ ...

"ယဉ်ကျေးသိမ်မွေ့ပြီး အဆင့်အတန်းမြင့်မြင့်ကလေးထိန်းသိမ်းပေးလိုက်ရင် အဖိုးတန်လူသား ဖြစ်သွားမှာပဲ။



ကိုယ်ရည်ကိုယ်သွေးဆိုတာ လူတိုင်းမှာရှိတယ်။ ကိုယ်ပိုင်အရည်အချင်းလို့ ပြောရင်လည်းရတယ်၊ အဲဒါကို မြင့်မားအောင် ကြိုးစားဖို့က ...

"စိတ်အဓိကပဲ။ ပိုက်ဆံချမ်းသာတာနဲ့လည်း မဆိုင်ဘူး၊ ပညာတတ်တာ မတတ်တာ၊ ဘွဲ့ရတာ မရတာနဲ့လည်း မဆိုင်ဘူး။ များသောအားဖြင့်မှာတော့ ပညာတတ်ဘွဲ့ရတဲ့သူတွေဟာ စာတွေ ပေတွေ ဖတ်ရလေ့လာရတော့ အသိဉာဏ်ဝင်သွားကြတာ များတယ် ...

"မင်းကို ငါ ပုံသွင်းမယ်ဆိုရင် မင်းနည်းနည်းပါးပါးတော့ စိတ်ကျဉ်းကျပ်မယ်၊ နေနိုင်မလား"

"တစ်ခု မေးခွင့်ရှိလား"

"မေး"

"ကျွန်မကို ဘာဖြစ်လို့ ပုံသွင်းချင်တာလဲ၊ လမ်းပေါ်မှာတွေ့ရတဲ့ ဘယ်ကမှန်းမသိတဲ့ မိန်းမတစ်ယောက်ကို ဘာဖြစ်လို့ အိမ်မှာလက်ခံလိုက်တာလဲ၊ ကျွန်မကို ကယ်တင်စောင့်ရှောက်ဖို့တာဝန် ဦးဦးမှာ လုံးဝမရှိဘူး မဟုတ်လား"

ပထမဆုံးအကြိမ် "ဦးဦး"ဟု ခေါ်ဖြစ်လိုက်ပြီးမှ ဒီအသုံးအနှုန်းကို ကိုယ့်ဘာသာတော့ ကျေနပ်သွားရပြီး ဦးဦး ကြိုက်ပါ့မလား ... ဟု တွေးမိသည်။ ဦးဦးက ပြုံးလေ၏။ ဦးဦး ပြုံးလျှင် ရုပ်ချောချော ခန့်ခန့်ကြီးနှင့် ဝင်းစိုပြည်သော အသားဆောင်ကြီး တောက်လက်ဖြာလင်းထိန်သွားသလို ကြည့်လို့ကောင်းလေ၏။

"ဦးဦးက တော်တော်ချောတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဦးဦး ပြုံးပြန်သည်။

"ကျေးဇူးတင်တယ်။ ဒါပေမဲ့ ... နောက်ကို မပြောနဲ့"

"မကြိုက်လို့လား"

"ကိုယ့်ကို ချောတယ်ပြောတာ မကြိုက်တဲ့သူ ရှိမလား။ ဒါပေမဲ့ ... အခုပြောလိုက်တာ၊ မင်း ရင်ထဲမှာ ရုတ်တရက် ခံစားလိုက်မိတာကို လွတ်ခနဲ ပြောလိုက်တာ မဟုတ်လား"

"ဟုတ်"

"ရင်ထဲကို ချက်ချင်းရောက်၊ ပါးစပ်က လွတ်ခနဲထွက် ... ဆိုတာမျိုး ဆင်ခြင်ရမယ်။ အမှားပါတတ်တယ်။ ပြီးတော့ ... ဟုတ် ... လို့ တစ်ခွန်းတည်းပြောတာလည်း မယဉ်ကျေးဘူး၊ ဟုတ်ကဲ့လို့ ပြောရမယ်။ ဒီ့ထက်ပိုယဉ်ကျေးဖို့ဆိုရင် ဟုတ်ကဲ့ပါ ... လို့ ပြောရမယ်"

"ဟုတ်ကဲ့ပါ"

"မင်းဟာ ကျောက်ရိုင်းတစ်တုံးလိုပဲ။ သွေးတတ်ရင် အရည်အသွေးတွေ ပြောင်လက်လာမယ်လို့ ထင်တယ်။ မင်း ... စောစောကမေးတဲ့ မေးခွန်းတွေကို ဖြေမယ်။ မင်းကိုပုံသွင်းချင်တယ်ဆိုတာ၊ စောစောက ပြောသလို၊ မင်းကိုကျောက်ရိုင်းကျောက်ကောင်း တစ်တုံးလို့ထင်လို့၊ ကျောက်သွေးသမားတစ်ယောက်ရဲ့ ဆန္ဒမျိုးနဲ့ မင်းကို ပြောင်မြောက်ဖြစ်ထွန်းလာအောင် လုပ်ပေးမှာ ...

"ဘယ်ကလာမှန်းမသိတဲ့ မိန်းမတစ်ယောက်ကို အိမ်ပေါ် ဘာလို့လက်ခံလိုက်သလဲ ဆိုတော့ ... ကုသိုလ်လိုချင်



လို့လို့ပဲ အကြမ်းဖျင်းပြောရမယ်။ မင်းကို ခုလိုအိမ်မှာခေါ် မထားလိုက်ရင်၊ မင်း ကောင်းစားဖို့နဲ့ ပျက်စီးဖို့ ဘယ်ဟာ ပိုများမယ်ထင်လဲ"

"ပျက်စီးဖို့ ပိုများပါတယ်" ... ဟု မဖြေလိုက်ချင်။ ဖြေလျှင်လည်း ... အဲဒါဟာ အဖြေမှန်ပါပဲ။ မြူနှင်း မျက်လွှာချ၍ နေလိုက်၏။

"ကိုယ့်ကြောင့် လူတစ်ယောက် ကောင်းစားသွားမယ်ဆိုရင်၊ အဲဒီလိုကူညီဖို့ တတ်လည်းတတ်နိုင်တယ်ဆိုရင်၊ လူသားချင်းချင်း စာနာကူညီသင့်တယ်လို့ ထင်လို့။ ငါတို့ရဲ့ဗုဒ္ဓဘာသာတရားတော်နဲ့လည်း ကိုက်ညီတယ်။ လောကီနဲ့ လောကုတ္တရာ ထပ်တူညီ အကျိုးရှိတယ်။ ဒါကြောင့် ကုသိုလ်ရမယ်ထင်လို့ အိမ်မှာလက်ခံလိုက်တာ ...

"မင်းကို ကယ်တင်ဖို့တာဝန် ငါ့မှာ လုံးဝမရှိဘူး ဆိုတာ မှန်တယ်။ မှားလည်း မှားတယ်။ လုံးဝမရှိဘူးလို့ လက်လွှတ်စပယ်ပြောလို့ မရဘူးကွ။ မင်းဟာ လူတစ်ယောက်၊ လူသားတစ်ဦး ဒုက္ခရောက်တော့မှာကို နောက်ထပ် လူသားတစ်ဦးက လက်ပိုက်ကြည့်နေတာတော့လည်း မမှန်လှဘူး။ ဒါကြောင့် ... မင်းကို ကူညီကယ်တင်ကြည့်မယ်။ ရရင်လည်း အကျိုးရှိ၊ မရရင်လည်း မင်းလမ်းမင်း ပြန်လျှောက်ပေါ့ ...

"နောက်တစ်ခု ပြောရဦးမယ်။ မင်းလို ဆယ်ကျော်သက် ကောင်မလေးတစ်ယောက်ကို အိမ်မှာလက်ခံလိုက်တာ ငါ့ဘက်က။ နေမယ်လို့ ဆုံးဖြတ်လိုက်တာ မင်းဘက်

www.burmeseclassic.com

www.burmeseclassic.com



ကာ။ အဲဒီနှစ်ဖက်လုံးမှာ ကောင်းကျိုးရှိသလို၊ **အန္တရာ**[...]
လည်း လက်တစ်ကမ်းမှာ **ရှိနေတယ်** ...

"မင်းလည်း လူကောင်း၊ ငါလည်း လူကောင်း[...] ရင်၊ ကောင်းပြီပေါ့ကွာ။ ကောင်းကျိုးချည်းပေါ့။ ငါ[...] လူကောင်းမဟုတ်ဘူး ဆိုပါတော့။ မွေးစားတယ်ဆို[...] စကားက ဗန်းစကား ခေတ်စကားလို **ဖြစ်နေတော့** [...] နားလည်မှာပါ။ မွေးထားပြီးမှ တစ်နေ့ရိုက်သတ်**စား**[...] တာ။ နောင်တစ်နေ့မှာ စားဖို့အတွက်ကို မွေးတာ [...]

"ငါဟာ အဲဒီလို မွေးစားသမားကြီးဆိုရင် မင်[...] နည်းနည်း အန္တရာယ်မဟုတ်ဘူးနော်၊ အဲဒါကိုရော တွေ[...] ရဲ့လား"

"တွေးမိပါတယ်"

"အဲဒီတော့ ..."

"ပန်းခင်းလမ်းမှာ **လျှောက်ခဲ့ဖူးတဲ့လူတွေအဖို့မှာ** ဘ[...] တာ ချောမွေ့ညက်ညောလွန်းလို ညင်သာညက်ညော[...] စီးဆင်းသွားတဲ့ စမ်းချောင်းလေးထဲမှာ သက်သောင့်သက်[...] မျောပါသွားတဲ့ လှေကလေးကို **စီးရတာနဲ့** တူပါတယ်[...]

"ကျွန်မလို လူသားကတော့ မွေးကတည်းက [...] တောထဲ မှာထိုင်ငိုနေခဲ့ရတာ၊ နေကလည်း ခြစ်ခြစ်တော[...] ပူလို့၊ ဆူးချုံထဲက တိုးထွက်တော့လည်း၊ လျှောက်ရ[...] လမ်းက ခဲတွေ ဆူးတွေ၊ ကန်သင်းတွေနဲ့ ကြမ်းတ[...] အဲဒါကိုကျော်တော့ ရေစီးသန်တဲ့ချောင်းထဲ ဟိုကမ်းတ[...] ဒီကမ်းတိုက် ...



"လှေပဲကွဲမလား၊ မှောက်မလား၊ သေဘေးတထိတ်ထိတ်နဲ့ စီးရတဲ့လူလို၊ ဒီကွေ့ရောက်ရင် ဒီလိုလှော်မယ်၊ ဟိုကွေ့ရောက်ရင် ဟိုလိုလှော်မယ်ဆိုတာ ကျွမ်းကျင်နေပါပြီ။ အသက်အန္တရာယ်၊ အရှက်အန္တရာယ်ကိုး။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်လိမ့်မယ်လို့ ထင်ပါတယ် ...

"ကျွန်မနေရာမှာ ... တခြားမိန်းကလေးဆိုရင်တော့ မပြောတတ်ဘူး။ ကျွန်မက ကိုယ့်ကိုယ်ကိုယ် မပျက်စီးအောင်၊ ကလေးကချေ့အုတ်ကြားမြက်ပေါက်တွေကြားထဲမှာ ထိန်းသိမ်းခဲ့တာပါ။ ကျွန်မပျက်စီးပြီဆိုရင် မထိန်းသိမ်းတတ်လို့တော့ မဟုတ်ဘူး၊ ပျက်ကိုပျက်စီးချင်လို့ ပျက်စီးလိုက်တာပဲဖြစ်မယ်"

"တော်တယ်ကွာ၊ မင်းသတ္တိကို တော်တော်ကြိုက်သွားပြီ။ အဲဒီတော့ ... ငါ့ဘက်က ပြန်ကြည့်မယ်။ မင်းဟာ ဟန်ဆောင်ပရိယာယ်တွေနဲ့ ငါ့အိမ်ပေါ် ရောက်လာတယ်ဆိုရင်၊ မိန်းမသားပေမယ့်လည်း ငါ့လိုယောကျ်ားလူကြီးပိုင်းတစ်ယောက်ကို အန္တရာယ်ပေးနိုင်တာပဲ"

"ဦးဦးမှာ အန္တရာယ်ကို ကာကွယ်နိုင်တဲ့နည်းတွေ ရှိလို့ပေါ့။ ဦးဦး မကြောက်လို့ပေါ့"

"မင်း ကြားဖူးလား မသိဘူး၊ ပညာရှိကြီးတစ်ယောက်ကို ရုပ်ရှင်မင်းသမီးတစ်ယောက်က ဂုဏ်သိက္ခာကျဆင်းအောင် လုပ်မယ်လို့ ခြိမ်းခြောက်ဖူးတယ်ဆိုတာ"

"မကြားဖူးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ပညာရှိကြီးက ခဏနေဦး၊ မင်းညစ်တဲ့ငွေကို ပေးသင့်မပေးသင့် ငါ ခဏလေး စဉ်းစားမယ်ဆိုပြီး စီးကရက်ကို မီးညှိတယ်။ ပြီးတော့ လက်ကိုငြိမ်ငြိမ်လေးထားပြီး စဉ်းစားတယ်။ ခဏကြာတော့ စီးကရက်ကလည်း တစ်ဝက်လောက်ကျိုးသွားပြီး ... အဲဒီအချိန်မှာ ပညာရှိကြီးကပြောတယ် ...

"မင်း အော်ရင်အော်လိုက်တော့၊ မင်းတောင်းတဲ့ငွေကို ငါမပေးဘူးတဲ့။ မင်းသမီးက သူ့အဝတ်အစားတွေကို ဖရိုဖရဲဖြစ်အောင် အရင်လုပ်သေးတယ်။ ပြီးတော့ ... အော်တယ်။ လူတွေဝင်လာတော့ ဒီပညာရှိကြီးဟာ သူ့ပညာ၊ သူ့အသက်အရွယ်၊ သူ့ဂုဏ်သိက္ခာကိုမှ မထောက်ဘူး၊ ကျွန်မကို ဆွဲလားရမ်းလား လုပ်ပါတယ်လို့ ပြောတယ်"

"လူတွေက ယုံသွားကြလား ဦးဦး"

"ဟင့်အင်း ... အဲဒီမင်းသမီး ရှုံးသွားတယ်"

"ပညာရှိကြီးရဲ့သိက္ခာသမာဓိကို လေးစားလို့ပေါ့နော်"

"မဟုတ်ပါဘူး၊ ပညာရှိကြီးက သူ မီးညှိပြီး လက်ထဲမှာ ကိုင်ထားတဲ့ စီးကရက်ကို ပြတယ်။ ပြာတောင့်က အတောင့်လိုက်ပဲ၊ မကြွေသေးဘူး၊ လွန်ခဲ့တဲ့ ငါးမိနစ်ကျော်ကျော်အတွင်းမှာ ဒီပညာရှိကြီးဟာ လှုပ်တောင်မလှုပ်ခဲ့ဘူး၊ ဆွဲလားရမ်းလားလုပ်ဖို့ ဝေးရော ..."

"နည်းနည်းလေး လှုပ်လိုက်ရင်တောင် စီးကရက်ပြာတောင့်က ကြွေကျသွားမှာလေ။ ခုတော့ ... ပြာတောင့်



က အတောင့်လိုက်ပဲ၊ မကြွေသေးဘူးဆိုတော့ လှုပ်တောင်မလှုပ်ခဲ့တာ သက်သေလေ"

မြူနှင်း တခစ်ခစ် ရယ်မိလေ၏။ ရယ်ပြီးမှ သတိထားလိုက်မိသည်။ အရင်တုန်းက ရယ်သံဟာ ... တဟားဟားနှင့်။ ခုတော့ ... တခစ်ခစ်ဆိုပါလား၊ ကိုယ့်ကို ဘာကစတင်ပြောင်းလဲစေခဲ့ပြီလဲ။

"ဘာမဟုတ်တာလေးနဲ့လည်း ကိုယ့်ကိုယ်ကိုယ် ကာကွယ်လို့ရတယ်ဆိုတာကို ပြောပြတာ။ မင်းလောက် ကောင်မလေး ပေးလာမယ့် အန္တရာယ်ကို မကြောက်လို့ပေါ့။ ဒါ ... စိန်ခေါ်တာ မဟုတ်ဘူးနော်။ စိန်ခေါ်သလားဆိုပြီး ပညာပြိုင်ဖို့ မိုက်စိတ်ဝင်မလာနဲ့"

လှစ်ခနဲလေး ဝင်သွားမိတာတောင် ဦးဦးက သိတာပဲ ထင်ပါရဲ့။ ဦးဦးမှာ အရုက်တကွဲ အကျိုးနည်းဖြစ်ဖို့ မဟုတ်ပေမယ့် "စိန်"ခေါ်ပြီး လောင်းချင်စိတ်ကလေး၊ အတွေးထဲ လှစ်ခနဲ ဖြတ်ပြေးသွားခဲ့သေးတာ အမှန်ပါ။

"တစ်ခုပြောဦးမယ်။ မင်းဟာ မိန်းကလေးဖြစ်တဲ့အတွက် မိန်းမသားတို့ တတ်အပ်တဲ့ပညာတွေတော့ တတ်ရမယ်"

"ကျွန်မ ချက်ပြုတ်လျှော်ဖွပ် ကောင်းကောင်းတတ်ပါတယ်"

"တတ်ရင် ကောင်းတာပေါ့။ ဒါပေမဲ့ ... အမြဲချက်နေဖို့ မလိုဘူး၊ အမြဲချက်နေတဲ့ ခေါက်ကြိုင်ရှိတယ်။ မင်းကလိုအပ်ရင် မီးဖိုချောင်ကို ကြည့်ရှုရမယ်။ သန့်ရှင်းဖို့၊ မလစ်ဟင်းဖို့၊ ဒီလိုပြောလို့လည်း ခေါက်ကြိုင်ကို အလကားနေရင်း ကြိုစားသွားပေး၊ ကြိမ်းမောင်းနေဖို့ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကြည့် ...။ သိလိုက်ပြန်ပါပြီ။ လမ်းပေါ်က ကောက်ရလာသူအဖြစ်၊ ဒေါ်ကြိုင်က သူနှင့်တန်းတူတောင်မထားချင်၊ သူ့ထက် တစ်ဆင့်နိမ့်ပြီး ဆက်ဆံချင်နေတာ သိထားသည်ပင်။ ဒါကြောင့် ... မီးဖိုချောင်ဝင်စိမ်ခွင့် ရပြီလည်းဆိုရော ... သတိသာထားပေတော့ ဒေါ်ကြိုင် သေပေတော့ ... ဆိုသည့်အတွေးက လှစ်ခနဲ ဖြတ်ပြေးပြန်တာကိုလည်း ဦးဦးက သိလိုက်သေးတာပင်။

"အိမ်ကိုအလှပြင်ပေါ့။ ပန်းအိုးထိုး၊ ခန်းဆီးလဲ၊ ပရိဘောဂတွေနေရာရွှေ့၊ ဒါမျိုးတွေကြည့်လုပ်၊ ဒါဟာ မိန်းမသားတို့ တတ်အပ်တဲ့ ပညာထဲမှာ အောက်ခြေ၊ အခြေခံအစိတ်အပိုင်းလောက်ရှိတာ၊ ခြံထဲဆင်းပြီး ခြံကိုလှအောင်စီစဉ်ရမယ် ...

"မင်း ဝယ်ထည့်ချင်တဲ့ ပန်းပင်တွေ ဘာတွေရှိရင်လည်း ပိုက်ဆံတောင်း၊ ငါထုတ်ပေးမယ်၊ ဒါ ... မင်းကို အရည်အချင်း စမ်းသပ်တာ။ ပြီးတော့ ... ဆယ်တန်းကို နှစ်ချင်းပေါက်အောင်ရမယ်။ ဂုဏ်ထူးတွေ ဘာတွေယူပေးဖို့ စိတ်ကူးရှိသေးလား"

"ကျွန်မက အမြဲ မော်ဒရေးရှင်း(Moderation)နဲ့ချည်း အောင်လာခဲ့တာမျိုးပါ။ စာကညံ့ပါတယ်။ ပျင်းတာလား၊ ဖျင်းတာလည်းလည်း မသိပါဘူး၊ ကျွန်မ ဉာဏ်ကောင်းလား၊ မကောင်းလားလည်း သေချာမသိဘူး"

"မင်းပြောတဲ့ စကားအသွားအလာကို ကြည့်တော့ ဉာဏ်ကောင်းလိမ့်မယ်လို့ ငါ ထင်တယ်။ ဖျင်းတာမဟုတ်ဘဲ ပျင်းနေတာ ဖြစ်နိုင်တယ်"



"ဂုဏ်ထူးတော့ မရနိုင်ပါဘူး"

"အောင်တော့ အောင်မယ်ပေါ့"

"ကျွန်မ ကြိုးစားပါမယ်"

"မင်း မြို့ထဲကို ဈေးတို့ သွားတတ်လာတတ်ရှိလား"

"ရန်ကုန်မြို့ကြီး တစ်ခုလုံးကိုတောင် ခါးစောင်းတင်နိုင်ပါသေးတယ်။ ကျွန်မက ထင်သလိုနေခဲ့တာပါ။ သွားချင်ရာသွား၊ လာချင်ရာလာ၊ ကြောက်ရမယ့်သူမှ မရှိတာ"

"အကွပ်မရှိတဲ့ကြမ်း ... ပရမ်းပတာဆိုတာ ကြားဖူးလား"

"ကျွန်မပါ"

"အေး ... နားလည်ရင် ကောင်းတာပေါ့။ မင်း အဝတ်အစားနဲ့ အသုံးအဆောင်ဝယ်ဖို့ ပိုက်ဆံထုတ်ပေးမယ်။ မင်းရဲ့အဝတ်အစားတွေဟာ အိမ်နေရင်းဝတ်ဖို့ သင့်တင့်လျောက်ပတ်တာတွေ၊ အပြင်သွားရင် ဝတ်သင့်ဝတ်ထိုက်တာတွေ ...

"တောင်ကိုက်ကြီးဖမ်းနေဖို့ မလိုဘူး၊ ဒါပေမဲ့ ခေတ်ရှေ့ပြေးပြီး ပေါ်လော်နေတာတွေလည်း မကြိုက်ဘူး"

မြူနှင်းက ခိခနဲရယ်၏။

"ဦးဦးက တောင်ကိုက်ကြီးလို့ ပြောနေတယ်။ ခုခေတ်မှာ ကျေးလက်နဲ့မြို့ပြက တပြေးညီ ဖြစ်နေပြီ ဦးဦးရဲ့။ နာမည်တွေတောင် မိနီတို့ ဘုမတို့ ထင်မ်နေနဲ့၊ နွယ်ရီမိုးတဲ့၊ မြနှင်းအေးတဲ့၊ သင်းမြစန္ဒာတဲ့၊ ချိုမင်းလတ်တဲ့၊ အဲဒါ မိတ္တီလာခရိုင်၊ မလှိုင်ကနေ တစ်ဆင့်သွားရတဲ့ ရွာတွေက မိန်းကလေးတွေရဲ့ နာမည်တွေ"

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... သြော် ... အင်း၊ ဟုတ်မှာပေါ့၊ မင်း ဘတ်စ်ကားစီးပြီးသွား၊ အပြန်ကျလို့ အထုပ်အပိုးတွေနဲ့ဆိုတော့ တက္ကစီနဲ့ပြန်။ သွားတဲ့ လာတဲ့အခါမှာ မိန်းကလေးတစ်ယောက်ရဲ့ မျက်နှာပိုးသေမှုဟာ ဘယ်လိုပုံစံလဲ မင်းသိလား"

"သိပါတယ်"

"လေသံနည်းနည်းမာတယ်"

"ကျွန်မ ကြိုးစားပြီး ပြုပြင်နေပါတယ်၊ တစ်ခါတလေမှာ စိတ်က ဆတ်ခနဲ ဖြစ်ဖြစ်သွားလို့ပါ"

"မင်း ဒီမှာ နေချင်တာ သေချာတယ်နော်"

"သေချာပါတယ်"

"မနေချင်တော့တဲ့အချိန်မှာ ကိုယ့်သဘောနဲ့ကိုယ် ထွက်မသွားနဲ့၊ ပြောပြီးသွား၊ မင်းကို ဘယ်သူမှ ကြိုးချည်မထားဘူး၊ နားလည်တယ်မှုလား"

"ဟုတ်ကဲ့ ... တစ်ခုပြောပါရစေ ဦးဦး"

"ပြော"

"ကျွန်မလက်ထဲ ပိုက်ဆံတွေ ထည့်လွှတ်လိုက်တော့ ဒါတွေယူပြီး ကျွန်မ ပြန်မလာရင် ဦးဦး ပိုက်ဆံတွေဆုံးမသွားဘူးလား"

"ဟင်း ... ဟင်း ... မင်းမှာ ခေါင်းရှိတာပဲ၊ မင်း လူညံ့မှ မဟုတ်တာ။ ဒီပိုက်ဆံယူပြီး ပြန်မလာရင် လောလောဆယ် မင်း နေချင်သလိုနေ၊ သုံးချင်သလိုသုံး၊ ဘာတစ်ခုမှတော့ တိုးတက်မလာဘူး၊ ပိုက်ဆံလည်းကုန်ရော၊ လမ်း



ပေါ်လည်း ပြန်ရောက်ရော၊ စားစရာမရှိတာနဲ့ ခေါင်းမူးလဲကျပြီး သတိလစ်ရော ...

"အဲဒီအခါမှာ ငါလိုလူ နောက်တစ်ယောက် ဘယ်ထပ်တွေ့နိုင်တော့မှာလဲ။ ဒီပိုက်ဆံနဲ့ သုံးသင့်တာသုံးပြီး ပြန်လာရင်၊ မင်း ဒီအိမ်မှာ စည်းနဲ့ကမ်းနဲ့ အပိုးကျိုးကျိုးတော့ နေရမယ်၊ မင်း စိတ်ကျဉ်းကျပ်မယ်၊ ဒါပေမဲ့ ... မင်းဘဝ တိုးတက်လာမှာလေ၊ ဒီနှစ်ခုကို မင်း ကြိုက်တဲ့လမ်းရွေးပေါ့ ...

"ငါ့အဖို့က ... အခု မင်း ပြန်မလာရင် မင်းကိုပေးလိုက်တဲ့ပိုက်ဆံပဲ ဆုံးမယ်၊ အလှူတစ်ခုပဲ ဆိုပါတော့၊ မင်း ကောင်းကောင်းမွန်မွန်နေပြီး၊ စာကြိုးစားလို့ ဘွဲ့ရတဲ့ထိ ကျောင်းထားပေးရရင်၊ ခုပိုက်ဆံထက် ဆယ်စ၊ အဆတစ်ရာ ထပ်ကုန်မှာလေ။ ခုလောက်နဲ့ ပြီးသွားလည်း အကုန်သက်သာတယ်လို့ မှတ်လိုက်မယ် ...

"အဆတစ်ရာကုန်တော့လည်း လူသားတစ်ဦးရဲ့ဘဝကို မြှင့်တင်ပေးလိုက်ရတယ်လို့ ကြည်နူးမယ်၊ မင်း ... ဘယ်လမ်းကိုပဲရွေးရွေး ငါ့အဖို့ကတော့ ကောင်းတာချည်းပဲ"

"ကျွန်မ ပြန်လာမှာပါ"

မြူနှင်းရောက်လာသည့်အတွက် ဒေါ်ကြိုင်က အိမ်ကြီးပေါ်မှာ အိပ်ခွင့်ရသွားတော့သည်။

အစက ဒေါ်ကြိုင်နှင့်အတူ အခြားယောက်ျားအလုပ်သမားနှစ်ဦးတို့က ကားဂိုဒေါင်အပေါ်ထပ်မှ တစ်ယောက်ခန်းသုံး

www.burmeseclassic.com

www.burmeseclassic.com



ခန်းတွင် တစ်ယောက်တစ်ခန်း နေကြရသည်။ အဲဒီမှာ ရေချိုးခန်း အိမ်သာ သပ်သပ်ရှိသည်။ မနက်ကျလျှင် ဒေါ်ကြိုင်က မီးဖိုတံခါးသော့ဖွင့်၍ ဝင်လာ၊ ညကျ မီးဖိုသော့ခတ်၊ သော့ယူ၍ ခြံထဲ ဂိုဒေါင်အပေါ်ထပ်ပြန်အိပ်။ မီးဖိုဆောင်နှင့် အိမ်မကြီးတို့ ကူးသောတံခါးကို ဦးဦးက သော့ခတ်ထားသည်။ ဦးဦး နိုးလာမှ သော့ဖွင့်ပေးလျှင် ဒေါ်ကြိုင်က တစ်အိမ်လုံးတာဝန်ကို ယူပေတော့။

ဦးဦးက အိမ်ကြီး၏အပေါ်ထပ်မှာ တစ်ယောက်တည်းအိပ်၏။ ခုတော့ ... မြနှင်းကို နှစ်ထပ်တိုက်ကြီး၏အောက်ထပ် အခန်းကျယ်ကျယ် တစ်ခုမှာ ဒေါ်ကြိုင်နှင့်အတူ နေစေ၏။ မြနှင်းကြောင့် အိမ်ကြီးပေါ်တက်ကာ ခုတင်နှင့် မွေ့ရာနှင့်၊ အိမ်သာ ရေချိုးခန်းတွဲလျက်၊ မှန်တင်ခုံနှင့် ဗီရိုနှင့် ဖြစ်သွားရသည်မို့ ဒေါ်ကြိုင်ကလည်း ကျေနပ်၏။ မြနှင်းအဖို့မှာတော့ အဘွားရဲ့ အရွယ်လည်း မရောက်သေး၊ အမေသာသာအရွယ်မှာ အဘွားလို ညစ်စုတ်ထေးမနေဘဲ၊ သနပ်ခါလေး အဖွေးသား၊ သန့်သန့်ပြန့်ပြန့် ဒေါ်ကြိုင်လို အမျိုးသမီးကြီးနှင့် တစ်ခန်းတည်းအိပ်ရတာ၊ စိတ်ထဲ ဘယ်လိုမှ မနေပါ။ အဘွားနှင့်တူတူအိပ်ခဲ့ရသည့်ဘဝထက် အများကြီးသာသည်။

အိမ်ကြီးရှင် "ဦးရဲသွေးဆင့်"က မိမိတို့ထက် တစ်ဆင့်မြင့်နေရာပေးထားမှန်း သိသည်မို့ ဒေါ်ကြိုင်က "မမြနှင်း"ဟု ခေါ်၏။ "ရှင်"ဟုသုံးကာ သူ့ကိုယ်သူကျတော့ "အဒေါ်"ဟုထည့်ပြော၏။ မြနှင်းကတော့ အလွယ်တကူ "ဒေါ်ကြိုင်"ပဲ ခေါ်လိုက်တော့သည်။ ဦးဦးနာမည် ဦးရဲသွေးဆင့် ဆိုတာ ဒေါ်ကြိုင်ပြော



သိလိုက်ရတာမို့ ဒေါ်ကြိုင့်ကို ဦးဦး အကြောင်းတွေ မေးမြန်းရဦးမည်။

❣ ○ ❣

"ကိုသွေးက တစ်ဦးတည်းသောသား၊ အဒေါ်က ကိုသွေး မိဘတွေလက်ထက်ကတည်းက နေခဲ့တာ၊ ကိုသွေးကို ချီပိုးထိန်းကျောင်း မလုပ်ခဲ့ရပေမယ့်၊ တူတူနေလာတာတော့ နှစ်ပေါင်းနှစ်ဆယ်နီးပါးရှိပြီ"

"အဲဒီမိဘတွေရော"

"မရှိရှာကြတော့ဘူးကွယ် သူတို့က အရမ်းချမ်းသာတာ"

"သူဌေးဖြစ်ပြီး အစောကြီး သေရလား"

"အေး"

"ဖြိုင်တူကြီးလား"

"ဖြိုင်တူတော့ ဘယ်ဟုတ်ပါ့မလဲ။ တစ်ယောက်နဲ့ တစ်ယောက် ခြောက်နှစ်ကွာပါတယ်။ အမေက အရင်ဆုံးတယ်၊ နောက်ခြောက်နှစ်ကြာမှ အမေဆုံးတာ။ ခုဆို ကိုသွေးအမေဆုံးပြီးတာ လေးနှစ်ဆိုတော့ အဖေဆုံးတာ ဆယ်နှစ်ပေါ့"

"ဘာရောဂါတွေလဲ ... ဒေါ်ကြိုင် သိလားဟင်"

"မသိဘူး၊ ပြောတော့ ပြောသံကြားနေရတာပဲ၊ ပြန်မပြောတတ်ဘူး၊ အဖေတုန်းက နိုင်ငံခြားတောင် သွားကုတာ။ မရဘူး၊ ဟိုက လက်လျှော့လိုက်လို့ ပြန်ခေါ်လာပြီး၊ ဒီမှာ တစ်ပတ်လားကြာတယ် ဆုံးတာ".

www.burmeseclassic.com

www.burmeseclassic.com



"အမေကျတော့ရော နိုင်ငံခြား သွားကုသေးလား"

"ကုဖို့အချိန်မရဘူး၊ ရရင် ကုချင်ကုမှာ။ အမေက အဒေါ်တို့မျက်စိထဲတော့ အလတ်ကြီးပဲကွယ်။ မာမာချာချာကြီး။ စားတာသောက်တာ ဆင်ခြင်ပြီး ဆေးတွေတော့ သောက်နေတာတွေ့တာပဲ၊ အကောင်းကြီးပါ၊ တစ်နေ့သားပေါ့ ...

"မောတယ်ဆိုပြီး ခွေကျသွားတာ၊ ကိုသွေးလည်း ကောက်ပွေ့ပြီး ဆေးရုံပြေးတာပဲ။ ပြန်ကိုသတိမလည်တာ။ ဆေးရုံမှာ တစ်ညပဲခံတယ်။ ဆုံးရော"

"ဦးသွေး သနားပါတယ်နော်"

ဦးဦးဟု ခေါ်ခဲ့ရာမှ ဦးသွေးဟု ခေါ်မိသွားရလေ၏။

"ဒေါ်ကြိုင်က ကိုသွေးလို့ ခေါ်တယ်နော်"

"သူ့အမေကရော အဖေကပါ ကိုသွေးလို့ခေါ်တော့ အဒေါ်လည်း ကိုသွေးလိုက်ခေါ်တာ"

"ဦးရဲသွေးဆင့် ဆိုတဲ့ နာမည်က လှတယ်နော်"

"လူလည်းကြည့်ပါဦး၊ ဘယ်လောက်လှလဲ။ ခန့်ချောကြီး၊ အသားများ ဝင်းဖန့်ထားလိုက်တာ၊ မျက်ခုံးကလည်း မည်းတန်းစိမ်းစိုလို့၊ နှာတံကပေါ်ပေါ်၊ မျက်လုံးကလှလှနဲ့ ချောကလည်းချော၊ ပညာကလည်းတတ်၊ ချမ်းကလည်း ချမ်းသာ၊ မိန်းမတွေများဆို ...

"ဝိုင်းဝိုင်းကို လည်နေတာ၊ သမီးရှင်တွေကလည်း သဘောကျ၊ အိမ်ပေါ်မှာဆို ... ဆင်းလိုက်ကြ တက်လိုက်ကြ၊ မျက်စိလဲ နောက်ပါရဲ့၊ အဒေါ်တို့ နောက်ဖေးလုပ်သားတွေမှာလည်း ကျွေးလိုက်ရ မွေးလိုက်ရ၊ ချက်လိုက်ကြ၊



ပြုတ်လိုက်ကြ၊ အဲဒီတုန်းက အဒေါ်နဲ့တူတူ ကောင်မလေးနှစ်ယောက်တောင် ထားရတာ ...

"အိမ်သိမ်း၊ သန့်ရှင်းရေးနဲ့ လျှော်ဖွပ်ကတစ်ယောက်၊ အဒေါ်က ချက်ပြုတ်ပြီး အားရင် မီးပူဝင်တိုက်တယ်။ ခြံထဲ သစ်ပင်ရေလောင်းဖို့ကတစ်ယောက်။ ခြံစောင့်မာလီက တစ်ယောက်"

"ဟင် ... သစ်ပင်ရေလောင်းတဲ့ ကောင်မလေးက မာလီပဲ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ အစ်မရှိတုန်းကဆို ပန်းပင်တွေ တအားများတာ၊ သစ်ခွတွေ ပိန်းတွေ၊ အဖိုးတန် အပင်မျိုးကိုစုံရောပဲ၊ အမြဲပွင့်နေတာ အဒေါ်မခေါ်တတ်ဘူး၊ ရေလောင်းတဲ့ကောင်မလေးဟာ ရေလောင်းရင်၊ မနက်တစ်ကြိမ် သုံးနာရီ၊ ညနေတစ်ကြိမ် သုံးနာရီကြာအောင် လောင်းရတာ ...

"ရေလောင်းတာနဲ့တင် တစ်နေ့ခြောက်နာရီကုန်ရော။ ကျန်တဲ့အချိန်ကတော့ ခြံထဲတံမြက်စည်းလှည်း၊ အမှိုက်ကောက်ပေါ့။ ခြံစောင့်မာလီက ညှိသည်လာရင် တံခါးဖွင့်၊ ပိတ်၊ သူက သစ်ပင်အကြောင်း နားလည်တယ်။ အပင်တွေ ပြုစု ...

"ဆေးလောင်း၊ အပင်တွေလည်း ခွဲရတယ်တဲ့၊ များလာအောင်လေ၊ ပန်းတွေ ပန်းတွေဆိုတာ ဘာပြောကောင်းမလဲ၊ တအားပွင့်ကြတာ၊ ခုလို မဟုတ်ဘူး။ အပင်တွေကလည်း ကလေးလိုပဲတော့ ... နေ့တိုင်းကြည့်၊ နေ့တိုင်းပြုစုရတယ်၊ အဲဒါတွေ လုပ်နေရတဲ့ မာလီပဲ ...

www.burmeseclassic.com

www.burmeseclassic.com



"မအားရပါဘူး တစ်နေ့ တစ်နေ့။ ခြံနောက်ဘက်ကျတော့လဲ ရာသီပင်တွေ စိုက်သေးတာ။ မုန်ညင်း မုန်လာတို့ ပန်းဂေါ်ဖီတို့ နို့ကိုဥတို့၊ ခု ... ဈေးထဲမှာ နို့ကိုဥတောင် သိပ်မတွေ့တော့ဘူး၊ မစိုက်ကြတော့ဘူးထင်တယ် ...

"ကိုသွေးအမေကလေ ... အိမ်ကို ဧည့်သည်လာရင်၊ နောက်ဘက်က ဟင်းသီးဟင်းရွက်တွေ ခူးဆွတ်ပြီး လက်ဆောင်ပေးရတာ တအားဝါသနာပါတယ်။ ဘူးစင်ကြီးများလည်း ဟိန်းနေတာ။ ရေတ်သီးကိုပဲ အမျိုးနှစ်ဆယ်ရှိတယ်"

"ဟောတော့ ... တကယ်"

"အင်းပေါ့၊ အပု၊ အရှည်၊ အလုံး၊ အဖြူရောင်၊ အမည်းရောင်၊ ခရမ်းရောင်၊ အကိုင်းကျိုးကျအောင်သီးတဲ့ နိုင်ငံခြားမျိုးကလည်း ရှိသေး"

"ခုမရှိတော့ဘူးနော်"

"အစ်မ မရှိကတည်းက ကိုသွေးလည်း စိတ်ဓာတ်ကျသွားတယ် ထင်တယ်။ အစ်မရှိတုန်းက အဖေမရှိတော့ပေမယ့် အဖေ့စီးပွားရေးကို၊ ကိုသွေး လုပ်သေးတယ်။ အစ်မလည်း ဆုံးရော၊ ကိုသွေးက အောင်မြင်နေတဲ့ စီးပွားရေးကြီးကို... ရောင်းပစ်တယ် ဆိုလား"

"ဟင် ... ဘာဖြစ်လို့လဲ"

"မသိဘူး၊ အဲဒါတွေရောင်းပြီး၊ အိမ်တွေ ခြံတွေ ထပ်ဝယ်တယ်တဲ့။ နိုင်ငံခြားသား ငှားစားတယ်၊ ဒါပဲ ... ထိုင်စား



နေလိုက်တော့တယ်၊ ကိုသွေးက တခြားအလုပ် မလုပ်တော့ဘူး"

"ဦးသွေးက ငယ်ငယ်လေး ရှိသေးတာ"

"သုံးဆယ့်ခြောက်အေ့၊ အစ်မဆုံးတော့ သုံးဆယ့်နှစ်နှစ်ရှိသေးတာ"

"ကျွန်မက ဆယ့်ရှစ်ဆိုတော့ ဦးသွေးက ကျွန်မအသက်နှစ်ဆပေါ့နော်"

"အေး ... ကိုသွေးသာ ဆယ့်ခုနစ်နှစ်သားက အိမ်ထောင်ကျရင် ရှင့်အရွယ် သမီးရှိပြီ"

သားအဖေလောက်တော့လည်း မကွာပါဘူး ... ဟု ကျိတ်တွေးမိပါသည်။ ခုနေ ... ဦးသွေးနှင့် မြူနှင်းတို့ကို သူများတွေ တွေ့ကြည့်ပါလား။ မောင်နှမဟုပဲ ထင်မှာ။ တူဝရီးတောင်ဆင်နိုင်စရာ မရှိပါ။ ဦးသွေးက ချောရုံတင်တယ်က,ပါ့မလဲ။ ကာလည်းနု၊ အရွယ်ကလည်းတင်၊ အပူအပင်ကင်းသူမို့ ဒီလောက်နုတ်ချောမွေ့နေတာလား၊ စိတ်ကောင်းရှိလို့ ကျက်သရေနှင့်ဝင်းပနေတာလား မသိပါ။

"ဦးသွေးက အမြဲတမ်း ... ရေချိုးပြီးစလို လတ်ဆတ်ကြည်လင်နေတယ်နော်၊ မြင်လိုက်တာနဲ့ တကယ့်အဆင့်အတန်းမြင့် သူဌေးပုံကို ထွက်နေတာပဲ။ ဦးသွေး ပုံစံကိုမြင်ပြီး သောလူအလိုလိုရှိန်တယ်၊ ကျွန်မတောင် အပြောအဆိုရော အနေအထိုင်ပါ တော်တော်ဆင်ခြင်တတ်လာပြီ"

"ခုတော့အေ ... အပင်တွေလည်း နည်းသွားပြီဆိုတော့ ခြံထဲမှာ နှစ်ယောက်ပဲထားတော့တယ်။ ခြံလည်းတူတူလုပ်၊

www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းဖို့လိုရင်လည်း အားတဲ့သူမောင်း၊ ခြံစော
တံခါးဖွင့်၊ ရေလောင်း တံမြက်လှည်းပေါ့၊ အဲဒီကော
လေးနှစ်ယောက်က ကျုပ်တူအရင်းနဲ့ တစ်ဝမ်းကွဲ။ သူ
ချင်းကျတော့ တစ်ဝမ်းကွဲတွေပေါ့"

ဒေါ်ကြိုင်က ဦးသွေး(သုံးဆယ့်ခြောက်နှစ်)ကို
တော့ ကိုသွေးဟုခေါ်၏။ ခြံထဲက လူနှစ်ယောက်ကိုကျတော
ကောင်လေးတွေတဲ့။ အဲဒီလူတွေက လေးဆယ်ကျော်တွေ။ သ
တူတွေမို့ ထင်ပါရဲ့။

"ဒေါ်ကြိုင်က အသက်ဘယ်လောက်ရှိပြီလဲ"

"ကျုပ်က ငါးဆယ့်ငါး ... အစ်မ ခုနေရှိရင် ခြောက်ဆ
လေးပဲ၊ ကျုပ်ထက် ကိုးနှစ်ကြီးတယ်၊ ဆုံးတုန်းကခြော
ဆယ်။ ရှင် ရောက်လာတာလည်း ကောင်းတယ်အေ
မိန်းမချင်း တိုးတိုးဖော်လည်းရ၊ ကျုပ်လည်း တိုက်ကြ
ပေါ်တက်အိပ်ရတာပေါ့"

"အစကတည်းက ဒေါ်ကြိုင် တစ်ယောက်တော့ အိမ်ပေ
မှာထားရင် ပြီးရော"

"နေချင်ပါဘူး၊ ကိုသွေးကလည်း မထားချင်ဘူး၊ ကျုပ်
လည်း မနေချင်ဘူး၊ အစ်မဆုံးပြီး အိမ်ပေါ်မှာလုပ်
ကောင်မလေးတွေအေ ... မပြောချင်ပါဘူး၊ ခြောက်
ကြောက်လို့ဆိုပြီး ရှာပြန်ကြတယ်၊ အစတုန်းကတော
အဲဒီနှစ်ယောက်နဲ့ ကျုပ်နဲ့ ဒီအိမ်ကြီးပေါ်မှာ ...

"အစ်မရှိတုန်းကပေါ့။ အစ်မကဆုံး၊ ကောင်မလေ
တွေလည်းမရှိတော့၊ ကိုသွေးကလည်း လူထပ်မခေါ်



ဘူးတဲ့၊ ဒေါ်ကြိုင် ချက်နိုင်လားဆိုတော့လည်း ကျုပ်က ခေါင်းညိတ်လိုက်တယ်ပေါ့၊ ချက်နိုင်ပါတယ်အေ။ ဒါပေမဲ့ ကိုသွေးက ဒေါ်ကြိုင် စိတ်တော့မရှိပါနဲ့တဲ့ ...

"ကျွန်တော် တစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေချင်လို့ ဒေါ်ကြိုင် ကားဂိုဒေါင်ပေါ်က အခန်းတစ်ခန်း ကို ယူပြီးပြောင်းပါတဲ့။ ကျုပ်ကလည်း အစ်မမရှိတော့ မနေချင်ပါဘူး"

တကယ်ဆို ... ဒီအရွယ်နှင့် ဒီအရွယ်ဟာ သားအမိ အရွယ်မို့ မတင့်တယ်စရာမရှိပါ။ သို့ပေမဲ့ ... ဦးသွေးက ရှင်းရှင်းလင်းလင်း နေချင်ပုံရပါ၏။

"ဦးသွေးက စီးပွားမရှာတော့ဘူးဆိုတော့ ဘာလုပ်နေလဲ တစ်နေ့ တစ်နေ့"

"စာဖတ်တယ်၊ ခြံထဲလည်း ခဏတဖြုတ်ဆင်းတယ်၊ လူမှုရေးလုပ်တယ်အေ ... ဇီဝိတဒါနသံဃဆေးရုံတို့၊ ဘိုးဘွားရိပ်သာတို့ ... နောက် ရှိသေးတယ် ဘာတွေဆိုလဲ ... အဲဒါတွေမှာ ပိုက်ဆံမယူဘဲ ဆေးခန်း သွားထိုင်ပေးတယ်"

"ဟင် ... ဦးသွေးက ဆရာဝန်လား"

"အေးလေ ... ဆရာဝန်ဖြစ်ပြီး၊ နယ်မှာတာဝန်ကျတယ်။ သုံးနှစ်လုပ်ပြီးတော့ အဖေမမာတာနဲ့ အလုပ်ကထွက်လာရတယ်၊ နိုင်ငံခြားဆေးကုသွားတော့လည်း လိုက်ရသေး။ အစ်ကိုကြီးဆုံးတော့ စီးပွားရေးအလုပ်တွေ၊ ကုမ္ပဏီတွေ ဘာတွေဆိုလား ကျုပ် သိပ်နားမလည်ဘူး ...

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေ ကိုသွေးပဲ ဦးစီးရတာပေါ့။ ဒါ[...] စနေ တနင်္ဂနွေဆို ကုသိုလ်ဖြစ်ဆေးခန်းတွေမှာ ဓမ္မာ[...] ဆေးသွားကုပေးသေးတယ်၊ ဆေးလည်း အလကားကု[...] ဆေးဖိုးမရှိတဲ့ လူတွေဆိုရင် သူက ဆေးပါပေးသေးတ[...] အရမ်းစိတ်ကောင်းရှိတာ ...

"အစ်မလည်းဆုံးရော အဲဒီကုမ္ပဏီတွေ ရောင်းတ[...] တဲ့။ အိမ်နဲ့ခြံသုံးလုံးလား မသိဘူး ဝယ်တယ်၊ အဲဒါ[...] ငှားခနဲ့ပဲ ထိုင်စားတော့တယ်၊ သူ့မှာ ငိုစားရယ်စား[...] သူမှ မရှိတာ၊ စီးပွားရှာမနေတော့ဘူး။ ကုသိုလ်ဖြစ်[...] ခန်းတွေဆီ နေ့တိုင်းလို သွားထိုင်ပေးနိုင်တာပေါ့"

"ဘာဖြစ်လို့ မိန်းမ မယူတာလဲ၊ ဒေါ်ကြိုင် သိလား"

"သိတာပေါ့ ... သူ့ရည်းစားက ဒီမှာ ဆရာဝန်မလုပ်[...] နိုင်ငံခြား ထွက်သွားတာ၊ အဲဒီမှာ ကွဲတော့၊ နောက်[...] ကြိုက်တဲ့သူ မတွေ့တော့တာလား၊ သူ့ရည်းစားပြန်[...] မလားလို့ စောင့်တုန်းလားတော့ ကျုပ်လည်းမသိဘူး"

"လိုက်သွားလိုက် ပြီးရော ... ဒီမှာ မိဘလည်းမရှိ[...] ဘူး၊ ဘယ်သူကျန်တာမှတ်လို့"

"ကျုပ်လည်း အဲဒီလို ပြောဖူးတယ်၊ မသွားချင်ဘူး[...] ကိုယ့်တိုင်းပြည်ပဲ ကောင်းတယ်တဲ့"

"ဦးသွေးက ကြည်ညိုစရာကြီးနော်"

"အေးပေါ့ ... ကျုပ်ဆို ... သူကလေး သားကလေး[...] လည်း ချစ်ပါရဲ့။ လေးစားကြည်ညိုပြီး ကြောက်လ[...] ကြောက်ပါရဲ့။ တကယ် ... သူက ဘာတစ်ခုမှ အမှာ[...]



တော့လေ၊ ကိုယ်က မှားသွားမှာကြောက်တာ၊ စိတ်ကောင်းကတော့ ရှိသလားမမေးနဲ့၊ သူ့စေတနာ သဒ္ဒါတရားတို့ ...

"ကိုယ်ကျင့်သီလတို့ကလည်း ဘုန်းကြီးနီးပါးကို ဖြူစင်တာ။ ရှင့်ကို ကျောင်းထားပေးတာပဲကြည့်တော့။ သူ ... အိမ်ပေါ်ခေါ်မတင်ပေမယ့် ကျောင်းစရိတ်ထောက်ထားတာ သုံးယောက်ရှိသေးတယ်။ တစ်ယောက်က ဆရာဝန် ဖြစ်တော့မယ်"

"ဟုတ်လား"

"ကျန်တဲ့နှစ်ယောက်က တက္ကသိုလ်ရောက်နေပြီ၊ ဆင်းရဲပြီး ပညာသင်စရိတ်မရှိရင် သူက ကူညီတယ်။ အဲဒီသုံးယောက်က မိသားစုရှိတယ်။ သူ့အိမ်သူနေတော့ အဝေးက ထောက်တာပေါ့၊ ရှင်ကတော့ နေစရာပါ မရှိတော့ အိမ်ပေါ်တင်ထားလိုက်တာဖြစ်မှာ"

"ဦးသွေး ထောက်ပံ့ထားတဲ့သူတွေက ယောကျ်ားလေးတွေလား၊ မိန်းကလေးတွေလား"

"ယောကျ်ားလေးတွေ ... ရှင်တစ်ယောက်ပဲ မိန်းကလေးပါသေးတယ်"

မြူနှင်း ... အဲသည်အိမ်မှာ ပျော်ပါသည်။ ပြီးတော့... စိတ်လည်း ကျဉ်းကျပ်ပါသည်။ ပျော်သည်ဆိုတာက တာဝန်တစ်ခုအနေနှင့် လုပ်ကိုင်ပေးရတာမရှိ၊ ဒေါ်ကြိုင်နှင့်စကားပြော၊ ကောင်းကောင်းဝတ်၊ ကောင်းကောင်းစား၊ သူဌေးသမီးတစ်ယောက်နှယ်။ တစ်သက်မှာ တစ်ခါမျှ မနေဖူးသော ဘဝမျိုး။

သို့ပေမဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုထဲဝင်၍ တာဝန်ယူ မချက်ပြုတ်ရပေမယ့် ဟင်းစပ်စီစဉ်ရသည်၊ အိမ်ကို အလှပြင်ရသည်၊ အိမ်သန့်ရှင်းရေးကို ဒေါ်ကြိုင့်မခိုင်းတော့။ ခြံထဲမှ ပန်းတချို့ ခူးတန်ရူး၊ ခြံထဲမှာပန်းအဆင်မပြေလျှင် ဒေါ်ကြိုင့်ကို ဈေးမှာ၍ ပန်းဝယ်ပြီး တစ်အိမ်လုံးမှာ ထိုးရသည့် ပန်းအိုးကချည်း ငါးလုံး။ ဘုရားခန်းကိစ္စ ... ဘုရားပန်းမညှိုးမီလဲရန်၊ မလဲသေးသော်လည်း ညောင်ရေအိုး နေ့တိုင်းဆေးရန်၊ သောက်တော်ရေ၊ ဆွမ်း စသည်တို့ကပ်ဖို့ မြူနှင်း တာဝန်။

စာမှန်မှန်ကျက်၊ စာကျက်ဆရာမ,လာလျှင် စာပြန်၊ အကြောင်းထူးမရှိဘဲ ဘယ်မှုမသွားရ၊ သူငယ်ချင်းတွေ ရလာသည်မို့ ဖုန်းပြောလျှင် တစ်ခါပြော ဆယ်မိနစ်၊ ယောကျ်ားလေးသူငယ်ချင်းနှင့် ဖုန်းမပြောရ။ စကားအကျယ်ကြီး အော်မပြောရ၊ အဝတ်အစားကို ဟိုပေါ်ဒီဖော်မဝတ်ရ။ အလကားနေရင်း ပြေးလွှားလမ်းလျှောက်တာမျိုး မလုပ်ရ၊ တကယ့်ကို ဗိုင်းကောင်းကျောက်ဖိမိန်းကလေးအဖြစ် နေရ၏။ ဘယ်တုန်းကမျှ ဘာကျောက်နှင့်မျှ ဖိခြင်းမခံခဲ့ရဖူးသော မြူနှင်းဆိုသည့် "ဗိုင်း"တွေဟာ မပိပြားချင်ဘဲ ပိပြားနေရသည်မို့ ကျောက်တုံးဖိရာမှ နည်းနည်းလွတ်သည်နှင့် အစထောင်ချင်၏။ အဲသည်လိုများဖြစ်လျှင် သူ့ချောချောခန့်ခန့် ကျက်သရေရှိလှသော မျက်နှာကြီး ရှုပုပ်ညိုမည်းကာ ဆူပူမာန်မဲလိုက်တာ တစ်နာရီနှင့်လည်းမပြီး၊ နှစ်နာရီနှင့်လည်းမပြီး။ နားတွေငြီးပြီး၊ တစ်ခါ ... ငိုက်ခနဲကျသွားမိပါသည်။ ထမင်းစားခန်းနံရံမှာ လက်နှစ်ဖက်မြှောက်၍ မတ်တတ်ရပ်နေရတာကတစ်ကြိမ်၊ နားရွက်ဆွဲ ထိုင်ထအကြိမ်တစ်ရာလုပ်ဆို၍ လုပ်ရင်းက ဒူးခွေညွတ်ကျခဲ့ရတာကတစ်ကြိမ်။



မြူနှင်း ... စိတ်ညစ် စိတ်ပျက် စိတ်ကုန်မိတာ အကြိမ်ကြိမ်ပါ။

"ကျောပူတာပဲ ခံတော့မယ်၊ နားပူတာ မခံနိုင်တော့ဘူး"

ကျိတ်ဆုံးဖြတ်ကာ အဘွားအိမ် ပြန်သွားဖို့တောင် မကြာခဏ တွေးမိသေးသည်။ သို့ပေမယ့် ... ဟိုမှာက အဘွားအလစ်မှာသာ ဟေးလားဝါးလား၊ အဘွားကို မကြောက်လို့သာနေချင်သလိုနေတာ၊ အဘွားရဲ့ဗျစ်တောက်ပူညံကို နားမပူအောင် သည်းခံနိုင်တာမှ မဟုတ်ဘဲ။ ပြီးတော့ ... အဘွားက သူ့မြေး မဟုတ်ဘူးဆိုပြီး မသထား၊ ဒီမှာက စားချင်တာစား၊ ကြိုက်သလိုစား၊ ဟိုက မသထားရေစာက အညံ့စားတွေ။ ဘယ်တုန်းကမျှ မဝတ်ခဲ့ဖူးသော အဖိုးတန်အဝတ်အစားတွေ၊ ဒီစည်းစိမ်တွေကို စွန့်ပြီး ရွံ့ဗွက်ထဲ ခုန်ဆင်းဖို့နှင့် စိတ်၏ကျဉ်းကျပ်မှု မပျော်ရွှင်ခြင်းတို့ကို ယှဉ်တော့ ....။

လူ့ပီသစွာ၊ စည်းစိမ်ကို ပို၍မက်ခြင်းဖြင့် ဤအိမ်မှာ မပျော်ချင်လည်း ပျော်ရပါတော့မည်။ အကွပ်မဲ့စွာသော ပရမ်းပတာ ကြမ်းပြင်တွေမှာ ဘောင်ခတ်ထိန်းကွပ်ခြင်း ခံရတော့ ကျဉ်းကျပ်လိုက်သည့် ဖြစ်ခြင်းလေ။

ဦးသွေးအိမ်သို့ ဆွေရယ်မျိုးရယ်လို့ လာပြုလည်တယ် ရယ်လို့လည်း မတွေ့ရပါ။ မိတ်ဆွေအပေါင်းအသင်းတွေလည်း ရောက်မလာကြပါ။ ဦးသွေးဟာ တော်တော်တော့ စိတ်ဝေးစရာ ကောင်းသည့် အထီးကျန်လူသားတစ်ဦး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ... အပြင်ထွက်သည့်အခါ ထွက်သည်။ အိမ်မှာနေလျှင်၊ နိုင်ငံခြားသတင်းတွေ တီဗီရှေ့ထိုင်ကြည့်၊ ဘောလုံးပွဲကြည့်၊ ရုပ်ရှင်ကြည့်သည့်အခါလည်းကြည့်၊ စာဖတ်ချိန်ကိုတော့ တခြားဟာတွေထက် ပိုပေးသည်။ ညနေတိုင်း ခြံကိုပတ်၍ လမ်းလျှောက်တတ်သည်။ သူ့အချိန်နှင့်သူတော့ အကွက်စေ့ ထောင့်စေ့လို့ပင်။ ဦးဆွေးကို ဟေးလားဝါးလားနှင့် ပျော်ရွှင်ရယ်မောနေတာမျိုး မတွေ့ရသလို၊ စိတ်ညစ်စိတ်ရှုပ်နေပုံလည်း မရပါ။ တော်တော်တည်ငြိမ်နိုင်ပါပေသည့် လူထူးဆန်းကြီးတစ်ဦး ... ဟု မြနှင်းသတ်မှတ်ပါသည်။

"ဦးဆွေးက ဘုန်းကြီးတစ်ပိုင်း ဖြစ်နေလား မသိဘူး"

မြနှင်းက နှုတ်ခမ်းစူ၍ ပြောတော့ ဒေါ်ကြိုင်က ရယ်၏။

"ခယ်ငယ်ကတည်းကပဲ ဒီလိုပဲ နေတယ်၊ ဆရာဝန်မဖြစ်ခင်၊ သူငယ်ချင်းတွေ ဒီမှာ စာလာစုကျက်ကြတဲ့အခါတုန်းကတော့ တစ်ခါတလေ ရယ်ရယ်မောမော ရှိပါတယ်။ လူငယ်တွေ ဆိုတာကလည်း စိတ်ညစ်လည်းရယ်၊ ပျော်လည်းရယ်၊ စာမရလည်းရယ် မဟုတ်လား။ ကိုဆွေးက ပင်ကိုအေး"

"ဆွေမျိုးတွေလည်း မလာကြဘူးနော်၊ ဆွေမျိုးမရှိဘူးလား"

"သူ့ဆွေမျိုးဆိုတော့လေ၊ နိုင်ငံခြားသွားကြတာများတယ်၊ ဒီမှာမကျန်သလောက်ပဲ၊ တစ်ဝမ်းကွဲလောက်တောင် မကျန်ဘူး၊ တော်တော်ဝေးဝေး ဆွေမျိုးတွေတော့ရှိတယ်။ သူ့ဆွေတွေကကျတော့လည်း သူ့အလုပ်နဲ့သူ ရှုပ်ကြမှာပေါ့ ...



"အလကားနေရင်း ... ဘယ်မှာ ဝင်ထွက်နေနိုင်ပါ့မလဲ။ ကိုဆွေးကလည်း မသွားတော့၊ တစ်ဖက်ကလည်း ပြန်မလာဘဲ ပြတ်သလိုဖြစ်သွားရော"

"ဦးဆွေးက ဘာလို့မသွားတာလဲ"

"သူက အိမ်လည်တာ ဝါသနာမပါဘူး"

မြနှင်းတို့များဖြင့် အိမ်လည်ဝါသနာပါလိုက်တာ ပြောပါနှင့်တော့။ အဘွားကို သတိမရပေမယ့်၊ ညဘက်ကျကြီးမငယ်နှင့် ထုပ်ဆီးတိုးကြသည့်အုပ်စုကို သတိရလှသည်။ တွေ့ချင်သည်။ ဦးဆွေးဆီမှာ တစ်ခါခွင့်တောင်းပြီးပြီ။

"ကျွန်မ ... အဘွားအိမ် တစ်ညအိပ်လောက် ပြန်လည်ချင်တယ်"

တစ်ညအိပ်မှ ကိုယ့်အုပ်စုတွေနှင့် လုံးထွေးဆော့ရမှာ၊ စကားတွေ တဝကြီးပြောရမှာ၊ ကိုယ်ပေါ်က ဝတ်ကောင်းစားလှတွေ ကြွားရမှာ၊ ဘယ်တုန်းက နားပေါက်ဖောက်ခဲ့လို့ အပေါက်ရှိနေမှန်း မသိပေမယ့်၊ တစ်ခါမျှ နားကပ် နားဆွဲ မပန်ဘူးခဲ့သည့် နားပေါက်ကလေးမှာ ခုတော့လည်း နားကပ်နှင့်ဘာနှင့်။ လက်ပတ်နာရီနှင့်။ လည်ပင်းမှာ ပလက်တီနမ်ဆွဲကြိုးလေးတစ်ကုံးနှင့်။ လက်စွပ်ကလေး တစ်ကွင်းနှင့်။ အဲဒါတွေလည်းပြ၍ ကြွားချင်သေးသည်။

အဘွားကိုပါ ကြွားချင်တာ။ ကြွားချင်စိတ်နှင့်ပြန်သွားချင်တာသာဖြစ်လျက် အဘွားကို လွမ်းဆွတ်သတိရတာတော့ မဟုတ်ပါ။ အဘွားကလည်း အဘွားသာဆို ... တကယ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



အသက်ကြီးလှသေးတာမှ မဟုတ်တာ၊ ပစ်စလက်ခတ်နေထိုင်လို့ အိုမင်းရင့်ရော်ကာ ညစ်စုတ်ထေးကြီး ဖြစ်နေတာ ... အဘွား အသက် အလွန်ဆုံးရှိမှ ... ဒေါ်ကြိုင့်ထက်ကြီးလှ ငါးနှစ်၊ ခြောက်ဆယ်လောက် ရှိပါဦးမည်။

မြူနှင်းအတွက် စာကျက်ဆရာမရဲ့အမေဟာ ခြောက်ဆယ့်တစ်နှစ်ဟု သိရပါသည်။ ဆရာမနှင့်တစ်ခါ ... အိမ်ပါလာဖူးသည်။ ဆံပင်တွေက ခပ်ပွပွကောက်ကောက်မို့ ခေါင်းပေါ်မှာ ပိပြားမနေပါ။ သို့ပေမဲ့ ဘွာဆန်ကြဲလည်းမဟုတ်၊ လှရုပ်ပွ၍ ဖောင်းဖောင်းအိအိနှင့်။ မျက်နှာပြင်မှာ အရေးအကြောင်း မရှိသေး။ လူက ဝလှသည် မဟုတ်ပေမယ့် အသားအရေ ပြည့်တင်းသည်။ သူများတန်းတူ သနပ်ခါးလိမ်းပါပြား၊ ပိန်းကျားကြီးဖြစ်မနေ။ သနပ်ခါးလိမ်းထားသည်ဆိုတာ သိရုံလေး။ သနပ်ခါးစင်းလည်း မတင်၊ သူ့အသားခပ်ညိုညိုမှာ ဝါဖုံဖုံလေး ထင်နေရုံသာ။ အသားရောင်ရင့်ရင့် နှုတ်ခမ်းနီတောင် ဆိုးထားလိုက်သေး။ စိန်မိုက်ကယ်အပျော့စ၊ အဆင်နုပ်နုပ်၊ အရောင်နုနု အသွေးမှိုင်းမှိုင်းကို ဝမ်းဆက်ဝတ်ထားပုံမှာ သူ့အသက်လေးဆယ့်ငါးထက် ပိုမှန်းနိုင်ဖွယ်မရှိပါ။

အဘွားနှင့်ရွယ်တူလျှင်တူ၊ အဘွားက တစ်နှစ်လောက်တောင် ငယ်နိုင်ပါသေးသည်။ သူ့နားကပ်လိုက်ရုံနှင့် ပျံ့ပျံ့သင်းသင်း မွှေးမွှေးအီအီလေးက ရင်ကိုတောင် အေးသွားစေသေး၏။ အဘွားနှင့်များတော့ ကွာမှကွာ။ အဘွားကတော့ ရောဂါသည်မို့ ရုပ်အိုတာလားမသိ။



"ကျုပ်က ရင်ကျပ်ပန်းနာသည်" ... ဟု အဘွားခဏခဏ ပြောတတ်သည်။ တစ်ခါတစ်ခါတော့ ချောင်းဆိုးပါသည်။ အမြဲလည်း ဆိုးမနေပါ။ အဘွားကိုယ်တိုင်က ညစ်ညစ်ပတ်ပတ် စုတ်စုတ်ပြတ်ပြတ် နေရတာ ဝါသနာပါလို့ ဖြစ်ပါလိမ့်မည်။

"ဟော့ ... ဘာငေးနေတာလဲ၊ ငါမေးထားတယ်လေ"

"ရှင်"

"ဩော် ... စိတ်က အိမ်ပြန်ရောက်သွားသလား၊ အဘွား အိမ် တစ်ညအိပ်လောက် ပြန်ချင်ရတဲ့အကြောင်းရင်းကို မေးတာ၊ အဲဒါဘာလဲ"

"တွေ့ချင်လို့ပါ"

"မင်းတို့မြေးအဘွားက တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်လုံးဝမရှိကြဘူးဆို"

"ရှိတော့ မရှိပါဘူး"

ထင်တာပါပဲ။ နည်းနည်းလေးရှိရမယ်ဆိုလျှင်တောင် မြူနှင်းဘက်ကသာ ရှိရပြီး အဘွားဘက်ကတော့ နည်းနည်းကလေးတောင် ရှိမည်မထင်ပါ။ မြူနှင်းကတော့ ဘာပဲဖြစ်ဖြစ် အဘွားကို အားကိုးပြီး နေထိုင်ခဲ့ရသေးသည် မဟုတ်လား။

"အဘွားကို သတိရတာ ကောင်းတာပေါ့၊ ဒါကောင်းတဲ့ အလုပ်ပဲ။ သွား။ တစ်ညမအိပ်နဲ့။ စာကျက်ပျက်တယ်။ စိတ်လေတယ်။ ဒီနေ့ ... နေ့တစ်ပိုင်းလုံး အားနေတာပဲ၊ ဒေါ်ကြိုင်နဲ့သွား၊ ကားယူသွား၊ မောင်သီကို မောင်းခိုင်း၊ လမ်းမှာဝင်ပြီးတော့ ...

www.burmeseclassic.com

www.burmeseclassic.com



"အသွားစားဖို့ ကွေကာအုတ်တို့ အိုဗာတင်းတို့ဝယ်၊ ပန်းသီးလေး လိမ္မော်သီးလေးလည်းဝယ်၊ တာရှည်ခံစားဖို့ ဘစ်စကစ်တစ်ပုံးဝယ်၊ အသွားအိမ်မှာ နာရီဝက်နေ၊ သွားတာပြန်တာရယ်၊ ဈေးဝယ်တာရယ်၊ စုစုပေါင်း အချိန်သုံးနာရီ သုံးနိုင်တယ် ...

"အခု ကိုးနာရီ ... မင်း ကိုးနာရီခွဲက စထွက်ရင် ဆယ့်နှစ်နာရီခွဲ အရောက်ပြန်လာ၊ ဒီကျမှ ထမင်းပြန်စား၊ သွား ... လုပ်တော့"

အမိန့်ချကာ လက်ထဲသို့ ပိုက်ဆံတစ်ထပ် ထိုးထည့်ပေးသွားပါသေးသည်။

မြူနှင်း သွားချင်စိတ်တောင် မရှိတော့ပါ။ ကိုယ့်အဖွဲ့ ကိုယ့်အုပ်စု၊ ကိုယ်နှင့်မျက်နှာကြောတည့်သူတွေနှင့် တွေ့ရမှာမှ မဟုတ်တာ၊ သူတို့တွေက ဒီအချိန် အလုပ်သွားနေကြမှာ၊ အလွန်ဆုံးတွေ့ရ၊ လမ်းထိပ်မှာ ကွမ်းယာဆိုင်ထွက်သည့် "အီကာလဲယား"နှင့်ပဲ တွေ့ရမှာ။ သူက အီကာလဲယားဆိုသည့်မုန့်ကို ကြိုက်တာလည်းတစ်ကြောင်း၊ စကားပြောလျှင်(သူစိတ်ပါသည့်အခါ)ချွဲလွန်း အီလွန်းလို့တစ်ကြောင်း၊ သူ့ကို အီကာလဲယားဟု ခေါ်တာ။ အီကာလဲယားတို့ စိတ်ဆိုးပြီဆိုမှဖြင့် အသံကုန်ဟစ်ပြီး မကြားဝံ့မနာသာ ဆဲလိုက်တာ ဖွက်ကိုပေါက်ရော။

မသွားချင်လို့ မသွားဘဲနေလျှင် ဦးသွေးက ဘာမှမဖြစ်၊ ကိုယ်ပဲမသွားရမှာ၊ ဘယ်သူ့ကိုမှ မကြွားရဘူးဆိုလျှင်တောင် အဘွားကိုတော့ ကြွားနိုင်သေးတာပဲ ... ဟူ၍ ဦးသွေး ပြောသည့်အတိုင်း လာခဲ့ပါသည်။



"ခင်နှင်းရှိရယ် ... ညည်းအေ ..."

မြူနှင်း မခေါ်လျှင် လှည့်မကြည့်ဘဲနေလည်း လက်ကို အတင်းလိုက်ဆွဲပြီး၊ ခင်နှင်းရှိပဲ ခေါ်မြဲ ခေါ်အေးမြဲက ထုံးစံအတိုင်း လက်ကိုဖမ်းဆွဲသည်။

"ညည်းအဘွား မရှိတော့ဘူးအေ့"

"ဟင် ..."

"ဘာလဲ ... ခြေကြီးဦးမယ့်ဟာမ ... သေပြီထင်လိုက်တာလား"

"ကြီးတော်ကပဲ မရှိတော့ဘူးဆို"

"အိမ်ရောင်းသွားတာ"

ပြန်လာမှာစိုးလို့ ခြေရာဖျောက် ပြောင်းပြေးတာပဲ ... ဟု လှစ်ခနဲတော့ တွေးလိုက်ပါသေးသည်။

"စစ်ကိုင်းမှာ သူ့မိတ်ဆွေဆိုလား၊ ဆွေမျိုးဆိုလား ရှိတာ၊ ညည်း မသိဘူးလား"

"မသိဘူး"

ဒီနေ့ရာ ဒီဌာနသို့ ပြန်ရောက်သည်မို့ ဝါကျတိုင်းမှာ "ပါ"ထည့်ပြောရမည်ဆိုသည့် စည်းကမ်းကို သတိရပါလျက် တမင်ဖျောက်ပစ်လိုက်တာဖြစ်၏။

"အဲဒီကိုသွားပြီ။ လိပ်စာပေးခဲ့တယ်။ ညည်းရောက်လာရင် ပေးဖို့လိပ်စာ။ အိမ်ရောင်းရတဲ့ ပိုက်ဆံတွေဟာ သူ့မှာ အသုံးမရှိဘူးတဲ့။ ညည်းလာယူတဲ့၊ အဲဒီမှာလိပ်စာ၊ လိမ်လိမ်မာမာနေဖို့လည်း မှာသွားတယ်"

"ကျွန်မက မိုက်နေလို့လား"

www.burmeseclassic.com

www.burmeseclassic.com

"ညည်းကလည်းအေ ... စကားကောင်းပြောစမ်းပါ။ ညည်းက အခု ဘယ်လိုဖြစ်ပြီး၊ ကိုယ်ရောင်ကိုယ်ဝါ တောက်စွာနဲ့ ကားနဲ့ ဘာနဲ့ ... အိမ်ထောင်ကျတာလား"

"တော်စမ်းပါ"

ဒေါ်ကြိုင်က ပြောပုံဆိုပုံအတွက် အလန့်တကြားမော့ကြည့်၏။

"သူဌေးက မွေးစားလိုက်တာ၊ ကျောင်းတက်နေတယ် ဒီနှစ် ဆယ်တန်းဖြေမယ်"

"ဘယ်ကသူဌေးလဲအေ့"

"ဘယ်ကသူဌေးဖြစ်ဖြစ်ပေါ့၊ ကြီးတော်အရွယ်ဆိုရင်တော့ မွေးစားမှာ မဟုတ်ဘူး"

"ညည်းကလည်းအေ"

အဘွားက အိမ်ရောင်းရငွေတွေ လာယူဆိုတော့ ... သံယောဇဉ်တော့ ရှိရှာသား ... ဟု အတွေးကောင်းလေး အဘွားအပေါ် တစ်ချက်ဝင်ပါသည်။

"အဘွားနေကောင်းရဲ့လား"

"ဒီမှာတုန်းကတော့ ကောင်းတယ်၊ ဟိုမှာတော့ မသိဘူး။ သိချင်လိုက်သွား"

မြုနှင်းက ဟက် ... ခနဲ တစ်ချက်ရယ်လိုက်ပြီးမှ ကြီးတော်ဖို့ ... ဟုဆိုကာ ဘစ်စကစ်မုန့်ပုံးကြီး ထိုးပေးလိုက်သည်။

"ဟဲ့ ... အကောင်းစားကြီးပါလား။ ကျေးဇူးတင်တယ်။ ထမင်းစားသွားမလား"



"ဘာလို့စားရမှာလဲ၊ ချဉ်ပေါင်ရွက်ကို သကြားဖြူး၊ စိမ်းစားငါးပိရည်ဖျော်လောင်းထည့်ပြီး ကြော်ထားတာမဟုတ်လား"

"ခင်နှင်းရီရယ် ... ညည်းလည်း ဒါနဲ့ပဲ လူဖြစ်လာတာပါ"

"ဆန်ကလည်း ကြမ်းဦးမှာ"

"ဆန်တောင် မဟုတ်ဘူးဟေ့။ ဆန်ကွဲ။ မှတ်ကရော"

မြုနှင်း ရယ်၏။

"ကြီးတော်ကလည်း စုပုပ်သွားလိုက်တာ။ စ,တာပါ"

"စ,တာဆိုလည်း ပြီးရော၊ နောက် လာလည်ဦး"

"သွားဦးမယ်"

"ညည်းအဘွား ခင်မြိုင်နဲ့တွေ့ရင် ဘာပြောလိုက်ရမလဲ"

"အဘွားက ပြန်လာမှာမို့လို့လား၊ အိမ်မှမရှိတော့တာ"

"သိဘူးလေ"

"သွားမယ်"

"နောက် လာခဲ့ဦး"

မြုနှင်းက လှည့်မကြည့်ဘဲ လက်တစ်ဖက်ပဲ မြှောက်ပြခဲ့သည်။ မြုနှင်း ဆက်ဆံပုံက ခပ်ရင့်ရင့် ခပ်ကျောကျော ဖြစ်နေတာမို့ ဒေါ်ကြိုင်ကတော့ အံ့သြတကြီးသာ ကြည့်နေမိတော့သည်။

"အီကလဲယား"

"ကောင်မစုတ် ... နတ်သမီး ဖြစ်နေတာလား"

"ညည်းပဲဖြစ်"

www.burmeseclassic.com

www.burmeseclassic.com

အိကလဲ့ယားက ဆိုင်ပေါ်မှ ခုန်ချဆင်းလာသည်။ မြနှင်းက အသွားအတွက် ဝယ်လာသည့် ပစ္စည်းများကို အားလုံး စုပုံပေးပစ်၏။

"ညကျရင် ဇေပေးလိုက်၊ ညည်းလည်းစား"

"ညည်းက ဘယ်သွားပြီး ကောင်းစားနေတာလဲ"

"မိုးပေါ်တက်ပြီး ကောင်းစားနေတာ"

"ယောကျ်ားရပြီလား"

"ဒါပဲ မေးနေတယ်"

"ညည်းယောကျ်ားက သူဌေးလား၊ မယားကြီးတွေ ဘာတွေ ရှိနေပါဦးမယ်၊ သေချာစုံစမ်းရဲ့လား"

သူတို့အုပ်စုမှာတော့ ဆင်းရဲတွင်းမှ နေ့ချင်းညချင်း ခုန်တက်ပြီး၊ ဒီလောက် ပြောင်လက်တောက်ပသွားဖို့အတွက် သူဌေးကြီးတစ်ဦးဦး၏ မယားငယ် ဖြစ်မှပဲရမှာ ... ဆိုသည့် အသိတစ်မျိုးပဲရှိ၏။

"အပျိုဟဲ့ ... ညည်းသာ ဟိုဒရိုင်ဘာက ဒူ ဌေးကားလေး မောင်းပြီး ဒီနားလာရင် ကွမ်းယာအလကားကျွေးရတာနဲ့ အဲဒီကောင်က ... ကလေးသုံးယောက်အဖေ။ ဟိုကပေး ရတယ်မရှိ၊ ညည်းကချည်း ကွမ်းယာကျွေးရတာ တစ်နေ့ ဘယ်နှရာဖိုးလဲ"

"အဲဒါ ညည်းက ဘာဝင်နာနေတာလဲ"

ထမျှားသတ်ကြတော့မလား ... ဟု ဒေါ်ကြိုင်က ဆွဲရမလား၊ ဆွဲလည်းမဆွဲရဲ၊ ခြေကားယားလက်ကားယား၊ ဘာ လုပ်ရမှန်းလဲမသိ၊ သူတို့စကားတွေကလည်း နားဝင်ရိုင်း၊ ဝါးခနဲ



ယ်သံထွက်လာတော့မှ အံ့သြတကြီးနှင့် သက်ပြင်းမောကို ဟူး ချရတော့သည်။

"ဒေါ်ကြိုင်က ဘာဖြစ်နေတာလဲ"

"သိပါဘူး၊ ရန်ဖြစ်ပြီလားလို့"

"အဲဒါ ... ဒေါ်ကြိုင် ရှိနေလို့ နည်းနည်းယဉ်ယဉ်ကျေးကျေးပြောတာ"

"ဘုရား ... ဘုရား"

ကွမ်းယာဆိုင်မှာတော့ ခပ်ကြာကြာလေး နေခဲ့သည်။ ဒေါ်ကြိုင်က ကားပေါ်တက်ထိုင်၊ မြနှင်းက ကွမ်းယာဆိုင်ပေါ် တက်ထိုင်၊ ဘာတွေပြောကြမှန်း မသိတော့ပေမယ့် ဝါးခနဲ ဝါး ခနဲရယ်သံ၊ တစ်ယောက်နှင့် တစ်ယောက် ရိုက်လိုက်ကြ၊ ပုတ် လိုက်ကြ။ လွင့်ခနဲ ဝဲလာသည့် စကားလုံးတချို့တွေထဲမှာ အဆဲ အဆိုတွေလည်းပါရဲ့။ ငါ ... ပါးပိတ်ရိုက်လိုက်ရ ... ဆိုလား၊ ဒါကိုလည်း ရယ်ရင်း မောရင်း ပြောရဲ့။ ဒေါ်ကြိုင်တောင် ခေါင်းတွေမူးလာရတော့သည်။

❣ ○ ❣

တစ်နေ့မှာတော့ ဦးသွေး အိမ်သို့ ဧည့်သည်တစ် ယောက် ရောက်လာခဲ့ပါသည်။

"ဟော ... ကြီးမေ၊ နေကောင်းပါရဲ့လား"

ကားပေါ်မှ စိန်တဝင်းဝင်းနှင့် ဆင်းလာသည့် ဒေါ်ကြီးကို ဦးသွေးက လက်ဆွဲ၍ကြို၏။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းအောင် နေရပါတယ် ကိုသွေးရယ်၊ မကြိုင်ရော ရှိသေးလား"

"ရှိပါတယ် ကြီးမေ ... ထိုင်ပါ၊ အမောဖြေပါဦး။ မြူနှင်းရေ ... ဒေါ်ကြိုင့်ကို ခေါ်ချေပါ၊ ပြီးရင် မြူနှင်းလည်းလာခဲ့"

အဲသည် အဒေါ်ကြီးက ... (နောက်ဖေးကိုပြေး၍ ဒေါ်ကြိုင်ကို ကျိတ်မေးလိုက်တော့) ဦးသွေး မတော်လိုက်ရသော ဘွားအေယောက္ခမရဲ့အစ်မတဲ့။ ဆွေမျိုးဘယ်လိုစပ်ရမှန်း မသိပါ ဒေါ်တင်တင်လတ်တဲ့။ အသက်ခုနစ်ဆယ်တဲ့။ ဒေါ်တင်တင်လတ်ရဲ့ညီမ ဒေါ်တင်တင်လေးရဲ့မြေးက ဦးသွေးရည်းစား ဆရာဝန်မလေးတဲ့။ ဒေါ်တင်တင်လေးတို့က မိသားစုလိုက် နိုင်ငံခြားသွားပြီတဲ့။ ဒေါ်တင်တင်လတ်က အမရပူရ၊ စစ်ကိုင်းဘက်မှာ ချည်ထည် ပိုးထည် ရက်ကန်းစင်တွေ အများကြီးပိုင်တယ်တဲ့။ သူဌေးတွေတဲ့ စီးပွားရေးကိစ္စ၊ အရောင်းအဝယ်ကိစ္စ၊ သူတို့ရက်ကန်းစင်ကအထည်တွေတင်သည့်ကိစ္စနှင့် ရန်ကုန်ကို မကြာခဏ လာလေ့ရှိတယ်တဲ့ ဦးသွေး ရည်းစား ဒီမှာရှိတုန်းကတော့ ဒီအိမ်မှာလည်း တည်းတတ်တယ်တဲ့။ ဦးသွေး ရည်းစားမရှိတော့ကတည်းက လာမတည်းတော့တာတဲ့။

ဦးသွေး ရည်းစားကတော့၊ အဲဒီ ဒေါ်တင်တင်လတ်ကို ဘွားမေကြီးလို့ ခေါ်တယ်တဲ့။ ဦးသွေးကတော့ ကြီးမေလို့ ခေါ်တယ်တဲ့။ ဦးသွေးရည်းစားက လှလည်းလှ၊ ချမ်းလည်းချမ်းသာပြီးတော့ ဆရာဝန်မတဲ့။ ဒါတွေကြောင့် ဂုဏ်မောက် ဘဝင်မြင့်ပြီး ကိုယ့်နိုင်ငံ ကိုယ်နေရင် လူဖြစ်ကျိုးမနပ်တော့ဘူးတင်တာ ဖြစ်မှာဟု မြူနှင်း နှုတ်ခမ်းစူ၍ တွေးလိုက်မိပါသည်။



"ဒါ ... ကျွန်တော် ကုသိုလ်ယူ ကျောင်းထားပေးခဲ့တဲ့ထဲက တစ်ယောက်ပါ။ ဟိုသုံးယောက်ကတော့ သူတို့မိသားစုနဲ့ပဲ နေပါတယ်။ သူက မိသားစုမရှိ တစ်ယောက်တည်း ဖြစ်နေတာနဲ့ ဒေါ်ကြိုင်နဲ့တူတူ ထားလိုက်ပါတယ်"

ဒေါ်တင်တင်လတ်က မြူနှင်းကို စူးစိုက်စွာကြည့်သ၏။ သူ့ညီမရဲ့မြေးရဲ့ ရည်းစား၊ မယူဖြစ်လိုက်တဲ့ လူပျိုကြီးအိမ်မှာ အပျိုမတစ်ယောက် ရောက်နေတာ မကြိုက်ဘူးထင်ပါရဲ့။ မြူနှင်းပဲ ... ဘာရလိမ့်မလဲ။ မျက်လွှာချပစ်ဖို့ စိတ်ကူးကိုမရှိတာ။ သူ့လိုပဲ စေ့စေ့ပြန်ကြည့်ပေးနေလိုက်တော့သည်။

"ကြီးမေရယ် ... ရန်ကုန်ရောက်တိုင်း ကျွန်တော့်အိမ်မှာ ဝင်တည်းလို့ ရပါတယ်"

"လာလိုက်ရင် အလုပ်ကိစ္စနဲ့ဆိုတော့လည်း အလုပ်ရှိတဲ့ဆီပဲ ပြောဆိုပြီး ပြန်တာဆိုပေမယ့် ရောက်ကိုမရောက်ဖြစ်တာ၊ အသက်က ခုနစ်ဆယ့်လေး၊ ခရီးသွားလို့လာလို့လည်းမကောင်းတော့ဘူး၊ ခုတစ်ခေါက်ကတော့ ... ကိုသွေးနဲ့ တွေ့ချင်လို့ကို တမင်ဆင်းခဲ့တာ"

"ကိစ္စအထူးရှိပါသလား ကြီးမေ"

"ရှိဆို ... ရပ်ဆွေရပ်မျိုးထဲကပဲ၊ ဟိုတုန်းကပေါ့။ ခုတော့ ... မိသားစုက ရန်ကုန်ရောက်နေတာ ကြာပြီ။ ကြာဆို လေးငါးဆယ်နှစ် ရှိရောပေါ့။ စစ်ကိုင်းဘက်တော့ တစ်နှစ်တစ်ခေါက်၊ နှစ်နှစ်တစ်ခေါက် ဆိုသလို ... အဆက်အသွယ်တော့ မပြတ်ဘူး သားရဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com



"တပည့်မိတ်ဆွေ သဘောထဲက၊ ကလေးမလေး တစ်ယောက် ဒီနှစ်ဆယ်တန်းအောင်ထားတယ် ကိုသွေးရဲ့၊ တက္ကသိုလ်စရိတ် မရှိရှာတော့ ... ပထမ ကြီးမေ အစီအစဉ်က အဝေးသင်တက်ပေါ့၊ ကိုသွေးကို အလုပ်ရှာပေးပါ ပြောမလို့"

"ရပါတယ် ကြီးမေ ... ကျွန်တော့်မှာသာ ဘာလုပ်နေ်းမှ မရှိတော့တာ၊ မိတ်ဆွေတွေကို ပြောပေးနိုင်ပါတယ်"

"ခင်ဗျာ ... စိတ်ကူးက တစ်မျိုးပြောင်းလိုက်ရင် ကောင်း မလားလို့၊ တစ်ထိုင်တည်း အတွေးပါ။ ကိုသွေး ဆန္ဒကို လည်း ပြောဦးပေါ့။ ဒီလိုကွယ် ... ကောင်မလေးက အဖေ မှဆိုးဖိုနဲ့ သားအဖနှစ်ယောက်တည်း နေတာ၊ အခု ... ကြီးမေ ရန်ကုန်အဆင်းမှာပဲ ... သူ့အဖေက ဆုံးရှာတယ်"

"ဩော် ... ဖြစ်မှဖြစ်ရလေ"

"ဆွေဆင်းရဲ မျိုးဆင်းရဲ အုပ်စုက၊ ဒီကလေးမတစ်ယောက် ကို ကျွေးနိုင်တဲ့သူ မရှိဘူး၊ အိမ်ပေါ်ခေါ်ထားဖို့ကျပြန်လည်း၊ သူတို့အိမ်လေးတွေက ခြင်ထောင်တွေ တန်းစီထောင်ပြီး အိပ်ကြရတဲ့ အနေအထား၊ အနေလည်းခက်၊ အစားလည်း ခက်၊ ပညာသင်စရိတ်ပါခက်"

"ဒေါ်ကြိုင်နဲ့ပဲ ထားလိုက်လေ၊ ကြီးမေ၊ ဒီမှာ မြူနှင်းရို လည်း ရှိနေတော့ အဖော်ရတာပေါ့"

"အဲဒါ ... အဲဒါ ... ဘယ်လိုပြောရင်ကောင်းမလဲ စဉ်းစား နေတာ၊ ကိုသွေး အိမ်ကို ဒုက္ခသည်ကယ်ဆယ်ရေးစခန်း လုပ်ပြီး လာတင်ရာကျမှာလည်းစိုး"



"ကျွန်တော်က ... ပညာရေးနဲ့ ကျန်းမာရေးကို ဒါနပြုနေ တာ၊ ကြီးမေလည်း သိပါတယ်"

"အဲဒါကြောင့်လည်း စဉ်းစားမိတာပါ"

"ကြီးမေ ... ကိုသွေး၊ ထမင်းပွဲပြင်ပြီးပါပြီ"

ဒေါ်ကြိုင်က လာခေါ်၏။

"ဟော ... မကြိုင်ရယ်၊ ဘယ်တုန်းက စီစဉ်လိုက်လဲ"

"ကိုသွေးက ကြီးမေလာရင် ထမင်းမကျွေးရဘဲ ပြန်လွှတ် မှာစိုး မဟုတ်တာ"

"အင်း ... ဆာလှတယ်တော့ မဟုတ်ဘူး၊ ရောက်လို့ရှိမှ လည်း စားရတော့မှာပါ"

ဒေါ်တင်တင်လတ်ကို ဦးသွေးက လက်ဆွဲ၍ထူပါ သည်။ တခြားစကားတွေသာပြော၍ ဦးသွေးရည်းစား ဆရာဝန်မ ဆိုသူ၏အကြောင်းကိုတော့ စကားမစပ်ကြပါ။ မြူနှင်းက ဒေါ်ကြိုင် နှင့်အတူ ကူညီ၍ စားပွဲထိုးပေးရင်း မိန်းမဖော်တစ်ယောက်ရောက် လာမည်ဆိုတာကို ရင်ထဲမှာ ပျော်မိလေသည်။ မြူနှင်းရဲ့ဇီဇကိုက အပေါင်းအဖော် မင်တတ်သူဖြစ်၏။ ဒေါ်ကြိုင်နှင့်ကျတော့ အရွယ် ချင်းမတူသည်မို့ စကားပြောရတာ မပျော်ပါ။

"နေပါဦးကွယ် ... ဒီကလေးမလေးက နာမည်ဘယ်သူ"

"မြူနှင်းစိုပါ ကြီးမေ"

"ကြီးမေ ... ဒီမျက်နှာအေးမျိုးကို ဟိုးငယ်ငယ်က သိပ်မ မြင်ဖူးခဲ့တာပဲ။ အဲဒီမျက်နှာလေးမှ ချွတ်စွပ်။ မှတ်မိပြီ ကိုသွေးအဖေ ကိုကျော်ဆင့်က ရန်ကုန်ဆင်းလာပြီး ကုမ္ပဏီ တွေ လုပ်တာရယ်၊ အိမ်ထောင်ပြုတာ နောက်ကျလို့

www.burmeseclassic.com



ကိုသွေးက အဘိုးကို မမီလိုက်တာရယ်ကြောင့် မသိတာ နေမှာ ... ဟို ... ခင်ခင်မြိုင် ဆိုတာ"

မြနှင်းကိုယ်ကလေး ကော့မတ်၍ မျက်လုံးလေးပါ ပြူးသွားမိတော့သည်။ ဒေါ်ခင်ခင်မြိုင် ဆိုတာ အဘွားလေ။

"ခင်ခင်မြိုင်က ကြီးမေထက် ဆယ်နှစ်လောက်ငယ်မယ်၊ ခုရှိရင် ခြောက်ဆယ်လောက်ပေါ့။ အဲဒီ ခင်ခင်မြိုင် ဆယ့်ခုနစ် ဆယ့်ရှစ်တုန်းက မျက်နှာမျိုးလေး၊ ခေတ်ကကွာ တော့ အပြင်အဆင်ကွဲလို့သာ၊ နှင့်မို့ဆို ... ချွတ်စွပ်လောက် ကိုတူမှာ"

"ဒေါ်ခင်ခင်မြိုင် ဆိုတာ ဘယ်သူပါလဲ ကြီးမေ"

မြနှင်း မေးချင်လှသည့် မေးခွန်းကို ဦးသွေးက မေးပေးလေ၏။ ကျေးဇူးတင်လိုက်တာ ဦးသွေးရယ်။

❣ ○ ❣

"ဦးဘမြိုင်က မိုးကုတ်သူဌေးမျိုးဆက်၊ ဒေါ်ကြည်ကြည်က စစ်ကိုင်းဘက်က သူဌေးမျိုးဆက်၊ တစ်ဦးတည်းသောသား နဲ့ တစ်ဦးတည်းသောသမီးတို့ ရကြတာ။ သူတို့မိဘတွေ တော့ ထားတော့၊ ဝေးလွန်းတော့ ကြီးမေလည်း သိပ်မမှတ် မိဘူး။ မိုးကုတ်မှာလည်းနေပြီး ရတနာလုပ်ငန်း လုပ်ကြ တယ်။ သမီးချည်းသုံးယောက် မွေးတယ်ကွယ် ...

"တင်တင့်မြိုင်၊ ရင်ရင်မြိုင်၊ ခင်ခင်မြိုင်တဲ့။ ရင်ရင် မြိုင်က ခပ်ငယ်ငယ်တည်းက ဆုံးတယ်။ တင်တင်မြိုင်က အိမ်ထောင်ကျတယ်။ ဒါပေမဲ့ သားသမီးမရဘူး၊ ခင်ခင်မြိုင်



က သူတို့အိမ်က ကားမောင်းတဲ့ ထွန်းအေးနဲ့ လိုက်ပြေး တာလေ။ ဘယ်ရောက်သွားမှန်းကို မသိဘူး၊ တစ်ခါတည်း ဆွေပြတ်မျိုးပြတ် ...

"ဦးလေးကိုဘမြိုင်ကလည်း စိတ်ကခပ်ကြီးကြီး၊ ဒေါ်လေးကြည်လည်း တူတူပေါ့။ လိုက်ကိုမရှာတာ။ သမီး အဖြစ်က စွန့်လွှတ်တယ်။ ဦးလေးကိုဘမြိုင်က ကိုသွေး အဖေကို မွေးစားခဲ့တာ၊ ဒါတွေတော့ ကိုသွေး သိပြီးသား တွေပါ"

ဒီအကြောင်းအရာများကို ဖေဖေ ဦးကျော်ဆင့်ရှိစဉ် က ပြောပြခဲ့ဖူးပါသည်။ မေမေ ဒေါ်ခင်မာလာလည်း ပြောပြဖူး သည်မို့ ရဲသွေးဆင့်ပင်မက ဒေါ်ကြိုင်ပါ ကြားဖူးနား၀ ဖြစ်နေ သည့် ဇာတ်လမ်းတွေပါ။ ဦးဘမြိုင်က အားကိုးအားထား သား မရှိသည်မို့ ဆွေမဲ့မျိုးမဲ့ ဘုန်းကြီးကျောင်းသားလေး ကျော်ဆင့်ကို ကောက်ယူမွေးစား၊ ပညာသင်ပေး။

"သား ... ဖေဖေ့ကို ကတိတစ်ခုတော့ ပေးရမယ်၊ သား ကောင်းစားရင် ဆွေမဲ့မျိုးမဲ့ ပညာရေးချို့တဲ့နေသူတွေတွေ့ ရင် ပညာဒါန ဆက်ပြုပါကွယ်၊ အဲဒါတစ်ခုတော့ ဖေဖေ တောင်းဆိုချင်တယ်"

"စိတ်ချပါ ဖေဖေ၊ ကျွန်တော် ကတိပေးပါတယ်"

ဤနည်းအားဖြင့် ပညာရေးခါးကျိုးနေသူတွေကို ကူညီပံ့ပိုးလာခဲ့တာ ရဲသွေးဆင့် အထိပင်။

"တိုတိုပြောရရင်၊ ဦးလေးကိုဘမြိုင်တို့ ဒေါ်လေးကြည်တို့ မိုးကုတ်မှာပဲ ဆုံးကြတယ်။ မဆုံးခင် ကိုကျော်ဆင့်ကို

www.burmeseclassic.com

www.burmeseclassic.com



လည်း ထိုက်သင့်သလောက် ခွဲပေးခဲ့တာမှာ ကိုကျော်ဆင့်က ဦးလေးကိုဘမြိုင် ဆုံးတော့ ရန်ကုန်ဆင်းလာခဲ့တာပဲ၊ ဘာလို့ဆို ဟို ... ကျောက်တွင်းတွေက တင်တင်မြိုင်တို့ လင်မယား ရတယ်လေ"

"ဖေဖေက စိတ်ဆိုးပြီး ရန်ကုန် ဆင်းလာတာ မဟုတ်ဘူး နော် ကြီးမေ"

"ဘယ်က ဆိုးရမှာလဲ။ တင်တင်မြိုင်တို့ကသာ စိတ်မကောင်းဖြစ်တာ။ ရတနာလုပ်ငန်းကိုပဲ မောင်နှမ ဒိုးတူပေါင်ဖက် သမီးယောက်ဖတစ်တွေ လုပ်ချင်တာ၊ ကိုကျော်ဆင့်ကသာ၊ သူ့ကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် ပြုစုပျိုးထောင်ခဲ့တာ၊ ပညာသင်ပေးခဲ့တာအပြင် ...

"ငွေသားတို့ ရတနာတချို့တို့ကို ဦးလေးကိုဘမြိုင် မသေခင် အမွေအဖြစ် လွှဲပေးသွားတာတွေ၊ ကျေးဇူးတင် လွန်းလို့၊ နောက်ထပ် အကျိုးခံစားခွင့် ထပ်မယူချင်တော့တာ၊ သားသမီးမရှိတဲ့ တင်တင်မြိုင်က ကိုကျော်ဆင့်ကို အမွေလွှဲချင်သေးတာ ...

"ကိုကျော်ဆင့်က ရန်ကုန်ဆင်းလာပြီး ရန်ကုန်မှာ ကြီးပွားတော့လည်း သူ့အစ်မနဲ့ ယောက်ဖကို နှစ်စဉ်တက်ကန်တော့ပါတယ်။ ဦးလေးကိုဘမြိုင်တို့ မျိုးရိုးက ခြောက်ဆယ်ဝန်းကျင်ဆို ဆုံးကြရော ...

"ခြောက်ဆယ်တို့၊ ခြောက်ဆယ့်ငါး အလွန်ဆုံး။ တင်တင်မြိုင့်ယောကျ်ားဆို ... ငါးဆယ့်ရှစ်နဲ့ ဆုံးရှာတာ၊ တင်တင်မြိုင်ဆုံးလို့ ကိုကျော်ဆင့် ရောက်လာတော့၊ ကိုကျော်



ဆင့်က ရုပ်မိရုပ်ဘတွေနဲ့ကို ... တင်တင်မြိုင်ရဲ့ ဆွေနီးမျိုးစပ်၊ ဝမ်းကွဲတွေ၊ ယောက်ဖရဲ့ဆွေနီးမျိုးစပ် ဝမ်းကွဲတွေကို ...

"ကျန်တဲ့အမွေတွေ အကုန် အတိအ[illegible] လွှဲအပ်သွားတော့တာ၊ ဆွေမျိုးတွေ ဝေယူကြတာပေါ့၊ ကိုကျော်ဆင့်က နည်းနည်းမှမယူတော့ဘူး၊ သူက ရန်ကုန်မှာလည်း သူဌေးဖြစ်နေပြီ။ ကိုကျော်ဆင့်ကို မိုးကုတ်တစ်မြို့လုံးက ချီးကျူးတာ၊ ကိုသွေးက ဒါတွေကို မမီပါဘူး ...

"အဘိုးဦးဘမြိုင်ဆို့ အဘွားဒေါ်ကြည်ကြည်တို့ဆိုရင် မြင်တောင်မမြင်ဖူးလိုက်ဘူး မဟုတ်လား"

"ဟုတ်ကဲ့ပါ ကြီးမေ ... ကြီးကြီးဒေါ်တင်တင်မြိုင်ဆိုတာကိုတောင် မမှတ်မိပါဘူး၊ ကျွန်တော် ... တော်[illegible]တော်ငယ်ငယ်မှာ ဆုံးပါတယ်တဲ့၊ တွေ့တော့ တွေ့ဖူးလိုက်တယ်လို့ ဖေဖေက ပြောဖူးပါတယ်၊ ဖေဖေ့ကျေးရွာရှင် မိသားစုတွေ အကြောင်းမို့ အခု ကြီးမေ ပြောပြတာ ကျွန်တော်က သိချင် ကြားချင်နေတာပါ။ အဲဒီ ဒေါ်ခင်ခင်မြိုင်ကရော ခင်ဗျာ ... ခုထိ သတင်းမရဘူးလား"

ဖေဖေ ဦးကျော်ဆင့်ဟာ ဒေါ်ရင်ရင်မြိုင်နှင့်မှ ရွှယ်[illegible]လောက်ရှိပါမည်တဲ့။ ဒေါ်တင်တင်မြိုင်ထက်ငယ်ပြီး ဒေါ်ခင်ခင်[illegible]င်ထက်ကျတော့ ကြီးပါသည်။

"မွေးစားအဖေဆုံးပြီး ဖေဖေ ရန်ကုန်ဆင်းလာခဲ့တာက၊ ရတနာလုပ်ငန်းကို ဖေဖေက ဝါသနာကိုမပါတာ။ ကုမ္ပဏီလုပ်ငန်းကို သိပ်လုပ်ချင်ပြီး၊ စိတ်ကူးတွေယဉ်နေခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com

မမတင်ကတော့ သူ့ကို မကူကောင်းလားပေါ့။ မွေးစ
သားမို့ အမွေနည်းနည်းပဲရလို့ စိတ်ခုသလားပေါ့။ ဘာလ
ခုရမှာလဲကွာ ...

"ဒီလောက်ဖြစ်အောင် လုပ်ပေးလိုက်တဲ့ ကျေး
တင် ဆပ်လို့မကုန်နိုင်ဘူး၊ ဖေဖေ ဦးဘမြိုင်ရဲ့သားသမီ
တွေက မျိုးဆက်ပြတ်သလို ဖြစ်သွားလို့သာ။ မမတင်သာ
သားသမီးကျန်ရင် ဖေဖေက သားလိုသမီးလို ကူညီစော
ရှောက်ရဦးမှာ" ... တဲ့။

ဒေါ်ခင်ခင်မြိုင် အကြောင်းတော့ ဖေဖေလည်
သိပ်သိပုံမရပါ။ အသက်ငယ်ငယ်လေးနှင့် လိုက်ပြေးသွားတေ
ဖေဖေ့ကို ဦးဘမြိုင်က ခေါ်ယူမွေးစားကာစပဲ ရှိသေးသည်
ဖေဖေ့ကို ကလေးပေါက်စအရွယ်က မွေးစားခဲ့တာမဟုတ်၊ ဘုန်
ကြီးကျောင်းမှာကပ်နေ၊ ဘုန်းကြီးဝေယျာဝစ္စလုပ်၊ ရှစ်တန်းကလေ
အောင်ပြီး၊ ကျောင်းဆက်မတက်နိုင်၊ ဟိုလိုလို ဒီလိုလို အသက်
ဆယ့်ရှစ်နှစ်လောက်လည်း ရောက်နေပြီဖြစ်သော လူပျိုပေါက်လေ
ဟာ ရုပ်ရည်ကလေးက ကောင်းစားမယ့် ရုပ်ကလေးနဲ့ ... 
တစ်လုံး သူတစ်လုံး ဖြစ်ရှာပါစေ၊ ကိုယ့်မှာလည်း သားမရှိသည်
ဦးဘမြိုင် ခေါ်မွေးစားတော့ ခင်ခင်မြိုင်က ဆယ့်ခြောက်နှစ်လော
ရှိမည်ထင်သည်။

သား ကျော်ဆင့်ကို ကျောင်းပြန်ထားပေးတော
မန္တလေးမှာ သွားထားပေးသည်မို့ ခင်ခင်မြိုင်နှင့်ဆို စကားတော
ဟာဟာမပြောဘူးခဲ့ပါ။ မွေးစားအဖေရဲ့သမီး၊ ကိုယ့်ထက်ငယ်
မယ့် အရွယ်ချင်း မတိမ်းမယိမ်းမို့ ခပ်ဝေးဝေး ကင်းကင်းနေ



သချာတောင် မကြည့်ရဲခဲ့တာပါ။ ဘာကြာလဲ ... ဒီကောင်မလေး
ယောက်ျားနောက် လိုက်ပြေးတာ၊ သူတို့အိမ်က ဒရိုင်ဘာထွန်းအေး
တဲ့။ ခင်ခင်မြိုင်နှင့်စာလျှင် ထွန်းအေးနှင့်ကမှ ရင်းနှီးသလိုရှိသေး
သည်။

ဦးကျော်ဆင့်က ရန်ကုန်မှာ ကြီးပွားစပြုချိန်၊ ဒေါ်ခင်
ကလာနှင့် လက်ထပ်တော့၊ ဒေါ်ခင်မာလာက သူဌေးသမီးမို့
ဦးကျော်ဆင့်မှာ အရင်းအနှီးတွေ ပိုတိုး၊ စီးပွားပိုဖြစ်၊ ဒေါ်ခင်မာလာ
မှာ ဦးသီဟမော် ဆိုသည့် အစ်ကိုတစ်ယောက်ရှိသည်။ အဲသည်
အစ်ကိုက နိုင်ငံခြားအပြီးအပိုင်ထွက်သွား၊ ဟိုမှာအင်္ဂလိပ်မနှင့်ရ၊
ဒေါ်ခင်မာလာ မိဘတွေက ကျန်းမာရေး ဆေးကုသွားရင်း သား
ကြီးဖြစ်သူ ဦးသီဟမော်က ပြန်မလွှတ်၊ အဲဒါနှင့် ... အဲဒီမှာပင်
အခြေကျ၊ နောက်ဆုံး ကွယ်လွန်ချိန်ထိ ဖြစ်လေ၏။

"ကြီးမေ ... ဒေါ်ခင်ခင်မြိုင့် သတင်းများ ရသေးလား"

"မရဘူး ... ခုထိကို မရတော့တာ"

"ကျွန်တော် ... ဒေါ်ခင်ခင်မြိုင်ပဲဖြစ်ဖြစ်၊ သူ့ဆွေစဉ်
မျိုးဆက်ပဲဖြစ်ဖြစ်၊ တွေ့ရင်ကူညီပံ့ပိုးချင်စိတ် ရှိပါတယ်
ကြီးမေ။ ဖေဖေ့ကျေးဇူးရှင်ရဲ့သမီးအငယ်ဆုံး မဟုတ်လား။
ဖေဖေ့ ကျေးဇူးရှင်ရဲ့သမီးအကြီးက အမွေအနှစ်တွေ သိမ်း
ကျုံးရသွားတော့ ...

"ဖေဖေက ဆွေစုမျိုးစုတွေကို သွားဝေခွဲပေးခဲ့ပါ
တယ်တဲ့။ ဒါပေမဲ့ ... ဖေဖေ ကြီးပွားအောင်မြင်ခဲ့တာလည်း
မေမေ့ဘက်က အရင်းအနှီးပါသလို၊ ကျေးဇူးရှင်ကပေး
လိုက်တဲ့ အရင်းအနှီးလည်း ပါပါတယ်တဲ့။ ဖေဖေက

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျေးရူးဆပ်ချင်နေတာပါ။ ဖေဖေ့ကို ဘိုးဘိုးဦးဘမြိုင်
ပညာရေး ခါးကျိုးနေတဲ့သူတွေကို ထောက်ပံ့ဖို့ မှာခဲ့သ
ဖေဖေကလည်း ကျွန်တော့်ကို မှာခဲ့လို့၊ ကျွန်တော်လည်
အဲဒီကုသိုလ်ကို အမွေခံဆက်ယူနေတာပါ၊ ဒေါ်ခင်ခင်မြ
ဆွေစဉ်မျိုးဆက်ရှိရင် တွေ့ချင်ပါတယ် ကြီးမေ"

"ဟောဒီကောင်မလေးဟာ ခင်ခင်မြိုင် ယောက်ျားနော
လိုက်ကာနီး ရပ်ကလေးနဲ့ကို ချွတ်စွပ်တူတာ"

မြနှင်းက သက်ပြင်းမော်လေး ချလိုက်ပါသည
စားသောက်ပြီးစီး၍ အိမ်ရှေ့ဧည့်ခန်းသို့ ပြန်ထိုင်ကြတော့ မြ
က အချိုပွဲ ချပေးရပြန်၏။

"ကျွန်မ တစ်ခုပြောပါရစေ ကြီးမေ"

ဦးသွေး ခေါ်သလို ကြီးမေဟုပဲ ခေါ်လိုက်
ဒေါ်တင်တင်လတ်ဘေး၊ ကြမ်းပြင်မှာ ဒူးထိုင်လိုက်ကာ၊
လက်ထဲမှ စာရွက်ကလေးကို ဒေါ်တင်တင်လတ်ရှေ့သို့ ထိုးပြ

"ကျွန်မတို့ အိမ်ထောင်စုစာရင်းမိတ္တူပါ ကြီးမေ။ ကျွ
အိမ်ကထွက်လာတော့ လိုရမယ်ရဆိုပြီး အိမ်ထောင်စုစာရ
မိတ္တူကူးလာခဲ့တာပါ"

ဒေါ်တင်တင်လတ်က နားမလည်နိုင်ပေမယ့် အိ
ထောင်စုစာရင်းပုံစံကို ဖြန့်ကြည့်၏။

"ဟဲ့"

အိမ်ထောင်ဦးစီး ဦးထွန်းအေး၊ ဒေါ်ခင်ခင်မြ
တော်စပ်ပုံ ဇနီး၊ ကိုကျော်အေး တော်စပ်ပုံ သား၊ မခင်စိ
တော်စပ်ပုံ ချွေးမ၊ မခင်နှင်းရီ တော်စပ်ပုံ မြေး။



"ဒါ ... ခင်ခင်မြိုင်နဲ့ တော်တော်နီးစပ်နေပါလား၊ သူ့
ယောက်ျား ထွန်းအေး ဟုတ်တယ်။ သားတွေ ချွေးမတွေ
တော့ မသိဘူး"

"ကျွန်မ ဒေါ်ခင်ခင်မြိုင် မြေးပါ။ ခင်နှင်းရီဆိုတာ ကျွန်မ
ပါ။ ရှစ်တန်းစာမေးပွဲ ဖြေကာနီးမှာ နာမည်ပြောင်းလိုက်
တာပါ။ ဒါက အိမ်ထောင်စုစာရင်းအဟောင်းမို့ နာမည်
ခင်နှင်းရီ ဖြစ်နေတာပါ"

"မှတ်ပုံတင်တော့ရော"

"ကိုးတန်းမှ ရိုက်ဖြစ်တော့ မြနှင်းစိုပါပဲ၊ ဒါပေမဲ့ ...
ကျွန်မတို့နေခဲ့တဲ့ ရပ်ကွက်ထဲမှာတော့ ဥက္ကဋ္ဌကစပြီး
ကလေးတိ ကျွန်မကို ခုထိ ခင်နှင်းရီပဲ ခေါ်ကြပါတယ်"

"ဟဲ့ ... ကြည့်စမ်း၊ ကြည့်စမ်း၊ ဟိုခင်ခင်မြိုင်ဟာ ဒီခင်
ခင်မြိုင်ပဲ ထင်တယ်၊ ညည်းအဘွားရော"

"အဘွားက စစ်ကိုင်းဘက်မှာလို့ ပြောပါတယ်"

မြနှင်းက လိပ်စာလေးရေးထားတာပြ၏။

"သြော် ... ဒေါ်လေးကြည်ဘက် ဆွေမျိုးတွေဆီ သွားတာ
ပဲဖြစ်မယ်၊ ကြီးမေနဲ့တောင် နီးနေတာ၊ ကြီးမေ သွားတွေ့
လိုက်မယ်၊ မြင်ရင် မှတ်တောင် မှတ်မိကြဖို့ မလွယ်ဘူး"

"တွေ့အောင်ရှာပါ ကြီးမေ၊ ဟုတ်နေရင်လည်း ခေါ်ခဲ့ပါ။
ကျွန်တော် လာခေါ်ဆိုလည်း ခေါ်ပါ့မယ်၊ ကျွန်တော် ...
မိဘနေရာမှာ ထားပါ့မယ်"

မြနှင်း ... ဘာပြောရမှန်း မသိတော့လောက်အောင်
ပြုံးဆန်း၊ ယုံလည်းမယုံနိုင်၊ ယုံလည်းယုံကြည်၊ စရိုက်ကြမ်း

www.burmeseclassic.com

www.burmeseclassic.com



လှသော ညစ်ထေးစုတ်ပြတ် အဘွားကြီးဟာ မိုးကုတ်သူဌေးကြီးရဲ့သမီးဆိုပဲ။ ဦးသွေးတို့ ကြီးမေတို့ အဆင့်အတန်းမြင့်ပုံနှင့်ကျ တော့ ကွာချင်တိုင်း ကွာခြားနေရတော့သည်။

"သမီးနဲ့ သမီးအဘွားနဲ့က မတည့်ဘူးလား"

ဒေါ်တင်တင်လတ်ကို ... မြူနှင်း အကြောင်းရဲ့သွေးဆင့်က ဇာတ်ကြောင်းပြန်ရပါ၏။

"အဘွားက ကျွန်မကို သူ့မြေး မဟုတ်ဘူးတဲ့"

"ပြောစရာလားအေ ... ဒီရုပ်ဒီရေကို သူ မမှတ်မိဘဲနေပါ့မလား၊ သူနဲ့ တစ်ရုပ်တည်း ထွက်လာတာ၊ စိတ်ဆိုးတုန်းခဏ ပြောတာနေမှာပေါ့၊ ဒါတောင် ... ဦးလေးကိုဘမြိုင်တို့လက်ထက်ကဆိုရင် ဒီလိုစကားမျိုး ပြောခွင့်မရှိဘူး၊ နားရိုင်းတယ်"

"ကျွန်မအဖေက ဦးကျော်အေးပါ။ အမေက ဒေါ်ခင်စိန်ရီပါ။ အမေက နောက်အိမ်ထောင်ပြုသွားလို့"

နေခဲ့ဖူးသည့် ရပ်ကွက်ကတော့ "လင်ငယ်နောက်လိုက်သွား"... ဟု အတုံးလိုက် အတစ်လိုက် ပြောကြတာပါ။

"သြော် ... သမီးအဖေ မရှိတော့မှလား"

"အဖေ့လက်ထဲကပါပဲ"

"ဖြစ်မှ ဖြစ်ရလေ"

"ကြီးမေ ပြောပြလို့ ကြားရတဲ့ ဆွေစဉ်မျိုးဆက်ရဲ့သိမ်မွေ့ယဉ်ကျေးမှုတွေ၊ အဆင့်အတန်း မြင့်ပုံတွေဟာ ကျွန်မ ကြီးပြင်းခဲ့ရတဲ့ အဘွား၊ အဖေနဲ့အမေတို့ရဲ့ ပုံစံနဲ့တော့ လုံးဝဆန့်ကျင်ပါတယ်"



"ထွန်းအေးက လူကောင်းမှ မဟုတ်တာ၊ ဦးလေးကိုဘမြိုင် ရင်ကျိုးတာလည်း မပြောနဲ့ကွယ်"

"ကျွန်မ ... အဘိုးကို ကောင်းကောင်းမမှတ်မိပါဘူး"

"အရက်နဲ့ အသေစောမှာပေါ့"

"အဖေ့ကျတော့ ဆေးတောင်မကုဖြစ်လိုက်တာပါ"

ပြောပြီးမှ ရင်ထဲမှာဆို့နင်လာမိတော့သည်။ အဲသည် ကြကွဲဝမ်းနည်းခြင်းမျိုး၊ နာကျင်ခြင်းမျိုး၊ တစ်ခါမှုမခံစားခဲ့ ...။ လူ့လောကကြီး တစ်ခုလုံးကို နာကြည်းစွာ ကပ်ဖွဲ့တိုက် ... ိုင်းပျနေချင်စိတ်ပဲ ရှိခဲ့သည်။ အဘွားကိုယ်တိုင် ... သူ ...ကြီး မှားပြီဆိုတာကို သိပြီးသည်နှင့် ဘဝကို နာကြည်းသွား ... ဖြစ်နိုင်ပါသည်။ လူ့လောကကြီးထဲမှာ နေပါလျက် လူ့ ...ကို နာကြည်းနေရမှတော့ ထိုလူသည် ယဉ်ကျေးသိမ်မွေ့စွာ ...င့်မြင့်နေတော့မည် မဟုတ်ပါ။

"ဘိုးအေကစပြီး ဆင်းသက်လာတဲ့ အောက်တန်းစားမျိုးရိုး"

အဘွားက မြူနှင်းကို အဲသည်လိုလည်း တစ်ခါ ...ူးပါသည်။ ဒါဆို ... မြူနှင်းဟာ အဘိုးမြေး၊ အဖေ့သမီးမို့ ...ါ။

"ငါ့မြေး မဟုတ်ဘူး"... ဆိုတာ အမေ့(အဘွား ...ကျတော့ ချွေးမ)ကို မုန်းမုန်းနှင့် ရွဲ့ပြောတာပဲပေါ့။ မြူနှင်း ...စ်အိမ်လုံးမှာ အိုးရွဲ့နှင့် စလောင်းရွဲ့တွေချည်း ဖြစ်ခဲ့ရသည် ...ကျင်ရှက်နိုးရကောင်းမှန်း ခုမှသိတော့သည်။

အိမ်ကိုရောက်လာမည့် ဆယ်တန်းအောင်ပြီးသား ...သမီးဆိုတာ၊ သူက အတန်းမှန်မှန် အောင်သွားလျှင် မြူနှင်း

www.burmeseclassic.com

www.burmeseclassic.com



ထက် အတန်းကြီးပေမယ့် ရွယ်တူဖြစ်နေနိုင်ပါသည်။ မြူနှင်းလို့ ဟိုအတန်းမှာကျ၊ ဒီအတန်းမှာကျ ဆိုလျှင်တော့ မြူနှင်းထက် ကြီးနိုင်ပါသည်။ အစကတော့ "လာခဲ့ ... ပညာဆီးပြရသေးတာ ပေါ့"... ဟု တေးလိုက်မိသေး၏။ ခုတော့ ... တေးမိတာကိုပင် ပြန်ရှက်ရကောင်းမှန်း သိလိုက်ပါပြီ။

ယဉ်ကျေးစွာ၊ သိမ်မွေ့စွာ၊ ပျူငှာစွာ၊ ဆွေကြီးမျိုးကြီး၊ မျိုးကောင်းရိုးကောင်းမှ ဆင်းသက်လာသူပီသစွာ အဆင့်မြင့်မြင့်ကလေး ကြိုဆိုခွန်းချီပါမည်... ဟု ဆုံးဖြတ်ချက်ကျသည်။

ပြီးတော့ ... ခုမှပဲ အဘွားကို လွမ်းရကောင်းမှန်း သိကာ၊ လွမ်းစိတ်ကြောင့်၊ မျက်ရည်လေးများပင် လည်မိလေ၏။ ဒါမျိုး ... ဘယ်တုန်းကမှ မခံစားတတ်၊ မခံစားဖူးခဲ့တာလေ။

❣○❣



၈

ဖြစ်နိုင်ရင်တော့ ...

အဘွားပေးခဲ့သည့် လိပ်စာဆီသို့ ပြေးသွားလိုက်ချင်ပါသည်။ အဘွားကို ချစ်လွန်းလို့လား ... ဆိုတော့၊ ဒီလိုလည်း မဟုတ်ပြန်။ လွမ်းလှတယ်ရယ် မရှိသလို၊ လုံးဝကြီးမမှောက်နိုင်တာတော့လည်း မဟုတ်ချေ။

"အဘွား ... အဘွားဟာ သူဌေးကြီး ဦးဘမြိုင်၊ ဒေါ်ကြည်ကြည်တို့ရဲ့သမီးအငယ်ဆုံးလား"... လို့တော့ ပြေးမေးလိုက်ချင်ပါသည်။

"အဘွားမှာ ဒေါ်တင်တင်မြိုင် ဆိုတဲ့ အစ်မအကြီးတစ်ယောက် ရှိသေးတာ၊ သူက သားသမီးမရတော့၊ သူလည်း သေရော ... သူ့ဆွေနီးမျိုးစပ်၊ သူ့ယောကျ်ားဆွေနီးမျိုးစပ်တွေကို အဘွားမိဘတွေရဲ့ မွေးစားသား ဦးကျော်ဆင့်က သွားဝေပေးပစ်လိုယ်တယ်တဲ့ ...

"တကယ်ဆို၊ အဲဒါတွေ အဘွားရရမှာ၊ အဘွားပိုင်ရမှာ၊ မဆိုင်တဲ့ မွေးစားသားက ဆွေဝေးမျိုးဝေးတွေကို

www.burmeseclassic.com

www.burmeseclassic.com



ခေါ်မြမ်းပစ်တာ၊ အဘွားညှဲ့လို၊ အဘွားဖျင်းလို၊ တစ်သ လုံး အဆင်းရဲခံ တော်ပြုပေါ်ခံနေတာ၊ ဇင့် ... သိရဲ့လာ ဝင့် ... ဝင့်”

ဟု ပြေးပြောချင်လှပါသည်။

မေးချင်တာနှင့် ပြောချင်တာကများပြီး တွေ့ချင်ေ နှင့် လွမ်းစိတ်က နည်းနေတာကို ဝန်ခံရပါမည်။ ဒီအဘွား က ... ဘယ်တုန်းကမှ မတည့်ခဲ့တာလေ။ ခုတော့ ... မြူနှင် ပြေးသွားခွင့် မရပါ။

ဦးမေက သူ ပြန်ရောက်မှ စုံစမ်းမည်ဟု ပြော “သဇင်”ဆိုသည့် မိဘမဲ့တစ်ကောင်ကြွက် (မြူနှင်း ကဲ့သို့ မလေးကို အိမ်ပေါ်တင်၍ ပြန်သွားခဲ့ပါပြီ။ ပထမတော နောက်မှပေါ်တဲ့ ရွှေကြာပင်၊ လာခဲ့စမ်း၊ ပညာကို ပြပစ်လိုက် မယ်၊ ငါက အရင်ရောက်တာဟု မလိုတမာစိတ်က ရှေ့မှပြေး ခဲ့ပါသည်။

သို့ပေမယ့် ... ဘာတစ်ခုမျှ ဆုံးမ မသွားဘဲ အ အဆို၊ အမူအရာ၊ မျက်နှာထား၊ မျက်နှာပေါ်မှာ ပေါ်လွင်နေသ စိတ်သဘောထားတွေ၊ ပြီးတော့ ... မြူနှင်း(မသေချာသေးပေ သေချာသလောက်နီးနီး)ဆင်းသက်လာခဲ့ပါသည်ဆိုသော ဂုဏ်သ ရှိမျိုးရိုး ... အဲဒါတွေက မြူနှင်းကို ဆုံးမသွားသကဲ့သို့ ဦးသွေးကို ကြောက်လို့၊ ဒီအိမ်ပေါ်ကဆင်းပြီး ဆင်းရဲတွင်း ခုန်ဆင်းရမှာကြောက်လို့ ဦးသွေး ပြောစကား နားထောင်ပြင် နေခဲ့ရာမှ လိုလိုချင်ချင် ပြုပြင်ပြောင်းလဲလိုစိတ်ကို ဖြစ်ပေါ် တာပါ။



“မြူနှင်းနဲ့ သဇင် ... အသက်တူတူပဲ၊ တစ်နှစ်တည်းမွေး တာ၊ သဇင်က လုပိုင်းကြီးတယ်။ သူငယ်ချင်းညီအစ်မ ပေါ့။ ရန်ဖြစ်သံ လုံးဝမကြားချင်ဘူး။ စည်းလုံးချစ်ခင်ရ မယ်။ လိုတာရှိရင်ပြော၊ ပျော်ပျော်ရွှင်ရွှင်နေ၊ သဇင်က တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ တင်ရမယ့်ရက် ကျော်သွား ပြီဆိုတော့ အပေးသင်ပဲလျှောက်တော့၊ မြူနှင်းကတော့ ကျူရှင်တွေ တက်နေရတယ်”

ဦးသွေးက အဲဒီလောက်ပဲပြောပြီး သူ့ဘာသာပဲနေ သော၏။ ပထမဆုံး ... ယာယီရွှေ့ရှာတာက ဒေါ်ကြိုင်။ ဒေါ်ကြိုင်က လက်ရှိအခန်းထက် နည်းနည်းပိုကျဉ်းပြီး အိမ်သာ ရေချိုးခန်းတွဲလျက်မပါသည့်အခန်း(ယခင် စတိုခန်း)သို့ ပြောင်း ရ၏။ ဒေါ်ကြိုင့် ခုတင်ပေါ် ... သဇင် ရောက်လာသည်။ သို့ပေမဲ့ ဒေါ်ကြိုင်က ပျော်ပါသည်။ ရေချိုးချိန်မှာ မြူနှင်းတို့ အခန်းထဲ ဝင်ချိုးလို့ရသည်။ မြူနှင်းနှင့် သဇင်က စာကျက်ချင်သည့်အချိန် ကျက်ကြမှာမို့ ဒေါ်ကြိုင် တီဗီဝင်ကြည့်လျှင် အဆင်မပြေမှာစိုး သည်ဟုဆိုကာ ဦးသွေးက ဒေါ်ကြိုင့်ကို တီဗီခပ်သေးသေးတစ်လုံး ဝယ်ပေးပါသည်။

ကိုယ်ပိုင် တီဗီနှင့်မို့ အခန်းကျဉ်းသွားရပေမယ့် ဒေါ်ကြိုင် ပျော်၏။ နို့မို့ဆို ... မြူနှင်းနှင့် ဒေါ်ကြိုင်တို့က တီဗီ နှယ်လ်လုရင်း စကားများကာ ရန်ပွဲပေါက်စလေးတွေ ဖြစ်ရသည်။

“မြူနှင်းက လုလိုက်တာ”

သဇင်ရဲ့ပထမဆုံး ဝါကျတစ်ကြောင်းဟာ သဇင့် ခင်မင်ဖို့ လုံးဝလုံလောက်သွားရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြူနှင်းစို ... ဆိုသည့် ကိုယ့်အကြောင်း ကိုယ်အ
ဆုံးပင်။ မြူနှင်းက လုလိုက်တာ ... ဟု ပြောလျှင် အဲဒါ စိ
ထဲကပါပြီးပြောတာ၊ မပါဘဲ လောကွတ်အနေနဲ့ပြောတာ၊ နှစ်
ထဲက ဘာပဲဖြစ်ဖြစ်၊ အမှန်စကားတော့ ဖြစ်သည်တည်း။ မြူ
တကယ်လှပါသည်။ ကိုယ့်ကိုယ်ကိုယ် လှမှန်းလည်း သိပါသည
အဲသည်အတွက်လည်း အမြဲဂုဏ်ယူသည်။ ကောင်လေးတွေ
ငေးကြည့်ကြသည်။ လက်တည့်စမ်းချင်ကြသည်။ သို့ပေမဲ့
ဆင်းရဲသားရပ်ကွက်မှ စရိုက်ကြမ်းကြမ်းမလေး မြူနှင်းကို အဆ
အတင်းကိုင် ညာတတ်သူဌေးသားဆိုတာတွေက လာမပတ်သ
ကြ။ အဆင့်အလွှာချင်း ကွာသည်မို့ တွေ့ဆုံခွင့်နည်းပါးတ
လည်း ဖြစ်ပါမည်။

"ကြိုက်ကြလား၊ မရရင်သေမလား၊ သေချင်လည်းသေ
အသုဘတော့လိုက်ပို့မယ်။ ပြန်တော့မကြိုက်နိုင်ဘူး၊ ရှ
ရှင်းပြောထားတယ်။ နှုတ်ခမ်းပုံချင်းမီးမှုတ်မယ့် အစား
ကမဟုတ်ဘူး။ ဘော်ဒါကဗျာကိုတော့ ရတယ်။ အေးအေး
ပဲ"

အဲသည်လို ဘွင်းဘွင်းပြောကာ၊ ဟေးလားဝါးလာ
တရင်းတနီး၊ ခေါင်းပုတ်ကျောပုတ်လည်း နေတတ်ပါသည
ဒါကို ဂုဏ်မြေမရှိဘူးတဲ့။ နန့်ကြောဆွဲသည်တဲ့ အဘွားက။

"အမေတူသမီး၊ သူ့အမေနဲ့ စရိုက်တစ်ချိုးတည်း"
တဲ့။ ပြောချင်ရာပြောပစေ။ အဘွားမှာ ပါးစပ်ပါလို့ ပြောချင်တ
ပြောခွင့်ရှိသလို၊ မြူနှင်းလည်း ကိုယ့်ဆန္ဒနှင့်ကိုယ် နေချင်သ
နေခွင့်ရှိသည်ဟု ယူဆကာ နေခဲ့တာပင်။



"အသားရောင်ကိုက အဆန်းလေး ... ဝါတော့မလိုလိုနဲ့ ပန်းသွေးလေးလည်း ပြေးသေးတယ်"

"အမြှောက်ကြိုက်တယ် သဇင်ရေ၊ မြှောက်ပေး"

"တကယ်ပြောတာ"

"ယုံလိုက်တော့မယ်"

"ဒီလောက်လှတဲ့ အလှလေး ... ဒီအရွယ်ကလေးဆိုတော့"

"ဘာလဲ ... ရည်းစားရှိပြီလား မေးမလို့လား။ တစ်ယောက်မှမရှိဘူး။ ယုံလိုက်တော့"

"ယုံပါတယ် ... မျက်နှာလေးက ဖြူဖြူစင်စင်လေးပဲ"

"သဇင်ရော"

"သဇင်က အရုပ်ဆိုးတော့လေ"

"ဟယ် ... ဘယ်ကဆိုးရမှာလဲ ယဉ်ယဉ်လေး"

သဇင်က လှနှင့် နာမည်နှင့် လိုက်ဖက်စွာ၊ တကယ် ... ယဉ်ပါသည်။ အသားလေးက ညိုပေမယ့် စိုဏ်၏။ မျက်ခုံးမျက်လုံးလေးတွေက နက်နက်မှောင်မှောင်ရှိသည်။ နှာတံလေးစင်း၏။ နဖူးပြေပြေမှ ဆံပင်ပေါက်ပုံလေးက ကောက်တော့မယောင်ယောင်နှင့် ဆံပင်ကောက်ဟုလည်း ပြောလို့မရ၊ ပွယောင်းယောင်း ထူထဲထဲလေး ဖြစ်နေပုံဟာ၊ နောက်လှန်ဖြီးပြီး စုစည်းထားရုံနှင့်ကို ကြည့်ကောင်းနေပါပြီ။

"တကယ် ... သဇင်က သိပ်အကြည့်ခံတာပဲ၊ သေသေချာချာနဲ့ ကြာကြာစိုက်ကြည့်လေ၊ ကြည့်လို့မဝလေ။ အကြည့်ခံတယ်ဆိုတာ ဒီမျက်နှာလေးမျိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... သဇင့်ကို အဲဒီလိုပြောမယ့် သူတစ်ယောက်မှ မရှိဖူးဘူး။ ယုံချင်လိုက်တာ"

"ယုံလိုက်တော့။ တကယ်ပြောတာ"

အဲသည်အချိန်ကစလို့ တကယ့်သူငယ်ချင်း ညီအစ်မ ဖြစ်သွားရတော့တာပင်။ သူတို့နှစ်ယောက်ဟာ ထင်တောင်မထင်မိအောင် စည်းလုံးချစ်ခင်ကြသည်။ တစ်ယောက်အနာအတာကို တစ်ယောက်က ခံ၏။ ကရိကထလေးတွေလည်း စိတ်ရှည်။ ဘယ်တုန်းကမျှ စည်းနှင့်ကမ်းနှင့် မနေခဲ့သည့် မြူနှင်းက အင်္ကျီ ညစ်တွေကို တောင်းထဲမှ ထုတ်မလျှော်ဘဲထားတာ ကြာလျှင် သဇင်က ယူလျှော်ပစ်လိုက်တာပင်။

"ဟယ် ... သဇင်ရယ်၊ အားနာလိုက်တာ၊ ဒီမှာဖြင့် ပျင်းလို့ကောင်းတုန်း၊ လျှော်မှာပေါ့၊ ဝတ်စရာတွေအများကြီး ကျန်သေးတာ။ နောက်မှစလျှော်မလို့"

မြူနှင်း ... ဆိုတာက အဲသည်လို မိန်းကလေးမျိုးပါ။

"မိုးတွင်းကြီးကွ။ ချေးနဲ့ ဘာနဲ့ လုံးထားတော့ ဖားဥတွေ ဘာတွေ စွဲကုန်ရင် နမြောစရာကြီး၊ ဦးလေးက အကောင်းစားတွေ ဝယ်ပေးထားတာ၊ အင်္ကျီတွေက ပျော့ပျော့ပျောင်းပျောင်းတွေပဲ မပင်ပန်းပါဘူး၊ အားနာမနေနဲ့"

"မိုးပွဲတိုက်တဲ့အခါကျရင် တို့ တိုက်မယ်နော်"

"စာသာကျက်စမ်းပါ။ ဆရာဝန်လိုင်းဝင်အောင်လုပ်။ မိုးပွဲလည်း သဇင်ပဲ တိုက်မယ်"

"အဲဒါတော့ စိတ်ချ"

"ရမယ်ပေါ့"



"ခြောက်ဒီတော့ မရဘူး၊ ရချင်းရရင် ငါးပိခေါက်(ခြောက်) ပဲရမယ်၊ ဦးလေး ဖနောင့်နဲ့လိုက်ပေါက်လို့"

မြူနှင်းက ရယ်ပြီးပြောသည်မို့ သဇင်လည်းရယ်၏။ မြူနှင်းတစ်သက်တာမှာ၊ နေဖူးသမျှ လူ့ဘဝကာလအပိုင်းအဆစ်များထဲတွင် သဇင်နှင့်နေရတာ အပျော်ဆုံးဖြစ်တော့သည်။

"သဇင်နဲ့ နေရတာ သိပ်ပျော်တာပဲ။ သဇင်က တို့အပေါ် အရမ်းကောင်းတယ်၊ တို့ဘဝမှာလေ ... တို့အပေါ် အဲဒီလောက်ကောင်းတဲ့သူ တစ်ယောက်မှမရှိခဲ့ဖူးဘူး၊ သဇင့်မှာရော ရှိခဲ့ဖူးလား"

"မိဘရှိစဉ်က ... မိဘက ကောင်းတော့ ကောင်းခဲ့တာပေါ့ မြူနှင်းရယ် ... ဒါပေမဲ့ မချောင်လည်တော့ ခုလောက် ကောင်းကောင်း မနေခဲ့ရဘူးပေါ့"

"သူငယ်ချင်းတွေ ဘာတွေ ရှိလား"

"ရှိပါတယ်၊ ကောင်းကြပါတယ်"

"ဆရာ ဆရာမတွေကရော ချစ်ကြလား"

"ချစ်အောင်နေတယ်လေ၊ သဇင်ကလည်း ကိုယ့်ဆရာ ဆရာမတွေကို ချစ်တယ်"

"မုန်းတဲ့လူရှိလား။ ရန်သူ ... ရန်သူ ..."

"ရန်သူ ... ဟင့်အင်း မရှိပါဘူး၊ သဇင့်ကိုမုန်းနေတဲ့သူ ရှိမရှိတော့ မပြောတတ်ဘူး၊ မရှိဘူး ထင်တာပါပဲ၊ သဇင်က သူများမုန်းအောင်မှ မနေတာ၊ သည်းညည်းခံလိုက်တာပဲ၊ သဇင်က မုန်းနေတဲ့သူတော့ ... တစ်ယောက်မှမရှိပါဘူး၊ သဇင် ဘယ်သူ့ကိုမှ မမုန်းဘူး"

www.burmeseclassic.com

www.burmeseclassic.com



“တို့ကတော့ ပြောမနေနဲ့၊ အိမ်မှာအဘွားနဲ့ မတည့်ဘူး။ ကျောင်းမှာ သူငယ်ချင်းတွေနဲ့ နပန်းလုံးတယ်၊ ရုံးခန်း ခဏ ခဏရောက်တယ်၊ ဆရာ ဆရာမတွေက တို့ဆင်းရဲလို့ ဗိုလ်ကျတယ်၊ မျက်နှာသာ မပေးဘူးလို့ ထင်တယ်၊ ဘယ်သူ့မှမချစ်ဘူး၊ ဆရာ ဆရာမတွေကလည်း တို့ကို ချစ်ပုံမရပါဘူး”

“အဖေအမေနဲ့ရော၊ မိဘကတော့ ချစ်မှာပေါ့”

“မချစ်ဘူး ထင်တာပဲ”

“ဟုတ်လို့လား”

“အဘွားကမှ ဗျစ်တောက် ဗျစ်တောက်နဲ့ ဆူဖော်ရသေးတယ်၊ အဖေနဲ့ အမေက လှည့်ကိုမကြည့်တာ၊ စိတ်ကိုမဝင်စားတာ၊ ဘာလုပ်နေလို့မှလဲ မပြောဘူး၊ ဆူတာရိုက်တာကမှ ပတ်သက်မှုကို ပြသေးတယ်လို့ တွေးမိတယ်။ အဖေနဲ့ အမေက တို့ကို သမီးရင်းမဟုတ်တဲ့ အတိုင်းပဲ”

“အေးအေးနေတတ်တာ ဖြစ်ပါလိမ့်မယ်”

“ဘယ်သူလဲ အေးအေးနေတာ။ အဖေလား။ မူးလာရင် ... အမေ့ကို တအားရစ်တာ၊ အဘွားကဆူ၊ အဖေက ပြန်အော်၊ အမေကကျတော့ အဖေ့ကိုဆဲ”

ပြောရင်း ... မြူနှင်းရင်ထဲ လှိုက်ခနဲ ဆို့နင့်သွားမိသည့် ထူးခြားသော ခံစားချက်လေး ဝင်လာခဲ့ပါသည်။ မြူနှင်းတို့ မိသားစုရဲ့ နေပုံ ထိုင်ပုံဟာ ရှက်စရာ၊ ဝမ်းနည်းစရာရယ်လို့ သိရကောင်းမှန်း အတွေးစိတ်လေးဝင်၏။ အဲသည်ဘဝထဲမှာမရှိတော့မှ အဲသည်ဘဝတုန်းက အချိန်လေးကို ပြန်တွေး၍ ရှက်ချင်သည်။ ကြေကွဲချင်သည်။ ဘယ်လောက် ဝမ်းနည်းစရာကောင်းတဲ့ မိသားစုဘဝလဲဟု တွေးမိသည်။



“ဝမ်းနည်းစရာကောင်းတယ် သဇင်ရယ်၊ ရှက်ဖို့လည်းကောင်းတယ်။ ဒါ ... ခုမှတွေးမိတာပါ။ ဟိုတုန်းကတော့ ရှက်ရကောင်းမှန်းလဲ မသိပါဘူး၊ ထူးပြီးဝမ်းလည်းနည်းမနေတော့ပါဘူး။ ဘာလို့ဆို ... ရပ်ကွက်ထဲမှာက ဆယ်အိမ်ထောင်ရှိရင် ရှစ်အိမ်ထောင်လောက်က အဲဒါမျိုးပဲဆိုတော့ ...

“ဘဝတူတွေ ဖြစ်နေတာလေ။ ပြန်တွေးကြည့်ရင် လမ်းထဲက မိသားစုတိုင်းဟာ အပြစ်တွေကိုယ်စီနဲ့ချည်းပဲ။ လူမှုရေးဖောက်ပြန်မှုတွေ၊ အရက်သောက်ကြ၊ ဖဲရိုက်ကြ၊ ချဲထိုးကြ၊ ဘောလုံးပွဲလောင်းကြ၊ ရန်ဖြစ်လိုက်ကြ၊ သတ်လိုက်ကြ၊ ပုတ်လိုက်ကြ ...

“ကိုယ့်အိမ်လည်း ဒီလိုပဲပေမယ့် ... အတူတူချင်းမှာ သူများမိသားစုကျတော့ကဲ့ရဲ့၊ အတင်းပြော၊ အတင်းပြောတာ ကာယကံရှင်ပြန်ကြား၊ ထဆဲကြ၊ ကိုယ့်မျက်ချေး ကိုယ်မမြင်ဘူး၊ သူများမျက်ချေးကို မြင်တယ်ဆိုတာ၊ အဲဒါကို နည်းနည်းယဉ်ကျေးအောင် ဘယ်လိုပြောရင်ရလဲ၊ သဇင် သိလား”

“သူများအိမ်ခေါင်မိုးပေါ်က သစ်ရွက်ခြောက်တွေကို အပြစ်မပြောပါနဲ့တဲ့။ ကိုယ့်အိမ်ဖိနပ်ချွတ်က အမှိုက်ကိုအရင်လှဲပါတဲ့”

“အဲဒါနဲ့ တူလို့လား”

www.burmeseclassic.com

www.burmeseclassic.com



"ဒီနှပ်ချွတ်က အမှိုက်ဆိုတာက ပိုပြီးမြင်သာတယ်လေ၊ ကိုယ်မဟုတ်တာလုပ်တာ ကိုယ့်ဘာသာသိပြီး အရင်မြင် ပေါ့။ ခေါင်မိုးပေါ်က သစ်ရွက်ခြောက်ဆိုတာက အလွယ် တကူ မမြင်သာဘူး၊ တကူးတက မော့ကြည့်ရမှာ၊ ဆိုလို တာက ...

"သူများလုပ်တဲ့ မကောင်းမှုကို မပြောခင် ကိုယ်လုပ် ထားတဲ့ မကောင်းမှုကို အရင်ပြုပြင်ဖို့ဆိုတော့၊ စောစော က မြူနှင်းပြောတဲ့ စကားပုံနဲ့ဆင်ပါတယ်"

"သဇင်နဲ့နေရတာ ပျော်တယ်"

"သဇင်လည်း ပျော်တယ်၊ ပြီးတော့ ... မြူနှင်းကို ချစ် တယ်"

"မယုံနိုင်အောင်ပဲ။ တို့မှာ ချစ်စရာ ဘာတစ်ကွက်ရှိလဲ"

"ပထမဆုံး စချစ်သွားတာကတော့ မြူနှင်းလှလို့။ ပြီးတော့ မြူနှင်းက အရမ်းဖြောင့်တာ။ စကားကို တန်ဆာမဆင်ဘဲ ရိုးရိုးရှင်းရှင်း ပြောတာကို သဘောကျတာ။ နောက်ပြီး ... ချစ်စရာမိသားစုရယ်လို့လည်း မရှိတော့တဲ့ အချိန်မှာ သက်တူရွယ်တူ ဆိုးတိုင်ပင် ကောင်းတိုင်ပင် သူငယ်ချင်း ရပြီး တူတူနေလိုက်ရတော့"

"အဲဒီသူငယ်ချင်းက စိတ်ပုပ်ချင် ပုပ်နေမှာ"

"မြူနှင်း မပုပ်ပါဘူး"

"ဟုတ်ပါ့မလား၊ တစ်သက်လုံးက စိတ်ပုပ်နာမည်ရခဲ့တာ"

"မြူနှင်းအပေါ် မကောင်းရင်သာ ပြန်ဆိုးချင်ဆိုးမယ်၊ တစ်ဖက်သတ် စိတ်ပုပ်နဲ့ လိုက်ပြီးမကောင်းကြံနေမှာမျိုး၊



မြူနှင်းမှာ မရှိဘူး၊ အဲဒါ ... ဖြောင့်တာပေါ့။ ရိုးသားတာ ပေါ့။ ကိုယ့်အပေါ် မကောင်းလို့ ပြန်မကောင်းဘူးဆိုတဲ့သူ ဟာ ...

"စိတ်ပုပ်မဟုတ်ပါဘူး၊ ဖြစ်ချင်းဖြစ်ရင် သည်းညည်း ခံစိတ် နည်းတာပဲ ဖြစ်မယ်"

"သဇင် ... တစ်ဖက်သားရဲ့ ကောင်းကွက်လေးတွေ ရွေးပြီး မြင်တတ်တယ်နော်။ တို့မှာ ကောင်းကွက်ဆိုတာ ရှာချင်ရင် အပ်ဖျားလေးနဲ့ လိုက်ထောက်ရှာရမှာ"

"အပ်ဖျားလေးနဲ့ လိုက်ထောက်ရှာလည်း၊ အဲဒီအပ်ရာတွေ များပြီး ပေါင်းလိုက်ရင် အပြန့်ကျယ်ကြီး ဖြစ်သွားတာပဲ ပေါ့"

"တို့မှာ ... ဘယ်တုန်းကမှ အကောင်းမြင်ဝါဒ မရှိခဲ့ဖူး ဘူး"

"ရင်ထဲမှာ ရှိနေပြီးသားကို ထုတ်မသုံးဖြစ်ခဲ့တာပါ မြူနှင်း ရယ်၊ မြူနှင်းရော သဇင့်ကို မချစ်ဘူးလား။ ပြော ... ကဲ လေ"

မြူနှင်း ... သဇင့်ကို တွေတွေလေး စိုက်ကြည့်လိုက် သဇင့်ကို ချစ်လား ... ချစ်လား ... ကိုယ့်ကိုယ် မေး ထုတ်လိုက်သည်။

"သဇင်"

သဇင့်ကို ကျုံးဖက်ပစ်လိုက်၏။

"ချစ်တယ် ... သဇင့်ကို ချစ်တယ်။ တို့ဘဝတစ်လျှောက် လုံးမှာ သဇင်ဟာ တို့ကို နားလည်ပေးနိုင်ဆုံး လူသားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာ မြနှင်းရယ်"

"မေတ္တာ"ဆိုသည့် ကြည်လင်အေးမြခြင်း၊ ချမ်းမြေ့ဖြူစင်ခြင်း၊ ငြိမ်းချမ်း၍ နှစ်လိုဖွယ်အတိဖြစ်ခြင်း မင်္ဂလာတစ်ပါးကို၊ ဦးသွေး အိမ်ပေါ်ရောက်မှ မြည်းစမ်းကြည့်ခွင့် ရခဲ့သော မြနှင်းဟာ သဇင် ဆိုသည့် သူငယ်ချင်းညီအစ်မလေးရမှ ... ရင်မှာနှစ်သိမ့်စွာ ခံစားတတ်လိုက်ရပါတော့သည်။

"တို့ စည်းကမ်းမရှိတာ ခွင့်လွှတ်နော်။ ပြုပြင်မှာပါ"

"ခွင့်လွှတ်ယူရလောက်အောင် စည်းပျက်ကမ်းပျက်ဆိုတာ မြနှင်းမှာ မရှိပါဘူး၊ အဝတ်မလျှော်တာလောက်၊ နေကြာစေ့တွေ တွေ့ကရာထွေးတာလောက်ဟာ အလေ့အကျင့်လေးတွေပါပဲ၊ ပြုပြင်လို့ ရပါတယ် မြနှင်းရဲ့၊ အကျင့်စာရိတ္တနဲ့ မဆိုင်ပါဘူး၊ အပေါယံလေးတွေပါ"

"တို့ကို အဲဒီလိုဖေးမမယ့်သူ တစ်ယောက်မှ မရှိခဲ့ဘူး။ ဒီအိမ်ကို ရောက်တော့လည်း ဦးသွေးက ပြုပြင်သွန်သင်ပေးမယ့် သဇင့်လို နွေးနွေးထွေးထွေး မပြောဘူး"

"ဒါတော့ ... ဦးသွေးက လူကြီးလေ မြနှင်းရဲ့၊ ပြီးတော့ ယောကျ်ား"

"ဟုတ်ပါရဲ့ ... ယောကျ်ားတွေက မိန်းမတွေလောက် မေတ္တာတရား မကြီးမားနိုင်ဘူး ထင်တယ်"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ"

"အဘွားကလေ ... တို့ကို အကျင့်ပျက်မတဲ့၊ စည်းမရှိကမ်းမရှိ ပရမ်းပတာမတဲ့။ ဒုက္ခအကြီးအကျယ်ရောက်မဲ့ဟာမတဲ့။ သေရင်တောင် အဝိစိကျိုးကပ်မဲ့ကောင်မတဲ့"



"ကရုဏာဒေါသပေါ့ မြနှင်းရယ်၊ မြနှင်း အဘွားလည်း သူ့ဘဝမှာ သူ့နာကြည်းချက်နဲ့သူ၊ သူ့အဆင်မပြေမှုနဲ့သူ ဆိုတော့ မြေးကို ဆုံးမချင်ရင်တောင် မချိုသာနိုင်တော့ဘူးပေါ့။ သူကိုယ်တိုင်က ကိုယ့်ဘဝကိုယ် စိတ်ပျက်နာကျင်နေမှာလေ"

"အဖေကလည်း တစ်မျိုးပါပဲ"

"အဘွားကစပြီး ကိုယ့်ဘဝကိုယ် မကျေနပ်၊ စိတ်ပျက်နာကြည်းနေတော့ သားကိုလည်း ကောင်းမွန်စွာ ဆုံးမချင်စိတ် မရှိတော့ဘူးပေါ့"

"အဘွား တစ်ခါတလေဆူရင်လေ ... အမေက ပြောသေးတယ်။ ဟိုလေ ... အမေက ရပ်ကွက်ထဲမှာ ရည်းစားများတယ်ဆိုပြီး နာမည်ကြီးတော့လေ"

"အဲဒါလည်း ... တကယ်များတာ ဟုတ်ချင်မှဟုတ်မှာ။ တချို့က ယောကျ်ားမိန်းမ သိပ်မခွဲခြားဘဲ တရင်းတနှီးနေတတ်တော့ သူများမျက်စိနောက်စရာ၊ ပြောစရာဖြစ်တာမျိုးရှိတယ်"

"အဘွားက အမေ့ကို အရပ်ပျက်မတဲ့။ ချွေးမနဲ့ယောက္ခမက တည့်မှမတည့်တာ။ အမေက ပြောချင်စိတ်မရှိရင် ဘာမှပြန်မပြောဘူး၊ ပါးစပ်ပိတ်ပြီး ကျောခိုင်းနေတယ်။ အဲဒီအခါကျတော့လည်း၊ အဘွားက ... သူ့ကိုအရေးမလုပ်ရကောင်းလားလို့ ပိုစိတ်ဆိုးတယ် ...

"အမေက ပြန်ပြောချင်တဲ့အခါကျတော့ ပြောတယ်။ ကျွန်မ အရပ်ပျက်မ ဖြစ်ပေမယ့် စောစောစီးစီးအရွယ်မ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ခင် ကိုယ့်အိမ်က ဒရိုင်ဘာနဲ့ လိုက်မပြေးခဲ့ဘူး
အဘွားဆိုတာ ... နာလိုက်တာ ဆွေ့ဆွေ့ ကိုခုန်နေတာ
အမေ တစ်ခါတလေ ခံပက်တာကြောင့် အဘွားအကြော
နည်းနည်းပါးပါး သိရတယ် ...

"ဘယ်သူကမှတော့ ပြောပြနေတာ မဟုတ်ပါဘူ
အဘိုးက အဘွားကို နိုးလာပြီး၊ အဘွားပါလာတဲ့ပစ္စည်
တွေ ထိုင်သုံးတယ်တဲ့၊ အရက်လည်း တအားသောက်တ
တဲ့။ ဖဲလည်းရိုက်တယ်။ ပစ္စည်းတွေတောင်းတော့၊ အဘွ
က နောက်ပိုင်းမှာ မပေးချင်တော့ အဘွားကို ရိုက်တ
တဲ့"

"အဘိုးကို မြူနှင်း မီလိုက်လား"

"မှတ်မှတ်မိမိ မရှိလိုက်ဘူး၊ ငယ်ငယ်တုန်းက လူကြီးတေ
ရန်ဖြစ်ရင် ကြောက်လွန်းလို့ တချောင်ချောင်မှာ သွားပုန်
နေရတယ်။ ကြောက်ပြီး ထွက်မလာရဲတာနဲ့ ထမင်းငတ
တဲ့အခါတွေ ရှိတယ်၊ အဲဒီချောင်ထဲမှာပဲ ပုန်းရင်းက အိ
ပျော်သွားရောတဲ့။ နိုးလာတဲ့အခါကျမှ ဗိုက်ဆာပြီး မီး
ထဲ တိတ်တိတ်လေး ဝင်စားရတယ်"

"အမေက ရှုံးမကျွေးဘူးလား"

"ကျွေးတဲ့အခါ ကျွေးပါတယ်၊ ဒါပေမဲ့ ... ကိုယ့်ဘာသ
ဆာလာရင် ဝင်ရှုံးစားလိုက်တာ များတယ်။ ငယ်ငယ်
လေးတည်းက ကိုယ့်ထမင်း ကိုယ်ရှုံးစားခဲ့ရတယ်၊ အဘိ
ကို သေချာမမှတ်မိပေမယ့်၊ အဘွားက ... အခုနောက်ပိုင်
လည်း စကားထဲမှာ ထည့်ပြောရင် ... သေချင်းဆိုးတဲ့ ...



"အဖေ မူးပြီးပြန်လာရင်၊ အဖေတူ သေချင်းဆိုးရဲ့
သားတဲ့၊ ကာလနာတိုက်လာပြီလားတဲ့"

သဇင်က ရယ်ပါလေတော့သည်။

"ဟင် ... ဒါရယ်စရာလား"

"အဘွားက စိတ်ညစ်ညစ်နဲ့ နစ်နာပါစေတော့ရယ်လို့
ပါးစပ်က ပြောပေမယ့် ရင်ထဲကပါမယ် မထင်ပါဘူး"

"ဟောကြည့် ... သဇင်က အကောင်းမြင်ပြန်ပြီ"

"ဘဝက ကြမ်းတမ်းလွန်းတယ်၊ ခံစားရချက်က ပြင်းထန်
လွန်းတယ်၊ ကိုယ့်ဘာသာ ရွေးချယ်ခဲ့တဲ့လမ်းက လမ်းမှား
ကြီး ဖြစ်နေပြီ၊ ပြန်ပြင်လို့လည်း မရတော့ဘူးဆိုတော့၊
ထွက်ပေါက် ခပ်ကြမ်းကြမ်း ရှာထွက်တဲ့သဘောပါပဲ။
ဒါတွေဟာ လူ့သဘာဝတွေပါပဲ မြူနှင်းရယ်"

"သဇင်က ဘာဖြစ်လို့ ငြိမ်းချမ်းပြီး အားလုံးကို အကောင်း
မြင်ဝါဒီသမား ဖြစ်နေတာလဲ"

"သဇင်တို့လည်း ဆင်းရဲပါတယ်၊ အဖေက အသောက်အစား
မရှိဘူး၊ အမေ့ကို အကုန်ပြန်အပ်တာပဲ၊ ဒါပေမဲ့ ... အဖေ
ရှာပေးနိုင်တဲ့ ဝင်ငွေကိုကနည်းတော့ သဇင်တို့ဆင်းရဲရတယ်၊
ဆွေစဉ်မျိုးဆက် ဆင်းရဲလာတာပဲ၊ ဆင်းရဲတာဟာ ...

"သဇင်တို့အဖို့ မဆန်းတော့ဘူး၊ မြိုးခြိရတယ်၊
ချွေတာရတယ်၊ အဲဒီထဲမှာ နေသားကျနေပြီ။ ဒီတော့ ဒါ
ဟာ ဒုက္ခကြီးတစ်ခု မဟုတ်တော့ဘဲ၊ ရင်ဂုဏ်ကို ရင်ဆိုင်ရ
မယ့်၊ ရုန်းကန်ရမယ့် အနေအထားတစ်ခု အဖြစ်နဲ့ လက်ခံ
နိုင်သွားတာပါ ...

www.burmeseclassic.com

www.burmeseclassic.com



"မြူနှင်း အဘွားကတော့ ချမ်းသာခဲ့တယ်၊ အ
ဆုံးသမီးဆိုတော့ အလိုလိုက်လည်း ခံရဦးမယ်၊ ရွှေ
မြဲတင်နေခဲ့ရမှာပေါ့။ အဲဒီတော့၊ ဘဝဆိုတာ အကောင်း
ကြီး၊ ဘာလုပ်ရင်မှန်တယ်၊ ဘာလုပ်ရင်တော့ မှား
ဆိုတာတွေလည်း သိပ်မတွေးတော့ဘူး၊ ဘဝခရီးလမ်း
က ပန်းမွေ့ရာ ရွှေကော်ဇောလေ ...

"ဒီလူကို ကြိုက်မိတော့လည်း မိဘသဘောမတူ
သေချာတော့ လိုက်ပြေးလိုက်တာပေါ့။ ပစ္စည်းတွေ
လည်း ဒုန်းဒေး ပါသွားဦးမှာဆိုတော့ ဒုက္ခကို ကြိုမမြင်
ဘူး၊ ပစ္စည်းတွေ ကုန်သွားလည်း မိဘအိမ်ပြန်တက်
စိတ်ကူးထားမှာပေါ့ ...

"ဘဝဆိုတာ မျှော်လင့်ထားတိုင်း ဖြစ်ချင်မှ ဖြစ်
တာ မြူနှင်းရယ်။ ပစ္စည်းတွေက ကုန်သွားတယ်၊ မိဘ
လုံးဝအမွေဖြတ်တယ်ဆိုမှ၊ ဘဝဆိုတာ ဘာကြီးလဲ ...
ကြောက်လန့်တကြား သိရတာနေမှာလေ"

"အဘိုးက ပစ္စည်းမက်ပြီး ခိုးလာတာနေမှာ"

"ဟုတ်ချင်လည်း ဟုတ်မယ်၊ ဟုတ်ချင်မှလည်း ဟုတ်
ပေါ့"

"ပစ္စည်းတွေကို ဖြုန်းပစ်တယ်လေ၊ တကယ်ချစ်ရင် ...
လုပ်ပစ်စရာလား"

"ချစ်ရင်လည်း ချစ်မှာပေါ့၊ ချစ်ချင်မှလည်း ချစ်မှာ
မချစ်ဘဲ ... အရချောင်လို့ ခိုးပြေးခဲ့တယ် ဆိုရင်လည်း
သူဟာ ကိုယ့်အပေါ်မှာ တကယ်မေတ္တာစစ်မစစ် မ



နိုင်ခဲ့တဲ့ အဘွားဘက်မှာသာ အပြစ်ရှိတယ်။ တစ်ခါ ...
အဘွားကို ပြန်တွေးပေးရရင်လည်း ...

"လောကကြီးမှာ သူ့အဖို့က အကောင်းချည်းဆို
တော့ အဆိုးဆိုတာမျိုးရှိသေးပါလား မတွေးနိုင်ခဲ့ပြန်ဘူး၊
ဒါတွေဟာ ... အကြောင်းတစ်ခုကြောင့် အကျိုးဖြစ်သွား
တာတွေချည်းပါပဲ၊ ပစ္စည်းရှင်ကတောင် ကိုယ့်ပစ္စည်း
ပစ်စလက်ခတ်ထားမယ်ဆိုရင် သူခိုးက မျက်စိရှေ့ အလွယ်
တကူမြင်ရင် ခိုးမှာပဲ၊ သူကိုယ်က သူခိုးပါဆို"

သခင်က ပြောပြီး ရယ်ပြန်၏။

"ဒီတော့ ... မဖြစ်သင့်တာကြီးက ဖြစ်သွားပြီ။ အလွယ်
ရလို့ခိုးခဲ့တာ ဆိုရင်လည်း အဘိုးက အဘွားကို ဒီပုံစံနဲ့ပဲ
ဆက်ဆံမှာပဲ၊ တကယ်ချစ်လို့ ခိုးခဲ့တာဆိုရင်လည်း ..."

"ဘယ်လိုအကောင်းမြင်ဦးမလို့လဲ"

"လူတွေပဲ မြူနှင်းရယ် ... ပုထုဇဉ်လေ။ ကောင်းကောင်း
စားရရင် ကြိုက်တယ်၊ ကောင်းကောင်းသုံးရရင် ပျော်တယ်၊
သုံးဖို့ စားဖို့ ရှိနေရင် သုံးမိမှာ၊ စားမိမှာပဲ။ ဒါတွေကို
ဆင်ခြင်တိုင်းထွာတတ်ဖို့က ရင်ထဲမှာ အသိပညာဆိုတာ
ရှိနေဖို့ လိုတယ်။ အသိပညာဆိုတာ အတန်းပညာနဲ့
နည်းနည်းတော့ဆိုင်တယ်၊ သိပ်အဆိုင်ကြီးတော့လည်း
မဟုတ်ဘူး ...

"ယောကျ်ားဆိုတာ သူက သူဌေးစားဖြစ်ပြီး
ဘုရင့်သမီးတော်ကို ရထားလဲ၊ တစ်သက်လုံးတော့ မော်မ
နေမှာ မဟုတ်ဘူး၊ အဲဒါ သဘာဝပဲ။ အိမ်ဦးနတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သူက ယောက်ျားမာနကြီး ထုတ်ပြလာမှာ ... တကယ်
သဘာဝတရား၊ အစစ်အမှန်၊ ဖြစ်ကိုဖြစ်လာမှာ ...

"အဲဒီအခါကျရင် ပင်္ဂုပက္ခက ဆိုးဝါးရော့။ မိန်း
က စကားပြောလေး နည်းနည်းမှားရင်တောင် ငါ့ကိုသူ
နှိမ်တာလား၊ ဘာညာနဲ့၊ ယောက်ျားတိုင်းမှာ ယောက်ျား
မာနဆိုတာ ရှိတယ်။ အမေရှိတုန်းက ပြောဖူးတယ်၊ ဘယ်
ယောက်ျားမှ မိန်းမကို ဘယ်လောက်ချစ်ချစ်၊ တစ်သ
လုံးထိုင်မချော့နေဘူးတဲ့၊ တစ်နေ့နေ့မှာ မာရေကျောရေ
ပြ ပေါ်တာပဲတဲ့ ...

"မာရေကျောရေ ဖြစ်မလာရင်တောင် ဥပေက္ခာပြုလာ
တယ်၊ လျစ်လျူရှုလာတယ်တဲ့။ ဘယ်လိုယောက်ျားကို
ရရ ကိုယ့်အပေါ် မာရေကျောရေ အကျင့်ဖြစ်မလာအော
ဥပေက္ခာပြုမလာစေဖို့ အလိမ္မာသုံးပြီး နေတတ်ရမှာ
မိန်းမတာဝန်တဲ့။ မိန်းမ မလိမ္မာရင် ...

"ယောက်ျားတွေက စောစောစီးစီး ဆိုးလာတယ်
မိန်းမလိမ္မာရင် ဆိုးတာနောက်ကျမယ်၊ သေတဲ့ထိ ချိုသာ
ပျော့ပျောင်းနဲ့ မိန်းမကို လုပ်ကိုင်ကျွေးမွေး သစ္စာရှိသွား
ယောက်ျားမျိုးက ယောက်ျားတစ်သိန်းမှာ တစ်ယောက်တဲ့

"အဲဒါ အဲဒီယောက်ျားတော်တာထက်၊ မိန်းမက
လိမ္မာလို့၊ မိန်းမအထိန်းသိမ်းကောင်းလို့၊ ယောက်ျားအဲ
လိုဖြစ်တာတဲ့။ ဒါမျိုးက ရှာမှရှားမို့ ကိုယ့်အလှည့်ကျ
ဒီလိုမျိုး ရလာလိမ့်မယ်လို့ မျှော်လင့်ထားရင်၊ မျှော်လင့်
ထားတဲ့ မိန်းမသာလျှင် လူမိုက်တဲ့"



"သဇင့်အဖေက ဆိုးလား"

"မဆိုးပါဘူး၊ ဒါပေမဲ့ ... မရှိ ... ရှိတဲ့ကြားက အဖေ့
ကိုတော့ ဦးစားပေးရတာပေါ့၊ ချက်ထားတဲ့ ဟင်းလေးနည်း
နေရင် အဖေစားပေါ့။ ဒါကို အဖေက သိပေမယ့် အဲဒီ
အခွင့်အရေးကို ရသင့်ရထိုက်တယ်လို့ ယူတာပဲ။ အတိ
အလင်း ကြော်ငြာပြီး ယူတာတော့ မဟုတ်ဘူးပေါ့လေ"

"သဇင့်အမေက တော်တော်လိမ္မာတဲ့မိန်းမ ထင်တယ်"

"လိမ္မာတယ် ဆိုတာထက် လောကကြီးမှာ ဖြစ်ပျက်နေ
လေ့ရှိတဲ့ သဘာဝတရားကို အမှန်အကန်လည်း မြင်နိုင်
တယ်၊ လက်လည်း လက်ခံတယ်ဆိုတာက ပိုပြီးမှန်ပါ
တယ်"

"ဒါတွေ သဇင် ဘယ်လိုသိခဲ့လဲဟင်"

"ဆွေစဉ်မျိုးဆက်၊ လက်ဆင့်ကမ်းပြီး ပြောခဲ့တဲ့ ဆုံးမ
စကားတွေပဲပေါ့"

"သဇင်နဲ့ ယှဉ်လိုက်တော့ သဇင်က အဖိုးတန်သလောက်
ကိုယ်က တော်တော်အောက်တန်းကျနေတယ်"

"မကျပါဘူး၊ ခုချိန်ထိ ရည်းစားမထားတာရယ်၊ ယောက်ျား
လေးသူငယ်ချင်းတွေ ရှိပေမယ့်၊ မသမာတဲ့စိတ်နဲ့ဆိုရင်
အထိမခံတာရယ်၊ ကိုယ့်ဘဝလေး နစ်မွန်းမသွားအောင်
ထိန်းထားနိုင်တာတွေဟာ မြူနှင်းရဲ့အရည်အချင်းပဲပေါ့"

"မရှိတာကို ရှာကြံချီးကျူးနေပြန်ပြီကွာ"

"တကယ်ပြောတာပါ။ မြူနှင်းက ဆူးတောထဲမှာ ကြီးပြင်း
ခဲ့ရလို့ ကြမ်းရှတဲ့ဒဏ်ရာတွေ ရခဲ့တာပါ။ အခု ... မြူနှင်း

www.burmeseclassic.com

www.burmeseclassic.com



ဆူးတောထဲကလွတ်ပြီ။ ဒဏ်ရာတွေ ပျောက်သွားဖို့ပဲ... တော့တယ်။ ပြီးရင် ... မြူနှင်းဘဝလေး ချောမွေ့ပြီ...
"ကျေးဇူးတင်ပါတယ် သဇင်ရယ်"

မြူနှင်းဘဝမှာ မြူနှင်းကို အဲဒီလို ... နွေးထွေး... သိမ်မွေ့စွာ၊ ဆုံးမစကားကို ဆုံးမရာ မရောက်အောင် ပါးလျ... စွာ ပြောပြမည့်သူ တစ်ဦးမျှ မရှိခဲ့ပါ။

ခုတော့ ... သဇင်ဟာ မြူနှင်း ဘဝလေးကို အေ... ဆေးငြိမ်ချမ်းစေမယ့် ဆေးချိုအေးလေးတစ်ခွက် နေ့တိုင်းတိုက်... နေသလိုပါပဲ။

"ဦးသွေးက ... တကယ့် အဆင့်အတန်းမြင့်တဲ့ လူ... လူကောင်း၊ စိတ်သဘောထားကလည်း မြင့်မြတ်တယ်... ကိုယ့်ကျေးဇူးရှင်လည်း ဖြစ်တယ်၊ သဇင် ... ညတိုင်းရှိ... တယ်"... တဲ့။

ဦးသွေးကို မြူနှင်းလည်း ကျေးဇူးတင်တော့ တင်... တာပင်။ သို့ပေမဲ့ ... သဇင့်လောက် မနက်ရှိုင်းဘူးဟု ထင်၏... ကုသိုလ်ကံအကျိုးပေးချိန်တန်လို့ ဦးသွေးအိမ်ပေါ်ရောက်ရတာ... ငါ ကံကောင်းလာပြီဟု ထင်သည့်စိတ်က ပိုများခဲ့ပါသည်။ ရှိ... ရကောင်းမှန်း မသိခဲ့။ ဦးသွေး ဝေယျာဝစ္စတချို့ကို လုပ်ပေး... တာ၊ ဦးသွေး စည်းကမ်းအတိုင်း နေရတာတွေဟာ၊ သူ့အိမ်ပေါ်... နေ သူကျွေးတာစားနေရလို့ လိုက်လျောရတာပင်။ ရင်ထဲမှာ... အတွေးထဲ တကယ်ပြုပြင် ပြောင်းလဲသွားခြင်း မရှိခဲ့ပါ။ ဒါတောင်... ရပ်ကွက်ထဲမှ ခင်နှင်းရီနှင့် ဦးသွေးအိမ်မှ မြူနှင်းစိုတို့ဟာ တော်... တော်လေး ကွာခြားမြင့်မားလာခဲ့ရသည်။



ခုတော့ ... သဇင့်စကားတွေက အတွေးအခေါ် အလိမ္မာလေးတွေက မြူနှင်းနားထဲသို့ နေ့တိုင်းလည်းဝင်သည်၊ တစ်နေ့မှာ အကြိမ်ကြိမ်လည်း ဝင်သည်။ မြူနှင်း တော်တော်လေး ပြောင်းလဲလာ၏။ ဒါတောင် ... သဇင့်ကို အားကျအတုခိုးတာ၊ သဇင် ဆုံးမလို့ လိမ္မာတာ ... ဆိုတာထက်၊ ကိုယ့်ဘာသာလိမ္မာ ချိန်တန်လို့ ပြောင်းလဲလာတာဆိုသည့် အတွေးကသာ ရာခိုင်နှုန်း များချင်နေပါသေးသည်။

❣ ○ ❣

"ကြီးမေက ဒေါ်ခင်ခင်မြိုင်ကို တွေ့တယ်တဲ့"

မြူနှင်း လှစ်ခနဲတော့ ဝမ်းသာသွားပါသည်။

"အဲဒီ ဒေါ်ခင်ခင်မြိုင်ဟာ ... အမေဒေါ်ကြည်ကြည်ဘက်က ဆွေမျိုးတွေဆီသွားပြီး မိုခိုတာ၊ ကြီးမေနဲ့တွေ့တော့ မုကျန်းမာဘူး၊ အသက်ဒီလောက်မကြီးသေးဘဲနဲ့ ရောဂါဘာ စုံ၊ အရွယ်ကကျနဲ့၊ ကျန်းမာရေး အတော်ချို့တဲ့နေတယ် တဲ့ ...

"မြူနှင်း သွားတွေ့ချင်လား၊ တွေ့ချင်ရင် စီစဉ်ပေး မယ်၊ မြူနှင်းကိုလည်း အိမ်ရောင်းထားတဲ့ပိုက်ဆံကျန်အော ပေးချင်တယ်တဲ့၊ ဆွေမျိုးတွေဆီမှာ မိုခိုတယ်ဆိုပေမယ့် သွေးဝေးဝေးတွေဆီဆိုတော့ သူ့ဘာသာ ထုတ်ကုန်... တာလည်းရှိတယ်တဲ့။ မြူနှင်း ဘာလုပ်ချင်လဲ"

"အဘွားက တွေ့ချင်ရဲ့လား မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ကျွန်မကို သူ့မြေး မဟုတ်ဘူးလို့ အမြဲပြောခဲ့တာ"

"သားကလည်း ခပ်ဆိုးဆိုး၊ ပြောလို့လည်းမရ၊ ချွေးမနဲ့လည်းမတည့်။ ချွေးမကိုလည်း စိတ်ဆိုး၊ ထွက်ပေါက်ရှာတော့၊ သူ နိုင်မယ်ထင်တဲ့ မြေးအပေါ်မှာပဲ ဒေါသတွေ ပုံချခဲ့တာ ဖြစ်မှာပါ။ အသွားမြေး ဟုတ်မဟုတ်ဆိုတာ မြူနှင်းအဖေ အသိဆုံးဖြစ်မှာပေါ့"

"အဖေကတော့ ... တစ်ခါမှ သူ့သမီး မဟုတ်ဘူးလို့ မပြောခဲ့ပါဘူး"

"ကိုယ့်မိဘနဲ့ ကိုယ့်အသွားကို စိတ်နာစရာတွေ ပြန်တွေးနေရင် ငရဲကြီးရုံပဲ ရှိမယ်၊ ကိုယ်က တတ်နိုင်သလောက် စောင့်ရှောက်ပြီး ကုသိုလ်ယူရမယ်"

"ကျွန်မကို အသွားက မှာတယ်တဲ့လား"

"မှာတယ်တော့ မဟုတ်ဘူးပေါ့။ မင်း ဒီမှာကျောင်းတွေ ဘာတွေ တက်နေရတယ်ဆိုတော့၊ လောလောဆယ်မှာ မွေးစားထောက်ပံ့ထားတဲ့ အုပ်ထိန်းသူက လွှတ်ချင်လား မလွှတ်ချင်လားလည်း ... လူကြီးဆိုတော့ ထည့်စဉ်းစားမှာပေါ့"

"ကျွန်မ သွားရမလားဟင်"

"သွားချင်လား"

"သွားချင်လား၊ မသွားချင်လား မသေချာလို့ သွားသင့်လားလို့ ဦးသွေးကို မေးတာပါ"



"ဒီလောက်ကိစ္စလေးကိုတောင် ကိုယ့်ဘာသာ မဆုံးဖြတ်တတ်ရင် ... ဘဝဆိုတာကြီးကို မင်း ဘယ်လိုလျှောက်မလဲ"

"ကျွန်မ ... သွားပါမယ်၊ သဇင်က ကူညီပေးမယ်ဆိုရင် ဦးသွေးလည်း ခွင့်ပြုမယ်ဆိုရင်၊ သဇင်နဲ့တူတူ သွားချင်ပါတယ်"

"ကောင်းတယ်၊ ခွင့်ပြုတယ်။ ဒါပေမဲ့ ... သဇင် အဆင်ပြေရဲ့လားဆိုတာ မေးဦး၊ ပိုက်ဆံပေးလိုက်မယ်၊ အသွားက ရန်ကုန်ကို လိုက်လာချင်ရင်ခေါ်ခဲ့၊ ဒီမှာ ဆေးရုံတွေ ဘာတွေ တင်ပေးမယ်"

"ဦးသွေး ... ဦးသွေး ဘာလို့အဲဒီလောက် ကောင်းတာလဲဟင်"

"ကျေးဇူးတရားဆိုတာ မမေ့အပ်ဘူး၊ ဒေါ်ခင်ခင်မြိုင် တို့တွေက ငါ့အဖေကို မွေးစားပြီး၊ ပညာသင်ပေးခဲ့တယ်၊ အရင်းအနှီး ထုတ်ပေးခဲ့တယ်၊ ငါ့အဖေက ငါ့အမေနဲ့ရတာ ဟာ၊ သူ ... ပညာတတ် လူကြီးလူကောင်းရယ်လို့ ဖြစ်နေလို့ပဲ ...

"ရွာက ဘုန်းကြီးကျောင်းသားလေးဘဝနဲ့ဆိုရင် သူဌေးသမီး ဒေါ်ခင်မာလာကို ဘယ်ရမလဲ။ ငါ့မိဘချမ်းသာခဲ့လို့ ငါ ဒီနေ့ ဒီလိုနေနိုင်တယ်၊ ကုသိုလ်ကောင်းမှုတွေ ပြုနေနိုင်တယ်ဆိုတဲ့အထဲမှာ ဦးဘမြိုင်၊ ဒေါ်ကြည်ကြည် ကျေးဇူးနဲ့ မကင်းဘူး ...

"ဦးဘမြိုင်၊ ဒေါ်ကြည်ကြည် သမီးတစ်ယောက် ဒုက္ခရောက်နေတယ်ဆိုတဲ့ အချိန်မှာ ငါ့မှာ ပြန်ကြည့်ဖို့ တာဝန်ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဦးသွေးရယ် ... ဆွဲရတာ ဝေးလှပါတယ်။ တာဝန်ရယ်လို့တော့ မရှိပါဘူး၊ ဦးသွေးကိုယ်နှိုက်က စိတ်ကောင်းရှိတာပါ ... ဟု ကြည်ညိုစိတ်များ ဖြစ်ထွန်းရတော့သည်။

"သဇင်ရေ... အကောင်းမြင်ဝါဒလေးနဲ့ချည်း ကြည့်ပေးလိုက်ရင်၊ ကိုယ်လည်းစိတ်ချမ်းသာတယ်၊ လောကကြီးဟာလည်း နေပျော်စရာကြီး ဖြစ်သွားတယ်၊ တို့ ဒီလိုမြင်တတ်လာအောင် သဇင် သင်ပေးခဲ့တာပါ"... ဟု ပြောပြီး၊ သဇင့်ကိုအမှတ်တရလက်ဆောင်လေးတစ်ခုလောက် ပေးချင်လှပါသည်။

"တို့ အလုပ်တစ်ခုခု လုပ်နိုင်တဲ့နေ့ကျရင်၊ ပထမဆုံးရတဲ့ လခထဲက သဇင့်ကို အမှတ်တရ လက်ဆောင်တစ်ခုခုပေးမယ်"... ဟု ဖွင့်လည်းပြောလိုက်သည်၊ ရင်ထဲမှာလည်း 'အားခဲလိုက်ပါသည်။

သဇင်နှင့်တူတူ၊ အဘွားဆီသို့ သွားဖြစ်သည်။ အဘွားကျန်းမာရေးက တော်တော်ဆိုးနေ၏။ မန္တလေးသို့ခေါ်လာကာ မန္တလေးဆေးရုံကြီးမှာတင်သည်။ မြူနှင်း အဘွားကိုပြုစုလိုက်ရပါသည်။

"ငါ့မြေး ... လိမ်လိမ်မာမာနေ"

အဘွားက မဆုံးမီမှာ "ငါ့မြေး"ဟု တစ်ခွန်းခေါ်သွားခဲ့သည်မို့ မြူနှင်း မျက်ရည်ကျပါသည်။ အဘွားကို ကောင်းစွာသင်္ဂြိုဟ်ခဲ့သည်။ အဘွားအတွက် ကျန်းမာရေးကုန်ကျစရိတ်ကို ဦးသွေးက ပို့ပေးသည်မို့ အဘွားအိမ်ရောင်းရငွေ လက်ကျန်လေးကို မထိခိုက်ပါ။ အဘွားက မြူနှင်းကို အပ်ခဲ့၏။



"ဦးသွေး ... အဘွားပေးခဲ့တဲ့ ပိုက်ဆံကို စာသင်တိုက်တစ်ခုမှာ ဆွမ်းပဒေသာပင်နဲ့ ဆေးပဒေသာပင် စိုက်တဲ့ထဲ ရှာ လှူခဲ့ပါတယ်"... ဆိုတော့ ဦးသွေးက သာဓုခေါ်၏။

ကောင်းမှုတစ်ခုတော့ ပြုဖူးပြီဟု ဆိုကာ ... ဘဝကြမ်း စိတ်ကြမ်းနှင့် အရိုင်းမလေး ခင်နှင်းရီ သို့မဟုတ် မြူနှင်းစို စိတ်ဓာတ်ကလေး နူးညံ့စပြုလေ၏။

❦ ○ ❦

www.burmeseclassic.com

www.burmeseclassic.com



## ၉

လောကကြီးမှာ ဘာတွေ ကျွမ်းထိုးမှောက်ခုံ ဖြ
ကုန်ပြီလဲ။ မြနှင်း ... အိပ်မက်ထဲမှာ ယောင်ယမ်းနေတာလား
တောင် ထင်လိုက်မိသည်။ တကယ်ပဲလား။ နားကိုပင် မယုံကြ
နိုင်။ နားကြားလွဲသလား။

မြနှင်းဘဝမှာ ထူးခြားစွာ ပြောင်းလဲဖြစ်ထွန်းသွာ
ရတာတွေတော့ ရှိခဲ့ပါသည်။ မြနှင်းမွေးစမှ အဘွားအိမ်မှ စိ
ဆိုးပြီး ထွက်လာခဲ့သည့် အချိန်အထိကတော့ ... မြနှင်းဘဝ
မျဉ်းဖြောင့်တစ်ကြောင်းလို အဖွဲ့အကောက်မရှိ ... ဟု ပြောလျှ
ရပါသည်။ ကွေ့လွန်းကောက်လွန်းသောကြောင့် မြွေလိမ်မြွေ
ကောက်ဟုလည်း ပြောနိုင်ပါသည်။ အမေ အိမ်မှထွက်သွားတာ
နောက်ယောက်ျားယူတာ၊ အဲဒီယောက်ျားက မိန်းမကြီး ရှိနေတာ
အဲဒီယောက်ျားနဲ့ကွဲတာ၊ နောက်ထပ် အိမ်ထောင်ကျသေးတာ
အိမ်ထောင်ဆက် တော်တော်များသွားကာ၊ သားသမီး ထပ်မရတာ
အဖေဆုံးတာ၊ ဒါတွေဟာ ကွေ့လိုက် ကောက်လိုက် မြွေလိမ်
မြွေကောက်လို တွန့်တွန့်ကျိုးနေသည်ဟု ပြောလျှင်ရပါသည်။



ဘဝ၏ဆစ်ကျိုးတွေက များလွန်းလို့ ကွေ့လှကောက်
လှချည့်ရဲ့ဟု ပြောနိုင်ပါသည်။ သို့ပေမဲ့ ... မြနှင်း (မှတ်မိ
သလောက်ကစ) အဘွားမှစ၍ အဖေ၊ အမေ၊ မြနှင်း ...
ဒီမိသားစုဟာ ဆင်းရဲခြင်း၊ ကြမ်းတမ်းခြင်း၊ ရိုင်းပျခြင်း၊ အဆင့်
အတန်း မမြင့်ခြင်း ... စသည့် အနိမ့်ဖြစ်ရပ်များ၊ ဘဝ၏ဆူးခက်
ချားကြားမှာ စဉ်ဆက်မပြတ် နေထိုင်ကြီးပြင်းခဲ့ရသည်မို့ မျဉ်း
ဖြောင့်တစ်ကြောင်းလို ဖြောင့်စင်းလှပါသည်ဟုလည်း ပြောနိုင်ပါ
သည်။ မြနှင်း ... အဘွားနှင့်နေချင်စိတ် ကုန်ခန်း၍ ဖြစ်ချင်ရာ
ဖြစ် (စိတ်လိုက်မာန်ပါ)အိမ်မှထွက်လာ၊ နေကပူ၊ ဗိုက်ကဆာ၊
နုံးလဲပြီး ဦးသွေး အိမ်ပေါ်သို့ ရောက်သွားခြင်းက ဘဝမျှဉ်းကြောင်း
ပေါ်မှာ ကိုးဆယ်ဒီဂရီမျဉ်းမတ် ထောင်လိုက်သည့်နှယ်။

မြင့်မားကွေ့ချိုးသွားပြီးသည့်နောက်မှာ ဒေါ်တင်တင်
လတ် ရောက်လာခြင်း၊ အဘွားဟာ ဦးဘမြိုင် ဒေါ်ကြည်ကြည်
(မိုးကုတ်သူဌေးကြီးတွေ)ရဲ့ သမီးအငယ်ဆုံးလို့ သိလိုက်ရခြင်း
ဟလည်း ဆစ်ချိုးတစ်ကွေ့။ သဇင် ရောက်လာခြင်းက ဆစ်ချိုး
တစ်ကွေ့၊ သဇင် ရောက်လာပြီး မြနှင်းမှာ ချစ်ခင်နှစ်လိုသော
သူရယ်လို့ (သဇင်)ရှိလာခြင်း၊ စိတ်ဓာတ်လေး အနည်းငယ်
နည်းပျော့ပျောင်းလာခြင်း၊ နေတတ်ထိုင်တတ်ပုံနှင့် ပြုမူပြောဆို
ခြင်းများ (နည်းနည်းပါးပါး) အဆင့်အတန်း မြင့်လာခြင်းများဟာ
သည်း ဘဝ၏ဆစ်ချိုးကွေ့လေးများ ဖြစ်ခဲ့ပါသည်။ မြနှင်းသို့
ဆိုသည့် ဘဝကြမ်းမှ အရိုင်းအရိုင်းလေး၏ မသိမသာ ပြော
ပြောင်းလဲခြင်းများ ဖြစ်ခဲ့သည်တည်း။ ယခုအချိန် ဆစ်ချိုးကွေ့
ကြီးကတော့ အရှိန်ပြင်းလှသည်။ ဘဝသည် တောင်ပုံကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ဖြစ်ဗြားအံ့၊ မုန့်တိုင်းတစ်ခု ဝင်မွှေလိုက်သလား ထင်ရအော
အပြောင်းအလဲ(စိတ်ဓာတ်)များစွာ ဖြစ်ထွန်းသွားရတော့သည်။

မြနှင်းရော့ သဇင့်မှာပါ အလုပ်ပြင်ပစ္စည်းများက အထိုက်အလျောက် ရှိကြပါသည်။ မြနှင်း ဆယ်တန်းမအောင် အချိန်တုန်းက သဇင်က အိမ်မှာနေရတာ များသည်။ အိမ်မှုကိ တွေမှာ မြနှင်းထက် ပိုပြီးပါဝင်နိုင်သည်။ နေ့ကျောင်းမတက်ဘ ကျူရှင်ဝိုင်းတွေ တက်ရသည့် မြနှင်းက နေ့တိုင်း အိမ်မှထွက် ရသည်။ မြနှင်းဟာ သဇင့်ထက် ပိုလုပါသည်။ အလုလည်း ပြင်သည်။ သို့ပေမဲ့ ... မိတ်ကပ်အဖွေးသား၊ နှုတ်ခမ်းနီရဲပဒေါင်း စသည်ဖြင့် မျက်နှာပြင်ပေါ် ဆေးရောင်စုံ သုတ်တာကို ဦးသွေး က ခွင့်မပြုပါ။ ကျောင်းသူဟာ ကျောင်းသူနှင့်တူအောင်နေဟု ပြောခဲ့သည်။ အဲသည်လိုနှင့် ... မြနှင်း ဆယ်တန်းအောင်သွား ခြင်းမှာလည်း ဘဝ၏ ဆစ်ချိုးတစ်ကွေ့ ဖြစ်ခဲ့ရသည်။ မြနှင် လည်း အဝေးသင်ပဲ တက်ရောက်ကာ သဇင်နှင့် အိမ်မှာတူတူနေ ပြီး ဦးသွေး ပြောသည့် "မိန်းမသားတို့ တတ်အပ်သောပညာရ များ"ဆိုတာကို သင်ကြားရသည်။

ချက်ပြုတ်၊ လျှော်ဖွပ်၊ အိမ်အလုဆင်၊ မုန့်မျိုးစုံလုပ် ခြ်အလုပြင်၊ အဲဒါတွေအားလုံး တတ်ပြီးတော့၊ ပန်းအိုးထိုး လက်ကိုင်ပန်း၊ ပန်းခြင်း ပြုလုပ်နည်းများ၊ နောက်ဆုံးသင်ရသည် သင်တန်းက အချုပ်အလုပ်။ အချုပ်အလုပ် ဆိုရာ၌ အကျီတ ထည် ချုပ်တတ်ရုံနှင့် မပြီးပါ။ ဒီဇိုင်းထွင်၊ ညှပ်၊ ကိုယ်တိုင်ချု ဆိုသည့်အထိ သင်ရပါသည်။ ဒါတွေကို အစက ဝါသနာမပါပေ မယ့် သဇင်နှင့်နှစ်ယောက်သား တူတူသွား၊ တူတူစား (ဦးသွေ



က ကားနှင့်ကြိုပို့ပေးခွင့်ပြုသည်မို့ ယာဉ်မောင်းနှင့် ကားနှင့်သွား လာရပါသည်)ဆိုတော့ ပျော်တာနှင့်ပင် ဝါသနာပါလာရသည်။

ဒါတွေ တတ်လာခြင်းဟာလည်း ဘဝ၏အပြောင်း အလဲလေးတွေပဲမို့ ဆစ်ချိုးကွေ့လေးများဟုပြောလျှင် ရပါသည်။ ဘဝဆိုတာ လှေကားထစ်များနှင့်တောင် တူသလိုလိုပါ။ မြနှင်း သည်လှေကားထစ်များမှ တစ်ဆင့်ပြီးတစ်ဆင့် တက်ရင်း ဘဝ အလေး မြင့်မားခဲ့ရပါသည်။

ခုဆို ... မြနှင်းက ဒုတိယနှစ်၊ သဇင်က တတိယ နှစ်။ ပညာရေးသည်လည်း မြင့်မားလာခဲ့ရပြီ။ မြနှင်းဟာ စာညံ့ ဉာဏ်ထိုင်းတစ်ယောက် မဟုတ်ကြောင်း စာကို စာကယ်ကျက် ကြည့်မှ တကယ်သိရ၏။ အရင်က စာမေးပွဲတွေကျခြင်း ကျောင်း အုပ်ကြီးလက်မှတ်နားမှာကပ်၍ အဆင့်အနိမ့်ဆုံးနီးပါး အောင် ခြင်းတို့မှာ မြနှင်း မကြိုးစားလို့၊ ဆုံးမကွပ်ကဲမည့်သူ မရှိ၍သာ ဖြစ်ကြောင်း၊ ခုဆို ... မြနှင်း ကိုယ်တိုင် သိလာရပြီ။ ကိုယ့်ကိုယ် ကိုယ် ယုံကြည်စိတ်လည်း ပြည့်ဝလာခဲ့သည်။ ပြောရလျှင် ဘွဲ့ မရသေးပေမယ့်၊ ပညာတတ်ကြီးဟု မခေါ်နိုင်သေးပေမယ့် ဘဝမှာ ဖြစ်ဖြစ် ... မြနှင်း လူရာဝင်ခဲ့ရပါပြီ။

နေခဲ့ဖူးသည့်ရပ်ကွက်သို့ပြန်၍ ကွမ်းယာရောင်းသော "အိကလဲယား"ကို ဖတ်ခနဲရိုက်ပြီး "ကောင်မ"ဟု ခေါ်ပစ်ရို မြနှင်း ရှက်တတ်လာခဲ့ပြီ။ ထိပ်ပုတ် ခေါင်းပုတ် လုပ်ခဲ့သည့် ဘလေကချေကောင်လေးတွေနှင့် ဟေးလားဝါးလား မလုပ်ချင်ပြီ။ ဒါဟာ ... မြနှင်း မာနကြီးသွားလို့ မဟုတ်ဘဲ၊ စည်းကမ်းသေ လန့်နားလေးနှင့် အဆင့်မြင့်မြင့် နေတတ်လာခြင်းသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြိုင်က ...

"မမြနှင်း ... ကိုသွေးခေါ်တယ်" ... တဲ့။

ဒါဟာ ... ဆစ်ချိုးပိုင်းကြီး၏ ရှေ့ပြေး "တော်လဲသ" ဟု မြနှင်း မသိခဲ့ပါ။ မြနှင်း ... ဒီနေ့ ဘယ်မှသွားစရာမရှိသည် မို့ စောစောစီးစီး ရေချိုးကာ မှန်တင်ခုံရှေ့မှာထိုင်၍ အလှပြ နေ၏။ သဇင် ဘယ်ရောက်နေမှန်းမသိ။ ရေချိုးခန်းထဲ မဝင် ကတော့ သဇင် အခန်းထဲမှာပဲ ရှိသည်။

"ဟုတ်ကဲ့ အဒေါ် ... သဇင်ရော"

"အိမ်ရှေ့မှာ"

ဦးသွေး ... တစ်ခုခုကို ပြောစရာရှိသည် ထင်ပါရဲ့

❣ ○ ❣

ဦးသွေးက ဧည့်ခန်းဆိုဖာဆက်တီတစ်လုံးမှာ ထိုင် နေ၏။ ကပ်ရပ်ခုံမှာက သဇင်။ နည်းနည်းတော့ ထူးဆန်းသည် ဦးသွေး ခေါ်၍ တစ်ခုခုပြောလျှင် ဦးသွေးနှင့် မည်သူမျှ ဘေးချင်း ယှဉ်၍ မထိုင်ဘူးခဲ့ပါ။ မျက်နှာချင်းဆိုင်မှာသာ တဲတဲလေး တောင့်တောင့်လေးထိုင်လျက် ဦးသွေး အမိန့်ကိုနာခံမြဲ။ ဦးသွေး ကို ကျေးဇူးရှင် ဦးလေးသားချင်းသဖွယ် ချစ်ကြောက်ရိုသေ ကောင်းမှန်း မြနှင်းတောင် သိမှတော့ (မြနှင်းထက်ပို၍ သိနား သည်ဟု မြနှင်း ကိုယ်တိုင် သတ်မှတ်ထားသော) သဇင်က ပို၍ တောင် နားလည်ပါဦးမည်။



မြနှင်းက ဦးသွေးနှင့် မျက်နှာချင်းဆိုင်မှာပဲ ခါတိုင်း သို့ တဲတဲကလေး၊ တောင့်တောင့်ကလေး ထိုင်လိုက်၏။

"မြနှင်းကို ပြောစရာရှိလို့"

"ဟုတ်ကဲ့"

"မနက်ဖြန် ... ငါနဲ့သဇင် ရုံးမှာလက်မှတ်ထိုး လက်ထပ်မယ်"

"ရှင်"

ကမ္ဘာကြီး ဘာဖြစ်သွားတာလဲ။ ဘယ်လိုမှထင်မ းလိုက်တာမှ သဲလွန်စကလေးတောင် မရရှိခဲ့။ လက်ထပ်ဖို့ တွက် ချစ်ရဦးမည်။ ချစ်ခွင့်တောင်းရဦးမည်။ အချစ်ကို က်ခံရဦးမည်။ ပြီးမှ လက်ထပ်ကြဖို့ စီစဉ်ရမည်။ ဦးသွေးနှင့် ဇင်တို့ ချစ်သူတွေ ဖြစ်နေကြပြီလား ... ဟူ၍ ထင်စရာနည်း ည်းလေးမှ သဲလွန်စမရခဲ့ပါ။ (မြနှင်း နည်းတူ)ကင်းရှင်းကြ န်း၏။ ဦးသွေးနှင့် နေလာတာ သုံးနှစ်တောင် ရှိပေမယ့်၊ ဒီ ာက်ကြီးလည်း မရင်းနှီး၊ ဦးသွေးက သူ့ဘာသာ တစ်ဆင့် င့် အနေအထားမှာ အုပ်ထိန်းသူ လူကြီးမိဘအဖြစ် တည်ရှိ၏။

သဇင်နှင့် မြနှင်းတို့က သူငယ်ချင်းညီအစ်မအဖြစ် က်ပွန်းတတီး၊ တွတ်တိုးလိုက်ကြ၊ စားလိုက်ကြ။ ဦးသွေးထက် လျှင် ဒေါ်ကြိုင်နှင့်မှ ပိုရင်းနှီးပါသေးသည်။

ဘယ်တုန်းကလဲ။ ဘယ်လိုဖြစ်သွားတာလဲ။ ဟာ ာ ... နားမလည်နိုင်တော့ဘူး ... ဟု အော်ဟစ်လိုက်ချင်စိတ် ဘယ်မှာအခြေခံပါသနည်း။

သဇင့်နေရာကို ရချင်လို့ မဟုတ်တာတော့ သေချာ သည်။

www.burmeseclassic.com

www.burmeseclassic.com



“ညနေဘက် ... လမ်းထဲက ဟိုဘက်ဒီဘက် လေး
ရယ်၊ မိတ်ဆွေနည်းနည်းပါးပါးရယ်ကို ခြံထဲမှာပဲ
ကျွေး ဧည့်ခံလိုက်မယ်။ ကျဉ်းကျဉ်းကလေးပဲ၊ အကျ
ရအောင် ငါ့မှာလည်း နီးနီးစပ်စပ် ဆွေမျိုးမရှိ၊ သ
လည်း တစ်ကောင်ကြွက်ပဲ ဆိုတော့လေ”

“ဘယ်တုန်းက ...”

“ဘာကိုမေးတာလဲ”

သဇင်က တစ်ခွန်းမျှ ဝင်မပြောပါ၊ ခေါင်းငုံ့
လည်းမဟုတ်၊ မျက်နှာမော့လျက် မေးချီပြီး နေတာမျိုးလည်
မြနှင်းကိုလည်းမကြည့်၊ သူ့မျက်စိရှေ့တူရူကိုသာကြည့်လ
ယခုပြောနေသည့် ကိစ္စထဲမှာ သူ့အကြောင်းအရာ မပါ
နယ်။

“ဦးသွေးတို့ ဘယ်တုန်းက ... သဇင်ကလည်း လုံ
တာ၊ ဘာမှမပြောဘူး၊ နည်းနည်းလေးမှ ထင်မထား

“ငါက တစ်ယောက်တည်း နေလာခဲ့သူလေ။ လက်
မီရာကိစ္စလေးတွေမှာ ကောင်းကျိုးပြုပြီး အေးအေး
ဆေးနေခဲ့တယ်၊ အခုနောက်ပိုင်းမှာ အဖော်ဆိုတာ
လာခဲ့တယ်၊ မွေးတဲ့နေ့ကနေစပြီး သေဆုံးတဲ့နေ့

“အချိန်ကာလ အတိုင်းအတာကို ဘဝလို့ အ
ဖွဲ့ခေါ်တယ်ပေါ့၊ အဲဒီဘဝဆိုတာကြီးကို တစ်ယေ
တည်း လျှောက်ခဲ့ရာကနေ၊ လက်တွဲဖော်နဲ့ လျှောက်
လို့ ဆုံးဖြတ်လိုက်တာပဲ”

“ဦးသွေးက သဇင့်ကို ချစ်လို့လား”



“အရိုင်းအကြမ်းသတ္တိမျိုး” ဟု ဦးသွေး ပြောခဲ့ဖူး
သတ္တိဟုစွန်းတစက ဘယ်နေရာမှ ရှန်းကန်ထကြွလာသည်
ပါ။

“မေတ္တာတရားပေါ့။ သဘောကျတယ်၊ နှစ်လိုတယ်။ ငါ့
ဘဝအတွက် ငါ့ဘေးမှာ ခရီးဖော်အဖြစ်နဲ့ သဇင့်ကိုရွေး
ချယ်တယ်”

“သဇင်ကရော ... ဦးသွေးကို ချစ်လား”

သဇင်က မြနှင်းကို တည့်တည့်ပြန်ကြည့်သည်။
ခေါင်းညိတ်၏။

“လေးစားကြည်ညိုခြင်းက စတာပဲ”

“ဩော် ...”

ဒီဖြစ်ရပ်ကိုဘာကြောင့်မှန်းမသိ၊ မြနှင်း နည်းနည်း
လက်မခံနိုင်သလိုရှိသည်။ မကျေမနပ်ဖြစ်သည်။ ဘာကြောင့်

“မင်းပုံစံ ကြည့်ရတာ မကျေနပ်တာလား။ မြနှင်း ...
မင်းကို ငါက အုပ်ထိန်းစောင့်ရှောက်ထားတာလေ။ ငါဟာ
ဘယ်သူနဲ့ လက်ထပ်မယ်ဆိုတာမျိုး မပြောနဲ့၊ ဘာလုပ်မယ်၊
ဘယ်သွားမယ် ဆိုတာတောင် မင်းဆီမှာ ခွင့်တောင်းရမယ့်
သူ မဟုတ်ဘူးလေ၊ ခုက ... မင်းကို ပြောပြတာ၊ မင်းက
မကျေနပ်ဘူးလား၊ မကျေနပ်ရင်လည်း မကျေနပ်ခွင့်မရှိဘူး”

ဦးသွေး စကားမှာ ဒေါသသံမပါ။ ခါတိုင်း ပြောဆို
သည်မျိုး၊ လေချိုအေးနှင့်ပင်။ သို့ပေမဲ့ ... ဝါကျတွေ
နေသည်။ ပြတ်သားနေသည်။ “မင်း” “ငါ” ဆိုတာက

www.burmeseclassic.com

www.burmeseclassic.com



တော့ မြူနှင်းကိုရော သဇင့်ကိုပါ၊ ဦးသွေး တစ်သက်လုံး သ
နှုန်းလာခဲ့သော နာမ်စားပင်။

"အံ့ဩတာပါ"

"အင်းပေါ့ ... အံ့ဩမှာပေါ့"

"ကျွန်မ သွားလို့ရပြီလား"

"ရပြီ"

မြူနှင်း ... အခန်းထဲသို့ ဝင်လာခဲ့တော့သည်
အိပ်ရာပေါ် ပစ်လှဲ၏။ လောလောဆယ် ပိုင်ရှင်ကင်းမဲ့နေသော
မကြာမီ(မနက်ဖြန်)ပိုင်ရှင်လုံးဝကင်းမဲ့သွားနိုင်သော၊ ပိုင်ရှင်အသ
(ဒေါ်ကြိုင်)ရောက်လာနိုင်သော ခုတင်ကို ငေးကြည့်နေလိုက်သည်

ဘယ်လိုဖြစ်သွားတာလဲ။

စဉ်းစားလို့ကို မရပါ။ ထင်လည်း မထားပါ။ ထ
စရာလည်း မရှိ။ ဒီကိစ္စ ... ကိုယ့်ကို လာရောက်ထိခိုက်စရာ
ဟုလည်း ထင်၏။ ထိခိုက်ပတ်သက်သည်ဟုလည်း ထင်ပြန်သည်
ဒီကိစ္စကြီးကို မကျေနပ်တာတော့ အမှန်ပင်။ အဲဒါ ... ဦးသွေး
ကိုယ်က ကြိုက်နေလို့လည်း မဟုတ်တာ၊ ကိုယ့်ဘာသာတေ
ခိုင်လုံသေချာသည်။ သဇင့်နေရာမှာ ကိုယ်ရချင်တာ မဟုတ်ဘ
လည်း သေချာလှပါသည်။

❣ ○ ❣

"အရမ်း အံ့ဩနေတာလား၊ တစ်ခုခုကို စိတ်ဆိုးနေတာ
လား"



သဇင်က ဝင်လာကာ၊ သူ့ခုတင်ပေါ်ထိုင်၍ ကိုယ့်
ခုတင်ပေါ်မှာ ကိုယ်လဲလျောင်းနေသော မြူနှင်းဘက်သို့လှည့်၍
မေး၏။

"အံ့လည်းအရမ်းအံ့ဩတယ်၊ စိတ်ဆိုးတာတော့ မဟုတ်
ဘူး၊ ဘာကိုမှန်း မသိဘူး မကျေနပ်ဘူး"

"သဇင့်ကို ဦးသွေးနဲ့မတန်ဘူးလို့ ထင်လို့လား"

ရန်ခံရလျှင် ... ထင်ပါသည်။ ဦးသွေးလိုလူမျိုးက
သဇင့်လောက်ကို လက်ထပ်စရာလား။ ဒါဟာ ဦးသွေးကို သိပ်
ချစ် သိပ်ခင်ပြီး သဇင့်ကို မုန်းတီးလို့လည်းမဟုတ်၊ ဘာမှန်းမသိ
သော ခံစားမှုကြီးပင်။

"သဇင် ... တို့ မနာလိုတာ လုံးဝမဟုတ်ဘူးနော်၊ အဲဒါ
ကိုယုံ၊ တို့ကို ဦးသွေးက အဲဒါမျိုးပြောလာရင် တို့ လုံးဝ
ငြင်းမှာ၊ စိတ်လည်းဆိုးမှာ၊ မွေးစားတယ်ဆိုတဲ့ စကားလို ...
စားဖို့မွေးတာလားလို့ မေးပစ်မှာ၊ ပိရိလွန်းတာကိုလည်း
မကြိုက်ဘူး ...

"သုံးယောက်တူတူနေတယ်၊ ကျန်နှစ်ယောက်ရဲ့ကိစ္စ
ကို ကျန်တစ်ယောက်က လုံးဝမသိရဘူးဆိုတော့ တို့အနေ
အထားက အရမ်းအောက်တယ်၊ ထင်ကိုမထင်တာကွာ၊
ဒီကိစ္စ ... ရှင်ကစ,တာလား၊ ဦးသွေးလား"

"ဦးသွေးပေါ့၊ သဇင်က ဘယ်စ,လို့ရမှာလဲ၊ သဇင်လည်း
မထင်မိပါဘူး"

"ဦးသွေးက ပရိုပို့စ်(Propose)လုပ်တာလား"

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တုန်းကလဲ"

"တစ်နေ့က"

"ဟင်"

"သဇင် မနေ့က ခေါင်းညိတ်လိုက်တော့၊ ဒီနေ့ ... မြနှင်းကို ပြောတာပဲ"

"အော် ... တော်တော်ကြာကြာ စဉ်းစားလိုက်တာပဲ။ တစ်ရက်ကြီးများတောင်"

"မြနှင်း ... တစ်ရက်အပြည့် စဉ်းစားလိုက်တာတောင် ဦးသွေးကို အားနာနေတာ၊ ဦးသွေးက သဇင်တို့ ကျေးဇူးရှင်၊ ဦးသွေးက သေဆိုသေ၊ ရှင်ဆိုရှင်၊ သဇင် ဒီတိုင်းနေရမှာ"

"ရှင် ချစ်လို့မဟုတ်ဘူးပေါ့"

"ချစ်တယ်။ အစ်ကိုလို ဦးလေးလို ကျေးဇူးရှင်လိုက ချစ်ပြီးသား။ ခေါင်းညိတ်လိုက်တော့လည်း ချစ်သူလို ချစ်သွားတာပဲ"

"တကယ်ပဲကွာ ... ယုံကိုမယုံနိုင်ဘူး၊ လောကကြီးကဖြစ်လိုက်ရင် အဆန်းချည်းပဲ"

"ဘာများဆန်းလို့လဲ။ လူတိုင်း လက်ထပ်နေကြတာပဲ၊ ပြီးတော့ ... ဦးသွေးခမျာ လူပြောသူပြော ခံရတာလည်း ရှိသေးတယ်။ စောစောက မြနှင်း ပြောသလိုပေါ့၊ မွေးစားတယ်ဆိုတာ။ မိဘရှိလို့ သူ့အိမ်သူနေပြီး ဦးသွေး ထောက်ပံ့ထားတာ ဘယ်သူမှ မသိဘူး ..."



"သဇင်နဲ့ မြနှင်းကို အိမ်ပေါ်ခေါ်တင်ပြီး စောင့်ရှောက်တာကျတော့ လူပြောစရာဖြစ်တယ်။ မြနှင်းတစ်ယောက်တည်းတုန်းကလည်း မြနှင်းနဲ့ ဦးသွေးကို လူတွေက ဘာလိုလို ပြောခဲ့တာပဲ"

"ဟော့ ... လုံးဝကောင်းရှင်းတယ်နော်"

"ယုံပါတယ်၊ သဇင် ထပ်ရောက်လာပြန်တော့၊ ဦးရဲသွေးဆင့်တို့များ ပိုင်တယ်ကွာတဲ့။ နှစ်ယောက်တောင်တဲ့။ အဲဒီနှစ်ယောက် အချင်းချင်းကလည်း ညီအစ်မအရင်းလိုပဲတဲ့။ ဘယ်လိုများ အုပ်ချုပ်ထားလဲ မသိဘူးတဲ့။ လူတွေက ပြောကြတာ"

"ဘယ်သူ ပြောလို့လဲ၊ မကြားမိပါဘူး"

"သဇင်တို့ကတော့ ဘယ်ကြားမလဲ၊ ဦးသွေးကို ပြန်ပြောတဲ့သူ ရှိတာပေါ့"

"အဲဒါကို ဦးသွေးက သဇင့်တော့ ပြောပြပြီး၊ တို့ကိုကျတော့ ဘာလို့မပြောသလဲ"

"အဲဒါတော့ မသိဘူး"

မြနှင်း ... သဇင့်ထံ အကြည့်တစ်ချက်၊ ဆတ်ခနဲ ပို့လိုက်၏။ သဇင့်မျက်နှာထားကို ဖတ်ကြည့်သည်။ ဘယ်လိုစာတန်းတွေ ပေါ်နေသလဲ။ သဇင့်ဝါကျနှင့် သဇင့်လေသံက "မတတ်နိုင်ဘူး" "မသိဘူး"... ဆိုတာမျိုး ရင့်ကျော်ကျော်ဖြစ်တတ်သည်။ သဇင် တစ်ခါမှ ဒီလောက်လေသံမမာဖူးပါဘူး။ ခုမာပြီ။ မာနိုင်ပေတော့မပေါ့။ သူက ကျေးဇူးရှင်ကတော်ဖြစ်တော့မှာ။ ကျေးဇူးရှင်ကတော်ဆိုတော့ ကျေးဇူးရှင်နှင့် တန်းတူ

www.burmeseclassic.com

www.burmeseclassic.com



နေရာပေး၍ ဆက်ဆံရတော့မည်။ ဦးသွေးသည် မြူနှင်း သဇင့်ကိုပါ တစ်ခါမျှ ပလူးပလဲ အရောတဝင် နေခဲ့တာ မဟုတ် ချေ။ မျက်နှာကြောမတင်း၊ လေသံမမာ၊ ငါ ... ကျေးဇူးရှင်၊ ထို ဆိုထိုင်ကြ၊ ထဆိုထကြ ... ဆိုတာမျိုး မဆက်ဆံခဲ့ပေမယ့် ဆေးညှိသက်ပေမယ့်၊ ဝါကျတွေက တိကျသည်။ ဦးသွေး နှ ခွန်းစကားတစ်ခုသည် ဤအိမ်၏ ဥပဒေတည်း။

နောက်ဆို ... သဇင့်ဥပဒေမှာ မြူနှင်း နေရတော့ မည်။ အဲဒါ ... မြူနှင်း မဖြစ်ချင်ဆုံး အရာပါပဲ။ ဦးသွေး မီးခံသေတ္တာသော့ကို ကိုင်ခွင့်ရနေမည့် သဇင်၊ ဦးသွေးဗီရိုကို နေမည့် သဇင်၊ ဒေါ်ကြိုင်ကို ညွှန်ကြားပေး စီစဉ်နေမည့် သဇင်၊ တ ပတ်စာ ဈေးသွားဖို့ ပိုက်ဆံကိုင်သုံးတော့မည့် သဇင်။

ခါတိုင်း ... သဇင်နှင့် မြူနှင်းတို့ပဲ ဈေးသွားတာ ပါ။ အဲဒီအခါကျ ဦးသွေး ထံမှာ ဈေးဖိုးထုတ်ရသည်။ မြူနှင်း ကြုံလျှင် မြူနှင်း၊ သဇင် ကြုံလျှင် သဇင်၊ ပိုက်ဆံသွားယူသည် ပိုက်ဆံသွားယူသည့်သူက အဲဒီတစ်ပတ်စာဈေးဖိုးကို ကိုင်လို တာပဲဖြစ်၏။ သူကိုင်ရသည် ငါကိုင်ရသည် မဖြစ်။ ဈေးတွ ဝယ်၊ အပြန်ကျ ထမင်းစား စားပွဲမှာ ခေါင်းချင်းဆိုင်ပြီး စာရင် ရေးကြ၊ ပိုငွေ ... ဦးသွေးကို ပြန်အပ်။ ယူလိုက်ကြ ... ဆိုလျှ ဝေးခန့်ပျော်ကာ တစ်ယောက်တစ်ဝက်ခွဲယူ။

အဲဒါတွေ မဖြစ်နိုင်တော့ပြီ။

သဇင်ဟာ ဦးသွေးထံမှာ ဈေးစာရင်းတင်ပြဖို့ တော့။ ယူလိုက်ကြ ... ဆိုတာမျိုး ကြားရတော့မည်မဟုတ်၊ ခန့် အပျော်လည်း ပျောက်ပျက်ပြီ။ စင်စစ် ... ယူလိုက်ကြဆိုသ



ခုန့်ဖိုးကို မျှော်လင့်တာ မဟုတ်ပါ။ မုန့်ဖိုးနှင့် ကျောင်းစရိတ်ကို လုံလုံလောက်လောက် ဦးသွေးက လဆန်းတာနှင့် ပေးပြီးဖြစ်၏။ ခုန့်ဖိုးထက် မြစ်ရုပ်မှာပျော်ပြီး၊ ဝေး ... ခံနဲ့ အော်ခဲ့ကြတာ။ အဲသည်အချိန်မှာ ဦးသွေးက မြိန့်မြိန့်ပြုံးတတ်ပေမယ့်၊ ငယ်ထိပ် လာထုတာမျိုးတော့ တစ်ခါမျှ မလုပ်ခဲ့ပါ။

ဦးသွေးနှင့် တူတူနေရသော နှစ်နှစ်ကျော်အတွင်း မှာ ဦးသွေးက ... ယောင်မှားလို့တောင် လက်ဖျားချင်း လာမထိစ ဖူးပါ။ မြူနှင်း ရောက်ကာစက၊ ပင်ကိုစရိုက်ရဲ့၊ အနေကြမ်း မြူနှင်းက သွားရောက်ထိပါး ပုတ်ခတ်သေးသည်။ ရိုးရိုးပါ။ ရိုက်လိုက် ပုတ်လိုက် ထိလိုက် ခတ်လိုက်ဆိုတာ မြူနှင်းအဖို့ ဆန်းမှ မဆန်းတာ။

မြူနှင်းရင်ထဲ ... ယောကျ်ားဆိုတာမရှိ၊ မိန်းမဆိုတာ မရှိ၊ လူလူချင်း အတူတူပဲ။

"မြူနှင်း ... မိန်းကလေးဆိုတာ သူစိမ်းယောကျ်ား တစ်ယောက်ကို ရိုက်လိုက် ပုတ်လိုက် မနေရဘူး၊ ကိုယ်ကစပြီး ထုရိုက်ပြရင်၊ ကိုယ့်ကို လာရိုက်ပါလို့ ဖိတ်ခေါ်တာနဲ့ အတူတူပဲ၊ အဲဒီလိုထိရင်းပုတ်ရင်းက မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြတာ၊ နောင်ကို ဆင်ခြင်" ... တဲ့။

လေသံက လေချိုအေးပါပဲ။ ဝါကျတွေက ရှက်စရာ ကောင်းလိုက်တာ။ မြူနှင်း၏မိန်းမမာနကို ရိုက်ချိုးခြင်းပါပဲ။

"မျက်နှာမပျက်နဲ့။ ငါက မင်းရဲ့အုပ်ထိန်းသူ၊ အမေဆိုလည်းဟုတ်၊ အဖေဆိုလည်းဟုတ်၊ မင်းမှာ ဆိုးမယ့် အမေမရှိလို့ အမေနေရာကနေ ပြောတာ" ... တဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့လည်း မြူနှင်း ခိခနဲ ရယ်လိုက်မိသေးတာပင်။ ဦးသွေးက အမေနေရာက ဆိုလို့ပါ။

"မြူနှင်း သဘောမတူတာလား"

သဇင်က မျက်ခုံးအတွန့်ကျိုး၍ မေး၏။ ကြည့် ... ခုပဲ၊ မျက်ခုံးက အတွန့်ကျိုးပြီ။ သဇင့် မျက်ခုံးဟာ မြူနှင်းကို ဝါကျတစ်ကြောင်းပြောဖို့ ဘယ်တုန်းကမှ မကျိုးခဲ့တာ။ ဒါဟာ သဇင်က အမြင့်စည်းကို ယူလိုက်တာ ဖြစ်နိုင်သလို၊ နားမလည်စွာ ... စိတ်မရှည်စွာ တွန့်ကျိုးလိုက်တာလည်း ဖြစ်နိုင်ပါသည်။ သို့ပေမဲ့ ... နောင်အခါဆို၊ အဲဒီမျက်ခုံးက အမြဲလို အတွန့်ကျိုးတော့မည်။ အစရှိ အနောင်နောင် မဟုတ်လား။ အမြင့်စည်းကို အခုမယူသေးလည်း၊ အဲဒီအမြင့်စည်းပေါ် အလိုလို ရောက်သွားမှာပါ။

"ဦးသွေး တခြားတစ်ယောက်နဲ့ လက်ထပ်ရင်တောင် မိသားစုထဲ သူစိမ်းဝင်လာပြီး၊ သဇင်တို့အပေါ် ဘယ်လို သဘောထားမယ် မသိဘူးလေ။ သဇင်နဲ့ မြူနှင်းက ချစ်ပြီးသား။ သဇင် တွေးမိပါတယ်၊ ဒီနေရာမှာ မြူနှင်းဖြစ်ခဲ့ရင်၊ သဇင်က ပျော်မှာ"

"ဩော် ... ခုတော့၊ တို့က မပျော်နိုင်ဘူးလို့ ဆိုချင်တာလား"

"ဘာဖြစ်တာမှန်း မသိတာ"

"အေး ... ဦးသွေးနဲ့ သဇင်နဲ့ လက်ထပ်မယ်ဆိုတာလည်း ဘာဖြစ်တာမှန်း မသိတာဘဲ"



"ဦးသွေးက ပြောတယ်၊ သဇင် ပြောချင်လည်း ပြောပြ၊ သဇင် မပြောချင်ရင်လည်း သူပြောမယ်တဲ့။ သဇင်နဲ့မြူနှင်းကို သူက သွေးသားရင်းခြာလို ခင်မင်နေပြီတဲ့။ ပတ်ဝန်းကျင်က ဦးသွေးကို မညှာမတာ ဝေဖန်တာတွေလည်း ခံရတယ်၊ အသက်ကလေးလည်း လေးဆယ်နား ရောက်လာတော့ ဆေးပေးမီးယူ အပြုအစုကိုလည်း လိုအပ်လာတယ်တဲ့ ...

"ဂုဏ်ရည်တူတွေထဲမှာ၊ သက်တူရွယ်တူတွေထဲမှာ ဦးသွေးက စကားကမ်းလှမ်းရင် လက်ခံမယ့်သူတွေ ရှိပါတယ်တဲ့။ အဲဒါတွေနဲ့ဆို ... ဦးသွေး ခုလိုမပြည့်စုံတဲ့ လူငယ်တွေအတွက် ပညာရေး၊ လူကြီးပိုင်းတချို့တွေ အတွက် ကျန်းမာရေး ...

"ဆိုတာမျိုး ထောက်ပံ့နေတာတွေကို ကြည်ဖြူချင်မှ ကြည်ဖြူမယ်တဲ့။ မြူနှင်းနဲ့ သဇင်နဲ့ကို အရင်ဆုံး ရန်လုပ်မှာ သေချာတယ်တဲ့။ ဒီတော့ ... အိမ်ထောင်ရယ်လို့ ပြုပြီးရင်တောင် နားအေးပါးအေး ဖြစ်ချင်တာတဲ့"

"အဲဒါ ... သေဆိုသေ ရှင်ဆိုရှင်မဲ့ မိန်းမကိုပဲယူမှာဆိုတဲ့ သဘောပေါ့၊ သူ့တစ်သြဇာပေါ့"

"အင်းလေ"

"ရှင်က အဲဒီလိုနေနိုင်လို့လား"

"ဘာလို့မနေနိုင်ရမှာလဲ၊ ခုလည်း နေနေတာပဲ။ ဦးသွေး ကျွေးလို့စားရတယ်၊ ဦးသွေးဆင်လို့ ဝတ်ရတယ်။ ဦးသွေး လက်ခံထားလို့ တိုက်ကြီးနဲ့ နေရတယ်၊ ကျော်စားရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပညာသင်ရတယ်။ ဦးသွေးက သေဆိုရင် သေလိုက်မှာပဲ။ ရှင်ဆိုတော့လည်း ထရှုဒ်လိုက်ရုံပေါ့"

"မိန်းမသိက္ခာ ကျလိုက်တာ"

"သဇင်တော့ ကျတယ်လို့ မထင်ပါဘူး"

"အခု ... ဦးသွေးကို ကြောက်ရွံ့ရှိသေ လေးစားတယ်ဆိုတာက ကျေးဇူးရှင်မို့။ ကိုယ့်ယောကျ်ား ဖြစ်လာရင်တော့ အလကားနေရင်း ထိုင်ကြောက်မနေနိုင်ပါဘူး၊ တန်းတူပဲ"

"သဇင်က အဲဒီလို သဘောမထားပါဘူး"

"အဲဒါတွေကြောင့် သဇင့်ကို ရွေးလိုက်တာနေမှာပေါ့"

"ဟုတ်ချင်ဟုတ်မှာပေါ့။ သဇင်နဲ့ လက်ထပ်လိုက်တော့ လူပြောလည်းလွတ်၊ ဦးသွေးမှာလည်း ဆေးပေးမီးယူ ပြုစုမယ့်သူရ၊ မြူနှင်းလည်း အပြောင်းအလဲမရှိ၊ အဲဒီလို တွေးတာ"

"တို့ကိုရွေးလိုက်ရင် ... သဇင့်ကျတော့ အပြောင်းအလဲ ရှိမယ်ထင်လို့လား"

"အဲဒီစကားတွေ ပြောနေတာကမှ မိန်းမသားမာနကို ထိပါးရမှာ၊ မြူနှင်းစကားတွေက မြူနှင်းကိုမရွေးလို့ မခံချင်တဲ့ဘက်ကို ဦးတည်နေတယ်၊ အဲဒီလိုဖြစ်ဖို့အတွက် ရှက်ရမယ်လို့၊ အလားတူကိစ္စတွေမှာ ဦးသွေး ဆုံးမခဲ့ဖူးတယ်လေ"

"ဟာကွာ ... သဇင်၊ ရှင် ... ကျွန်မကို ရိုက်ချိုးလိုက်တာပဲ"

"မဟုတ်ဘူး မြူနှင်း၊ ဦးသွေး ဆုံးမစကားနဲ့ ပြောတာပါ"



"တော်ပါ ... ဘာပဲဖြစ်ဖြစ်၊ ရှင်က တို့ရဲ့ကျေးဇူးရှင်ကတော်ဆိုတဲ့ ရာထူးကိုယူပြီး အမြင့်စီးကို တက်ပြီပေါ့"

"သဇင် အမြင့်စီး မတက်ပါဘူး"

"မတက်ပါဘူးဆိုတဲ့ စကားက၊ တက်လို့ရတယ်ဆိုတဲ့ အဓိပ္ပာယ်ကို ထည့်ပြောတာ"

"မဟုတ်ပါဘူး မြူနှင်းရယ်"

"ဒါပေမဲ့ ... ဒီကိစ္စမှာ တို့က ဘာဖြစ်ထယ် ညာဖြစ်တယ်၊ ပြောပိုင်ခွင့်ရှိတဲ့သူမှ မဟုတ်တာ။ အရေးလုပ် တိုင်ပင်ခြင်းခံသင့်တဲ့သူလည်း မဟုတ်ဘူး။ ပေးတာယူ၊ ကျွေးတာစား၊ အောက်စီးမှာပဲနေပေါ့"

"မဟုတ်သေးပါဘူး မြူနှင်းရယ်"

"တစ်ခုတော့ သေချာယုံ သဇင်။ ဦးသွေးကို တို့ကြိုက်မနေဘူး။ သဇင့်လိုမျိုး တောင်းဆိုလာခဲ့ရင်တောင် ခါးခါးသီးသီးငြင်းမှာ၊ သဇင့်ကို မနာလိုမဖြစ်ဘူး၊ အဲဒါအမှန်စကား"

"ယုံပါတယ်"

"ဒါပေမဲ့ ... ဒီအဖြစ်အပျက်ကိုတော့ မကြိုက်ဘူး၊ ပြောခွင့်ရှိလို့ ပြောတာမဟုတ်ဘူး၊ ပြောခွင့်မရှိမှန်း သိတယ်၊ ရင်ထဲရှိရင် ထုတ်ပြောရမှ ကျေနပ်လို့ ကိုယ့်ဘာသာပြောတာ"

"ဘာဖြစ်လို့လဲဟင် ... မကြိုက်တဲ့အကြောင်းကို ပြောပြနိုင်မလား"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်နဲ့ နှစ်ယောက်တူတူ၊ တန်းတူဘဝကနေ ရှင်ကမြင့်တက်သွားပြီး ကျွန်မက ကျဆုံးသွားတယ်လို့ ခံစားရတယ်"

"မဟုတ်ပါဘူး မြူနှင်းရယ်"

"ကိုယ့်ကိုရွေးရင် လက်မခံမှာ သေချာပေမယ့် မရွေးတဲ့အတွက်၊ တို့က ရှုံးနိမ့်တယ်"

သဇင်က ခေါင်းလေးဖြည်းဖြည်းခါ၏။

"သဇင် လက်ခံလိုက်တာကိုလည်း အထင်သေးတယ်"

"ဘာဖြစ်လို့လဲ"

"ဒီအရွယ်နဲ့ ဒီအရွယ်၊ လက်ခံစရာလား။ တစ်ခုပဲရှိတယ်၊ စည်းစိမ်မက်လို့ကလွဲရင် ဘာမှမဖြစ်နိုင်ဘူး။ ကျွန်မတို့ အဲဒီလို စိမ်းစိမ်မက်ပြရမှာကျတော့ ရှက်တယ်။ ဒါ အမှန်စကားပဲ"

"ဦးသွေးကို ပြုစုလုပ်ကျွေးလိုတဲ့ စေတနာလို့ရော မြင်ပေးနိုင်ဘူးလား"

"ဟင့်အင်း"

"အချစ်ဆိုတာ ပုံသေနည်းမှ မရှိတာ။ သူ ဖြစ်ထွန်းချင်သလို ဖြစ်ထွန်းတာပဲ၊ ဦးသွေးနဲ့ သဇင်နဲ့၊ ဘဝကရေစက်ပါလို့ အချစ်ဖြစ်ထွန်းကြတယ်လို့ရော တွေးမပေးနိုင်ဘူးလား"

"ဟင့်အင်း"

"ဖူးစာပါလို့ လက်ထပ်ဖြစ်ကြတယ်လို့ရော"

"နိုး ... လုံးဝပဲ။ ဒီကိစ္စ ... ဦးသွေး၊ သဇင်ရဲ့နူးညံ့မှုအပေါ် သာယာသွားတာ၊ ခိုက်ကျသွားတာ၊ ရှင်



စည်းစိမ်ပုံကြီးမို့ ခုန်တက်တာ၊ အဲဒီနှစ်ခုလုံးမှာ စိတ်ဓာတ်မခိုင်မာမှုကို ပြတာချည်းပဲ"

"ဦးသွေးကို ဒီလိုမပြောပါနဲ့"

"ဦးသွေး ဆုံးမဖူးပါတယ်။ မိန်းမသားဆိုတာ ဣန္ဒြေကိုစောင်တစ်ထည်လို ခြုံထားရမယ်တဲ့။ အပျိုရည်ဆိုတာ အသက်နဲ့လဲပြီး စောင့်ရှောက်ရမယ်တဲ့"

"မြူနှင်း ... တို့ အဲဒီအတိုင်း နေခဲ့တယ်"

"ရှင့်ကိုလည်း မဆိုလိုပါဘူး။ ပြီးတော့ ... ရှိသေးတယ်။ သူစိမ်းယောကျ်ားဆိုတာ မိန်းမသားတိုင်းကို အန္တရာယ်ပေးနိုင်တဲ့ တောရိုင်းသတ္တဝါချည်းပဲတဲ့။ ကြောက်ရမယ်တဲ့ ...

"ဒါကြီးကတော့ အသက်ရှစ်ဆယ်မို့၊ ဒါလေးကတော့ ဆယ့်လေးနှစ်သားမို့၊ အန္တရာယ်မပေးနိုင်ဘူး မထင်နဲ့တဲ့။ အဲဒါကြောင့် သူစိမ်းယောကျ်ားဆိုရင် ပုတ်ပုတ်ခတ်ခတ် မနေရဘူးတဲ့"

"သဇင် ... အဲဒီအတိုင်း နေခဲ့တယ်"

"ယုံပါတယ်။ တစ်ခုတော့ သိလိုက်ရတာပေါ့လေ၊ ဦးသွေးလည်း ယောကျ်ားတိုင်းထဲက ယောကျ်ားပဲ"

"ဦးသွေးကို ဒီလိုမပြောပါနဲ့"

"ဒါဆိုရင် ... ဒီအချိန်ကျမှ၊ ဘာကြောင့် မိန်းမယူမယ်ဖြစ်တာလဲ"

"ဒီအချိန်လို့ ပြောရအောင် ဦးသွေး ... လေးဆယ်တောင် သေချာပြည့်သေးတာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံခြားက ရည်းစားကိုလည်း မလွမ်းတော့ဘူးလား မစောင့်နိုင်တော့ဘူးတဲ့လား"

သဇင် ... ခေါင်းလေး ဖြည်းဖြည်းခါရှာ၏။ မြနှင်းကို ဘာပြောရမှန်း မသိတော့ပါ။ ပြိုင်လည်း မပြောနိုင်၊ မြနှင်းလောက် စကားမတတ်တာ သေချာပါပြီ။ ဟိုတုန်းကတော့ မြနှင်းက သဇင့်ကို စကားတတ်လိုက်တာတဲ့။ မြနှင်းဆိုတဲ့ အရိုင်းကြမ်းကောင်မလေးကို နူးညံ့ယဉ်ကျေးလာအောင် မဆုံးမ သလိုလိုနဲ့ သိမ်းသွင်းနိုင်တဲ့နေရာမှာ သဇင်ဟာ ဦးသွေးနဲ့တန်းတူ တော်ပါပေတယ်တဲ့။

ဦးသွေးကမှ မျက်နှာထားတည်ပြီး ဝါကျတွေ ဖြတ်သားသေးတယ်၊ သဇင်ကဆို ... အပျော့ဆွဲ ... တဲ့။ လေချိုသွေးပြီး မဆုံးမသလိုလိုနဲ့ ဆုံးမခဲ့တာတဲ့လေ။ ခုတော့ ... မြနှင်းရယ် သဇင် မပြောတတ်တော့ပါဘူး။

တစ်နေ့တုန်းက ... ဦးသွေးက ...

"သဇင် လာဦး"ဆိုလို့ ဦးသွေးနား သွားခဲ့တာ အဲဒီတုန်းက မြနှင်းက ကျူရှင်သွားနေတာ၊ အဝေးသင်ချင်းတူပေမယ့်၊ အတန်းမတူတာ၊ ယူတဲ့ဘာသာ မတူတာတွေနဲ့ဆိုတော့ ကျူရှင်ချင်းလည်း မတူခဲ့ဘူးလေ မြနှင်းရယ်၊ တစ်ခါတလေ မြနှင်းအပြင်ထွက် သဇင်ကျန်၊ တစ်ခါတလေကျတော့ သဇင် အပြင်ထွက်၊ မြနှင်းကျန်လေ ...။

"သဇင့်မှာ ချစ်သူရည်းစားရှိလား၊ မကြောက်နဲ့ ရှိရင်ရှိရဲ့ဖြေ၊ မှန်မှန်ဖြေ"... တဲ့။



သဇင်ဖြင့် မျှတ်ခနဲတောင် လန့်သွားမိပါရဲ့။ ဘယ်လောက်များ မဟုတ်မမှန် သတင်းတွေ ကြားခဲ့ရပြီး အထင်လွဲပါလိမ့်မယ်လို့ပေါ့ မြနှင်းရယ်။ မြနှင်းကိုလည်း သတိရလိုက်ပါတယ်။ ဒီနေ့ ... မြနှင်းသာ အနားမှာရှိရင် အားကိုးရမှာလို့ ရယ်ပေါ့။

"မရှိပါဘူး ဦးသွေး၊ တကယ်ပါ။ သဇင် ရိုးရိုးသားသားနဲ့ စာပဲ ကြိုးစားပါတယ်"

"အဲဒါ သေချာရင် သဇင့်ကို လက်ထပ်ချင်တယ်"

"ရှင်"

အမယ်လေး ... မြနှင်းရယ်၊ သဇင်ဖြင့် တောင်ထိပ်ပေါ်က ကန်ချခံလိုက်ရသလို၊ အသည်းထဲက လှပ်ခနဲအေးပြီး ခုန်းခနဲ ပြုတ်ကျသွားသလား ထင်မိပါတယ်။

"တစ်ယောက်တည်း နေခဲ့တာ ကြာပြီလေ။ အထီးကျန်ဆိုတဲ့ ခံစားမှုကို သိပ်လည်းဂရုမစိုက်ခဲ့ပါဘူး၊ ခုတလောတော့ ရင်ထဲမှာ ဟာလာတယ်၊ တစ်ယောက်တည်း မနေချင်တော့ဘူး၊ ဒီလိုခံစားရတာဟာလည်း တကယ်တော့ ...

"ဦးသွေး အနေနဲ့ ပြောရတာ သိက္ခာမဲ့ရာတော့ ရောက်တယ်။ သဇင် ငြင်းချင်ရင် ငြင်းခွင့်ရှိထယ်။ ငြင်းလိုက်လည်း ... လက်ရှိအနေအထားကို ဘယ်လိုမှမပြောင်းလဲစေဘူး၊ ဆက်လက်စောင့်ရှောက်သွားမှာပဲ ...

"သဇင် သဘောမတူရင်၊ ဒီစကားတွေကို ဦးသွေး မပြောခဲ့ဘူးလို့ပဲ သဘောထားလိုက်ပါ။ ဝန်ခံချင်တာတစ်ခုကတော့။ ... သဇင့်ကို ချစ်မိသွားတာပါပဲ။ အဲဒါ တစ်ခုကိုယုံပြီး သဇင် စဉ်းစားပေးပါ"... တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဦးသွေးက ပြောချင်တာပြောပြီး သူ့အခန်းထဲ ... ဝင်သွား၊ တံခါးပိတ်နေ၊ သဇင့်မှာသာ ထိုင်ရမလို၊ ထရမလို၊ ရင်ဘတ်ကြီးဖြောင်းဆန်၊ ဝုန်းဒိုင်းကြဲ၊ ရင်ထဲမှာ မုန်တိုင်းကျပြီး အပြင်ပန်းက လှုပ်လို့မရ၊ ဒေါ်ကြိုင်က ပခုံးလာပုတ်တော့ —

"အမယ်လေး"... ဆိုပြီး လန့်သွားလိုက်သေးတာ။

မြူနှင်းရယ် ... သဇင် နေမကောင်းလို့ဆိုပြီး အဲဒီနေ့က စောင်ခြုံအိပ်နေလို့ မြူနှင်းတောင် နဖူးလာစမ်းပါသေးတယ်။ သဇင် ပြောပြမလို့ပါ။ ပြောလိုက်ရင် ... ဦးသွေးများရှက်သွားမလား၊ ဦးသွေးက သဇင့်ကိုတောင် တအားရှက်နေရှာတာ။ မျက်နှာကြီးရဲလို့ အသံတွေလည်း တုန်နေတယ်။ သဇင် ... မြူနှင်းကိုပြောရင် ငိုမိမှာ။ ငိုချင်လိုက်တာ အရမ်းပဲ၊ တကယ်လည်း မျက်ရည်ကျမိပါသေးတယ်။ ဘာလို့ ငိုမိမှန်းလဲ မသိပါဘူး။

အဲဒီညက တစ်ညလုံး အိပ်မပျော်လိုက်ဘူး၊ နောက်တစ်နေ့မှာ သဇင် ကျူရှင်ရှိပေမယ့် မတက်နိုင်ဘူး၊ ခေါင်းတွေကိုက်နေတယ်။ မြူနှင်းက နောက်ကျူရှင်တစ်ခုကို သွားတယ်၊ မြူနှင်းကို ပြောပြချင်လိုက်တာလည်း လျှာတစ်ချောင်းလုံးယား၊ ရှက်လည်းရှက်၊ ဦးသွေး ရှက်မှာလည်းသနား၊ အစ်က,ကတော့ ... ဘာကြောင့်မှန်းမသိ၊ ပါးစပ်က ထွက်ကိုမလာတာပါ။ သဇင် ... အခန်းထဲကလည်း မထွက်ဘူး။

"သဇင် ... နေမကောင်းရင် ဆေးခန်းသွားမလားတဲ့ ကိုသွေး မေးနေတယ်၊ ဖြေလိုက်ဦး"... တဲ့။

ဒေါ်ကြိုင် လာပြောပြီး ပြန်လည်းထွက်သွားရော ဦးသွေးက အခန်းဝနဲ့ မနီးမဝေးမှာ။ ဦးသွေး မျက်နှာပြင်ပေါ်က



...ဘေးမှုကို သဇင် ပြန်မပြောတတ်ဘူး မြူနှင်းရယ်၊ တကယ်ဆို ... ဦးသွေးကို သဇင်တို့က အားကိုးနေရတာ၊ ဦးသွေးဟာ ဘာမှ သနားစရာမရှိဘူး၊ ဒါပေမဲ့ ... သနားသွားလိုက်မိတာ။

သဇင် ... အခန်းထဲက ပြေးထွက်လိုက်မိတယ်၊ ဦးသွေး ရင်ခွင်ထဲ ပြေးဝင်လိုက်မိတာဟာ၊ သဇင်ရဲ့မသိစိတ်က ...နှုန်းလွှတ်တာပဲနေမှာ၊ ဦးသွေးက ဖွဖွပြန်ဖက်ရှာတယ်။ အဲဒီအချိန်မှာ ... သဇင်လေ ... ဦးသွေးကို အရမ်းချစ်သွားမိတော့တာပါဘဲ၊ အချစ်ဆိုတာ မမျှော်လင့်ဘဲ ပေါက်ကွဲဖြစ်ထွန်းတတ်တယ်ဆိုတာ သဇင့် ကိုယ်တွေ့ပါပဲ၊ ဦးသွေးကို သဇင် အရမ်းချစ်သွားပါပြီ။

"သဇင်"... တဲ့။

ဦးသွေးလည်း ... ချစ်လားဟင် ... လို့ မေးရမှာ ရှက်ရှာမယ် ထင်ပါရဲ့။ သဇင့် ... သဇင် ... လို့ပဲ သုံးလေးခွန်း ဆင့်ခေါ်နေတော့၊ သဇင်ကပဲ၊ ဦးသွေးကို ဖြေလိုက်တာပါ။

"ဦးသွေးကို သဇင် ချစ်တယ်။ ဦးသွေးနဲ့ လက်ထပ်မယ်၊ ဦးသွေးနားမှာ သဇင့်ကို အမြဲနေခွင့်ပေးပါ"... လို့ ပြောလိုက်မိတယ်။

မြူနှင်းရယ် ... အချစ်ဆိုတာ ပုံသေနည်းမရှိပါဘူး။ ဘယ်လိုနဲ့ ဘယ်လိုမှ ချစ်ကြတယ်၊ ချစ်ရမယ်၊ ဆိုတဲ့ စည်းကမ်းတွေ ကန့်သတ်ချက်တွေ မရှိပါဘူး။ အချစ်မှာ အချစ်ပဲရှိပါတယ်။ ဦးသွေးနဲ့ သဇင်နဲ့ဟာ အပြန်အလှန် အချစ်ချင်းညီပြီး၊ နှစ်ယောက်ကြားမှာ စည်းသားထားတဲ့ မျဉ်းဟာလည်း အချစ်၊ ဒီ...ယောက်ကို ကြားလေသွေးရင်တောင် ဝေးမှာစိုးလို့ ပူးကပ်... နောင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကြိုးတစ်ချောင်းဟာလည်း အချစ်၊ သေတပန်သက်တ
ယှဉ်ယှဉ်ကြင်နှာသွားကြဖို့ ပြိုင်တူဆုံးဖြတ်လိုက်တာဟာလည်း အ
အေးအတူ ပူအမျှ ... မျှဝေခံစားဖို့ ဆန္ဒချင်းညီသွားတာဟာလ
အချစ်။

အချစ်မှာ အချစ်ပဲရှိပါတယ် မြူနှင်းရယ် ... ပ
ဥစ္စာလည်း မပါသလို အသက်အရွယ်နဲ့လည်း မဆိုင်ပါဘူ

ဦးသွေးနဲ့ သဇင်နဲ့ဟာ တစ်ယောက်နဲ့တစ်ယော
အချစ်စစ် အချစ်မှန်နဲ့ တအားချစ်သွားမိကြခြင်းဟာလည်း အ
ပေါ်မှာပဲ အခြေခံတည်ဆောက်လိုက်တဲ့ အချစ်ဘုံဆောင်မြင့်တ
ပါပဲ မြူနှင်းရယ်။

အဲဒါကို ... မချစ်ဖူးသေးတဲ့ မြူနှင်းတော့ နားလ
ပေးနိုင်မယ် မထင်ဘူး၊ မြူနှင်း ... ယောကျ်ားလေးသူငယ်
အပေါင်းအသင်းတွေ (အရင်က)ဘယ်လောက်ပဲ များခဲ့ မ
မြူနှင်း မချစ်ဖူးသေးဘူးလေ။ အချစ်ရဲ့ပေါက်ကွဲနက်ရှိုင်း
မြူနှင်း နားမလည်ပါဘူး သူငယ်ချင်းရယ်။

အဲဒါတွေ မြူနှင်း နားလည်အောင် သဇင် ဘယ်
ပြောရမလဲ၊ ပြောပြချင်လိုက်တာ။ နားလည်ပေးပါ မြူနှင်းရယ်

ရင်ထဲမှာ စကားတွေ **အများကြီး** ပြောပြမိနေ
မှာ၊ ခေါင်းလေးပဲ တခါခါ လုပ်နေမိသော သဇင်ကို မြူနှ
စိမ်းသက်စွာ ကြည့်လေ၏။

အဲသည်ခေါင်းလေးတခါခါ အမူအရာဟာပဲ
နင် မသိပါဘူး၊ နင် နားမလည်ပါဘူး ... ဆိုတဲ့ ရင့်ကျော
အပြုအမူ မဟုတ်လား သဇင်ရဲ့။ ရှင် ... ကျေးဇူးရှင်ဆာတော်လ



အမြင့်စီးကိုတက်တဲ့အချိန်မှာ၊ ပထမဆုံး အမြင်ကတ်စရာလုပ်
ဟာ အဲဒီ ရင့်ကျော်ကျော် ... ခေါင်းလေးတခါခါပါဘဲ။

ရင်ထဲမှာ ခါးသီးလိုက်တာ သဇင် ...။

❣ ○ ❣

အစကတည်းက ... အတန်းမတူ၊ မေဂျာမတူသည်
ကျူရှင်ချိန်မတူ၊ စနေ တနင်္ဂနွေ ကျောင်းသွားတက်ရချင်းတူ
ည့်အခါတူ၊ မတူသည့်အခါလည်း ရှိရဲ့။ နှစ်ယောက်လုံးကား
ချင့်၊ ကားနှင့် ကြိုပို့ခွင့် ပြုထားသည်မို့၊ အချိန်ချင်းညီကာပေါင်း
ကြ်၊ နည်းနည်းစောင့်၊ ပေါင်းပြန်တန်တာလည်းပြန်၊ တစ်ယောက်
ည်း ကြိုပို့ရသည့်နေ့တွေလည်းရှိ၊ မိန်းမသားနှစ်ဦး ဈေးလေး
ာလေး သွားချင်ဝယ်ချင်၊ တူတူသွားချင်တာမျိုးကျတော့ နှစ်
ယာက်တူတူထွက်၊ အိမ်မှကားနှင့်ပင်။

မြူနှင်း ... ကျူရှင်နှင့် ကျောင်းတက်မှာ ခါတိုင်း
သို့ အချိန်ညှိလိုက်ပါပေမယ့်၊ ဈေးဝယ်ချင်တာမျိုးကျတော့
ဇင့်ကို မပြောတော့ပါ။ သဇင်နှင့် မညှိတော့ပါ။ ဦးသွေးနှင့်
ည်း မညှိ၊ ကိုယ့်ဘာသာ ထွက်ချင်သည့်အချိန်ကို တစ်ယောက်
ည်း ထွက်သွားလိုက်သည်။

"မြူနှင်း ... နေ့ခင်းက ဘယ်သွားလဲ"

"ရှော့ပင်(Shopping)ပါ ဦးသွေး"

"ဘာနဲ့သွားလဲ"

"တက္ကစီနဲ့ပဲ သွားလိုက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ကားမယူလဲ"

"မအားလို့ပါ၊ ပြီးတော့ ... ကျွန်မ အသက်လည်း နှ
ဆယ်ကျော်ပြီဆိုတော့ သွားတတ် လာတတ် သွားရဲလာ
လည်း ရှိပြီမို့ပါ။ တကယ်တော့ ... အဲဒီသွားတတ်လာ
တတ် သွားရဲလာရဲဆိုတာ၊ ဦးသွေးအိမ် မရောက်ခင်က
တည်းက ကျွမ်းကျင်ပြီးသားပါ"

"သဇင်နဲ့ ဘာဖြစ်လို့ တူတူမသွားလဲ"

"သဇင်က အရင်လို လူလွတ်မဟုတ်တော့ သူ့အချိန်တွေ
ကို ယူမသုံးချင်လို့ပါ"

သဇင်က ခုဆို ... ဈေးသွား(ဟင်းရံတစ်ပတ်စာ
သည်။ မီးဖိုချောင်ဝင်၍ စီမံသည်။ ဦးသွေး အဝတ်အစားတွေ သ
လျှော်သည်။ အိမ်ရှင်မတစ်ဦး၏ တာဝန်ကို တိတိကျကျ ဆောင်
ရွက်နေပြီဖြစ်၏။ ဒေါ်ကြိုင့်ကိုတောင် စေ့စေ့စပ်စပ် ညစာလေး
ဘာလေး ပေးတတ်နေပြီလေ။

"သွားမယ်ဆိုတာ ဘာဖြစ်လို့ ပြောမသွားလဲ"

"ဦးသွေး အိမ်မှာမရှိလို့ပါ"

"သဇင်ရှိနေတယ်"

"သူ့ကိုပြောရင်၊ လိုက်ခဲ့စေချင်လို့ ခေါ်တယ်ထင်ပြီး
မအားတဲ့ကြားထဲက အားနာပြီး လိုက်ပေးရမှာစိုးလို့ပါ"

မြနှင်း မျက်နှာထားက သိပ်မကောင်းလှပေမယ့်
အဖြေတွေက ကောင်းနေ၏။ ဆီလျော်နေသည်။ အပြစ်လွတ်နေ
သည်မို့ ရဲသွေးဆင့်က ဘာမှဆက်မပြောတော့ဘဲ သက်ပြင်းမော
ကိုသာ ချလေ၏။ ကိုယ်နှင့် သဇင်နှင့် လက်ထပ်လိုက်ခြင်းဟာ



မြနှင်းရဲ့စိတ်ခံစားကို ဘယ်လိုထိခိုက်နာကျင်စေသလဲဟု တွေး
၏။ စဉ်းစားလို့မရပါ။ ကြွပ်ဆတ်မာကျော၍ အရိုင်းကြမ်းမလေး
မြနှင်းစိုကို သိမ်မွေ့ယဉ်ကျေးလာအောင် မိန်းမသားပီသလာ
အောင်၊ စိတ်ခံစားကလေးမှအစ ... ထားတတ်လာအောင်၊ ရဲသွေး
ဆင့် အများကြီး အချိန်ယူကာ ပြုပြင်ပြောင်းလဲခဲ့ရပါသည်။
အကျိုးရှိအောင်မြင်မှုသည်ဟုလည်း ထင်၏။ သဇင်ကတော့ ...
ဆင်းဆင်းရဲရဲမိသားစုမှ လာတာချင်းတူတူမှာ ... အထိုက်အလျောက်
သိမ်မွေ့ပြီးသား၊ အသိဉာဏ် ပြည့်စုံ၍ ရင့်ကျက်ပြီးသား ဖြစ်ခဲ့၏။

ခုတော့ ... မြနှင်း ... လျှောက်ခဲ့ဖူးသော ဆူးကြမ်း
တောထဲသို့ တစ်စတစ်စ ပြန်လည်တိုးဝင်စ ပြုသည်ဟုထင်၏။

"ဘာပဲဖြစ်ဖြစ်၊ မြနှင်းရော သဇင်ရောဟာ အုပ်ထိန်းသူ
တစ်ဦးရဲ့အရိပ်မှာ ရှိကြတယ်။ ဘယ်သွားမယ်၊ ဘယ်လာ
မယ်၊ ဘာလုပ်မယ်ဆိုတာကို အုပ်ထိန်းသူဆီက ခွင့်တောင်း၊
အသိပေးပြီးမှ လုပ်ရမယ်၊ ဒါကိုအရင်ကတည်းကလည်း
လေ့ကျင့်ပေးထားခဲ့ပြီးသား"

မြနှင်း ဘာမှပြန်မပြောပါ။

"ကျွန်မ ... လူကြီးဖြစ်နေပြီ"... ဟု ရင်ထဲမှပြန်
ပြောနေသည်။ "အသက်နှစ်ဆယ်ကျော်ပြီ"... ဟုလည်း ဝှဲကြွား
နေသည်။ ဦးသွေးကို ကျေးဇူးရှင်အဖြစ် သတ်မှတ်ခံယူထားပါ
သည်။ အဲဒါကြောင့်လည်း ဦးသွေး အဆုံးအမကို နာခံခဲ့သည်။
ဦးသွေး သွန်းလောင်းသည့် ပုံစံထဲသို့ ဝင်ခဲ့သည်။ ဒါတွေဟာ ဦးသွေး
ကို ကျေးဇူးတင်သောကြောင့်သာ ဖြစ်သည်။ ဦးသွေးကို ကျေးဇူး
ရှင်အဖြစ် အမြင့်မှာတင်ပြီး လေးစားကြည်ညိုပါသည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



သဇင့်ကိုတော့၊ မိုမိုဖို့ ရောက်လာကြသူချင်း တူတူမို့၊ ကျေးဇူးရှင် အားသို့ပို့ပြီး "ကျေးဇူးရှင်ကတော်" အဖြစ် အမြင့်မှာတင်ပြီး လေးစားကြည်ညိုမပေးနိုင်ပါ။

ဦးသွေး အကြည့်တွေထဲမှာ စိတ်ပျက်ခြင်းအရိပ် အယောင်တွေ ယှက်သမ်းနေမှန်းသိပါသည်။ မြူနှင်းလည်း စိတ်ပျက်စိတ်ရှုပ်တာပင်။ ဦးသွေး ... သဇင်နှင့် လက်ထပ်လိုက်သည့် အဖြစ်ကို ဘာကြောင့် မကျေနပ်မိသလဲ မပြောတတ်ပါ။ စိတ်ကောင်းမရှိဘူး၊ သဘောထား မကြီးဘူးဟု ဝေဖန်လျှင်လည်း ခံရပါမည်။ သဇင့်ကို မနာလိုတာလည်း မဟုတ်ချေ။ သဇင့်နေရာမှာ ... ကိုယ်မဖြစ်ရလေခြင်းလို့ သဝန်တိုတာလည်း မဟုတ်ရပါ။ ဦးသွေးကို လေးစားကြည်ညိုပေမယ့် ဦးသွေးကို ကြိုက်နေတာမှ လည်း မဟုတ်ဘဲ။ ဦးသွေး ဘာပဲပြောထားပြောထား၊ မြူနှင်းစို ဆိုသည့် မိန်းမသားကတော့ အပြင်သွားလိုစိတ်ဖြစ်လျှင် လှစ်ခနဲ ကိုယ့်သဘောနှင့် ကိုယ်ထွက်သွားလိုက်တာပင်။

ဦးသွေး ခေါ်ဆူတော့လည်း ငြိမ်ခံနေလိုက်ရုံပေါ့။ ပြန်လည်းမပြော၊ နားလည်းမထောင်ပါဘူးလေ။ သဇင်နှင့်လည်း ရန်သွားဖြစ်မနေပါဘူး။ အိမ်ရှင်မကောင်းကြီး ပီသချင်လွန်းနေသည့် သဇင်ကလည်း မြူနှင်းနှင့် ရန်ဖြစ်ဖို့ သူ့မှာအချိန်အား ကလေးမှမရရှာဘဲ။ ခပ်တန်းတန်းကလေး ဖြစ်သွားတာကတော့ နှစ်ဦးနှစ်ဖက်ပဲဟု မြူနှင်း ထင်ပါသည်။

အဲသည်အချိန်မှာ ... မြူနှင်းရဲ့ဘဝကို ဆစ်ချိုးကွေ့ ခြင်းထက် ပိုမိုထူးခြားသော ခံစားချက်တစ်ခု ဖြစ်ထွန်းခဲ့ရတာ။ "ညီမိုးညို" ဆိုသော သူဌေးပေါက်စလေး။



မြူနှင်းနှင့် ရွယ်တူတန်းတူလောက်ပဲ ရှိနိုင်ပါသည်။ သို့ပေမယ့် ... သူက ဘွဲ့ရပြီးပြီ။ အလုပ်နှင့် အကိုင်နှင့် လုပ်ငန်း ရှင်ပေါက်စ၊ စီးပွားရေးသမားလေး ဖြစ်နေခဲ့ပြီ။ ကျောင်းတန်းက တစ်တန်းမှ မကျခဲ့ဘူးဘဲ၊ စာတော်သူလေးဆိုလျှင်၊ အသက်နှစ် ဆယ်မှာ ဘွဲ့ရနိုင်တာပဲ မဟုတ်လား၊ သူ့အသက်ကလေး နှစ် ဆယ်တော့ ကျော်မှာပါ။ မြူနှင်းနှင့် ရွယ်တူတန်းတူပဲ ဖြစ်မှာပါ။ မြူနှင်းကတော့ စာမေးပွဲကျခြင်း ဆိုတာကို ကိုယ့်ဆွေမျိုးသား ချင်းဖို့ ရင်းနှီးပွန်းတီးခဲ့သူပါ။ မြူနှင်းလည်း နှစ်ဆယ်ကျော်ပါ ပြီ။ သို့ပေမယ့် ... ဘွဲ့မရသေးပါ။

အဲသည်တုန်းက သူ့နာမည် ညီမိုးညိုမှန်းလည်းမသိ၊ သူ့မိဘချမ်းသာလို့ ဖွင့်ထားနိုင်တဲ့ ဒီကုန်တိုက်မှာ M.D ရာထူး ကို ခပ်ချောင်ချောင် ဝင်ယူလိုက်သည့် မနူးမနပ်ကောင်လေးတစ် ယောက်ဟာ ... မြူနှင်းရဲ့နှလုံးသားကို ဆုပ်ညှစ်လုံးထွေးပြီးမှ အပိုင်သိမ်းသွားနိုင်လိမ့်မယ်လို့ ဘယ်သိမှာလဲ ချစ်သူရယ်။ M.D ပေါက်စလေးရယ်။ ညီမိုးညိုရယ်။

❢ ၁၀ ❢

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"သဇင် ... တို့မှာ ချစ်သူရှိနေပြီ"

သဇင့်ကို အရင်ပြောလိုက်၏။ သဇင်က မျက်လုံးလေးပြူးသွားပေမယ့် သိပ်အံ့သြပုံမရပါ။ ခုတလော ... ဖုန်းဆက်လျှင် ကြာနေတတ်တာ၊ တိုးတိုး ... တိုးတိုးနှင့် ပြောနေတတ်တာ၊ အလှပိုပြင်လာတာတွေဟာ၊ မိန်းကလေးတစ်ယောက် ... ချစ်သူရှိနေပါပြီဟု သတ်မှတ်ရမည့် အချက်တွေပင်။

"ထင်တော့ ထင်နေတာပါ"

သဇင်က ပြုံး၍ပြော၏။ မြူနှင်းနှင့် လာပူးကပ်ထိုင်ကာ မြူနှင်း ပခုံးကိုဖက်၏။

"ဘယ်တုန်းကမှ ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးတဲ့သူရဲ့ ချစ်သူ ... ဦးကံကောင်းက ဘယ်သူတဲ့လဲ"

သဇင်က ဟိုတုန်းကအတိုင်း နေပေမယ့် မြူနှင်းသာလျှင် စိမ်းသက်သွားတာဖြစ်၏။ ဟိုတုန်းကလို နေပါသည်ဆိုသော သဇင်ဟာလည်းပဲ အိမ်မှုကိစ္စ၊ ဦးသွေး တာဝန်တို့နှင့် မြူနှင်းကို ပေးနိုင်သော အချိန်တော့ နည်းသွားရတာပင်။ ခုလို ... သူငယ်ချင်းညီအစ်မပုံစံနှင့် ဖက်လှဲတကင်း မရှိကြတာ ကြာပါပြီ။



"ဦးသွေးကို ပြောပေး၊ သူက မိဘအုပ်ထိန်းသူကို အသိပေးလိုက်တဲ့"

"တော်လိုက်တာ၊ လူကြီးမိဘ အသိပေးခိုင်းတယ်ဆိုကတည်းက လူကြီးလူကောင်းပေါ့။ ရိုးသားဖြူစင်တာပေါ့၊ ကောင်းလိုက်တာ၊ ဝမ်းသာတယ်။ အင်း ... ပြောပါဦး"

"ညီမိုးညို ... တဲ့"

"အမယ် ... နာမည်က အပျံစားပါလား၊ လှတယ်။ လူရောလှလား"

သဇင်ကသာ အားတက်သရောပုံစံ၊ မြူနှင်းက ပြောချင် ပြောချင်ပုံမှာ ... သဇင့် စိတ်ပါလက်ပါမှုကြောင့် မြူနှင်းပါရော၍ ပျော့ပျောင်းလာသလို ဖြစ်တော့သည်။

"Heart to Heart ကုန်တိုက်တွေ သိတယ်မှလား"

"သိတာပေါ့ ... ရန်ကုန်မြို့ပေါ်မှာတင် ငါးခုရှိပြီ"

"အဲဒီကသား"

"ဦးမင်းညိုထွန်းနဲ့ ဒေါ်မြမိုးဆွေတို့သားပေါ့"

"သဇင် သိလို့လား"

"ဟိုတလောက ... ဦးသွေးရဲ့ဆရာ၊ သမားတော်ကြီးအိမ်မှာ ဘုရားကိုးဆူကပ်လို့ သဇင်တို့ ညဘက်သွားရပါရောလား၊ အဲဒီမှာ သူတို့ဇနီးမောင်နှံလည်း လာတယ်။ သဇင်တို့နဲ့တော့ မသိခဲ့ပါဘူး၊ ဘေးနားကလူတွေက အဲဒါ Heart to Heart သူဌေးလင်မယားဆိုလို့ လှမ်းကြည့်လိုက်တာ၊ နာမည်တွေလည်း သိခဲ့ရတယ်၊ တကယ့်လူကြီးလူကောင်း ...

www.burmeseclassic.com

www.burmeseclassic.com



"အဆင့်အတန်းမြင့် ဂုဏ်သရေရှိ ... ဆိုတဲ့ ကျက်သရေတွေဟာ အဲဒီဇနီးမောင်နှံဆီက ဖြာထွက်နေသလိုပဲ၊ အသားအရေကစလို့ ဝင်းဝင်းဝပနဲ့ မျက်နှာထားကလည်း ကြည်စင်နေတာပဲ။ သူတို့ထိုင်နေတဲ့နားမှာ လင်းနေသလိုတောင် ခံစားရတယ် ...

"မြနှင်း ကံကောင်းလိုက်တာ၊ အရမ်းဝမ်းသာတယ်သိလား။ ဦးသွေး သိရင်လည်း ဝမ်းသာမှာပဲ၊ ဦးသွေးက မြနှင်းကို အိမ်ထောင်ရက်သားကောင်းကောင်း ... သိပ်ကျစေချင်တာ၊ အဲဒီ ... မြနှင်းရဲ့ လူလေးကရော ချောလား"

"အသားဖြူတယ်၊ အဖြူမှာ အဝါသွေးလုတယ်"

"လှမှာပေါ့၊ မြနှင်း ဖြူပုံကျတော့ အဖြူပေါ်မှာ ပန်းသွေးလေးပြေးတာနော်၊ မြနှင်းနဲ့ သိပ်လိုက်မှာပဲ၊ မျက်ခုံး မျက်လုံး၊ နှာတံ .... နှုတ်ခမ်း၊ အားလုံးလှတယ်ပေါ့၊ ဟုတ်လား။ ပျော်စရာကြီး"

သဇင်က ကာယကံရှင်ထက်တောင် ပိုပျော်သွားရပုံနှင့် မြနှင်းကို မွှေ့ယမ်းတွန်းထိုး လုပ်သည်မို့ မြနှင်းပါ ရောနှောပြုံးမိလာရသည်။

"မြနှင်းနဲ့ ဘယ်သူက ပိုလှလဲ"

"ဒါတော့ ... သူက ယောကျ်ားလေးဆိုတော့ ..."

"မြနှင်းကို မမီဘူးလား"

"ထင်တာပဲ"



မြနှင်း ရယ်ဖြစ်တော့သည်။ သဇင်နှင့် ဦးသွေးတို့လက်ထပ်ပြီးမှ စိတ်ထဲမှာ အံတိုင်မကျသလို တင်းကျပ်နေခဲ့မှာ နေခြင်းများ ... လွင့်ပျောက်ကုန်လေ၏။

"သူတို့ အရမ်းလည်းချမ်းသာတယ်တဲ့။ သားက တစ်ယောက်တည်းတဲ့၊ စိတ်ကောင်းလည်း ရှိကြတယ်ဆိုပြီး အေးနားက အုပ်စုကတော့ ချီးကျူးနေတာပဲ။ မြနှင်း ကံကောင်းမှာ"

"သူတို့ ... တို့နဲ့သဘောတူပါ့မလား မသိဘူးနော်။ ဘာပြောကြမယ် မသိဘူး"

"အဲဒီ ဦးညီမိုးညိုလေးက သူ့အိမ်မှာ ပြန်မပြောရသေးဘူးလား"

"ပြောပြီးလောက်ရောပေါ့"

"ဘာတဲ့လဲ"

"ညကျမှ ဖုန်းဆက်ပြီး မေးကြည့်ရမယ်"

"မြနှင်းက လှလည်းလှတယ်၊ မကြာခင်လည်း ဘွဲ့ရတော့မှာ၊ ပြီးတော့ ... မြနှင်းဘက်မှာ တာဝန်ယူပေးရမယ့် ဆွေဆင်းရဲ မျိုးဆင်းရဲ ဆိုတာတွေလည်း ပါမလာဘူး၊ သဘောမတူစရာ မရှိပါဘူး"

"အဲဒီလို ဖြစ်ပါစေလို့ ဆုတောင်းရတာပဲ။ တကယ်လို့ သူ့မိဘတွေက သဘောမတူဘူးဆိုရင် ... ကျွန်မ ဘာလုပ်ရမလဲဟင် ... သဇင်"

မြနှင်းမှာ ထူးဆန်းသော အကျင့်ကလေးတစ်ခုရှိပါသည်။ သူ ... ကြည်နူးသည့်အခါတွေ၊ လေးစားကြည်ညိုသူ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ပြောဆို ဆက်ဆံသည့်အခါတွေမှာ အထူးတလည်သဘော နှင့် ... "ကျွန်မ"ဆိုသည့် နာမ်စားလေးသုံးတတ်သည်။ ထေ့ချင် ငေါ့ချင်စိတ်နှင့် ခပ်ရွဲ့ရွဲ့ ဂျစ်ကန်ကန် ပြောချင်သည့် အခါတွေ မှာလည်း "ကျွန်မ"ဟု သုံးတတ်သည်။ ရိုးရိုးသားသား ပုံမှန်ချိန် တွေမှာတော့ "တို့" "ငါ"ဆိုတာမျိုး သုံးပြန်၏။ ကိုယ့်ကိုယ်ကိုယ် "မြနှင်း"ဟု ထည့်ပြောတာမျိုးက အတော်ကြီးကို ရှားပါးလေ ၏။

"ဦးသွေးနဲ့ တိုင်ပင်ရမှာပေါ့။ မြနှင်းဟာ ဦးသွေးရဲ့အုပ် ထိန်းမှုအောက်က တူမသားချင်း၊ မွေးစားသမီး သဘောမှာ ရှိတာပဲ။ ဦးသွေးလည်း လူကုံထံလောကမှာ နာမည်ကောင်း ပါတယ်"

"ဦးသွေးက ကောင်းပေမယ့် ... ကျွန်မ သီးသန့်နဲ့ကျတော့ ကျွန်မ ဆင်းသက်လာခဲ့တဲ့မျိုးရိုး ..."

ဒီတစ်ကြိမ် "ကျွန်မ"လို့ သုံးစွဲလိုက်တာကျတော့ ယဉ်ကျေးပျော့ပျောင်းသွားသောစိတ်၊ အားငယ်သွားသောစိတ်နှင့် ပြောမိတာ ဖြစ်ပြန်၏။

"အိုကွာ ... ခုချိန်မှာ မြနှင်းက အဖိုးတန်၊ ဂုဏ်ရှိသရေ ရှိ၊ ဣန္ဒြေရှင် မိန်းကလေး၊ ပညာတတ်ပဲ"

"အဲဒီလို သတ်မှတ်ပါစေလို့ ဆုတောင်းရတာပဲ"

"မြနှင်း စိုးရိမ်နေတာလားဟင်"

"အင်း"

"ဩော် ... မြနှင်း တကယ်ချစ်တာပဲ"

"ချစ်ပါတယ်ဆို"



"မြနှင်း အရမ်းချစ်မှာပဲနော်၊ ဒါ ... မြနှင်းအတွက် ပထမဆုံး ရင်ခုန်သံမှလား"

"ဟုတ်တယ် ... ပထမဆုံးပဲ။ ကျွန်မလေ ... တစ်ခါမှ ရည်းစားမထားခဲ့ပါဘူးလို့ ပြောရင်၊ အဘွားကတောင် ယုံမှာမဟုတ်ဘူး၊ ယောကျ်ားလေးတွေနဲ့ အတွဲများပေမယ့် ရည်းစားမဟုတ်ခဲ့ပါဘူး သခင့်ရယ်။ ကောင်လေးတွေနဲ့ ပေါင်းတာ များတာက ကောင်မလေးတွေနဲ့ ပေါင်းတာ ထက် ပိုအဆင်ပြေလို့ ...

"မိန်းမချင်းကျတော့၊ စိတ်ထင်ရင် ထင်သလို၊ မထင်ရင်လည်း မထင်သလို၊ စိတ်ကောက်ကြ၊ မနာလိုကြ၊ အတင်းပြောမကာ၊ ဘာမဟုတ်တာလေးနဲ့လည်း စိတ်ဆိုးကြ ... ကောင်လေးတွေနဲ့ကျတော့ ဘာပြောပြော၊ ကျော ကုန်းကြီး ထုထည့်လိုက်လည်း ကျောကော့သွားရုံပဲ ...

"ကျွန်မ အဲဒီလိုနေခဲ့တာ၊ အဘွားကတော့ အရမ်း အပြစ်တင်တယ်။ သခင်ရော အဲဒီလို နေခဲ့ဖူးလား၊ နေဖူး မယ် မထင်ပါဘူး"

"မနေဖူးတာ အမှန်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သခင်က အပေါင်းအသင်းကို နည်းတာ၊ အိမ်မှုကိစ္စလည်း အိမ်မှာ ကူရ၊ ကျောင်းတစ်ဖက်နဲ့ အဖေနဲ့ အမေကလည်း ကျန်း မာရေးကောင်းတာ မဟုတ်တော့လေ၊ သူငယ်ချင်းထားဖို့ တောင် အချိန်သိပ်မရှိတော ...

"ကောင်လေးတွေနဲ့ဆိုတော့ ပိုဝေးတာပေါ့။ တစ်ခု တော့ရှိတယ် မြနှင်းရဲ့။ ယောကျ်ားလေးတွေနဲ့ ပေါင်းရ

www.burmeseclassic.com

www.burmeseclassic.com



တာ လွတ်လပ်သလို ရှိပေမယ့်၊ ယောကျ်ားလေးတိုင်း ကောင်းတာမဟုတ်ဘူး၊ တချို့ ရိုးသားတဲ့သူတွေကျ မောင်နှမ သူငယ်ချင်းစိတ် ထားတာယ်။ တချို့ကျတော့

"ထိလိုက် ပုတ်လိုက်နဲ့ အသားယူချင်တာ၊ ဒီ မလေး ငါ့ကိုကြွေနေပြီ၊ ချူးချင်တဲ့အခါ ချူးလိုက်ရုံပဲ အပေါစားသဘောထားတဲ့ သူတွေလည်း ရှိတယ်"

သိလိုက်တာမှ သဇင်ရယ်။ ကောင်လေး အပေါင်းအသင်းများတဲ့ နန့်တန့်တန့် ပျံတန်တန် ကောင်မ ဆိုပြီး မယားရှိလင်ကြီးတွေကတောင် ကျောပုတ် ခေါင်းပုတ် လုပ်ချင်တာ၊ အလကားရလည်း အပိုင်ပဲ ဆိုပြီး သဘော ခြင်းခံရတာတွေ၊ တို့က ကိုယ်တွေ့ပါ ... ဆိုတာ မပြောချင် ပါ။

မြူနှင်း ပြောသည့် စကားက သဇင်မှတ်စု ဦးသွေးဆီသို့ရောက်၏။

"အတည်တကျဆိုရင် ငါ ဝမ်းသာတယ် မြူနှင်း၊ မိသား လိုက် မြင့်မြတ်တဲ့မျိုးရိုး၊ နာမည်ကောင်းတွေနဲ့ နေကြတာ မင်းတို့လက်ထပ်ဖို့ ရည်ရွယ်ရင် အချိန်ဆွဲမနေနဲ့တော့ ငါ့အဖို့မှာ မင်းဟာ နှမဆိုလည်းဟုတ်၊ တူမဆိုလည် ဟုတ်၊ သမီးဆိုလည်းဟုတ် ...

"မင်း ကောင်းစားတာ မြင်ချင်တယ်။ ကံကြမ္မာ တာ ယုံထားလို့ မရဘူး၊ ကံကောင်းတဲ့ အခိုက်ကလေး မှာ အဲဒီကောင်းတဲ့ကံကို အရယူလိုက်နိုင်ဖို့လိုတယ် လူကြီးချင်း လာစကားပြောပစေပေါ့" ... တဲ့။



"ပြီးတော့ ... မင်းကို ပေးစရာလည်း ရှိသေးတယ်။ မင်း လက်ထပ်ရင်၊ ခြံတစ်ခြံနဲ့ ကားတစ်စီး လက်ဖွဲ့မယ်" ... တဲ့။

မြူနှင်း ... လွင့်ခနဲ မြောက်သွားသလားတောင် ထင်မိတော့သည်။ လှိုက်ခနဲ ဟာသွားပြီးမှ အပျော်တွေ စီးဝင် လာ၏။

"ဦးဘမြိုင်ဟာ မင်းအဘွား ဒေါ်ခင်ခင်မြိုင်ရဲ့အဖေ။ မင်း ရဲ့အဘိုး တော်တယ်။ အဲဒီ ဦးဘမြိုင်က ငါ့အဖေ ဦးကျော် ဆင့်ကို မွေးစားခဲ့တယ်။ သမီး ဒေါ်တင်တင်မြိုင်နဲ့ တန်း တူမဟုတ်ပေမယ့်၊ ထိုက်သင့်သလောက် ချီးမြှင့်တဲ့အရင်း အနှီးကို ထုတ်ပေးခဲ့တယ် ...

"ငါ့အဖေ ဦးကျော်ဆင့်ဟာ အဲဒီအရင်းအနှီးနဲ့ ခပ်သေးသေး စပြီးလုပ်ခဲ့တယ် ဆိုပေမယ့်၊ ကြီးပွားတိုးတက် လာတယ်၊ အဲဒီလို ကြီးပွားလာလို့လည်း ငါ့အမေ ဒေါ်ခင် မာလာဆိုတဲ့ အသိုင်းအဝိုင်းထဲကို ဝင်ဆန့်ခဲ့တယ်။ မေမေ နဲ့ လက်ထပ်နိုင်ခဲ့တယ် ...

"မေမေကိုယ်တိုင်က သူဌေးသမီးဆိုတော့ အရင်း အနှီးတွေ ထပ်ပွားလာခဲ့ပြီး၊ တကယ့် ဒိတ်ဒိတ်ကြဲ စီးပွား ရေးသမားကြီး ဖြစ်ခဲ့တယ်။ ငါ့လက်ထက်ကျမှ ... မင်း တို့လည်း သိပါတယ်၊ ငါက စီးပွားရေးဝါသနာမပါတာက တစ်ကြောင်း၊ သဇင့်ကိုလည်း ပြောပြထားပါတယ် ...

"ငါလက်ထပ်ဖို့ စီစဉ်တဲ့ အမျိုးသမီးက ငါ့ကိုပစ်သွား ခဲ့ပြီး နိုင်ငံခြား ထွက်သွားတာနဲ့ ငါလည်း စိတ်ဓာတ်ပျက် ပြားပြီး စီးပွားရှာတဲ့ အလုပ်ကို ပစ်ပယ်လိုက်တာ။ ငါ့မှာ

www.burmeseclassic.com

www.burmeseclassic.com



မိဘလည်းမရှိ၊ ညီကိုမောင်နှမလည်းမရှိ၊ ပိုက်ဆံကို ဘာကိစ္စ အားကြိုးမာန်တက် ရှာတော့မလဲ ...

"ငါ့ပညာနဲ့ ကုသိုလ်ယူမယ်၊ မပြည့်စုံတဲ့သူတွေကို ကူညီပြီး ကုသိုလ်ယူမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ အေးအေးဆေးဆေးပဲ နေတော့တာ၊ ဘိုးဘိုး ဦးဘမြိုင်က ငါ့အဖေကို ... ပညာရေးဒါနလုပ်ဖို့ မှာခဲ့သလို ငါ့အဖေကလည်း ငါ့ကို အဲဒီစကား မှာခဲ့တယ် ...

"ဒါတွေ မင်းတို့လည်း သိပြီးသားတွေပါ။ ငါက တစ်ယောက်တည်းပဲဆိုပြီး ကုမ္ပဏီကို ရောင်းပစ်တာ၊ အောင်မြင်နေတဲ့ ကုမ္ပဏီကြီးကို ရောင်းပြီး ခြံတွေ တိုက်တွေဝယ်၊ အဲဒါတွေ ငှားလို့ရတဲ့ငွေနဲ့ မင်းတို့တွေကိုလည်း ကူညီနိုင်ခဲ့တယ်၊ ငါတတ်ထားတဲ့ ဆေးပညာနဲ့လည်း ကုသိုလ်ယူခဲ့တယ် ...

"အခု ငါ ပြန်စဉ်းစားကြည့်တယ်။ သဇင်နဲ့လည်း လက်ထပ်ပြီးပြီဆိုတော့ ငါ့ဘဝဟာ အဓိပ္ပာယ်ရှိလာပြီ။ ငါ့ရဲ့သွေးသား ဆွေစဉ်မျိုးဆက်ဆိုတာ လာတော့မယ်၊ အဲဒါအတွက် ငါ စီးပွားရေးအလုပ်တစ်ခုကို တည်ထောင်ခဲ့ရမယ်၊ ငါ့ကုမ္ပဏီကို ရောင်းလိုက်စဉ်က ... ရတာရော၊ မေမေ့ဘက်က အမွေအနှစ်ရောဆိုတော့ ...

"ငါ့မှာ ... နိုင်ငံခြားသား ငှားထားတဲ့ ခြံနဲ့တိုက်ချည်း လေးခြံရှိတယ်၊ အဲဒီနိုင်ငံခြားသားတွေဆီမှာ ငါ ငှားပေးထားတဲ့ ကားတွေရှိတယ်၊ မင်းဟာ ဦးဘမြိုင်ရဲ့မြစ် ဖြစ်တဲ့အတွက် ...



"အခု ငါပိုင်တဲ့ ပစ္စည်းတွေထဲက မင်းကို လေးပုံတစ်ပုံ ခွဲပေးဖို့ ရည်ရွယ်တယ်။ ဆိုလိုတာက ငါ့အဖေ ဦးကျော်ဆင့်နဲ့ ငါ့အမေ ဒေါ်ခင်မာလာတို့ ပိုင်ဆိုင်ခဲ့တာတွေကို ခွဲခြမ်းစိတ်ဖြာရင်၊ အဖေနဲ့အမေက တစ်ဝက်စီဆိုပါတော့ ...

"ဦးဘမြိုင်က ငါ့အဖေကို စတင်ထူထောင်ပေးခဲ့တာဆိုတော့ ငါ့အဖေရဲ့ ပိုင်ဆိုင်မှုတစ်ဝက်ထဲကနေ ငါကတစ်ဝက်၊ ဦးဘမြိုင်ရဲ့မြစ်ဖြစ်တဲ့ မင်းကတစ်ဝက်၊ ဒီတော့ မင်းကို လေးပုံတစ်ပုံ ခွဲပေးဖို့ ငါ ဆုံးဖြတ်တယ်"

မြနှင်း ... နှုတ်ခမ်းလေး အပွင့်သားနှင့်ကို အံ့သြထူးဆန်းရပါတော့သည်။ ကျေးဇူးတင်လိုက်တာ ဦးသွေးရယ်။ ဒါတွေဟာ ကျွန်မနဲ့ လုံးဝမဆိုင်ဘူးလို့ သတ်မှတ်ရင် ဖြစ်ပါတယ်။ ဦးသွေး မပေးရင် ရပါတယ်။ ကျွန်မက ရပိုင်ခွင့်အနေနဲ့ တောင်းဆိုဖို့ မရှိပါဘူး ဦးသွေးရယ်။ ဦးသွေးရဲ့စိတ်ကောင်းစေတနာများ ကျွန်မ ... ဘဝဆက်တိုင်း လိုက်ရှာရင်တောင်၊ နောက်တစ်ယောက် ဆပ်တွေ့ဖို့ မလွယ်တော့ပါဘူး။

မြနှင်း ... ကုလားထိုင်ပေါ်မှ ကြမ်းပြင်သို့ဆင်း၏။ ဦးသွေး ခြေအစုံကို နဖူးနှင့်တိုက်၍ ရှိခိုးသည်။ ပြီးတော့ ... မျက်ရည်ပေါက်ပေါက် ကျလေသတည်း။

တစ်သက်နှင့်တစ်ကိုယ်မှာ ... အရိုင်းကြမ်းမလေး _ မြနှင်းစို၏ အနူးညံ့ဆုံး ညွှတ်ပျောင်းချိန်တည်း။

❣ ○ ❣

www.burmeseclassic.com

www.burmeseclassic.com



"ခြံလေးခြံထဲက မင်းကြိုက်တဲ့ခြံကို လက်ညှိုးထိုး" တဲ့။

ဦးသွေးနှင့် သဇင်က လှည့်ပတ်ပြသည်။ မြူနှင်းက အပျော်ကြီး ပျော်၏။ ဒီလိုပြောတာမျိုး တစ်သက်မှာ ပထမဦးဆုံးနှင့် တစ်ကြိမ်တည်းမို့ သူငယ်ချင်းညီအစ်မ သဇင့်ကိုလည်း (အပျော်လွန်စွာ) ဖက်ဖက်နမ်းမိသေးသည်။ ဦးသွေးနှင့် သဇင်တို့ လက်ထပ်သွားချိန်မှစ၍ ပြန်လည်ကြမ်းချင်လာသည့် အရိုင်းစိတ် ဂျစ်ကန်ကန်၊ မဲ့ရွဲ့ရွဲ့တွေ ထွက်ပြေးကုန်သည်။

မြူနှင်းက ကမ္ဘာအေးစေတီလမ်းပေါ်မှ မြေသုံးမူ ပေါ်မှာ ဆောက်ထားသည့် သုံးထပ်တိုက်ကြီးကို ရှက်ကိုးရှက်ကန်းနှင့် လက်ညှိုးထိုး၏။

"ခွေးမလေး၊ အကောင်းကြိုက်တတ်သားပဲ"

ဦးသွေးက ချစ်စနိုးနှင့် ပြောရှာ၏။

"နိုင်ငံခြားသား ငှားထားတဲ့ လေးခြံမှာ အဲဒီခြံအကျယ်ဆုံးနဲ့ အဲဒီတိုက် အကောင်းဆုံးပဲ။ သုံးထပ်တောင်၊ ပြီးတော့ အထဲမှာ ထည့်ထားတဲ့ ပစ္စည်းတွေကလည်း အစုံဆုံးနဲ့ အကောင်းစားချည်းပဲ၊ နောက်ဘက်မှာ ရေကူးကန်လည်း ပါသေးတယ်၊ ဒီခြံကို မင်း မရွေးရင်တောင်၊ ငါက ဒီခြံကိုပဲ ယူခိုင်းမလို့ပါ"

2001 Model, Mark II ဖိတ်ဖိတ်လက်ဖြူဖွေး နံပါတ် ၉/ခ တစ်စီး လည်းဝယ်ပေးလိုက်သည်။



"နင်လည်း ကားမောင်းတတ်နေတာ၊ သွားချင်လာချင် သဇင်နဲ့ ညှိမဖနေနဲ့တော့၊ အဲဒီကားနဲ့ပဲသွားတော့" ...တဲ့။

မြူနှင်းတို့ ပျော်လိုက်ပုံများ လမ်းပေါ်ဆင်းလျှောက်ရင် ခြေထောက်က မြေကြီးကို မထိချင်၊ အပျော်လွန်၍လွင့်သလား ထင်မိတော့၏။

"ကျန်တဲ့သုံးခြံလုံးရောင်းပြီး ငါ စီးပွားရေး ပြန်လုပ်တော့မယ်၊ ခုမှ ငါလည်း စကားပုံနဲ့ ညီတော့တယ်။ အသက်လေးဆယ်မှ ဘဝကိုစတယ်ဆိုတာလေ။ အသက်လေးဆယ်မှာ အိမ်ထောင်ပြုတယ်၊ စီးပွားရေး ပြန်လုပ်မယ် ...

"ငါ ဝါသနာပါတဲ့ ဆေးပညာနဲ့ပဲ ... ပုဂ္ဂလိက ဆေးခန်းကြီး ဆောက်မယ်၊ မြို့ပြင်တော့ နည်းနည်းထွက်ရမယ်၊ ဒါပေမဲ့ ... အထူးကုသမားတော်ကြီးတွေရှိမယ်၊ ဆေးရုံအဆင့်အတန်း မြင့်မယ်၊ ကုန်ကျစရိတ် သင့်တင့်မယ်ဆိုရင် လူနာတွေ လိုက်လာကြမှာပဲ ...

"ငါက M.O အဖြစ်နဲ့ တစ်ချိန်ဝင်ထိုင်လို့ရတယ်။ စီးပွားရေးဆိုပေမယ့် ငါလုပ်မယ့် စီးပွားရေးက ငါရဖို့ချည်း မဟုတ်ဘူး၊ လူနာတွေ နည်းနည်းပါးပါး စရိတ်စက သက်သာချောင်ချိဖို့လည်း ရည်ရွယ်တယ် ...

"အကောင်းဆုံး ဝန်ဆောင်မှုကိုလည်း ရစေချင်တယ်။ ဒီကိစ္စတွေ သဇင်နဲ့လည်း တိုင်ပင်ပြီးပြီ။ မြူနှင်းက အိမ်ထောင်မကျမချင်း ဒီအိမ်မှာပဲနေ၊ ငါ့မွေးစားသမီး အရာမှာနေပေါ့၊ မင်း အိမ်ထောင်ကျတဲ့အခါမှာ ... ဦးမင်းညိုထွန်းနဲ့ ဒေါ်မြမိုးဆွေတို့ရဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



"ချွေးမအဖြစ်နဲ့ သူတို့အိမ်ပေါ်တက်သွားရင် လက်မဲ့မဟုတ်၊ မင်းစည်းစိမ်အပြည့်နဲ့ မင်း တက်သွား တော့လည်း မျက်နှာမငယ်ရတော့ဘူးပေါ့"

"ကျေးဇူးကြီးလှပါတယ် ဦးသွေးရယ် … ဒါတွေဟာ တယ်တော့ ဦးသွေးရဲ့ စေတနာသက်သက်ပါ။ ရပိုင် ရှိလို့ ရတာလို့ သဘောမထားပါဘူး"

"စေတနာလည်း စေတနာပေါ့။ ပေးသင့်တယ်လို့လည်း ငါ ထင်လို့။ စိတ်ကောင်း စိတ်မြတ်ဆိုတာ အဲဒီလို ယူရတယ် မြနှင်း။ လောကကြီးဆိုတာ အရွဲ့တိုက်ဖို့ ကန်ဖို့ မဟုတ်ဘူး၊ ကောင်းကျိုးပြုဖို့ … ဆိုတာ မင်း လည်ရင် ငါစေတနာထားရကျိုးနပ်ပြီ"

"ကျွန်မ … နားလည်ပါပြီ ဦးသွေးရယ်"

ဘဝဆစ်ချိုးလေး တကွေ့ကွေ့ ပြန်ပြီလေ။

❣ ○ ❣

မြနှင်း လူလားမြောက်ချိန်ထိ ဆူးတောမှာ ကြီး ခဲ့ရသည်။ အောက်တန်းကျသော အပြောအဆို အနေအထိုင် ကြားထဲမှာ လူပ်ရှားခဲ့ရသည်။ အရိုင်းအကြမ်းနှင့် စိတ်ထား မားခြင်း၊ အတင်းပြောခြင်း၊ မနာလိုခြင်း၊ လမ်းပေါ်မှာ ဖက်သ နပန်းလုံးဖို့ မရှက်တတ်ခြင်း … ဆိုသည့် ကလေကချေ ပတ် ကျင်မှာပင် အပျိုလေး အရွယ်လေး ဖြစ်လာခဲ့ရသည်မို့ …



ကြာပန်းလေးပင် ဖြစ်စေဦး၊ နောက်ချေးပုံမှာပေါက် လျှင် အနည်းဆုံး နောက်ချေးနံ့တော့ ကူးစက်စွဲထင်ခံရမှာပင်။ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ကိုယ်ချင်းစာ နားလည်ပေးခြင်း၊ ဣန္ဒြေနှင့်သိက္ခာကို ထိန်းသိမ်းခြင်း၊ ကိုယ်ကျင့်တရား စောင့်ထိန်းခြင်း၊ အပြုအမူ အနေအထိုင်၊ လှုပ်ရှားဟန်မှစ၍ အဆင့်အတန်း မြင့်စွာ၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ မနာလိုဝန်တိုမှုကင်းခြင်း၊ ရန် ဖြစ်လိုက်ရမှာကိုသာ ရှက်စွံ့ပြီး၊ သည်းခံပေးလိုက်ခြင်းဖြင့် လူကြီး လူကောင်းဆန်ခြင်း၊ ဝါကျလေးများ လှပယဉ်ကျေးခြင်း … ဆိုတာ တွေကို ဦးသွေး အိမ်ရောက်မှ၊ ဦးသွေး တတွတ်တွတ်သင်ကြား မှ၊ ဦးသွေး ကိုယ်တိုင်စံနမူနာကြီးအဖြစ် နေပြတာကို တွေ့ရမှ …

"သြော် … လောကကြီးဟာ ဟိုလိုမျိုးတွေချည်း မဟုတ်ဘဲ၊ ဒီလိုမျိုးတွေလည်း ရှိသေးပါလား" … ရယ်လို့ သဘော ပေါက်လက်ခံလာခဲ့ရတာ ဖြစ်ပါသည်။

"ဦးသွေးဟာ သင်ဆရာ မြင်ဆရာ ကြားဆရာ ဖြစ်သလို သဇင်ကလည်း ကျွန်မမျက်စိရှေ့မှာ မမြင်ချင်လို့ရော မကြည့်ချင်လို့ မရတဲ့ မြင်ဆရာထဲမှာ ပါပါတယ်"

"မဟုတ်တာ … သဇင်က ကိုယ့်ဘာသာ နေတတ်သလို နေတာပါ"

"အဲဒီ နေတတ်သလို … ဆိုတာလေးက သိမ်မွေ့နေတာ ကို တွေ့ရမှ၊ ကိုယ် ဘယ်လောက်ရိုင်းကြမ်းပြီး အောက် တန်းကျခဲ့သလဲ ဆိုတာကို သိလာခဲ့တယ်။ ကျွန်မက ဖြစ်ရင် ဖက်သတ်ရင်းနဲ့ ကလော်ဆဲဖို့လည်း နေလေးခဲ့ တာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သဇင်က မြနှင်းပေါင်ကို တစ်ချက်ပုတ်၍ ရယ်၏။

"သဇင် ... အဲဒီလို ရန်ဖြစ်ဖူးလား"

"ဟင့်အင်း ... မဖြစ်ရဲဘူး၊ အသားနာမှာလည်း သိပ်ကြောက်တာ၊ အသားနာမှာ ကြောက်တဲ့အနှံ့၊ အရိုက်ခံရမှာစိုးပြီး ... မိဘတွေပြောရင် တစ်ခွန်းတည်း နားထောင်တတ်တဲ့အကျင့်ကို ရခဲ့တာ"

ငယ်ငယ်က ပြောစကား နားမထောင်လျှင် အမေက ခေါင်းကို ခေါက်ခနဲ ခေါက်ချလိုက်လည်း ... ခေါင်းကို ခဏ ပွတ်ပြီး ကိုယ်လုပ်ချင်တာ လုပ်ခဲ့တာပင်။ အဘွားက ထင်းချောင်းတွေ ထင်းချောင်း၊ အနားရှိတာနှင့် ကောက်ပေါက်တော့၊ ခုန်ရှောင်၊ ထိလျှင်ဖြစ်နေငို၊ မထိလျှင် ခုန်ဆွ ခုန်ဆွနှင့် ... အဘွားကို လှောင်ပြီးထွက်ပြေး။

သြော် ... လူချင်းတူပေမယ့် အသက်ရှူချင်း ကွဲခဲ့တာတွေလေ။

❣○❣

မြနှင်း ... ဘယ်မှမသွားဘဲ၊ အိမ်မြဲလျက်၊ တယ်လီဖုန်းကိုပဲ စောင့်နေခဲ့ပါသည်။ ဖွင့်မမေးသည့်တိုင် ဦးသွေးကလည်း သိချင်စိတ်ဖြင့် ခဏခဏ လှမ်းကြည့်သည်။

ညီ ... ရှင် ဖုန်းမဆက်တာ နှစ်ရက်ရှိပြီ။

မြနှင်း ... ညီ့လက်ကိုင်ဖုန်းနံပါတ်ကိုနှိပ်၏။ လူကြီးမင်းခေါ်ဆိုသည့် တယ်လီဖုန်းမှာ စက်ပိတ်ထားပါသဖြင့် ... တဲ့။ မြနှင်း စိတ်မရှည်နိုင်တော့ပါ။ အိမ်ဖုန်းကိုပဲ ခေါ်တော့၏။



"ဟုတ်ကဲ့ ... အမိန့်ရှိပါ" ... တဲ့။

အသံကို နားထောင်ခြင်းဖြင့် အသက်ငါးဆယ်ဝန်းကျင်ခန့် အမျိုးသမီးကြီး ဖြစ်နိုင်ပါသည်။ ဒါဆို ... ညီ့မေမေပေါ့။ အသံသည် သြဇာနှင့်ပြည့်ကာ စီးစီးပိုင်ပိုင်ရှိလှသည်။ မိုးသေါ်မှကျလာသလား ထင်ရသည်။ သို့ပေမယ့် တစ်ဖက်လူ၏နားထဲသို့ ချိုမြရှော့ရှူစွာ စီးဝင်၏။

"ကိုညီမိုးညိုနဲ့ ပြောပါရစေ"

မြနှင်း ... အသံကို အချိုနိုင်ဆုံးထား၍ ပြောရင်း၊ ဒမ်းနည်းသလို ခံစားရသည်။ ကိုယ့်ကိုယ်ကိုယ် တစ်ဆင့်နိမ့်ခ, စားလိုက်ရသည်ဟုထင်၏။

"ခဏကိုင်ထားပါနော်"

"ဟုတ်ကဲ့ပါ"

အင်း ...။ အရင်တုန်းက လမ်းပေါ်မှာ သူငယ်ချင်းတွေနှင့် ဟေးလားဝါးလား ရယ်မောစကားပြောဖြစ်ခဲ့ဖူးတာလေးကို ပြန်သတိရမိ၏။ အဲသည်တုန်းက ပြောတာ ... အုံးရွှေ ထင်သည်။

"ဟိုကောင် ... ဘဝင်၊ ကျော်စွာထွန်း ဆိုတဲ့ ကောင်လေ ... အဟား ... သူ့ကိုယ်သူ ဂုဏ်ကြီးရှင်၊ အဆင့်အတန်းမြင့်၊ လူယဉ်ကျေးပေါ့၊ စကားပြောတာ အိညောင့် အိညောင့်နဲ့၊ မယဉ်ကျေး ယဉ်ကျေးအောင် လုပ်နေတာ၊ သူပြောတဲ့စကား နားထောင်မိတာနဲ့ ကိုယ့်ပါးကိုယ် ဆယ်ချက်ရိုက်ရမလိုပဲ"

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူက အရမ်းယဉ်ကျေးပြနေတော့၊ ငါက မိုက်ရိုင်းကောင်ကြီး ဖြစ်သွားတာပေါ့၊ မိုက်ရိုင်းဦး၊ မိုက်ရိုက်ဦးဆိုပြီး ကိုယ့်ပါးကိုယ် ဆယ်ချက်လောက် ရိုက်ဆုံးမရမလို ဖြစ်နေပြီ" ... တဲ့။

"ဟုတ်ကဲ့ပါ" ... ဟု ပြောရင်း၊ မြနှင်း ... ကိုယ့်ပါးကိုယ် ဆယ်ချက်လောက် ရိုက်ရမလားတွေးလျက် ပြုံးမိသွားရလေ၏။

"အမိန့်ရှိပါ"

"ညီ"

"ဟာ ... မြနှင်း"

"ရက်စက်တယ်"

မြနှင်း မျက်ရည်ပေါက်ခနဲ ကျလေ၏။

"မဟုတ်ဘူး မြနှင်း ... ကိုယ် Food Poison (အစာအဆိပ်ဖြစ်) ဖြစ်လို့ အန်လိုက် ဝမ်းသွားလိုက်နဲ့ မောသွားတာ"

"ဟင် ... ဖြစ်မှဖြစ်ရလေ ညီရယ်"

"ခုလောလောဆယ်မှာ ဒရစ်ပ်(Drip)တန်းလန်းနဲ့"

"ဘယ့်နှယ်နေလဲဟင် ညီ ... တွေ့ချင်လိုက်တာ ညီရယ်။ စိတ်ပူလိုက်တာ"

"လာကြည့်မလား"

"လာလို့ ရလို့လား"

"မြနှင်းအိမ်ကနေ ထွက်လာလို့ ရလို့လား"



"သဇင်ဟာ သူငယ်ချင်းဆိုပေမယ့်၊ ခုချိန်မှာ ... သူက ဦးသွေးဇနီး ဆိုတော့၊ သူလည်း ကျွန်မရဲ့အုပ်ထိန်းသူတစ်ဦးပါပဲ ညီ၊ သူ့ကိုပြောခဲ့ပြီး လာလို့ရပါတယ်"

"နေပါစေတော့လေ။ မြနှင်း ပင်ပန်းပါတယ်။ ကိုယ်ကလည်း ဧည့်ခံနိုင်မှာ မဟုတ်ဘူး၊ အိပ်ခန်းထဲမှာ ခုတင်ပေါ်မှာ၊ ဒရစ်ပ်တန်းလန်းနဲ့ဆိုတော့၊ ထလာလို့လည်း မရဘူး၊ ခုတောင် ... မေမေက ကော့ဒ်လက်စ်(Cordless ကြိုးမဲ့ဖုန်း) ဖုန်း ယူလာပေးလို့"

"ညီဖုန်း ပိတ်ထားတာလားဟင်"

"ချာချင် (Charging)သွင်းထားလို့"

"ခဏကြာရင် ဖုန်းပြန်ဖွင့်ပါနော်"

"မြနှင်း ... ငိုနေတာလား"

"ကိုယ့်ကိုယ်ကိုယ် အံ့သြမိပါတယ် ညီရယ် ... ကျွန်မလေ ... ဘယ်တုန်းကမှ ဒီလောက် မျက်ရည်မလွယ်ခဲ့ပါဘူး"

"စိတ်ပူစရာမရှိပါဘူး မြနှင်းရဲ့၊ ဒီနေ့ညနေလောက်ဆို ကောင်းသွားမှာပါ၊ မနေ့ကတော့ ဖျားလည်းဖျားတာပေါ့ စိတ်မပူနဲ့၊ အသက်နဲ့ အဝေးကြီး၊ မသေနိုင်ဘူး၊ စိတ်ချ"

"မျက်စိနဲ့ မြင်ချင်လိုက်တာ"

"ခဏအောင့်ထားလိုက်နော်"

"ကျွန်မ ပြုစုချင်လိုက်တာ၊ ညီအန်ထားတဲ့ ထွေးခံတွေဘာတွေ သွန်ပေး ဆေးပေးချင်တယ်၊ ရေချိုးခန်းထဲကို တွဲပို့ချင်တယ်။ အညစ်အကြေးပေးရင်လည်း လျှော်ဖွပ်ပေးချင်လိုက်တာ၊ ကျွန်မ ... ပြုစုခွင့် မရဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"လိမ္မာလိုက်တဲ့ ကောင်မလေးကွာ၊ ချစ်စရာလေး"

"ညီ့အတွက် ... ကျွန်မ လိမ္မာပါ့မယ်"

"ဘာလို့ ဒီလောက်ပျော့ပျောင်းနေတာလဲ။ သနားလာပြီ

"ညီ့ကို သိပ်ချစ်လို့ပေါ့ ညီရယ်၊ ညီနဲ့မခွဲနိုင်လို့၊ ညီနဲ့ဝေး ရမှာကြောက်လို့။ ညီ ... ကျွန်မကို မထားခဲ့ပါနဲ့နော်"

"အသံလေးက တုန်လို့၊ မျက်ရည်ဝဲနေလား"

"မဟုတ်ကဲ့"

"ကိုယ် နေကောင်းတာနဲ့ ... Heart to Heart အပေါ်ထ က ကော်ဖီဆိုင်လေးကို လာခဲ့မယ်"

"ညီ ... အိမ်မှာပြောပြီးပလားဟင်"

"ပြောပြီးပါပြီ"

"ဘာတဲ့လဲ ... ကျွန်မနဲ့ သဘောမတူဘူးတဲ့လား"

"အဲဒီလိုတော့လည်း မဟုတ်ပါဘူး"

"ဟင်"

မျှော်လင့်ထားခဲ့ပါသည်။ ညီ့မိဘတွေထံမှ ... သဘော မတူဘူး သို့မဟုတ် ခွင့်မပြုဘူး ... ဆိုသည့် အဖြေကိုသာမျှ လို့။ မျှော်လင့်ပြီးသားပေမယ့်လည်း မဖြစ်ချင်ဘူး ညီရယ်

ရင်ထဲမှာ ဆွတ်ကြင်လွမ်းမောသည့် ခံစားမှုတေ ဝင်လာ၏။ စိတ်ဓာတ်က အလိုလို နူးညံ့သွားရသည်။ ခုချိန် အဆင်မပြေမှု တစ်ခုခုနှင့် ရင်ဆိုင်ရပါလျှင် ရန်ဖြစ်ဆဲဆို၍ သတ်မလား၊ ထိုင်ငိုမလားဆိုရင် ... ထိုင်ပဲငိုချင်ပါသည်။ ကို ဘက်မှ အလျှော့ပေး တောင်ပန်ချင်သည်။ ရှိခဲ့ဖူးသောစိတ် နှင့်တော့ လုံးဝဆန့်ကျင်ဘက်ပါပဲ။ မြနှင်း ဆိုသော မိန်းမသား



ကို ဘယ်အရာက ဦးဆောက်ကျွမ်းပြန်၊ ပြောင်းပြန်လှန်၍ ပြောင်းလဲလိုက်ပါသလဲ။ ဒီလောက် အချိန်လေးထဲမှာ ဘယ်လိုနတ်ကောင်းနတ်မြတ်တွေ ဝင်လာပြီး ချက်ချင်း ပြုပြင်ပြောင်းလဲလိုက်နိုင်တာလဲ။

လောကဆိုတာ ... ပတ်ဝန်းကျင်ဆိုတာ ... [illegible] ဆိုတာ ... တုံးဆိုတိုက်၊ ကျားဆိုကိုက်၊ အိုးရွဲ့ဆိုလျှင် စလောင်းရွဲ့နှင့်ဖုံး၊ အရှုံးပေးတယ်ဆိုတာ လူညံ့တွေရဲ့အလုပ်၊ ဘယ်လိုနည်းနှင့်ပဲ နိုင်ရ နိုင်ရ၊ ကိုယ့်ဘက်က အသာစီးပေါ် ရှိနေရမှ ...။

အဲဒါတွေ ဘယ်ကိုထွက်ပြေးကုန်ပြီလဲ။ အရှုံးပေးချင်ပါသည်။ အညံ့ခံလိုပါသည်။ ကိုယ့်ပုံစံကို မကြိုက်နိုင်ဘူးဆိုလျှင်လည်း ပြုပြင်ပြောင်းလဲပါမည်။ ညီ့ကိုတော့ ချစ်ခွင့်ရချင်ပါသည်။ ညီ့ထံပါးမှာ ခ,စားခွင့်အတွက်၊ မြနှင်း ... အရာခပ်သိမ်းနှင့် လဲလှယ်စွန့်လွှတ်နိုင်ပါသည်။

"ညီ ... ကျွန်မကို မမုန်းလိုက်နဲ့နော်"

"ဟာ ... ဘာလို့ မုန်းရမှာလဲ"

"တစ်ယောက်တည်းလည်း မထားခဲ့ပါနဲ့"

"ဘယ်တော့မှ မထားခဲ့ဘူး"

"အားလုံး ... ညီ့စိတ်ကြိုက်တွေ၊ ကျွန်မ ပြုပြင်ပြောင်းလဲပစ်ပါ့မယ်"

"မြနှင်း ... ကိုယ် အရမ်းသနားလာပြီကွာ။ ပြေးလာခဲ့ချင်ပါတယ်။ ဒီမှာကလည်း ထထိုင်လို့တောင် အဆင်မပြေလို့ပါ"

"ညီ ... ညီ"

www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ မြနှင်း"

"ညီ့ကို ကျွန်မ အရမ်းချစ်တယ်"

"ယုံပါပြီ ကောင်မလေးရယ်"

"ဒါပဲနော် ... ညီ၊ စကားအကြာကြီး ပြောနေရင် ညီ့မေမေ ငြိုငြင်မလားလို့ ကျွန်မ ကြောက်တယ်"

"ကိုယ် နေကောင်းတာနဲ့ ဖုန်းဆက်လိုက်မယ်နော်"

"ဟုတ်ကဲ့ ... ညီ၊ ကျွန်မကို ယုံပါနော်"

"ယုံပါတယ် မြနှင်းရယ်"

"ဒါပဲနော်"

"ကောင်းပါပြီကွာ"

တယ်လီဖုန်းကိုချပြီး နောက်သို့လှည့်လိုက်တော့ ဘေးနားမှာ ကပ်ရပ်နေသည့် သဇင်ကို တွေ့၏။ သဇင့် ရင်ခွင်ထဲသို့ ပြိုဆင်းလိုက်မိသည်။

"သဇင် ... ကျွန်မ အရမ်း အောက်ကျ နောက်ကျ ဖြစ်သွားလား"

သဇင်က ဆီးဖက်ရှာ၏။

"ချစ်သူချင်းပဲ မြနှင်းရယ်"

"သဇင် ... ဦးသွေးကို အဲဒီလောက် ချစ်လား"

သဇင်က ပြုံး၍ ခေါင်းညိတ်၏။

"ဦးသွေးကလည်း ချစ်တာပဲလား

သဇင် ပြုံး၍ ခေါင်းညိတ်ပြန်၏။

"သဇင့်ကို ချစ်တဲ့စိတ်နဲ့ သူ့ဘဝကြီး အဓိပ္ပာယ်ရှိလာတာတဲ့။ ဒါပေမဲ့ ... ဦးသွေးက လူကြီးဆိုတော့၊ လူငယ်လေး



လို ချွဲရမှာ ရှက်မှာပေါ့။ ဒါပဲကွာပါတယ်။ သဇင်နဲ့ ဦးသွေးတို့ ချစ်ကြတာဟာလည်း ... မြနှင်းနဲ့ ကိုညီမိုးညိုတို့ ချစ်ကြသလိုပဲပေါ့"

"သူစိမ်းလူတစ်ယောက်ကို ဘာဖြစ်လို့ အဲဒီလောက် ချစ်မိသွားတာလဲ၊ ထူးဆန်းတယ်နော်၊ ကျွန်မ ... ညီနဲ့ခွဲရမှာ ကြောက်လိုက်တာ"

"အဆင်ပြေသွားမှာပါ။ အဆင်ပြေအောင် ကြိုးစားကြတာပေါ့ မြနှင်းရယ်"

"သဇင် ... တစ်ခုခုကို ကြားထား သိထားရင် ကျွန်မကို ပြောပြပါ"

သဇင်က မြနှင်းပခုံးကိုပွေ့လျက် မြနှင်းအခန်းထဲ ခေါ်လာခဲ့ပါသည်။

❦ ○ ❦

www.burmeseclassic.com

www.burmeseclassic.com



## ၁၁

"မေမေတို့မှာ ဒီသားလေးတစ်ယောက်ပဲ ရှိတော့တယ်။ သားလေးဟာ လူ့ဘဝထဲကို ဝင်လာစဉ်က အပေါင်းအဖော်နဲ့ လာခဲ့ပေမယ့် ဒီမိဘရဲ့အချစ်တွေကို နှစ်ဆတိုးပြီးသိမ်းကျုံးယူသွားနိုင်ဖို့ ... ကျန်တစ်ယောက် ပဲ့ထွက်ပေးရသလိုပဲ ...

"မိဘတိုင်းဟာ သားသမီးကို ချစ်ကြပေမယ့်၊ မေမေ့အချစ်ကတော့ တခြားအမေတွေထက် နှစ်ဆပိုတယ်လို့ မေမေက ပြောရင်၊ ကျန်တဲ့အမေတွေက ချောင်းရိုက်ချင်ကြမှာပဲ"

မေမေက ရယ်၍ပြောပါသည်။ ရယ်ခြင်းဟာ ပေါ့ပါးစေဖို့ ရည်ရွယ်မှန်း သိသာ၏။

"သားလေး သိတဲ့အတိုင်း ... သားလေးအတွက်ဆိုရင် မေမေ ... အကောင်းဆုံးတွေချည်းပဲ ဖြစ်စေခဲ့တယ်။ အစားအသောက် အနေအထိုင် အသုံးအဆောင် ... သက်မဲ့ပစ္စည်းတွေကိုတောင် ကောင်းပေ့ ညွှန့်ပေ့ ထိတ်ထိတ်ကြဲမှ မေမေ ကျေနပ်ခဲ့တယ် ...



"သားလေးရဲ့ဘေးမှာ တစ်သက်လုံး အတူတူလက်တွဲရတော့မယ့် သက်ရှိအဖော်မွန်ဆိုရင်၊ မေမေ ... ဘယ်လောက်များ အကောင်းဆုံးရဲ့ ထိပ်ညွှန့်ကလေးကိုမှ မျှော်မှန်းထားမလဲဆိုတာ တွေးကြည့်ပါ သားလေးရယ်"

"ပုထုဇဉ်လူသားတွေပါ မေမေ ... ခြောက်ပစ်ကင်းသဲလည်းစင်ဆိုတာ ဘယ်မှာရှိနိုင်ပါမလဲ။ ချို့ယွင်းချက် ဆိုတာ တစ်ခုမဟုတ် ... တစ်ခုတော့ ရှိကြမှာချည်းပါပဲ။ မေမေပြောတဲ့ အကောင်းဆုံးရဲ့ထိပ်ညွှန့်လေး ကျတော့ရော ... မေမေ့ကို မိခင်ရင်းလို ကျိုးနွံပါမယ်လို့ ...

"မေမေ မျှော်လင့်ထားလို့ ရမလား။ သူ့အရည်အချင်းတွေပေါ်မှာ မာနတက်ပြီး မေမေ့အပေါ် မာရေကျောရေဆိုတဲ့ ပြစ်ချက်မျိုး ရှိလာနိုင်တာပဲ မေမေရယ်"

"လူမှာအမျိုး ကြက်မှာအရိုးတဲ့ ... မိဘမျိုးရိုးဆိုတာ ထိမ်ကောအပ်တဲ့အရာ မဟုတ်ဘူး သားရယ်"

"ဦးဘမြိုင် ဒေါ်ကြည်ကြည် မျိုးရိုးဆိုတာ မေမေ့ကို ပြောပြီးပါပြီ"

"အဲဒီ ဦးဘမြိုင် ဒေါ်ကြည်ကြည်ကမွေးတဲ့ ဒေါ်တင်တင်မြိုင်က ပေါက်ဖွားဆင်းသက်ခဲ့တယ်ဆိုရင် ဘာပြောစရာရှိမလဲ။ ခုတော့ ... သူဌေးသမီးလေး ဖြစ်ပါလျက်၊ ဆယ်တန်းတောင် သေချာမအောင်သေးဘူး၊ အိမ်ကယောင်ချောင်စာလေးမှ ရေးတတ်ဖတ်တတ်ရုံရှိတဲ့ အရက်သမားနဲ့ မိုက်မိုက်မဲမဲ လိုက်ပြေးခဲ့တာ၊ သူ့မိဘတွေ ...

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက် ရင်ကျိုးမလဲ၊ ဘယ်လောက်အရှက်ကြီး ရှက်ရမလဲ၊ လူတောထဲမှာ တိုးဝှံ့စရာရှိသေးရဲ့လား၊ အိမ်လာတဲ့ညှော်သည်က သမီးအငယ်လေးရောလို့ မေးရင် ဘယ်လိုဖြေမလဲ၊ မေမေဖြင့် မိဘနေရာက ကိုယ်ချင်းစာပြီးတွေးရုံနဲ့ ...

"ရင်ကွဲပက်လက် ... မချိလိုက်တာ သားရယ်။ ရှုးမတတ် သေမတတ်ပါဘဲ။ မိုက်လုံးကြီးသွားတဲ့ သူမှာလည်း ကြီးလိုက်မယ့်ငရဲတွေ ... ဝဋ်တွေ လည်လိုက်မယ့်ဖြစ်ခြင်း။ ဒီယောက်ျားက အရက်နဲ့သက်ဆိုးမရှည်တော့၊ နောက်တစ်ခု မိုက်လုံးကြီးတဲ့ လောင်းကစားပါ ...

"နှစ်မျိုးနဲ့ဆိုးတဲ့ သားကို ချန်ရစ်တယ်။ အဖေတုန်းက အရက်တစ်ခုတည်း၊ သားကျတော့ ဖဲရော အရက်ရော။ ဟော ... ယူတဲ့မိန်းမက ရပ်ကွက်ထဲမှာ မကောင်းကျော်စော၊ ယောက္ခမလုပ်တဲ့သူကတောင် မွေးလာတဲ့မြေးကို သူ့မြေးမဟုတ်ဘူး ပြောနေတာ ... သားရယ်၊ ဒီမိန်းကလေးရဲ့ ကိုယ်ကျင့်တရားကို ...

"သားပဲ ဆုံးဖြတ်ပါတော့။ ပြီးတော့လည်း ... လက်ရှိအိမ်ထောင်ကြီး လက်ထဲကနေ၊ နောက်တစ်ယောက်နောက်ကို လိုက်ပြေးသွားပြန်သတဲ့။ သူလိုက်သွားတဲ့ယောက်ျားကလည်း သားကြီး မယားကြီးနဲ့၊ ကာမေသုမိစ္ဆာစာရကံမှ နှစ်ထပ်ကွမ်း၊ သုံးထပ်ကွမ်းကြီး သားလေးရယ် ...



"အဘိုးအရက်သမား၊ အဘွားက မိဘအရှက်ခွဲ၊ အဖေက အရက်သောက် ဖဲရိုက်၊ အမေက စာရိတ္တပျက်စီး၊ အဲဒီက ဆင်းသက်လာတဲ့ မိန်းကလေး၊ သူ့လက်ထက်လည်းကျရော၊ အထက်တန်းကျောင်းမှာတောင် စာမေးပွဲကျတဲ့နှစ်တွေရှိ ...

"ရပ်ကွက်ထဲမှာ ဟေးလားဝါးလား၊ ကောင်လေးတွေနဲ့ တရှုန်းရှုန်း၊ ဘွားအေမနိုင် နှစ်ဆောင်ပြိုင် ... တဲ့။ အဘွားအိမ်က ထွက်ပြေး၊ လမ်းပေါ်မှာတွေ့တဲ့လူကကောက်တင်သွား၊ အဲဒီအဖြစ်အပျက်တွေ အားလုံးမှာ လေးစားစရာပုဂ္ဂိုလ်ဆိုလို့ ...

"ဦးရဲသွေးဆင့် ဆိုတဲ့ လူတစ်ယောက်ပဲ ပါသေးတယ်။ ဦးရဲသွေးဆင့်နဲ့တွေ့လို့ ကျွေးမွေး၊ ပညာသင်ပေးလုပ်ထားတာလည်း နှစ်ရှည်လ,များ။ ဦးရဲသွေးဆင့်နဲ့ တစ်အိုးထဲ တစ်အိမ်ထဲမှာ၊ တခြားအုပ်ထိန်းသူ လူကြီးသူမ မရှိဘဲနဲ့ နေခဲ့ကြတာ၊ ဦးရဲသွေးဆင့်ရဲ့ ကိုယ်ကျင့်တရားဟာ လေးစားစရာလို့ ဘယ်လိုပဲပြောပြော ...

"သားလေး ... သားလေးလည်း ယောက်ျားတစ်ယောက်ပဲ။ အမဲသားစားဖူးတဲ့ အရှုးတစ်ယောက်ဟာ နွားမြင်တိုင်း လက်ညှိုးထိုးတတ်တယ်လို့တော့ မေမေက မနှိုင်းယှဉ်ချင်ပါဘူး၊ ယောက်ျားတိုင်းဟာလည်း အရှုးတွေမဟုတ်ကြပါဘူး ...

"ဒါပေမဲ့ ... လူကောင်းပါ၊ အရှုးပါ ... ဆိုတာ ဘယ်ပေတံနဲ့ တိုင်းရမလဲ။ လူတစ်ယောက် ဖူးနာရင်သာ

www.burmeseclassic.com

www.burmeseclassic.com



အပူဒီဂရီတိုင်းဖို့ သာမိုမီတာရှိတယ်။ ယောကျ်ားတစ်ယော
ဟာ ကိုယ်ကျင့်တရားကို ဘယ်အတိုင်းအတာထိ ထိန်းထာ
နိုင်မလဲရယ်လို့ ...

"တိုင်းတာတဲ့ သာမိုမီတာမျိုး မပေါ်သေးပါဘူ
ကာယကံ၊ ဝစီကံ၊ မနောကံတဲ့။ ကိုယ်ထိလက်ရော
မပစ်မှားဘူး၊ ပါးစပ်အရသာခံပြီး မပြောဘူး ဆို
တောင်၊ အခွင့်အလမ်း ကြုံလာတဲ့အခါမှာ စိတ်က သာ
မသွားပါဘူးဆိုတဲ့ ယောကျ်ားမျိုးက တစ်ရာတစ်ယော
ပါ ...

"ကိုယ့်ကိုယ်ကိုယ် ထိန်းလိုက်နိုင်တယ် ဆိုရင်တော
မှ စိတ်ဆိုတာ လှစ်ခနဲတော့ ရှေ့ကပြေးလိုက်သေးတာ
အဲဒီလို တလှစ်လှစ်နဲ့ ပြေးတာလေးတွေ များလာ
မနောကံရဲ့နောက်မှာ ဝစီကံက အရင်ဆုံး ကပ်ပါလာမှ
ကာယကံဆိုတာက နောက်ဆုံးပေါ့ ...

"ဒါ ... လူကောင်းတွေတောင် ဖြစ်နိုင်တဲ့ သဘာ
ကို မေမေက ပြောတာပါ။ စာရိတ္တပျက်ပြားနေတဲ့ လူ
ဆိုရင် ပြောစရာကို မရှိတော့ဘူး။ မေမေ့မှာ သမီးမရှိ
မယ့် မေမေ ဆုံးမလို့ရတဲ့ သမီးအရွယ်တိုင်းနဲ့ ကြုံရင်

"မေမေ အမြဲဆုံးမလေ့ရှိတဲ့ စကားတစ်ခွန်းရှိ
တယ်။ ယောကျ်ားဆိုတာ ... ဒါလေးက ဆယ့်လေး
သားလေးမို့ ဒါကြီးကတော့ အသက်ခုနစ်ဆယ်မို့ စိတ်
ရပါတယ်လို့ ဘယ်တော့မှ မယုံကြည်လိုက်ကြပါနဲ့
ယောကျ်ားဟာ ယောကျ်ားပဲ ...



"ယောကျ်ားနဲ့ မိန်းမဆိုတာ မနီးစပ်အပ်တဲ့ လူသား
နှစ်ဦး။ နီးစပ်မှုဆိုတာ သာယာမှုကို ဖြစ်စေတယ်၊ သား
ရယ် ... ဒီလောက်ပြောရင် နားဝင်ပါ။ အခု ... ဦးရဲသွေး
ဆင့်က ... သူလိုပဲ မွေးစားစောင့်ရှောက်ထားတဲ့ နောက်
တစ်ယောက်နဲ့ တရားဝင် လက်ထပ်လိုက်တယ်တဲ့"

"မေမေကလည်း အစအဆုံး ... ခရေစေ့တွင်းကျကို သိတော့
တာပဲ"

"စပ်စုတာ မေမေ ဝါသနာမပါပါဘူး သားလေးရယ်။
ဒါပေမဲ့ ... မေမေ့သားလေးနဲ့ ပတ်သက်လာတော့ ဒီမျက်စိ
နဲ့ ဒီနားရွက်ကို အရပ်ရှစ်မျက်နှာလှည့်ပြီး စုံစမ်းရတော့
တယ်။ အဲဒီကောင်မလေးနှစ်ယောက်လုံးကိုလည်း မေမေ
မြင်ဖူးအောင် သွားကြည့်ပြီးပါပြီ ...

"သားလေးကသာ၊ မေမေ့ကို ခုမှဖွင့်ပြောပေမယ့်
မေမေက သိနေတာ ကြာလှပြီ။ ကောင်မလေးက စက်
စက်ယိုအောင်လှတာ၊ ဆွဲဆောင်မှုကလည်းရှိ၊ ငေးကြည့်နေ
ရရင်တောင် ငြီးငွေ့စရာမရှိဘူး။ ဒီလောက်လှတဲ့ မိန်းက
လေး ... သူလာခဲ့တဲ့လမ်းကို ပြန်ကြည့် ...

"ဒီလမ်းမှာ အလှပန်း ဒီလောက်ပွင့်နေမှတော့
ခူးသူ ဆိတ်သူ၊ ခြွေဖဲ့သူနဲ့ ကင်းခဲ့မလား။ ဦးရဲသွေးဆင့်
လက်ထပ်လိုက်တဲ့ ကောင်မလေးက မလှရှာဘူး၊ ယဉ်ရုံ
လေးရယ်၊ အသားလည်း ညိုတဲ့ဖက် လုသေးရယ်၊
ဒါပေမဲ့ ... ဣန္ဒြေလေးနဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



"ဦးရဲသွေးဆင့် အတွက် ... ဒီကောင်မလေးနှ
ယောက်ဟာ လက်ခုပ်ထဲကရေပဲ သားလေး။ ဒါ ... ဦး
သွေးဆင့်ကို ပုတ်ခတ်ပြီး ပြောတာမဟုတ်ဘူး၊ သူ တာ
ယူ ကျွေးမွေး၊ အုပ်ထိန်း၊ ကျောင်းထား၊ ပြီးတော့ ... သ
အိမ်ပေါ်မှာ။ လက်ခုပ်နှစ်ခုထဲက ရေနှစ်မျိုးမှာတော
အလှလျှော့တဲ့ရေကို ဘာလို့ရွေးလဲ၊ သားလေး စဉ်း
ကြည့် ...

"အချစ် ... လို့ မပြောနဲ့သားလေး၊ ဦးရဲသွေးဆ
တို့လို လေးဆယ်တန်းယောက်ျား၊ ဒီပညာ၊ ဒီစည်းစိမ်
ဟာ၊ အချစ်ကို ဦးစားပေးပြီး မိုက်မဲတတ်တဲ့အရွ
မဟုတ်တော့ဘူး၊ ဦးနှောက်ကို ကောင်းကောင်းသုံးတ
ပြီ။ နှလုံးသားဆိုတာ ဦးနှောက်ရဲ့နောက်မှာပဲ နေရာရပြီ

"တချို့ဆို ... နှလုံးသားဆိုတာကို ထည့်တော
မတွက်တော့ဘူး၊ ဦးနှောက်တစ်ခုတည်းပဲ။ နှလုံးသား
ပါမယ်ဆိုရင်တောင် ဒုတိယတန်းကပဲ လိုက်တယ်။
လောကရဲ့သဘာဝတရားတွေကို မေမေ ပြောနေတာ
အဲဒီ ... ရုပ်သိပ်မလှတဲ့ ကောင်မလေးကိုပဲ ရွေးပြီး

"တရားဝင် လက်ထပ်လိုက်တာကိုတောင် မေ
က ဦးရဲသွေးဆင့်ရဲ့ဂုဏ်သိက္ခာကို ချီးကျူးနေတာ။ သူ
သမီးပျိုလေးတွေကို၊ ကိုယ်မှာသမီးမရှိလို့ မညှာမတာပြော
တာ မဟုတ်ဘူး သားလေး။ မိဘမရှိ ဆွေမျိုးမရှိ၊
ကောင်ကြွက်မလေးနှစ်ယောက် ...



"အိမ်ပေါ်ရောက်နေတာ၊ သူ့ကန်တဲ့က ငါးတွေပဲ သားလေးရဲ့။ သူ့လက်ခုပ်ထဲက ရေတွေ။ သွန်လိုသွန်၊ မှောက်လိုမှောက်။ ဒီကောင်မလေးတွေရဲ့ရှေ့မှာ မားမား ရပ်ပြီး ကာကွယ်ပေးမယ့်သူ ဘယ်သူရှိလို့လဲ။ ဒီအခြေ အနေမှာ ... ညှော်ခံပွဲလေး ခပ်ကျဉ်းကျဉ်းလုပ်ပြီး ...

"တရားဝင် လက်ထပ်လိုက်တဲ့ ဦးရဲသွေးဆင့်ကိုပဲ မေမေ ချီးကျူးတယ်။ တစ်ယောက်နဲ့ အတိအလင်းလက် ထပ်လိုက်ပြီ ဆိုတော့လည်း၊ ကျန်တစ်ယောက်အဖို့ လုံခြုံမှုနဲ့ သိက္ခာပိုင်းမှာ နည်းနည်းတော့မြင့်တက်သွားတာ ရှိတာပေါ့"

"သူ့အကြောင်းတွေ ... အခု မေမေ ပြောသလောက် ကျွန်တော် သိပြီးသားချည်းပါပဲ"

"ဒါနဲ့တောင် ... မေမေ ကျေနပ်လိမ့်မယ် မဟုတ်ဘူးလို့ သားလေး ကြိုတွေးမပေးနိုင်ဘူးလား၊ ဒီပြဿနာကို မေမေ့ ဆီရောက်အောင် သယ်လာရသေးလား"

"ကျွန်တော် ... သူ့ကို နားလည်ပေးနိုင်လို့ပါ မေမေ။ လူတိုင်းဟာ မိစုံဖစုံနဲ့ သူဌေးသမီးချည်း ဖြစ်ချင်ကြမှာပါ။ ကံတရားက ဖြစ်ခွင့်မပေးတော့လည်း ဒုက္ခဆိုတာကို ရင် ဆိုင်ကြရတာပါပဲ။ ပန်းခင်းလမ်းမှာ လျှောက်တဲ့သူနဲ့၊ ဆူးတောမှာ လျှောက်ရတဲ့သူ ...

"ခြေလှမ်းချင်း မတူနိုင်ပါဘူး မေမေ။ ဆူးတော မှာ နင်းရတဲ့သူဟာ နာကျင်မှုကြောင့် ခုန်ဆွခုန်ဆွနဲ့ ကြန့်ကြာမရ ဖြစ်မှာပါပဲ။ သူ့မှာ နာကျင်ခါးသီးစရာအတွေ့ အကြုံတွေရဲ့ ထိုးနှက်ခြင်း ခံရတာကိုး မေမေရယ်"

www.burmeseclassic.com

www.burmeseclassic.com



"သားလေး ... အခိုးအငွေ့တိုင်းမှာ မွှန်တတ်တဲ့ သဘော ရှိတယ်၊ တစ်နည်းအားဖြင့် ပြောရရင်တော့ မှိုင်းတစ်မျိုး ပေါ့။ မွှန်နေတဲ့အချိန်မှာ မျက်စိတွေလည်း မှုန်တယ်၊ နား တွေလည်းဝါးတယ်။ အမှန်တရားကို မြင်နိုင်ကြားနိုင်တဲ့ စွမ်းအား ... ရှိတယ်ဆိုရင်တောင် လျော့နည်းတယ် ...

"အခိုးအငွေ့ရဲ့သဘောက လွှင့်ပါးတတ်တယ်။ ရွေ့ လျားတတ်တယ်။ ခဏကြာရင် ပျောက်ကွယ်မှေးမှိန်သွား တတ်တယ်။ အဲဒီအချိန်ကျတော့ မွှန်နေတဲ့ မှိုင်းတွေမရှိ တော့ဘူး၊ မျက်လုံးတွေလည်း ကြည်လင်လာပြီ၊ နားတွေ လည်း မဝါးတော့ဘူး ...

"အမှန်တရားကို သိနိုင်တဲ့အချိန်မှာ ပြင်မရတဲ့ အမှားကြီးတစ်ခု ပြုလုပ်ပြီးသားကြီး ဖြစ်နေဆိုရင်၊ တစ် ဘဝလုံး ယူကျုံးမရစရာနဲ့ ကြုံရတတ်တယ်။ ဒီအမှားကြီး ထဲမှာ ဆက်နေပြန်ရင်လည်း ကိုယ်ရည်ကိုယ်သွေး၊ ကိုယ့် သိက္ခာ၊ ကိုယ့်မာန၊ ကိုယ့်အတ္တတွေအားလုံး ညှိုးမှိန်ပျက်စီး နေမယ် ...

"ပြုပြင်ပြောင်းလဲပစ်ပြန်လည်း နာမည်ပျက်ကြီးကျန် မယ်၊ တစ်ခုခုကို ပြောင်းပစ်တဲ့အချိန်မှာ မားစာခံလေး တွေလည်း သက်ရှိသက်မဲ့အဖြစ် ကျန်ရစ်နိုင်သေးတယ်။ ဥပမာ ... စီးပွားဥစ္စာ ထက်ခြမ်းကွဲပြီး၊ တစ်ဝက်တိတိ မဆီမဆိုင် ခွဲပေးလိုက်ရတာမျိုး ...

"ဟုတ်တယ်လေ။ ယောက်ျားဖြစ်ဖြစ်၊ မိန်းမဖြစ် ဖြစ်၊ တစ်ယောက်တည်းဘက်ကပါလာ၊ အဲဒီတစ်ယောက်



ကပဲ အားကြိုးမာန်တက် ကြိုးစားရှာဖွေ၊ ကျန်တစ်ယောက် က ဘာမှပါမလာဘဲ သုံးဖြုန်း၊ ကွဲကြကွာကြတော့ သူက တစ်ဝက်တိတိဆိုင်တယ်ဆိုတာ ...

"ဥပဒေကြောင်း ရှိပေမယ့်၊ တကယ်စဉ်းစားကြည့် ရင် မတရားဘူး။ သားတွေ သမီးတွေ ထွန်းကားခဲ့ပြီဆိုမှ ပိုဆိုးတာ၊ သူ့လည်းမပေးလိုက်နိုင်၊ ကိုယ်ချည်းယူထား လိုက်ပြန်လည်း၊ ဘာပဲဖြစ်ဖြစ်၊ ကလေးတွေမှာ မိဘမစုံ လင်၊ တစ်ယောက်တစ်ဝက်စီ ...

"ခွဲယူပြန်တော့လည်း၊ အမေဆီပါသွားတဲ့ ကလေး က အဖေ့ကို စိတ်နာ၊ အဖေနဲ့ပါသွားတဲ့ ကလေးက အမေကိုစိတ်နာ၊ ငရဲတွေကကြီး၊ ညီကိုမောင်နှမအရင်းချင်း တူတူမှာ ဆင်းရဲတဲ့သူကဆင်းရဲ၊ ချမ်းသာတဲ့သူကချမ်းသာ၊ စိတ်ဝမ်းတွေကွဲ။ မိထွေးပထွေး ပြဿနာက တစ်မျိုး။ အိမ်ထောင်ရေးဆိုတာ မျက်တောင်မွှေးအဆုံးလေး ကြည့် ရတဲ့ကိစ္စမဟုတ်ဘူး၊ မျက်စိတဆုံး၊ ရှေ့ရေးတွေး အရှည် ကြည့်ရတဲ့အမျိုး"

"မေမေက လုံးဝသဘောမတူတာလား"

"တိတိကျကျနဲ့ တစ်ခွန်းတည်း ပြေရရင် ... အင်း ... ပဲ"

"ကျွန်တော် ... သူနဲ့လက်ထပ်ဖို့ ... မေမေ ခွင့်မပြုဘူးပေါ့"

"ဟုတ်တယ်"

ညီ ... မှိုင်ငေးကျသွားရတော့သည်။

ကိုယ့်မိဘမို့ ချစ်တာထက် အထင်ကြီး လေးစား တာပါသေးသည်။ ကိုယ့်မိဘနှစ်ပါးဟာ မဟုတ်တာ မမှန်တာ၊

www.burmeseclassic.com

www.burmeseclassic.com



မကောင်းတာ၊ ဘာတစ်ခုမျှမလုပ်၊ မာနမကြီး၊ ပကာသနမမက်မော၊ မေမေဟာ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှာ ကထိကဆရာမကြီးထိ လုပ်ခဲ့ပြီးမှ အနားယူကာ စိန်တိုက်ဖွင့်ခဲ့တာပါ။ မေမေ့မှာ တက်စရာပညာမာန ဥစ္စာမာနတွေမှ အများကြီး၊ သို့ပေမဲ့ ... မေမေ့စိတ်ဓာတ်ဟာ မောက်မာခြင်း ကင်းလှသည်။ အိမ်ဖော်မိန်းကလေးများဆိုလျှင်လည်း၊ သမီးရေ ...အန်တီရေ ... နှင့်။ ပေးလည်းပေး၊ ကျွေးလည်းကျွေး၊ ဘယ်တော့မျှမဆူ၊ အပြစ်တွေ့လာလျှင် အနားခေါ်ထိုင်နိုင်းပြီး နားလည်အောင်ရှင်းပြတတ်သူ၊ ဘယ်လိုဆုံးမလို့မှ နားမဝင်သူဆိုလျှင်တော့၊ မေမေက လက်လျှော့ကာ သုံးလခ အပိုပေး၍ အလုပ်ထုတ်တတ်၏။

မေမေ့အကြောင်းတွေ သားက အသိဆုံးမို့၊ မေမေ မတရားပြောနေတာ မဟုတ်မှန်း နားလည်ပါသည်။ မေမေပြော သမျှ မြူနှင်း အကြောင်းတွေ အကုန်လုံးကို သိပြီးသားချည်းဖြစ် သည်။ သို့ပေမဲ့ ... ညီ နောက်ဆုတ်လိုစိတ် မရှိခဲ့ပါ။ အဲဒါ ... မေမေပြောသည့် အခိုးအငွေ့တွေ ပိတ်ဆီးပြီး မှိုင်းမိကာ မှန်နေ တာလား။ ဒါတွေ တစ်နေ့နေ့မှာ ရွေ့လျားလွင့်ပျက်ပျောက်ကွယ် သွားမှာလား။ ထာဝရတည်ရှိနိုင်ပါ့မလား။

တွေးရပါပြီ။

အဲသည်အတွေးဝင်သည့်အတွက် ရင်ထဲမှာ နင့်နေအောင်နာ၏။ ချစ်သူတစ်ယောက်အပေါ် ဒါမျိုးတွေတွေးပြီး ချစ်သူ၏တန်ဖိုးကို ချိန်ခွင်နှင့် စက်ကြည့်ပြီ ဆိုကတည်းက အဲဒါ အချစ်စစ်ဟု ညီ မယူဆပါ။ အချစ်စစ်တို့မည်သည် အပြစ် အနာအဆာကင်း၏။ စင်းလုံးချော၏။ ချစ်သူမျက်နှာပေါ်



ကျောက်ပေါက်မာချိုင့်ခွက်လေးတွေကိုတောင် လကမ္ဘာ၏မျက်နှာပြင်နှင့် တင်စားချင်ကြသည် မဟုတ်လား။ ချစ်သူကို ချစ်စိတ်နှင့် နားလည်နစ်သက်နေခြင်း၊ စွဲလမ်းမက်မောနေခြင်း၊ ကြည်ဖြူမြတ်နိုးနေခြင်းတို့သည်သာ အချစ်စစ်တည်း။

ညီ ... မြူနှင်းကို ချစ်ပါသည်။ ချိန်ခွင်ပေါ်တင်၍ ချိန်လိုစိတ် ကင်းပါသည်။ နားလည်နစ်သက်ပါသည်။ စွဲလမ်း မက်မောပါသည်။ ကြည်ဖြူမြတ်နိုးပါသည်။ မခွဲချင်ပါ။ မခွဲနိုင် ဘူလည်း ယုံကြည်ပါသည်။ သို့ပေမဲ့ ... ညီ၏မြင်းမိုရ်တောင်ဦး ... ကျူးသော ကျေးဇူးရှင် မွေးမိခင်၊ ဘုရားနှင့်တစ်ဂိုဏ်းတည်း၊ ... တော့ ... ညီ့မေမေမှာ မိန်းမသားတစ်ယောက်အနေနှင့်ရော ... သားတစ်ဦးအနေနှင့်ပါ အထင်ကြီး လေးစားစရာတွေ အများ ... ကြီးရှိသည်။ ညီ ... တကယ် ... အထင်ကြီး လေးစားလှပါသည်။

မေမေ့နှုတ်မိန့်တစ်ခုဟာ ညီ့ဦးခေါင်းထက်မှာ ဥပဒေ ... ဒီလိုဖြစ်အောင် မေမေက တင်းကျပ်ချုပ်ကိုင်ခဲ့တာ မဟုတ်ပါ။ ... တောင် မသွင်းခဲ့ပါ။ မေမေက သူ့ပုံစံကို သူ့ဘာသာ"စံ"တစ်ခု ... နှင့် အမြင့်မှာ တင်ထားတာဖြစ်၏။ ညီသည်သာလျှင်အဲဒီ ... ကို လိုလိုချင်ချင် တိုးဝင်နေထိုင်ခဲ့တာ ဖြစ်၏။ မေမေ ရိုက် ... ခဲ့တာ မဟုတ်ပါ။ မေမေ့စည်းဘောင်ထဲမှာ မကျဉ်းမြောင်း ... ချောင်ချိပျော်ရွှင်စွာ နေထိုင်လာခဲ့သည်။ နှစ်ပေါင်းကနှစ် ... ကျော်ခဲ့ပြီ။ ညီ ... ဘာအကြောင်းနှင့်မျှ ရုန်းထွက်ဖို့ဆန္ဒမရှိ ... ရုန်းထွက်ခဲ့ပါ။ ခုမှ ... မြူနှင်းရဲ့ဘဝတာ မှတ်တမ်းဟာ ... စ်ပွင့်ရဲ့ အတ္တုပ္ပတ္တိလို ရနံ့ခါးစွာ ဆူးခက်များ ခြံရံလျက် ... စည်းဘောင်နှင့် တိုက်မိ၊ ခိုက်ငြိခြင်းဖြစ်၏။ တိုးသိုက်ငြိ

www.burmeseclassic.com

www.burmeseclassic.com



နိုက်ကြသည့် အရာနှစ်ခုကို ညီ ... ဘယ်ပုံဘယ်နည်းနှင့် ဖြေရှင်းရပါ့မလဲ။

တိုက်ပွဲ၏အလယ်မှာ "ညီ"၊ မြေဇာပင်က "ညီ"၊ မေမေတစ်ဖက်၊ မြူနှင်းတစ်ဖက်၊ ညီကအလယ်မှနေ လက်ဆ တန်းလျက်၊ တွန်းခွာပြီး ...

"မျဉ်းပြိုင်နှစ်ကြောင်းလို ကိုယ့်လမ်းကိုယ်သွားကြပါ" ... ဟု အော်ဟစ်တားဆီး တွန်းခွာထားရမည်ဆိုလျှင်၊ ညီက မျဉ်းပြိုင်နှစ်ကြောင်း၏ အလယ်တည့်တည့်မှာ။ ဘယ်ဘက်သို့ ယိမ်းလို့မရ၊ ညီ ... နောင့်ကို လွမ်းဆွတ်လိုက်မိသည်။ နောင်သာ ရှိလျှင် ဘယ်ဘက်ပါမလဲ၊ မေမေ့လူလား။ ညီကို ပြစ်တင် မောင်းမဲမှာလား။

"ချ ... ဆက်လုပ်၊ နောက်မတွန့်နဲ့ညီ" ... လို့မျာ မြှောက်ပေးမလားဟု အားကိုးစွာ တွေးမိသေး၏။ ဖေဖေကတော့ ကြားလူ။ ကြားလူဆိုတာ ဘာမှမပြောလို့ ကြားလူနေရာမှာထား ရတာ။ ဖေဖေ တစ်ခွန်းမျှ မပြောခြင်းဟာ မေမေပြောသည် အခွန်းပေါင်းမြောက်မြားစွာက လုံလောက်ပြည့်စုံနေလို့လည်း ဖြ နိုင်ပါသည်။

"ဖေဖေလည်းပြောပါ" ... ဟုမျှား ဆန္ဒတောင်းခံ လျှင် ညီ့အမှားပဲ ဖြစ်တော့မည်။ ဖေဖေ့စကားဟာ မေမေ့စကား တွေနှင့် ထပ်တူကျမှာ မလွဲပါ။ လောလောဆယ် မိသားစုသုံး မှာ ညီ ... နှစ်မဲတစ်မဲနှင့် ရှုံးပါ၏။ သို့ပေမယ့် ... အချစ် အမြတ်နှင့်ချည်း သရုပ်ဖော်ကြတာမှမဟုတ်ဘဲ။ အရှုံးနှင့်လည် စတတ်ကြတာပင်။ အရှုံးနှင့် စခဲ့သည့် အချစ်ဇာတ်လမ်းတစ်ပု



သည် ရှုံးပြီးရင်းရှုံးနှင့် အရှုံးကြီးစွာ ကျဆုံးသွားရတာ မျိုးရှိပါသည်။ အရှုံးထဲမှ အမြတ်တစ်ခု ပေါ်ထွန်းက အဲဒီအရှုံးကို ဆုပ်ကိုင်လျက် အမြတ်ပေါ် အမြတ်ဆင့်လျက်၊ ဘဝကြီးတစ်ခုလုံး ပြောင်းပြန် လှန်ပစ်လိုက်သလို ဖြစ်ထွန်းအောင်မြင်သွားကြတာတွေလည်း အများကြီး။

မြူနှင်း ... ညီကိုချစ်တာ ညီယုံသည်။

မြူနှင်း လာရာလမ်းက ကြမ်းပေမယ့် ... မြူနှင်း ဆိုသည့် အရိုင်းကြမ်းမလေး၊ ခုချိန်ထိ ... မပျက်စီးသေးတာကို ယုံသည်။ ဒါကျ မေမေကလည်း အငြင်းတော့မပွားပါ။ မေမေက အရှည်ကြည့်တာဖြစ်၏။ ရှေ့ခရီးလမ်းဟာ ခရောင်းလမ်းလို့ မေမေ မျှော်လင့်တာကို၊ ညီ လက်ခံပေးနိုင်ပါသည်။ မေမေက သို့ဘဝခရီးလမ်းမှာ ပန်းမွေ့ရာခင်းထားတာပဲ မြင်ချင်၏။ ညီက တော့ လူငယ်မို့လားမသိ၊ ခရောင်းလမ်းကို လျှောက်ရဲပါသည်။ ဆူးမွေ့ရာလည်း အိပ်ရဲပါသည်။ နေပူထဲလည်း ဖြတ်ရဲပါသည်။ သားမှာ ... မြူနှင်း ရှိနေလျှင်ပေါ့။ မေမေက မလျှောက်စေချင်း ဖြတ်စေချင်။ မအိပ်စေချင်တာ မိခင်မေတ္တာမို့ ညီလက်ခံပါသည်။ တစ်သက်လုံးကလည်း လက်ခံခဲ့တာပဲဖြစ်၏။

❣ ○ ❣

"ဦးညီမိုးညိုရဲ့အမေက ... သူ သဘောမတူကြောင်း — မြူနှင်း နားကိုပေါက်အောင် ပြောပေးပါတဲ့"

သဇင့်စကားဟာ အံ့သြဖွယ်တော့ မဟုတ်ပါ မျှော် လင့်ပြီးသားပင်။ ဦးသွေးနှင့် သဇင်တို့ သွားခဲ့သော ကုလားကိုဆု

www.burmeseclassic.com

www.burmeseclassic.com



လုပ်သည့်အိမ်မှ ဆရာဝန်ကြီး၏ဇနီးက ဒေါ်မြမိုးဆွေနှင့် အလွန် ခင်ပါသည်တဲ့။ ဦးရဲသွေးဆင့် ဆိုတာ အဲဒီဆရာဝန်ကြီးဦးကျော် ရှေ့င်၏တူပည့် မိတ်ဆွေမှန်းလည်း သိသည်တဲ့။ ဆရာဝန်ကြီးကို တော့ မပြောပါ။ ဆရာဝန်ကြီးကတော်ထံသို့ တကူးတကသွားကာ ဦးရဲသွေးဆင့်၏ အုပ်ထိန်းမှုအောက်မှ မိန်းကလေး မြူနှင်းစိုက သား ... ညီမိုးညိုနှင့် မေတ္တာရှိကြကြောင်း၊ ဒါကို မိခင်ဖြစ်သူ ဒေါ်မြမိုးဆွေက လုံးဝသဘောတူ ကြည်ဖြူခြင်းမရှိ၍ ခွင့်မပြုနိုင် ပါကြောင်း ... မြူနှင်းစို ဆိုသည့် မိန်းကလေးနားသို့ ပေါက် အောင်ပြောပေးပါ ... အကူအညီတောင်းတာပါ ... ဟု လာပြော သည်တဲ့။

ဆရာဝန်ကြီးကတော်မှာ ဦးရဲသွေးဆင့် ဆိုသည့် ဒေါက်တာသွေးကလေးကို တူလိုသားလို ချစ်ရှာသူပင်။ ဒေါက်တာ သွေးကလေးသည် အေးဆေးငြိမ်းချမ်းသော၊ ဖြူစင်ရိုးသားသော ပညာဒါနကုသိုလ်ယူလျက်၊ သူ့ဆေးပညာကိုပင် ဓိဝိတဒါနအလှူ သဘောပဲ ကုသပေးနေသော၊ လောဘဒေါသ မောဟနည်းလှသော လူကောင်းတစ်ယောက်မှန်း သိခဲ့ပါသည်။ တစ်ဖက်မှ ဒေါ်မြမိုး ဆွေကလည်း ငယ်ပေါင်း၊ ရင်းနှီးလှသည့်မိတ်ဆွေ။

"တော်ပါသေးရဲ့ ... ကိုသွေးက အိမ်ထောင်ကျလို တော့၊ ဒီကိစ္စ ကိုသွေးဇနီးလေးကိုပဲ ပြောရမယ်၊ တစ်ဖက်က အကူအညီတောင်းလို့သာ၊ မျက်နှာက ခပ်ပူပူပဲ" ... ဟုညည်းတွား ကာ သဇင့်ဆီ ဖုန်းဆက်ပြောခြင်း ဖြစ်လေ၏။

"ဘာကြောင့် သဘောမတူဘူးဆိုတဲ့ ... မြူနှင်းရဲ့ စိတ်ပူ စရာသတင်းဆိုးတွေရော ပြောသွားသေးလား"



"မပြောပါဘူးတဲ့"

"သဇင်က မေးလိုက်လို့လား"

"မေးတယ်။ မြူနှင်းနဲ့ သဘောမတူရတဲ့ အကြောင်းရော ပြောသွားပါသေးလားလို့။ အဲဒီအန်တီကျာ ... သူလည်းမေး လိုက်ပါတယ်တဲ့။ မိန်းကလေးဘက်က ဘာလို့မကျေနပ် တာလဲလို့ အကြောင်းရင်း မေးရင် ဘာပြောလိုက်ရမလဲ လို့"

"ဘာတဲ့လဲ ... မေးသာ မေးရတာပါ။ သူ့စကားတွေထဲမှာ မြူနှင်းစို ဆိုတဲ့ မိန်းမတစ်ယောက်ဟာ စုတ်ပြတ်သတ်နေ မှာပါ"

"မပြောဘူးတဲ့။ မကျေနပ်ဘူး၊ မကြည်ဖြူဘူး ဆိုတာ သဘောမကျလို့ပါပဲတဲ့။ သဘောမကျရတဲ့ အကြောင်းတွေ ကို ပြောရရင်၊ တစ်ဖက်သားကို သူ့ကွယ်ရာမှာ အဆင်း သဘောမျိုး ပြောရမှာပါ။ မကျေနပ်ဘူး ဆိုကတည်းက အကောင်းလက်ခံစိတ် မရှိလို့ပါတဲ့ ...

"အဆိုးတွေကို မပြောပါရစေနဲ့တဲ့။ မပြောချင်ဘူး တဲ့။ သိတော့ သိပါတယ်တဲ့။ မကျေနပ်ကြောင်းသာ မြူနှင်းစိုနားကို ပေါက်အောင် ပြောပေးပါတဲ့"

မြူနှင်း အံကိုကြိတ်လိုက်၏။ ရင်ထဲမှာ တလှပ်လှပ် သည်။ အသက်ရှူရကျပ်လာ၏။ ရင်တွင်းပစ္စည်းများ အားလုံး ကျင်လိုက်သည်မှ ထိလိုက်ရင်တောင် ပဲ့ကြွေမလား ထင်မိသည်။

"ညီရယ် ... ရင်ကိုခွဲပြီး၊ ကလီစာတွေထုတ်၊ ... ခင်းခံရသလိုပဲ" ... ဟု ညီ့ရင်ခွင်ကိုမှီ၍ ပြောချင်၏။ ...

www.burmeseclassic.com

www.burmeseclassic.com



စက်လက်တို့ဖြင့် ... ပြေးဝင်ကာ ညီကို ကျစ်ကျစ်ဖက်ပြီးမှ ရှိုက်ကြီးတငင် ငိုချင်၏။

ညီရေ ... ကျွန်မမှာ မှီခိုစရာရင်ခွင် မရှိပါဘူးရှင် ... ဟု အော်၍ တိုင်တည်ချင်၏။

ယောကျ်ားလေးရှင် ... သဘောမတူဘူး အပြော... သည့် မိန်းကလေးလောက် ကျက်သရေယုတ်ရသည့် မိန်းမ ... ဤလောကမှာ ရှိနိုင်ပါဦးမလား။

"နောက် ... ရှိသေးတယ်။ ဒီကလေးမ မိဘမဲ့မို့ ဆင်... တောင့်ဆင်းရဲမို့ မငကျူနပ်တာ မဟုတ်ပါဘူးတဲ့။ သူ့သာ... အတွက် လက်တွဲဖော်မှာ ဥစ္စာပါလာဖို့ မလိုပါဘူးတဲ့"

"ကျွန်မ ... ဆင်းရဲလို့လား ညီရယ်"... ဟု ... မည့်မေးခွန်းကို ကြိုသိနေခဲ့သည်ပဲ။ အဲဒါကြောင့်များဆိုလျှင် ...

"ခု ... ကျွန်မ မဆင်းရဲတော့ဘူး ညီရေ၊ ဦးလေး... က ကျွန်မကို အမွေပေးမလို့တဲ့"... ဟူသော အယူခံလေး... မျက်နှာချို သွေးချင်ပါသည်။

"ညီ့မေမေကို ပြောပြနော် ... ကျွန်မနောက်မှာ ... ဆက်လက်ထောက်ပံ့မဆုံး ဖြစ်နေမယ့် ဆွေဆင်းရဲ မျိုးဆင်း... တွေလည်း ပါမလာပါဘူးလို့ ... နော် ... ညီ"... ဟု ပြောဖို့ ... ခဲ့ထားတာပါ။

ယောကျ်ားလေးဘက်ကပဲဖြစ်ဖြစ်၊ မိန်းကလေးဘ... ကပဲဖြစ်ဖြစ်၊ ဆင်းရဲသော ညီကိုမောင်နှမ၊ မကြာခဏ လာရော... အကူအညီတောင်း၊ ငွေချေးနေမည့်သူတွေ ပါလာလျှင် ကျွန်... ဖက်၏မိဘက ငြိုငြင်မြဲတည်း။



"ငါတို့သားလေးလည်း၊ ကိုယ်ရှာတဲ့ ကိုယ့်မိသားစုအတွက်တောင် မဟုတ်ဘူး၊ မိန်းမဘက်က တပြုံတောင်ကိုပါဖို့နေရတော့ လူမွေးလူတောင်လည်း မပြောင်တော့ပါဘူး"... ဟုပြောချင်ကြပါသည်။

"ဟင် ... ကိုယ့်ယောကျ်ားရှာတဲ့ငွေ ကိုယ်အပြည့်အဝမသုံးရ၊ သူ့ဆွေမျိုးသားချင်းတွေ ဖို့နေရတာနဲ့ မိန်းမလည်း ဆီသည်မလက်သုတ်ဖတ် ဖြစ်နေပြီ"... ဟု ပြောတာမျိုးလည်းရှိတတ်ပါသည်။ ဒါဟာ လောကရဲ့သဘာဝတရားပင်။

"မြူနှင်း ... သွေးတွေထွက်လာပြီ"

သဇင်က ကိုယ်ကိုလှုပ်၍ပြောမှ အပေါ်သွားကိုလွှတ်လိုက်သည်။ အောက်နှုတ်ခမ်းသွေး ပေါက်ထွက်နေသည့် အနာအကျင်က ရင်ထဲနာကျင်မှုကို တိုးမပေါက်နိုင်ခဲ့ပါ။ မြူနှင်းငူငူကြီး ငိုင်တွေနေသည်။

"မြူနှင်း ... ပါးစပ်သွားဆေးလိုက်မလားဟင်"

မြူနှင်း ဘေစင်သို့ ထလာခဲ့သည်။ ပလုပ်ကျင်း၏။ အောက်နှုတ်ခမ်းကစပ်သည်။ နှုတ်ခမ်းမှ စပ်တာသည် ရင်ထဲအသည်းထဲမှ စပ်ဖျင်းဖျင်းကို မမီပါ။ သဇင်က ဒေါသတကြီးထပေါက်ကွဲမည့် မြူနှင်းကို ထိန်းဖို့ပြင်ဆင်ထားခဲ့သည်။ ခုတော့... မြူနှင်း တည်ငြိမ်လွန်း၏။ ဘာစကားတစ်ခွန်းမျှ ဆက်မပြောတော့ပါ။ ပြင်ပမှာ ဒီလောက် တည်ငြိမ်နေပြီ ဆိုကတည်းက ... ရင်ထဲမှာ ဘယ်လောက် ပြင်းထန်စွာ ပေါက်ကွဲနေမလဲ၊ မုန်တိုင်းတစ်ခု ဖြစ်ထွန်းနေမလဲဆိုတာ တွေးကြည့်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုဖြစ်ပုံဟာ ... မြူနှင်းရဲ့ပုံစံ မဟုတ်ပါ။ သဘာဝကျသော မြူနှင်းမဟုတ်ပါ။ ခုလိုပြောတာ ခံရပြီဆိုလျှင် ... သဘာဝကျသော မြူနှင်းက ...

"သြော် ... သဘောမတူဘူးတဲ့လား၊ ရအောင်ကိုယူပစ်လိုက်ဦးမယ်၊ မင်္ဂလာဆောင်မှာ သတို့သားအမေ ရင်ထုငိုနေတာ ဗီဒီယိုထဲ ထည့်ရိုက်ပစ်လိုက်မယ်" ... ဆိုတာလောက် ပြောလျှင် ယဉ်ကျေးလှပါပြီ။

ရှုံ့ရှားဝုန်းဒိုင်း ... မျက်စိရှေ့တွေ့တာတွေ လွှင့်ပစ်၊ ရိုင်းစိုင်းကြမ်းတမ်းသည့် ဝါကျတွေ ထွက်ကျ၊ အဆဲအဆိုတွေတောင် ပါနိုင်ပါသေးသည်။ ဦးသွေး အိမ်မှာ မြူနှင်း သိမ်မွေ့နေပါပြီ။ ဘယ်လောက်ပြောပြော၊ တစ်ခါတစ်ခါ ဗိဇကထ,ထ,ကြွ၏။ ငယ်ကျင့်ဆိုတာ ပျောက်နိုင်ခဲသားပင်။ မြူနှင်း ပေါက်ကွဲတော့မှာပဲ ... ဟု မျှော်လင့်ထားသည့် သဇင်က၊ ငြိမ်းချမ်းတိတ်ဆိတ်ကျသွားရပြီး၊ ဝါကျရိုင်းတွေအစား၊ နှုတ်ခမ်းပေါက်ပြီးသွေးထွက်လာတာမြင်ရမှ ထူးဆန်းအံ့သြလှတော့သည်။

"မြူနှင်း"

စိတ်ပူစွာ ခေါ်၏။

"အဲဒီအကြောင်း ဦးသွေးကို ပြောပြပေးပါ"

"ဘာဖြစ်လို့လဲဟင် ... မြူနှင်း မပြောစေချင်ရင် ... သဇင်က ဖုံးဖိထားမလို့ပါ"

"သိစေချင်တယ်။ တို့ကို ပတ်ဝန်းကျင်က ဘယ်လိုဝေဖန်ဆဲ ... ဆိုတာ တို့ကို အုပ်ထိန်းလမ်းညွှန်နေတဲ့ ဦးသွေး သိသင့်တယ်။ ဦးသွေးဆီမှာ တို့ဟာ အရောင်းပြောင်းလာ



တဲ့ ဘောက်ဖတ်တစ်ကောင်လိုပဲ၊ ဒါပေမဲ့ ... လိပ်ပြာအဆင့်ထိတော့ ဘယ်သူကမှ သတ်မှတ်မပေးကြဘူး ...

"ဦးသွေးကို အားနာတာပါပဲ၊ ဦးသွေး အုပ်ထိန်းမှုအောက်က မိန်းကလေးကို ပတ်ဝန်းကျင်က မိန်းမကောင်းအဖြစ် လက်မခံနိုင်တာဟာ၊ ဦးသွေး အပြစ်မဟုတ်ပါဘူးလို့။ ဦးသွေး စိတ်မကောင်း မဖြစ်ပါနဲ့လို့ သဇင် ပြောပြပါ ...

"ဒီမိန်းမကိုက ဗိဇသန္ဓေညံ့ဖျင်းခုတ်ပြတ်လို့၊ စိန်ကိုသာ မျက်နှာပြင်တစ်ရာ့ရှစ်ကွက်ရအောင်သွေးရင် ဖျပ်ဖျပ်လက်လာမှာပေါ့ သဇင်၊ ပုလင်းကွဲကို အကွက်ပေါင်းထောင့်ရှစ်ရာရအောင်သွေးလည်း ဘာရောင်မှ ထွက်မလာတဲ့အပြင်၊ အဆင်မသင်ရင့် ...

"လက်ကိုပါ ရှပြီး သွေးထွက်နိုင်သေးတယ်ဆိုတာ၊ စိန်တိုက်ပိုင်ရှင် တက္ကသိုလ်ကထိကဟောင်း ဒေါ်မြမိုးဆွေနားအလည်ဆုံး ဖြစ်မှာပါ။ တို့က ပုလင်းကွဲပဲ သဇင်ရဲ့။ တစ်ခုတော့ သိချင်ပါတယ်။ အဲဒီပုလင်းကွဲတွေဆေမယ့်တချို့က ဖန်ခွက်ထဲထည့်၊ ရေစိမ်ပြီး စားပွဲပေါ် အလှတင်ချင်တင်ထားတတ်သေးတာ ...

"ညီမှာ အဲဒီလို ကောက်ယူမြတ်နိုးချင်တဲ့ အရူးစိတ် လက်ကျန် ရှိ့မရှိ ...။ ဟုတ်တယ်လေ ... ခပ်ပြတ်ပြတ်ဝေဖန်ရရင် အဲဒါ အရူးစိတ်၊ လုတဲ့ပတဲ့ဘာက်ကလျှည်းဝါကျမရိုင်းအောင် ပြောရရင်တော့ ကဗျာဆန်ခြင်းအလှအပကို မြင်တတ်ခြင်းပေါ့ ...

www.burmeseclassic.com

www.burmeseclassic.com



"တို့လိုလူမျိုးကို ကောက်ယူအမွန်းတင်ခဲ့ရင်၊ တင်တဲ့သူ ရူးလို့ပဲ။ ညီမှာ အရူးစိတ်လက်ကျန် ရှိသေးလား ဆိုတာပဲ သိချင်တာ။ ဆေးကောင်းတွေစားပြီး၊ စိတ်ကျန်းမာရေးနဲ့ ပြည့်စုံနေတယ် ထင်ပါရဲ့၊ Food Poison ဖြစ်တာ အကြောင်းပြရပြီးကတည်းက ..."

"ဖုန်းမဆက်တာ ခုချိန်ထိဆိုရင် ..."

မြနှင်းက လက်ကိုမြှောက်၍ နာရီကိုကြည့်သည်။ အံကကြိတ်ဆဲ၊ မျက်လုံးကြီးများ စုံပြူးလျက်၊ အပျက်ကြီးပျက်နေသည့် မျက်နှာကို၊ ခုချိန်မှာသာ ဓာတ်ပုံရိုက်ယူထားကြည့်။ ဒါ ... မြနှင်းပုံပါဆိုတာ ကျမ်းကျိန်ပြောလျှင်တောင် ယုံနိုင်ဖွယ် မရှိပါ။

"ငါးရက် ... ငါးရက်နဲ့ ဆယ့်ခြောက်နာရီ၊ သုံးဆယ့်ရှစ်မိနစ်တိတိ ရှိသွားပြီ"

နာရီပတ်ထားသည့်လက်ကို ဖြစ်ကတတ်ဆန်း လွှတ်ချသည်။ စောစောကငြိမ်ပြီး၊ ကြမ်းပြင်ကို တွေတွေကြီး စိုက်ကြည့်နေစဉ်က တစ်မျိုးကြောက်စရာကောင်း၏။ ခုလို ... သွားကိုတင်းတင်းစေ့၊ မျက်လုံးပြူးနှင့် အံကြိတ်ပြောနေပြန်တော့ တစ်မျိုးကြောက်စရာကောင်းပြန်သည်။ မြနှင်း ... ဝုန်းဒိုင်းကြဲ၊ ပေါက်ခွဲတန်တာခွဲ၊ ဆဲလိုဆဲ ဆိုလိုဆိုနှင့် ပေါက်ကွဲမလားဟု မျှော်လင့်ထားမိခဲ့သည်။ မိန်းမသားဗီဇနှင့် အိပ်ရာထဲပစ်လှဲကာ သည်းသည်းခိုက်ခိုက် ငိုလေမလားဟု မျှော်လင့်ထားခဲ့မိသည်။ ဘယ်နည်းနှင့်ပင် ပေါက်ကွဲစေ၊ သဇင်က ချော့မော့ပေးမဖို့ ပြင်ဆင်ထား၏။



ခုလို အံကြိတ်ပေါက်ကွဲပုံမျိုးကျတော့ ... သဇင် ဘာလုပ်ရမှန်း မသိတော့ပါ။

"မြနှင်း"

ပခုံးကို ကိုင်လှုပ်လိုက်၏။ စိတ်ပူလို့ပါ။ မြနှင်း ... ရုတ်တရက် စိတ်ဖောက်သွားမလားတောင် ထင်မိသည်။ မြနှင်းမျက်နှာ အဲဒီလောက်ပျက်၏။ ဒေါသက လူသတ်တော့မည့်သူတောင် အခု မြနှင်း မျက်နှာလောက် ခက်ထန်ပါ့မလား ထင်မိသည်။

"မြနှင်း"

သဇင်က စိတ်ပူစွာခေါ်၏။

မြနှင်း ... ခေါင်းကို ဖြစ်ကတတ်ဆန်းမော့သည်။ မျက်စိမှိတ်လိုက်၏။ မျက်ရည်မြစ်နှစ်စင်း ဖောက်ချလိုက်သလို ပါးပြင်တစ်ခုလုံး စိုရွှဲသွားသည်။ မြနှင်း လက်ခုံနှစ်ဖက်ဖြင့် ကြမ်းတမ်းစွာ ပွတ်သုတ်၏။ ခေါင်းကို ဆတ်ခနဲ ခါသည်။

"တို့ကို တစ်ယောက်တည်း ထားခဲ့စမ်းပါ"

"သဇင် ဘာလုပ်ပေးရမလဲဟင်"

"ကျေးဇူးပြုပြီး ဒီအခန်းထဲကပဲ ထွက်သွားပေးပါ"

"မြနှင်းကို စိတ်မချလို့"

"တစ်ယောက်တည်း နေချင်တယ်"

"သဇင် စောင့်ပေးပါရစေ"

မြနှင်း ... ဟား ... ဟု လှောင်ရယ် တစ်ချက်ရယ်၏။ ချက်ချင်းပင် ... မခြောက်သေးသော ဒေါ်မြမိုးခြေကို မျက်ဝန်းရိပ်မှာ ပုံဖော်ကြည့်လိုက်ဖြစ်သည်။ ခု ... မြနှင်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပျက်နေပုံ၊ မျက်နှာပြင် အနေအထား၊ မြနှင်းရဲ့ဝါကျတွေ နောက်ဆုံးမှာ ဟား ... ခနဲ တစ်ချက်တည်း ရယ်တာကိုပါ ကြား လိုက်ရလျှင် ကြောက်လန့်တုန်လျက်၊ သူ့သားလက်ကိုဆွဲကာ မြောက်ဝင်ရိုးစွန်းထိများ ကုန်းကြောင်းပြေးလေမလား။

"ဟား ... ဟား ... ဟား"

မြနှင်း အော်ရယ်သည်မို့ သဇင်က လန့်ဖျပ်အံ့ဩ သွားရသည်။ ပြူးတူးပြူးတဲ ဖြစ်နေသည့် သဇင့်ကိုကြည့်ကာ မြနှင်းက ဝိုရယ်ပြန်၏။

"မြနှင်း"

"ဘာလဲ ... ရူးသွားပြီ ထင်လို့လား။ ဒီလောက်ခံစားမှုနဲ့ ရူးရရင် အဲဒါ မြနှင်းစို အတုပဲ။ သွားပါ သဇင် ... ထား ခဲ့ပါ။ တစ်ယောက်တည်း နေချင်တယ်"

သူကိုယ်တိုင် မတ်တတ်ထရပ်လျက် သဇင့်ကိုပါ ဆွဲထူပြီး ပခုံးနှစ်ဖက်မှ ကိုင်တွန်းလျက် အခန်းပြင်သို့ထုတ် လေ၏။

"တံခါးပိတ်မထားနဲ့"

"စိတ်ချစမ်းပါ"

"စိတ်ပူတယ်"

"လွမ်းလောက်လို့လား ... ဟင်း"

မြနှင်း တံခါးကို ချိုင်းခနဲမြည်အောင် ဆောင့်ပိတ် ပြီးမှ ကိုယ့်အိမ် ကိုယ့်ရာ ကိုယ့်ပစ္စည်း မဟုတ်တာကို သတိရ သည်။

"ဆောရီး"



တံခါးရွက်ကို တောင်းပန်လိုက်၏။ ချက်ထိုး၍ပိတ် သည်။ ခုတင်ဆီသို့ လာရာတွင် ခွန်အားလုံးဝမရှိတော့ပါ။ စော စောက ခက်ထန်နေသမျှ ဆုတ်နစ်လျော့ပါးသွားလိုက်တာမှ၊ လူ ခွန်အား၊ စိတ်ဓာတ်ခွန်အား၊ တဖွဲ့တစတောင် မကျန်ရစ်။ ခုတင် ပေါ်သို့ ဖြစ်ကတတ်ဆန်းရောက်၏။ ခေါင်းအုံးကိုဆွဲ၍ ရင်ညွန့် အောက်မှ ခုလိုက်သည်။ လစ်ဟာ၍ တလှပ်လှပ်ခုန်နေသည့် ရင် ညွန့်ဆီမှ ဝေဒနာ လျော့ပါးမသွားခဲ့။ မျက်ရည်မိုးက ဆေါ်ခနဲ ရွာသည်။ အိပ်ရာခင်းတို့ကို ဆုပ်ညှစ်၏။ မွေ့ရာကို လက်သီးဆုပ် နှင့်ထု၏။ လူးလိမ့်၏။ ခဏအကြာတွင် သက်မဲ့ရုပ်အလောင်း တစ်ခုနှယ် ငြိမ်ကျသွားလိုက်ပုံက၊ အသက်မှ ရှူသေးရဲ့လား ထင်မှားစရာပင်။

ရက်စက်တဲ့ လောကကြီး။

www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"အမေ" ... ဆိုတာကို မတ,စဖူး တ,မိ၏။ ခလုတ်ထိလို့အမိတ,တာလား၊ သူက သူ့အမေရဲ့အမိန့်အာဏာအောက်က ရုန်းမထွက်နိုင်ဘဲ သားလိမ္မာတစ်ယောက် လုပ်ပြလိုက်ချိန်မှာ၊ ကိုယ်က အမေ ... ဆိုတာကို လုံးဝမေ့ပျောက်ထားတဲ့ သမီးမိုက် ဖြစ်နေပါပေါ့လားရယ် ... လို့ နှိုင်းယှဉ်တွေးတောမိလို့လား။

သူက အမေ့သား။ အမေမကြည်ဖြူသည့် ဖြစ်ရပ်တစ်ခုကို ရှေ့ဆက်အကောင်အထည်မဖော်ချင်တာလား၊ မဖော်ဝံ့တာလား၊ ဘာဖြစ်မှန်းမသိပေမယ့်၊ အမေနှင့် မဆန့်ကျင်လိုတာတစ်ခုတည်းကြောင့် ချစ်သူ ... ဆိုတာကို စွန့်လွှတ်နိုင်တဲ့သားလိမ္မာ။ ညီ ... ဖုန်းမဆက်ခဲ့တာကြာပြီ။ ညီ နေမကောင်းတာမသိဘဲနဲ့ မြူနှင်း လှမ်းပြီးဆက်လိုက်မိတာ နောက်ဆုံးအကြိမ်ပါပဲ။ အဲဒီတုန်းက ညီ့ကိုမတွေ့ရတာ၊ ညီ့အသံမကြားရတာ နှစ်ရက်တည်းနှင့်တောင် (သူများတွေလို နှစ်ကမ္ဘာဟုမဖြစ်နိုင်တာကို မပြောချင်ပါ) နှစ်နှစ်လောက် ကြာသွားသလောက် လွမ်းလွမ်းဆွေးဆွေး ဖြစ်ရပါသည်။



မနေနိုင်လွန်းလို့ဆက်လိုက်တော့ ... ညီက နေမကောင်းဖြစ်နေရှာတာတဲ့။ နေကောင်းတာနဲ့ ဖုန်းပြန်ဆက်မယ်တဲ့။ ခုလောက်ဆို နေကောင်းရောပေါ့ ညီရယ်။ ညီ ဖုန်းမဆက်တာ ရှစ်ရက်ရှိပြီ။ အဲဒီရှစ်ရက်ထဲမှာ ညီ့မေမေက ကျွန်မကို သဘောမတူမကြည်ဖြူနိုင်ပါကြောင်း၊ ကြားလူကတစ်ဆင့် သတင်းပို့ခဲ့ပြီးပြီ။

ကျွန်မ ဘာလုပ်ရမလဲ ညီရယ်။ ငိုချင်နေတာပဲသိပါတယ်။ လှမ်းလိုက်တာ အရမ်းပဲ။ Heart to Heart ကုန်တိုက် (၅)ကိုသွားရင်တော့ M.D ပေါက်စလေး ညီမိုးညိုနဲ့တွေ့နိုင်ကောင်းပါရဲ့။ ညီ ... အဲဒီကိုရော လာခွင့်ရှိရဲ့လား။ ညီ့မေမေက ညီ့ကို သံကွန်ချာနဲ့များ အုပ်ထားမလားဆိုရင် သဘာဝလွန်စကား ဖြစ်သွားနိုင်ပါတယ် ညီ။ အခန်းထဲထည့်သော့ခတ်ပြီး တံခါးဝကများ ထိုင်စောင့်နေခြင်းခံရတာလား ညီရယ်။ ဒါမျိုးဆိုတာ ... မိဘတွေက သမီးတွေကိုသာလုပ်လေ့ရှိတာမို့ ညီတော့ ဒီအဖြစ်မျိုးနဲ့ ကြုံနေမယ် မထင်ပါဘူးနော်။

ညီ့ဖုန်းက ခုထိ Charging မပြည့်သေးတာလားကွယ်။ ရှစ်ရက်တောင်ရှိပြီလေ။ Charging ပြည့်ရင်ခေါ်လိုက်မယ်ဆို။ စာမေးပွဲတောင်နီးပြီ ညီရဲ့။ ကျွန်မ စာလည်းမကျက်နိုင်ဘူး။

"မြူနှင်း"

သဇင်က အခန်းထဲသို့ ဝင်လာသည်။

"ပိန်တောင်သွားတယ် မြူနှင်းရယ်"

www.burmeseclassic.com

www.burmeseclassic.com



မြူနှင်း ... ဦးသွေးအိမ်သို့ ရောက်ကာစက အိမ်မှာ အိမ်အလုပ် လုပ်မည့်သူက ဒေါ်ကြိုင် တစ်ယောက်တည်း ရှိပါသည်။ မြူနှင်း ရောက်လာတော့၊ မြူနှင်း ကူလုပ်ရ၏။ မြူနှင်းဟာ အဘွား အပိုးကျိုး၊ အမေဗိုင်းကောင်းကျောက်ပိဆိုတာမျိုးနှင့် ကြီးပြင်းခဲ့ရသူ မဟုတ်ပါ။ အဘွားက အိမ်အလုပ်တွေထဲမှာ လုပ်ချင်တာလောက် ရွေးလုပ်ပြီး၊ ဖျစ်တောက်ပူညံဖို့နှင့် အိမ်ရှိအတူနေ မိသားစုဝင်တွေကိုဆူဖို့နှင့် ဆဲဖို့သာ အာရုံရှိသူ၊ သူစားချင်သည့်အချိန် စူးခပ်စား၊ ပန်းကန်ကို ဆေးချင်စိတ်ရှိလျှင် ဆေးသည်။ မရှိလျှင်မဆေး။ အမေလည်း ထိုနည်းလည်းကောင်း၊ ထမင်းဟင်းဆိုတာကို မချက်မဖြစ် ... ချက်ရပေမယ့်၊ ဆေးကြောသန့်ရှင်းမှုကို လုပ်ချင်မှလုပ်၊ အိမ်လည်၊ အလှပြင်၊ အဘွား ဘာပြောပြော ပြန်မပြော နားမထောင်၊ သမီးဖြစ်သူ ခင်နှင်းရီ ကြိုက်သလိုနေ မဆုံးမ။

ဤပုံစံရပ်ဝန်းမှ လာခဲ့ရသူမို့ မြူနှင်းသည် အိမ်အလုပ်တော့ လုပ်ပါရဲ့၊ စည်းမရှိ၊ ကမ်းမရှိ၊ ပရမ်းပတာ။ ဦးသွေးက တော်တော်လေး ပုံစံချပေးခဲ့ရသည်။ သဇင် ရောက်လာတော့ သဇင်က စည်းနှင့်ကမ်းနှင့် အပိုးကျိုးကျိုးလေး။ မီးဖိုချောင်မှာ ဒေါ်ကြိုင်သည် သဇင့်လက်ထောက် ဖြစ်သွားရသည်။ မြူနှင်းကို လက်ထောက်ခန့်ထားလျှင် လက်ခံမှာမဟုတ်သည်မို့ တစ်အိမ်လုံး၏ လှပသန့်ရှင်းသပ်ရပ်ရေး၊ ဘယ်နေရာမှ ဖုန်တစ်မှုန် မရှိစေရေးတို့မှာ သဇင်က သူ့ဘာသာလုပ်ပါသည်။

မြူနှင်း ... ချောင်းကြည့်ရင်း၊ လိုက်လုပ်ရင်းက (လိုက်မလုပ်လို့မရ၊ ဦးသွေးက လုပ်ခိုင်း၏) သဇင့် လက်ထောက်



သဇင့်နောက်လိုက် ဖြစ်ရမှာစိုးသည်နှင့် ကိုယ်ကအရင်ဦးအောင် လုပ်ရင်း၊ ခုဆို ... မြူနှင်းဟာ တစ်အိမ်လုံးနှင့် ခြံထဲ၊ မီးဖိုချောင် မကျန်၊ သဇင်နှင့်တန်းတူ အိမ်ရှင်မအရည်အချင်း၊ မိန်းမသားတို့ တတ်အပ်သည့် ပညာများ (မတတ်ချင်လို့မရ) ပြည့်စုံတတ်မြောက်နေပါပြီ။ အိမ်အလုပ်တွေကို သဇင်နှင့် နှစ်ယောက်တူတူလုပ်ရင်း၊ ဒေါ်ကြိုင်မှာလည်း ကိုယ့်အထက်မှာ ဆရာမနှစ်ယောက် ဖြစ်နေရပါပြီ။

အခု ... ရှစ်ရက်အတွင်းမှာတော့၊ မြူနှင်း_ အခန်းအောင်း၏။ သဇင့်ကို အားနာလို့ အလုပ်လုပ်ဖို့ ထွက်လာလျှင်လည်း သဇင်က ပြန်သွင်းသည်။

"နေလည်းမကောင်းဘဲနဲ့ မြူနှင်းရယ် ... နားပါ၊ စာကျက်" ... တဲ့။

သူကသာ စာကျက်ခိုင်းနေ၊ မြူနှင်းမှာဖြင့် စာက မြူနှင်းကို လာပြန်ကျက်လျှင်တောင် အကျက်မခံနိုင်သည့် အနေအထား။

"နေမကောင်းဘူး ထင်တယ်"

သဇင်က မြူနှင်း နဖူးကိုစမ်း၏။

"ဦးသွေး ဘာပြောသေးလဲဟင်"

ဦးသွေးဟာ ကယ်တင်ရှင် ကျေးဇူးရှင်မို့ ပင်ကိုစိတ်ဓာတ် ဘယ်လောက်ပဲ ဂျစ်ကန်ပစေ၊ ဦးသွေးကိုတော့ မြူနှင်း ကြောက်ရွံ့ရပါသည်။

"မြူနှင်းကိုတော့ သနားတာပါပဲ"

"ဦးသွေးကို အားလုံး ပြောပြလိုက်လား"

www.burmeseclassic.com

www.burmeseclassic.com



"ပြောလိုက်တယ်"

"ဦးသွေးက တို့ကို သနားရင်တော့ သနားမယ်၊ သူ့ သမီးလို တူမလို အုပ်ထိန်းထားရတဲ့ ကလေးလို့လည်း အမြဲပြောနေတာကို။ ဒါပေမဲ့ ... ညီသာ ဦးသွေးရဲ့သားဆိုရင် ဦးသွေးကလည်း တို့နဲ့သဘောတူမယ် မထင်ပါဘူး"

"မြနှင်းစိုဟာ ခင်နှင်းရီမှ မဟုတ်တော့ပဲတဲ့။ မြနှင်းမှာ သခင် ပွင့်ပွင့်လင်းလင်း ပြောမယ်နော်၊ စိတ်မဆိုးနဲ့ မြနှင်းမှာ ဂျစ်ကန်ကန် ရွဲ့တဲ့တဲ့ ဗီဇလက်ကျန်လေးရှိသေး ပေမယ့်၊ မြနှင်း တော်တော်လိမ္မာနေပါပြီတဲ့။ ဒါဇ် ဒေါ်မြမိုးဆွေ မသိလို့ ဖြစ်ပါလိမ့်မယ်တဲ့"

"သခင်ရယ် ... ဦးသွေးဆီက အဲဒီစကားလေးလော ကြားရတာနဲ့တင် အားတွေတက်လိုက်တာ"

သခင့်လက်ကို လှမ်းဆုပ်တော့ နွေးနေသည်။ မြနှင် လက်တွေကတော့ အေးစက်လျက်။

"နောက်ပြီးတော့ရော ... ဘာပြောသေးလဲ"

"လူဆိုတာ တစ်ယောက်တည်း နေတတ်တဲ့ သတ္တဝါမျိုး မဟုတ်ဘူးတဲ့။ ပတ်ဝန်းကျင်နဲ့ အသိုင်းအဝိုင်းနဲ့၊ ဆွေမျိုး နဲ့ နေရတာတဲ့။ ပြီးတော့ ... ပစ္စုပ္ပန်တည့်တည့်ရှုလို့ ရ တွေ ဘယ်လောက်ပဲ ပြောနေနေ၊ အတိတ်ဆိုတာ ထား လို့ရတဲ့အရာ မဟုတ်ဘူးတဲ့ ...

"အတိတ်ဆိုတာ၊ ကိုယ့်ရဲ့နောက်ကျောမှာ အရိပ် အမြဲကပ်ပါလာတာတဲ့။ အတိတ်ရဲ့အရောင်ဟာ ပစ္စုပ္ပန် ထင်ဟပ်တာပဲတဲ့"



"သခင် ... တချို့အတိတ်တွေဟာ ကိုယ် ပြုပြင်ဖန်တီး လို့မရတဲ့ အတိတ်တွေလေ။ ဥပမာ ... အဘွားကို သေရာ က ပြန်ရှင်လာပါ၊ ဆယ့်ခြောက်နှစ်ကို ပြန်သွားပါ၊ အိမ် က ဒရိုင်ဘာ အရက်သမားနဲ့ ခိုးရာမလိုက်ခဲ့ပါနဲ့လို့ ...

"ပြန်ပြုပြင်လို့ရတော့မလား၊ အဘွား ... သူဌေးသား ပညာရှိနဲ့ လက်ထပ်ပါ၊ အဖေဟာ ပညာတတ် လူကုံထံ ကုမ္ပဏီပိုင်ရှင်ကြီးဖြစ်ပါ၊ အမေလည်း ချမ်းချမ်းသာသာနဲ့ ဗိုင်းကောင်းကျောက်ဖိ အသိုင်းအဝိုင်း၊ စိတ်ထားမြင့်မြတ် ပြီး တော်ဝင်တဲ့မိဘမိုက်ထဲက မြန်ထွက်ခဲ့ပါ ...

"ခင်နှင်းရီဆိုတဲ့ ကလေးကို တစ်ရက်သမီးဘဝက နေ အခမ်းအနားနဲ့ပြန်စ,ပေးပါလို့ ... တို့ ဘယ်လို ပြန် လည်ဖန်တီးလို့ ရတော့မလဲ သခင်၊ အဲဒါတွေဟာ တို့ လုပ်ခဲ့တာလား၊ အဘွား အိမ်ထောင်ဖက် အရွေးမှားခဲ့ တာ၊ တို့ အပြစ်လား ...

"အဖေ အရက်သောက် ဖဲရိုက်တာ တို့အပြစ်လား၊ ခင်နှင်းရီရဲ့အမေ ခင်စိန်ရီ ဣန္ဒြေမရှိတာ၊ နောက်ယောကျ်ား နဲ့ လိုက်ပြေးတာ ခင်နှင်းရီက ပြေးခိုင်းတာလား"

"ဟုတ်ပါတယ် မြနှင်းရယ် ... သခင်တို့ နားလည်ပေးနိုင် ပါတယ်"

"လောကကြီးက ရက်စက်တယ်နော်။ ကံကြမ္မာဆိုတာကြီး ကလည်း မတရားဘူး။ ကျွန်မလည်း လူကုံထံအသိုင်း အဝိုင်းမှာ ဣန္ဒြေနဲ့ သိက္ခာနဲ့ ကြီးပြင်းခဲ့ချင်တာပေါ့၊ သူဌေးသမီး မဟုတ်တောင်၊ အနည်းဆုံး ... သခင့်လိုမျိုး

www.burmeseclassic.com

www.burmeseclassic.com



အမိအုပ်၊ အဖအုပ်ပြီး မိဆုံးမ၊ ဖဆုံးမ ဖြစ်ခဲ့ချင်တာပေါ့ သဇင်ရယ်၊ ဒေါ်မြမိုးဆွေက စိတ်သဘောထား မဆိုးပါဘူး ...

"ကောင်းသတင်းကျော်ဇော ရှိပါတယ်၊ ကျွန်မမို့လို့သာပါ၊ သဇင်နဲ့ဆိုရင်တောင် ဒီလောက် ပြင်းပြင်းထန်ထန်တားမယ် မထင်ပါဘူး။ သဇင်ရယ် ... ကျွန်မ၊ ဒေါ်ခင်ခင်မြိုင်နဲ့ ဦးထွန်းအေးရဲ့ မြေးဖြစ်တာ၊ ဦးကျော်အေး ဒေါ်ခင်စိန်ရီရဲ့သမီး ဖြစ်တာဟာ၊ ကျွန်မ မတာတ်နိုင်တဲ့ ...

"အတိတ်ဆိုးဆိုပေမယ့်၊ ခင်နှင်းရီဘဝနဲ့ ပေါက်လွှတ်ပဲစား နေထိုင်ခဲ့တာတော့ မည်သူမပြု မိမိမှုပါ။ ဒါကို ... မိဘဘိုးဘွားတွေ မဆုံးမခဲ့ရကောင်းလားလို့လည်း ပြန်အပြစ်မတင်ချင်တော့ပါဘူး၊ ကျွန်မ မိုက်ပြစ်နဲ့ကျွန်မ၊ နာမည်ဆိုးခဲ့တာ ...

"ငယ်ငယ်တုန်းက ထင်ရာစိုင်းခဲ့ခြင်းဟာ၊ ရင်နဲ့အမျှ ချစ်ရတဲ့သူ တစ်ယောက်ကို ဆုံးရှုံးဖို့ဆိုတာများ ကြိုသိခဲ့ရင်လေ ..."

မြူနှင်းက ခေါင်းလေးဖြည်းဖြည်းခါ၏။

"မဟုတ်ဘူး သဇင် ... ဟိုတုန်းကလေ၊ ကျွန်မ ပရမ်းပတာနေခဲ့စဉ်က၊ နင် ... အဲဒီလိုနေရင်၊ တစ်နေ့မှာ ချစ်သူတစ်ယောက်ကို ဆုံးရှုံးရလိမ့်မယ်လို့ လာပြောတဲ့သူရှိရင်လည်း ကျွန်မ ဟားလွှတ်မှာပဲ၊ မလွမ်းပါဘူးလို့ပဲ ပြောမှာသေချာတယ်၊ မည်သူမပြု မိမိမှုတွေချည်းပါပဲ"



"ကိုညီမိုးညိုမှာ အကြောင်းတစ်ခုခု ရှိချင်ရှိနေနိုင်သေးတာပဲ၊ ဖုန်းဆက်ရင် ဆက်ကြည့်ပါလား"

"သိပ်ဆက်ချင်တာပေါ့ သဇင်ရယ်၊ အဲဒီဘက်က တစ်ခုခုကို ပြန်ကြားလိုက်ရမှာ အရမ်းကြောက်တယ်"

"Heart to Heart ကို လိုက်သွားရင်ရော"

မြူနှင်း ခေါင်းခါပြန်၏။

"နဂိုကမှ မိန်းမပျက်လောက်နီးနီး အထင်သေးခံထားရတာ၊ မိန်းကလေးဖြစ်ပြီး အရှက်မရှိ လိုက်လာတယ် ဖြစ်ဦးမှာ၊ သိက္ခာကျစရာတွေချည်းပါပဲ။ သဇင် ... ကျွန်မလေ ... သိက္ခာဆိုတာကို နားလည်လာပြီ။ ကျွန်မမှာ ရှိခဲ့ဖူးတဲ့ မာနနဲ့ အတ္တတွေ ...

"အရင်တုန်းကတော့ နေရာမှားပြီး သုံးခဲ့တဲ့အတ္တ၊ နေရာမှားပြီး ထားခဲ့တဲ့ မာန၊ အခုအချိန်မှာ အဲဒီအတ္တနဲ့ မာနကို နေရာမှန်မှန်သုံးတတ်လာပြီ သဇင်ရယ်၊ အဲဒါတွေကို ညီ့ခြေရင်းမှာ အကုန်ချပေးလိုက်ရမှာလား"

"မြူနှင်း မဆက်ချင်ရင် သဇင် ဆက်ပေးရမလား"

"အကြောင်းထူးမယ် မထင်ပါဘူး"

ညီရေ ... ရင်ဘတ်ကြီးတစ်ခုလုံး ခြောက်ကပ်သွေ့ခြိုးနေအောင် လွမ်းတယ် ညီရဲ့။ ကျွန်မရဲ့အတ္တနဲ့ မာနတွေကို ညီ့ခြေရင်းမှာ လာသွန်ပါလို့ ညီ တစ်ခွန်းပြောရင်လည်း ကျွန်မက လာချပေးပြီး၊ ညီ ခြေနဲ့နင်းဖို့ လမ်းခင်းပေးမှာပါ။ ညီ့ကို အဲဒီလောက်ထိ ချစ်တာ၊ ဝေးရမှာကို အဲဒီလောက်ထိ ကြောက်တာ၊ အဲဒီလောက်ထိ မခွဲနိုင်တာ၊ ကျွန်မ ရင်ဘတ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကို ခားနဲ့လာခဲ့ကြည့်စမ်းပါ။ ချစ်သူကို လွမ်းလွန်းလို့ ဆတ်ဆတ်တုန်နေတဲ့ နှလုံးသားနဲ့ အဆုတ်တွေ၊ အူသိမ်အူမတွေ ပူလောင်ကျွမ်းမြည့်ပြီး အမည်းရောင်ဖြစ်နေကြပါလိမ့်မယ် ညီရယ်။ ကျွန်မသေသွားလိမ့်မယ်။ အဲဒီလောက်ထိ လွမ်းတယ်။

ဒါဟာလည်း ... မြူနှင်းစိုဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ဘဝတစ်ဆစ်ချိုး၊ ရည်းစားပစ်ခံရတဲ့ အစိတ်အပိုင်းကလေးရယ်ပေါ့။

"အို ..."

မတွေ့ရတာ ... ငါးနှစ်၊ ခြောက်နှစ် ... မကတော့ဘူးထင်သည်။ ခုနစ်နှစ်လောက်များရှိသွားပြီလား၊ ဦးသွေးအိမ်ရောက်တာပဲ သုံးနှစ်ရှိခဲ့ပြီ။ အမေနှင့်ကွဲကွာရသည့်ရက်ကိုတောင် အတိအကျမမှတ်မိသည့်သမီး ... ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်မိပါသည်။

အမေက ညှော်ခန်းမှာထိုင်နေ၏။ ခုဆို ... အမေ့အသက်ဟာလေးဆယ်ကျော်။ ဘယ်လောက်ကျော်နေမှန်းတော့ မသိ။ အမေ့မွေးနေ့မသိ၊ အဖေ့မွေးနေ့မသိ၊ အဖေဆုံးသည့်ရက်ကိုလည်း အတိအကျမမှတ်မိ။ ဒီလောက်ပဲပေါ့ဆ၊ ပစ်စလက်ခတ်နိုင်ခဲ့ပါလား ...။ ဩော် ... ဒါမျိုးတွေအားလုံး စုပေါင်းလိုက်တဲ့အခါမှာ ဒေါ်မြမိုးဆွေ ... မကြည်ဖြူပါဘူးဆိုတဲ့ ဖြစ်ရပ်ကြီး ပေါ်ပေါက်ဖြစ်ထွန်းခဲ့ရတာပဲပေါ့။



"အမေ့ကို မှတ်မိရဲ့လား ခင်နှင်းရီ"

ကိုယ့်သဘောနှင့်ကိုယ်၊ မြူနှင်းစိုဟု အမည်ပြောင်းခဲ့သော၊ ကျော်ကြားသော မြူနှင်းစို ဖြစ်သွားသည်။ အိမ်မှာတော့ ခင်နှင်းရီပါပဲ။

"မှတ်မိပါတယ် ... အမေ နေကောင်းလား"

မေးမည့်သာမေးရ၊ အမေ နေကောင်းနေတာ အသိသာကြီး။ အမေဟာ တခြားကိစ္စတွေ မကောင်းလျှင်သာရှိမည်။ အလှအပကသိုလ်ကံတော့ အလွန်ကောင်း၏။ အမေလှပါသည်။ ခုထိလည်း လှတုန်းပါ။ သို့ပေမယ့် ... အမေ့အလှကို အမေ့အလှပြင်နည်းများက ပြန်လည်ဖျက်ဆီးနေမှန်း ခုထိ ... အမေမသိသေးပါလား။

ကောက်ထားသည့် အမေ့ဆံပင်တို့က ကောက်ကွေးသိမ်တွန့်လွန်းနေ၏။ ပြီးတော့ ... ဦးရေဖျားမှာ ခပ်ကပ်ကပ်၊ အမေ့မျက်နှာ၊ (မြန်မာချော ... ချောသည့်ပုံစံ)နှင့် မလိုက်ဖက်၊ အမေလိမ်းထားသည့် မိတ်ကပ်က ထူလွန်း၏။ အမေ့အသားရောင်ပေါ်မှာ အဝါနှစ်ရောင်ဆေးပြင်နီး သုတ်ထားတာနှင့်တူ၏။ အမေ့မျက်ခုံးထူထူသန်သန်တို့ကို ရိတ်ပစ်ထားတာတော့ ကြာပါပြီ။ အရင်တုန်းကတော့ ရိပ်ဂိုက်ပြန်ပေါက်လိုက်နှင့် အမေ မျက်ခုံး ကောင်းလှ၏။ ခုတော့ ... တစ်ပင်မကျန် နုတ်ပစ်လိုက်တာလား၊ ရိတ်လွန်းလို့ မပေါက်နိုင်တာလား၊ ကိုယ်ကြိုက်ရာပုံစံကိုဆွဲနိုင်သော သဘာဝမျက်ခုံးပျောက်လျက်၊ ပုံချဆွဲထားသော မျက်ခုံးမည်းမည်း ကော့ကွေးကွေးပဲကျန်၏။

www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်တုတပ်မထားလို့တော်ပါသေးရဲ့ ... ဟု ကြံဖန်တွေးလိုက်မိသေးသည်။ အမေ့နှုတ်ခမ်းက မရဲလွန်းတာလည်း တော်ပါတော့သည်။ ပန်းရောင်တော့ပန်းရောင်ပါပဲ၊ သို့ပေမယ့် အဲဒီပန်းရောင်က တဖိတ်ဖိတ်လက်သည့်ပန်းရောင်ဖြစ်နေသည်။ ဖိတ်ဖိတ်လက်သည့်ပန်းရောင်၊ အသားရောင်၊ ကော်ဖီနုရောင် နှုတ်ခမ်းနီများ၊ ခုခေတ် ... ခေတ်စားပါသည်။ သို့ပေမယ့် ... မိတ်ကပ်ထုထုကြီးနှင့်တော့ မဟုတ်ပါ။ မျက်နှာကို အချိန်ကုန်ခံ ပြင်သည်၊ အထပ်ထပ်လည်း လိမ်းသည်။ အားလုံးပြီးသွားသည့် အခါမှာ ဘာမျှ လိမ်းပြင်၊ ခြယ်သမထားဘဲ သဘာဝအလှ အသားရောင်မျိုးဖြစ်အောင်လိမ်းသည့် မိတ်ကပ်မျိုးနှင့်မှ အဲဒီနှုတ် ခမ်းနီးက လိုက်ဖက်ပါသည်။

ဩော် ... အမေ့ကိုကြည့်ပြီး အတွေးထဲမှာ အမေ ... အမေ ... နှင့်ပဲ တွေးနေမိသည်။ ညီသာဆို ... သူ အမေကို "မေမေ"လို့ခေါ်တာ၊ "အမေ"နှင့် "မေမေ"ဟာ ဘယ် လိုကွာခြားပါလိမ့်။ ညီရေ ... နှစ်ပေါင်းများစွာ ကွဲကွာနေ အမေနဲ့ ပြန်ဆုံချိန်မှာတောင် ညီဟာ ကျွန်မရဲ့အတွေးတွေထဲ ထွက်မပေးဘူးနော်။

"ညည်းအကြောင်းတွေကြားလို့ လာခဲ့တာ"

"ဘာတွေကြားလို့လဲ"

"သူဌေးဦးရဲသွေးဆင့်က သမီးအဖြစ် မွေးစားထားတ ဆိုလို့"

သဇင်က ကော်ဖီ၊ မုန့်နှင့် ပန်းသီးများစိတ်ထည့် ထားသည့် ပန်းကန်အပါအဝင်၊ ဗန်းကို ကိုယ်တိုင်မ,လာ၏။



"သုံးဆောင်ပါ ဒေါ်ဒေါ် ... ကျွန်မ သဇင်ပါ"

ပြုံး၍ပြော၏။ ဒေါ်ခင်စိန်ရီကလည်း ပြန်ပြုံးပြသည်။

"သမီးကရော ... ခင်နှင်းရီလို၊ ဦးရဲသွေးဆင့် စောင့်ရှောက် ထားတာပဲ လား"

သဇင်က ခေါင်းညိတ်ဟုန်းမှာပဲ ...

"သဇင်က ဦးသွေး ဇနီး၊ ကျွန်မရဲ့ကျေးဇူးရှင်ပါ"

"ဩော် ... ကျေးဇူးရှင်လေးကလည်း ငယ်သေးတာပဲနော်"

သဇင်က မြူနှင်းကို လှည့်ကြည့်၏။ ရှင်းမနေတော့ ပါ။

"ကျွန်မရဲ့အစ်မဆိုလည်းဟုတ်၊ ဆရာမဆိုလည်းဟုတ်၊ ကျွန်မ အစစအရာရာ ပြုပြင်ပြောင်းလဲသွားခဲ့တာ သဇင့် ကြောင့်ပါ"

သဇင်က ပြုံး၍ မြူနှင်းပေါင်ကို တစ်ချက်ပုတ်သည်။ ဘာတွေလျှောက်ပြောနေတာလဲ ... ဟု ပြောချင်ပေမယ့်၊ မြူနှင်း နှင့်ဆန့်ကျင်စွာပြောလို့ မြူနှင်း ကြိုက်မှန်းမသိ၊ မကြိုက်မှန်းမသိ မို့ မပြောတော့ပါ။ ကိုယ့်ကို အစ်မ်နေရာ၊ ဆရာမနေရာထားပြီး ပြောတာကျတော့ ရှက်ကိုးရှက်ကန်းဖြစ်သေး၏။

"အမေ ... နေရေးထိုင်ရေး၊ ဘာမှ အဆင်မပြေတော့ဘူး"

"ရှင်"

"ငှားနေတဲ့အိမ်ကလည်း၊ လခမပေးနိုင်လို့ စပေါ်နဲ့နှိမ်လာ တာ၊ စပေါ်လည်းကုန်သွားပြီး အလုပ်လည်းမရှိဘူး၊ ရှိလည်း မလုပ်နိုင်တော့ဘူး၊ လေးဆယ်ကျော်ပြီ၊ ညည်းကို တစ်ချည့် အားကိုးချင်လို့ လာခဲ့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

သြော် ... စိတ်ရှုပ်ရှုပ်ရှိလို့ မြစ်ကမ်းနဖူးဆင်းထိုင်ပါတယ်ပ်။ ဒိုက်တွေကမျောလာ၊ ဒိုက်ပုံပေါ်မှာက သပွတ်အူတစ်ခွေဆိုသလိုပါပဲ။ ကိုယ့်အပူနှင့်ကိုယ် ညှိုးငြိုးနွမ်းခြောက်လှပါပြီဆိုမှ၊ စားဖို့ပူ၊ ဝတ်ဖို့ပူ၊ နေဖို့ပူ ... နေရသည့် အမေက သမီးကိုအားကိုးဖို့ရောက်လာသည်တဲ့။ ကိုယ်ကိုယ်တိုင်တောင်မှ သူများထံမှာမှီခိုသူ။

သို့ပေမဲ့ ... အမေဆိုတာ အမေပဲလေ။ ဒီအမေဟာ အမေ့ဝတ္တ...ုးကို အားလုံးမပြည့်စုံခဲ့ဘူး၊ မဖြည့်ဆည်းခဲ့ဘူးဆိုလျှင်တောင်၊ ကိုယ်ဟာ ... အမေ့သွေး၊ အမေ့သားနဲ့ လူဖြစ်လာခဲ့ရတာ၊ ကိုယ့်ကို အမေက ဗိုက်ထဲမှာ ကိုးလလုံးလုံး လွယ်ထားခဲ့ရတာ၊ အမေ့ရင်မှဖြစ်တဲ့သွေးတွေ အဖြူရောင်ပြောင်းပြီး နို့ချိုအဖြစ်ထွက်လာတာကို၊ ကိုယ့်ကသောက်စို့ခဲ့ရတာ၊ ကိုယ့်ကို လူ့ဘဝသို့ပို့ခဲ့တာ၊ လူဖြစ်အောင် ကျွေးမွေးသုတ်သင်ခဲ့သူက ... ဒီအမေပါပဲ။

ညီ့ကို သတိရလိုက်ပါသည်။

ညီရေ ... ညီ့မေမေဟာ မြင့်မြတ်သော မေမေ။ ကျွန်မအမေက ကျွန်မအတွက် ပေးဆပ်ခဲ့တာထက် အဆပေါင်းများစွာသော ပေးဆပ်မှုတွေပေးခဲ့မယ့် ညီ့မေမေပါ။ ကျွန်မတောင်မှ ကျွန်မအမေ ... ခုလို စားဝတ်နေရေးမပြေလည်တော့ဘူးဆိုတဲ့အချိန်မှာ ဦးသွေးနဲ့တိုင်ပင်ပြီး အလုပ်တစ်ခုခုထွက်လုပ်မှ ဒီအမေကို ကျွေးနိုင်မယ်ဆိုရင်၊ အလုပ်လုပ်ဖို့၊ အမေ့ကို ပြန်လည်စောင့်ရှောက်ဖို့ (လိုအပ်ရင်) ဦးသွေးအိမ်ပေါ်ကဆင်းလိုက်ဖို့ထိ ဆုံးဖြတ်လိုက်မိပါတယ် ညီရယ် ...။



ကျွန်မတို့သားအမိမှာတောင်၊ ဒီလိုတွယ်တာမှုမျိုးရှိနေခဲ့ရင်၊ ညီတို့သားအမိရဲ့ တွယ်တာရစ်ပတ်မှုဟာ ဒီ့ထက်အဆပေါင်းများစွာသာလိမ့်မယ်။ ညီ့မေမေ မကြည်ဖြူနိုင်တဲ့ကိစ္စကို၊ ညီ ... ဘယ်ခြေလှမ်းနဲ့ ရှေ့ကိုတိုးမှာလဲ။ ကျွန်မ ခွင့်လွှတ်တယ်နော်၊ ညီ့ကို နားလည်တယ်။ အဲဒါ ... ညီ့ကို သိပ်ချစ်လို့ပါ ညီ။

❣ ○ ❣

ဦးသွေးက ... ဒေါ်ခင်စိန်ရီကို (လောလောဆယ်မှာ) အိမ်မှာတည်းခိုခွင့်ပြုပါသည်။

"အမယ်လေး ခင်နှင်းရီရယ် ... ညည်းက လိမ္မာယဉ်ကျေးနေလိုက်တာ ယုံတောင်မယုံဘူး"

"အမေလည်း အဆင်ပြေအောင် ကြည့်နေပါနော်၊ ဒီလိုပြောလို့စိတ်မဆိုးပါနဲ့ ကျွန်မကိုယ်တိုင်က မှီခိုသူမို့ပါ"

"အေးပါအေ ... ငါ နားလည်ပါတယ်။ ငါက ရှင်ကြီးဝမ်းထဲလဲဝင်ခဲ့၊ ရှင်ငယ်ဝမ်းထဲလည်းဝင်ခဲ့၊ ချေးစော်နံလို့ ပြန်ထွက်လာခဲ့တယ်ဆိုတဲ့ ကောင်မပါ"

ကြည့် ... အမေပြောပုံလေ။

ညီ့ကိုပဲ သတိရလိုက်ပြန်၏။

ညီ့မေမေသာဆိုရင် အဲဒီလိုပြောမယ်မထင်ဘူးနော်၊ ဒီစကားလုံးအစား၊ ဒီထက်နားဝင်ချိုစေမယ့်စကားပုံကို သုံးမှာပဲ။ ညီရေ ... ရှင်နဲ့ကျွန်မဟာ၊ တကယ်တော့ တိမ်ပြာတွေနဲ့ နောက်ချေးပုံလို ... ဟုတ်တယ်၊ ကျွန်မ ဒီဥပမာကိုပဲ ရွေးမယ် ... တိမ်ပြာတွေနဲ့ နောက်ချေးပုံလို ကွာလှမ်းဝေးခြားလွန်းပါတယ် ညီရယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးရှင်ကြီးပါအေ၊ ငါ့ထက်နည်းနည်းကြီးရင် ငါက ရှိခိုးချင်တာ"

"အမေ့ထက်သုံးလေးနှစ် ဆိုသလိုတော့ ငယ်မယ်ထင်ပါတယ်"

သဇင်က အမေ့ကို ဂရုစိုက်ရှာ၏။ "ဒေါ်ဒေါ်"ဟု ရင်းနှီးစွာခေါ်ရှာသည်။ ဦးသွေးက သူ ခွဲဝေပေးမည်ဟု စီစဉ်ထားသည့်အချက်များကို အကောင်အထည်ဖော်၏။

"ငါကတော့ခွဲပေးမယ်ဆဲဆဲပဲ။ မြနှင်း ဘွဲ့ရတဲ့ထိစောင့်လိုက်မလားလို့၊ တစ်ယောက်တည်းဖြစ်သွားမှာစိုးလို့လေ။ ခုတော့ အမေနဲ့လည်း ပြန်ဆုံပြီဆိုတော့၊ ခွဲပေးလိုက်တော့မယ်၊ သမီးမိန်းကလေးဆိုတာ အမေနဲ့နေတာ အမှန်ဆုံးပဲ"

ဒေါ်ခင်စိန်ရီကိုပါ ဆက်ပြီး အိမ်ပေါ်တင်စောင့်ရှောက်ထားဖို့တော့ ရည်ရွယ်ဟန်မတူပါ။

"ငါ့ပါ ခေါ်တင်ထားဖို့တော့ စိတ်မကူးဘူးထင်တယ်"

အမေက ကျိတ်မေး၏။

"ပညာဒါနနဲ့ ကုသိုလ်ယူနေတာ အမေရဲ့၊ ဒုက္ခသည်စခန်းမှ မဟုတ်တာ"

"ဟော့ ... ညည်းစကားက နည်းနည်းရိုင်းသလားလို့၊ ဒီထက်ယဉ်ယဉ်ကျေးကျေးပြော"

အမေရယ်သည်မို့ မြနှင်းပါ လိုက်ရယ်ဖြစ်ပေမယ့် အရယ်မှာ ပျော်မြူးရိပ်ကင်း၏။ ညီ့ကို လွမ်းသည့်စိတ်ကြောင့် ရယ်မိလျှင်တောင် အလွမ်းသစ္စာဖောက်ရာ ရောက်မှာစိုး၏။

အဲသည်လောက်ထိ ချစ်ပါတယ် ညီ။



"မြနှင်းကိုပေးမယ့်တိုက်က၊ လောလောဆယ်မှာ နိုင်ငံခြားသားရှိနေတယ်၊ အဲဒီခြံကို ဒီကွန်ထရက်ပြီးသွားရင်လည်း နိုင်ငံခြားသားပဲဆက်ငှားထားစေချင်တယ်၊ မြနှင်းတို့သားအမိ တက်မနေစေချင်လို့ ပြောတာမဟုတ်ဘူးနော် ...

"ဝင်ငွေကောင်းကောင်းပုံမှန်ရနေစေချင်လို့ပြောတာ၊ ဝင်ငွေပုံမှန်ရှိနေမှ မြနှင်း အေးအေးဆေးဆေး စာကျက်နိုင်မယ်၊ ကောင်းကောင်းနေနိုင်မယ်၊ အလုပ်တစ်ခုခုလုပ်စရာမလိုတော့ဘူး ...

"ကားတစ်စီးဝယ်ပေးမယ်၊ မြနှင်းလည်း ကားမောင်းတတ်နေပြီဆိုတော့ ယာဉ်မောင်းခေါ်စရာတော့ လိုမယ်မထင်ဘူး၊ သားအမိနှစ်ယောက်နေဖို့ ကွန်ဒိုတစ်ခန်း တစ်နှစ်စာ ငါ ထုတ်ပေးမယ် ...

"နောက်နှစ်တွေအတွက်ကျတော့ ... မင်းရဲ့အိမ်ကငှားခဝင်ပြီ၊ အဆင်ပြေသွားမှာပါ၊ အိမ်ငှားခဝင်ခင်စပ်ကြားမှာ သုံးဖို့ စားဖို့ရော၊ ကျောင်းစရိတ်ပါ ပိုပိုမိုမို ငါ ပေးလိုက်မယ်"

"ကွန်ဒို မလိုပါဘူး ဦးသွေး၊ သားအမိနှစ်ယောက်တည်းပဲ၊ ရိုးရိုးကွန်ထရက်တိုက်ခန်းဆိုလည်း ဖြစ်ပါတယ်"

"ကားထားဖို့လည်း ရှိသေးတယ်၊ ဒါတွေ ... မင်းအဘွား ဒေါ်ခင်ခင်မြိုင်အတွက်၊ မျိုးဆက်နှစ်ဆက်ကျော်မှ ငါကပြန်ပေးတဲ့အမွေလို့သဘောထားပေါ့၊ အားနာစရာမလိုပါဘူး"

"ဒါ ... ဦးသွေးပေးချင်လို့ပေးတာပါ၊ မပေးရင်လည်းရပါတယ်၊ ကျွန်မတို့ရပိုင်ခွင့်အနေနဲ့မရှိပါဘူး၊ ကျေးဇူးတင်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ် ဦးသွေးရယ်၊ ကျွန်မ ... ဦးသွေး ခြံရှေ့မှာလာပြီး မူးလဲမိတာ ... သိကြားမ,တာပါပဲ"

ဦးသွေးကရယ်၏။ ဦးသွေးလည်း အိမ်ထောင်တွေ ဘာတွေကျပြီးမှ သူ့ဘဝကြီး စိုပြည်သွားပုံနှင့် ရယ်ရယ်မောမော ရှိလာသည်။ သဇင့်ကိုလည်း တော်တော်ချစ်ပုံရသည်။ သဇင်က လည်း ချစ်ရှာ၏။ အမြင်မကာလက်သော်ငြား၊ တစ်ယောက်နှင့် တစ်ယောက် သိပ်ချစ်နေကြတာသိသာသည်။

ညီ့ကိုပဲ သတိရပြန်၏။

ညီရေ ... သဇင် ဦးသွေးကိုချစ်တာထက် မလျော့တဲ့ချစ်ခြင်းတွေ၊ ညီ့အတွက် ကျွန်မရင်ထဲမှာ အပြည့်ရှိနေပါတယ်ရှင်။ ညီရော ... ဦးသွေး သဇင့်ကိုချစ်သလောက် ချစ်တတ်ရဲ့လားဟင်။ ညီရေ ... ကျွန်မတို့ ချစ်သူနှစ်ဦးကံဆိုးတယ်နော်။

❣ ○ ❣

"မင်း ... ငါ့ကို ကတိတစ်ခုတော့ပေးစေချင်တယ်၊ မင်း အခုရမယ့်အမွေအနှစ်ဟာ မနည်းမနောပဲ မြနှင်း၊ အိမ်ဟာ ခဟာ မင်းတို့သားအမိနှစ်ယောက်၊ စားဝတ်နေရေးကောင်း ကောင်းဖူလုံကာယ်၊ ပိုတောင်ပိုလျှံဦးမှာ ...

"မင်း ... မစုနိုင်ရင်ရှိပစေ၊ လျှော့ပါးတော့မသွား စေချင်ဘူး၊ နိုင်ငံခြားသားငှားထားတဲ့ခြံနဲ့တိုက်ကို နောင် တစ်နေ့ ... မင်းမှာ နောက်ထပ်မြေနဲ့တိုက် ဖြစ်ထွန်းလာလို့ နောက်ဖြစ်ထွန်းတာကို ငှားမယ်၊ အဲဒီခြံ မင်းတို့နေမယ် ဆိုရင်နေပါ ...



"ဒါမှမဟုတ် ... လစဉ်ပုံမှန်ဝင်ငွေကောင်းကောင်း နဲ့ အလုပ်ကောင်းကောင်းတစ်ခုရှိပြီမို့ နိုင်ငံခြားသားမငှား တော့ဘဲ ကိုယ့်ဘာသာတက်နေမယ်ဆိုရင်လည်း နေပါ။ တခြားပုံမှန်ဝင်ငွေကောင်းကောင်းလည်းမရှိ ...

"စားဝတ်နေရင်းလည်း မပြေလည်လို့ အဲဒီခြံ အဲဒီ တိုက်ကို၊ ပေါင်နှံ၊ ရောင်းချ တစ်ခုခုလုပ်တော့မယ်ဆိုရင် တော့ ငါ့ကို အရင်ဆုံးအသိပေးပါ။ ငါ အပေါင်ခံချင်လည်း ခံမယ်၊ ဝယ်ချင်းလည်းဝယ်မယ်၊ အဲဒီကတိပေးနိုင်မလား"

"ဟုတ်ကဲ့ ... ကျွန်မက ကတိပေးပါတယ်၊ စိတ်ချပါ။ ကျွန်မ ... အမေရောက်လာလို့ ဦးသွေး အိမ်ပေါ်က ဆင်း သွားဖြစ်ပေမယ့် ဦးသွေးနဲ့ နေတုန်းကလိုပဲ ဦးသွေး အဲဆုံးအမ၊ ဦးသွေးစည်းစနစ်မျိုးနဲ့ နေပါ့မယ်"

"သာဓုခေါ်ရမလိုတောင်ဖြစ်နေပြီ။ မြန်မာလိုပြောရရင် ပိုအဆင်ပြေတယ်၊ ကောင်းလေစွ၊ ကောင်းလေစွပေါ့"

ဦးသွေး ရယ်သွမ်းနှင့်ပြောရှာ၏။

"သဇင်နဲ့ ညီအစ်မလိုနေခဲ့ကြတဲ့အတိုင်း၊ မင်းရဲ့တစ်သက် မှာ သဇင်ဟာ မင်းနဲ့ ညီအစ်မပဲ၊ အရင်းအခြာပဲလို့ ခွဲမြင် ယုံကြည်ပြီး ဆိုးတိုင်ပင် ကောင်းတိုင်ပင် လုပ်ပါလို့ ငါ ပြောချင်တယ်"

"စိတ်ချပါ ဦးသွေး ... သဇင်ဟာ ကျွန်မရဲ့အစ်မ၊ ကျွန်မ ရဲ့ကျေးဇူးရှင်၊ ကျွန်မရဲ့ဆရာမ၊ ကျွန်မအတွက် လမ်းပြ ကြယ်ပါ"

"ဟယ် ... မဟုတ်ကဟုတ်က"

www.burmeseclassic.com

www.burmeseclassic.com



သဇင်က လှမ်းထုသည်။

"အိမ်ထောင်ရေးမှာ စိတ်မစောနဲ့၊ အစစအရာရာဆင်ခြင်၊ နှိုင်းချိန်၊ သဇင်နဲ့လည်းတိုင်ပင်၊ ငါနဲ့လည်း လာတိုင်ပင် နိုင်တယ်။ ဒီကိစ္စမျိုး ... အုပ်ထိန်းသူနဲ့ တိုင်ပင်တာ ရှက်စရာမဟုတ်ဘူး"

"ဟုတ်ကဲ့ပါ ဦးသွေး"

"စိတ်လိုက်မာန်ပါတွေ မျှောက်လိုက်တော့"

"ဟုတ်ကဲ့ပါ"

"အိုးရွဲ့ရင် စလောင်းရွဲ့နဲ့ဖုံးမယ်၊ တုံးဆိုတိုက်၊ ကျားဆိုကိုက်၊ မြွေဆိုပေါက် ... စိတ်တွေလည်းပြင်ဆင်"

"ဟုတ်ကဲ့ပါ"

"ဂျစ်ကန်ရွဲ့စောင်းခြင်းဟာ ကောင်းသောယှဉ်ပြိုင်မှုမဟုတ်ဘူးဆိုတာ သဘောပေါက်။ ပါးကိုက်လို့နားပြန်ကိုက်တယ်ဆိုတာဟာလည်း လူကြီးလူကောင်းတို့ရဲ့ အလေ့အကျင့်မဟုတ်ဘူး၊ ကလဲ့စားချေဖို့ဆိုတာမျိုးနဲ့ ကြုံလာရရင်တောင် သည်းခံခြင်းနဲ့ ခွင့်လွှတ်ခြင်းဟာ အကောင်းဆုံးသော ကလဲ့စားပဲလို့ ခံယူပါ"

"ဟုတ်ကဲ့ပါ ဦးသွေး၊ ကျွန်မ ... ဦးသွေးစကားတွေ အမြဲအမှတ်ရနေပါ့မယ်"

ဦးသွေးကိုကန်တော့၍ သဇင့်ပါးကို ဘယ်ပြန်ညာပြန်နမ်း၍ ဦးသွေးအိမ်ပေါ်မှ ဆင်းခဲ့ဖြစ်ပါသည်။

ကျွန်မဘဝ တစ်ဆစ်ချိုးပြန်ပြီ ညီ ...။

❣ ○ ❣



## ၁၃

အိမ်အလုပ်တွေကို အမေကလုပ်ပါသည်။ အိမ်သန့်ရှင်းရေးနှင့် လှပအောင် မြူနှင်းက ပြင်ဆင်ပါသည်။ ပြီးတော့ စာကျက်၊ စနေ ကနက်နွေလိုနေ့မျိုး ဖို့ချချက်သင်တန်းရှိလျှင် သွားတက်၊ ကျူရှင်တက်။ ဟိုတုန်းကတော့ ... ဒါတွေကို ဦးသွေးက ယာဉ်မောင်းနှင့် လုပ်ပေးခဲ့သည်။ ခုတော့ ... မြူနှင်းက ကိုယ့်ကားကိုယ်မောင်း၏။

"ငါ့သမီး ... ကားကြီးမောင်းပြီး ကြော့ကြော့မော့မော့ ဝတ်စားနေတာကြည့်လို့ကောင်းလိုက်တာ၊ ညည်း အဘွားကို သေရွာကနှိုးပြီး ခေါ်ပြချင်တယ်"

"အဖေ့တော့ သတိမရဘူးလား အမေ"

"မရလှပါဘူး၊ မေ့တော့တော့က များတယ်"

"အမေ ချစ်လို့ယူခဲ့တာ မဟုတ်ဘူးလားဟင်"

"ကိုယ့်သမီးကိုယ်ပြန်ပြောရတော့ နည်းနည်းတော့ ရှက်သား၊ ရည်းစားကလည်း သူတစ်ယောက်တည်းမှ မဟုတ်ဘဲ၊ အားလုံးကို ချစ်သလိုလိုရှိတာပဲ။ ဘယ်သူ့ကိုယူရ

www.burmeseclassic.com

www.burmeseclassic.com



ယူရ၊ ယူနိုင်တယ်၊ ချစ်နိုင်တယ်၊ ဘယ်သူနဲ့ပဲ လွဲသွားသွား ကွဲသွားသွား လွမ်းမနေပါဘူး”

ဩော် ... ဟုသာ ညည်းမိတော့သည်။ မြူနှင်းသာ အမေ့လက်ထဲမှာ ဆက်လက်ကြီးပြင်းလို့ ရည်းစားရခဲ့ရင်လည်း တစ်ယောက်မက ထားဖြစ်လိမ့်မည် ထင်ပါသည်။ အမေ့လိုပဲ အားလုံးကို တန်းတူချစ်သလိုလို၊ (စင်စစ် ... အဲဒါ အချစ်မဟုတ်၊ သာယာခြင်းသက်သက်သာ ဆိုတာ ခုတော့ နားလည်ပါပြီ)နှင့် စောစောစီးစီးအိမ်ထောင်ကျသွားနိုင်ပျှသည်။ အိမ်ထောင်မပြုဖြစ်ဘဲ ကျန်ရစ်သည့် ရည်းစားတွေကိုလည်း လွမ်းနေမည်မထင်ပါ။

ညီနှင့်တွေ့ဆုံသည်ထိ (ဦးသွေးအိမ် အရောက်စောလို့) ရည်းစားရယ်လို့ မရှိခဲ့ခြင်းဟာ၊ လောကကြီးနှင့် ရန်ဖြစ်နေရလို့၊ အဘွားနှင့်ရန်ဖြစ်၊ အဖေနှင့်ရန်ဖြစ်၊ အမေနှင့်ရန်ဖြစ်၊ ဘေးပတ်ဝန်းကျင်မှာရှိသမျှလူနှင့် ရန်ဖြစ်၊ သည်းခံစိတ်ဟူ၍ မြူ တစ်မှုန်စာမရှိ၊ ရန်ဖြစ်လိုက်၊ ပြန်တည့်လိုက်၊ ဒေါသထွက်လိုက်၊ ဖြစ်နေရလို့ထင်သည်။ ကိုယ့်ဘေးမှ ကောင်လေးတွေ ရိသဲ့သဲ့ လာလုပ်လျှင်တောင်၊ ရန်ဖြစ်ခါတတ်ခံ ကြီးစိုးသည်မို့ သာယာကြည်နူးရမည့်အစား၊ ကလော်ဆဲလိုက်ဖို့သာ အာသီသပြင်းထန်သည်။

စာလိုက်ပေးခြင်းခံရလျှင် တံထွေးနှင့် လှည့်ထွေးခဲ့သည်။ တချို့က လက်ရဲဇက်ရဲ၊ လက်မောင်းလှမ်းဆွဲတာမျိုးရှိ၏။ သူတို့အထင်မှမကြီးဘဲ။ လေးမှမလေးစားဘဲ၊ တန်ဖိုးမှမထားဘဲ ဆိုတာ ခုမှတွေးနိုင်သည်။ အဲသည့်တုန်းကတော့ စိတ်ဆိုးဖို့ပဲသိ၏။ ဆောင့်ရုန်းကာ ပါးပိတ်ရိုက်သည့်အခါလည်းရှိက်ခဲ့၊ ဟိုက ပြန်ဆွဲ၊



ကိုယ်ကရုန်းနှင့်၊ လမ်းလယ်ကောင် နပန်းလုံးသည့်အဖြစ်ကိုရောက်ပါရော။ အမြင်မတော်သူတွေ လာဆွဲဖျင်မှ လူချင်းကွဲ။

“ကောင်မ ... လူပါးဝလို့” ... လို့လည်းအပြောခံရရဲ့။ သူကလည်း စာပေးသေး၊ ရန်ဖြစ်တော့ လူပါးဝသတဲ့။ ဒါ ... ရည်းစားတော်ချင်တာလား၊ ချစ်တယ်ဆိုတာ အဲဒါလား။ အဲဒီတုန်းကတော့လည်း ဘာမှတွေးတော့မနေခဲ့ပါ။ ဘာပဲဖြစ်ဖြစ်၊ ညီနှင့်တွေ့သည်ထိ၊ ညီကိုတွေ့တွေ့ချင်း ရင်ထဲ ဝုန်းခနဲ ဆောင့်ခုန်ပြီး၊ တဒိတ်ဒိတ်တလှပ်လှပ်နဲ့ ချစ်သွားမိချိန်ထိ၊ ကိုယ့်မှာ ရည်းစားရယ်လို့ တစ်ယောက်မှမရှိခဲ့ဘူးတာလေးတစ်ခု၊ ညီ့ထံမှာ မျက်နှာပန်းလှစရာဖြစ်ခဲ့သည်။

အချစ်စစ်စစ်ပါ ညီရယ် ...။

“ညည်းအဖေကလည်း ကောင်းမှမကောင်းတာ၊ ဟိုလူကြီးနဲ့ လိုက်သွားတာကတော့ မဆိုးဖို့မှတ်လို့အေ။ နောက်မှ မယားကြီးရှိမှန်းသိတာ။ ငါ့ကို ပထမတော့ အိမ်ငှားပေးထားတယ်။ နောက်တော့ စရိတ်ကုန်မခံနိုင်ဘူးဆိုပြီး ...

“သူ့မယားကြီးအိမ်ပေါ်လည်းခေါ်တင်သွားရော၊ ငါ့မှာ ကျွန်လုံးလုံး ဖြစ်ရတော့တာပါပဲအေ။ သူ့သမီးတွေရဲ့ ထဘီတွေတောင်လျှော်ပေးခဲ့ရတာ။ သူ့သမီးတွေက ဆူလိုက်ငေါက်လိုက်တာလည်း မပြောပါနဲ့တော့။ ညည်းအဘွားထက်သာသေး”

အမေက ... ဟေး ... ဟေး ... ဟုမျှားရယ်နေပါသေးသည်။

“အမေ ... အခု အဲဒီအိမ်က လာတာလား”

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဟုတ်မလဲ၊ မနေနိုင်လို့ ထွက်ပြေးတာ။ အဲဒီအိမ်မှာ ဒုက္ခရောက်လွန်းလို့၊ ပွဲစားတစ်ယောက်နဲ့တွေ့ပြီး အိမ်ဖော်ဝင်လုပ်လိုက်သေးတယ်၊ အဲဒီမှာ ရည်းစားရပြန်ရော၊ ဈေးသွားရင်း ဆိုက်ကားသမားနဲ့ကြိုက်တာ"

မြူနှင်း နားမထောင်ချင်တော့ပါ။ အမေ ... အိမ်ထောင်ဘယ်နှဆက်ထိ ကျခဲ့သလဲ အမေ ... ဟု မမေးချင်တော့ပါ။ သိလည်း မသိချင်တော့ပါ။

"အဲဒီကောင်နဲ့လည်း ကွဲတာပါပဲ၊ ယောကျ်ားတွေများ မကောင်းပါဘူး။ မိန်းမတွေကို ယူသာယူချင်တာ၊ ပင်ပင်ပန်းပန်း လုပ်ကိုင်ရှာဖွေ ကျွေးမွေးချင်စိတ်မှ မရှိတာ"

ဟုတ်မယ်မထင်ပါဘူး အမေ။ အချစ်နဲ့ မေတ္တာနဲ့ သံယောဇဉ်နဲ့ မတည်ဆောက်တဲ့ အိမ်ထောင်ရေးမှာ တစ်ဦးအပေါ် တစ်ဦး ညာတာကြင်နာဖို့ဝေးလို့၊ ကျွေးဖို့မွေးဖို့တောင် မသထား ဘူး ... ဆိုတဲ့အဖြစ်ဟာ ထူးဆန်းသလောက် အံ့ဩဖို့ကောင်းလှပါတယ် အမေရယ်။ ဖြစ်မှဖြစ်ရလေ။

"သူ ပိုက်ဆံများများရတဲ့နေ့ကျရင် လမ်းမှာ သူ့ဘာသာ ခေါက်ဆွဲကြော်ဝယ်စားလာတယ်။ ငါ့ဖို့မပါဘူး၊ အိမ်မှာက ထမင်းကြမ်းနဲ့ ငါးပိဖုတ်ပဲရှိတယ်၊ သင်းက မျိုပြီးဆို့ပြီး သားဆိုတော့၊ ပင်ပန်းလို့ နေမကောင်းလို့၊ ထမင်းစားချင်စိတ်မရှိဘူး၊ အိပ်တော့မယ်တဲ့ ..."

"ငါကသိတာပေါ့။ နဖူးစမ်းကြည့်တော့ ကိုယ်လည်း မပူ၊ နှာမစေး၊ ချောင်းမဆိုး၊ ဗိုက်ကျတော့ ပူနေတယ်။ စားပြီးသားလေ။ ရှင် မျိုပြီးဆို့ပြီး အိမ်ကမိန်းမဖို့မပါတိုင်



နေမကောင်းချင်ယောင်ဆောင်မနေနဲ့ဆိုပြီး ကလော်တုတ် ပေးလိုက်တယ်"

အမေရယ် ... မကြားချင်တော့ပါဘူး။ မသိချင်တော့ပါဘူး။ ဦးသွေးနဲ့ သဇင့်များဖြင့်လေ ...။ သဇင်ကလည်း ဦးသွေးကို စားဦးစားဖျားလေးဦးချ၊ ဦးသွေးကလည်း ...

"သဇင် စား၊ သဇင်က ပိန်တယ်။ ပိန်တာလှတယ်ထင်တဲ့ ခေတ်ပေမယ့်၊ ကိုယ့်မိန်းမ ပြည့်ပြည့်ဖြိုးဖြိုးလေးဖြစ်နေမှ စိတ်ချမ်းသာတယ်" ... တဲ့။

ဦးသွေး အပြင်က ပြန်လာတိုင်း၊ သဇင့်အတွက် တစ်ခုခုပါတယ် အမေရယ်။ ဆရာဝန်မို့ ပရက်ရှာတိုင်းရတာလည်း ခဏခဏ၊ သဇင့်ကျန်းမာရေးကို ဂရုစိုက်လိုက်တာမှ၊ သဇင်ကိုယ်တိုင် မနေတတ်မထိုင်တတ် ဖြစ်ရတဲ့အထိပါပဲ။ နှာကလေးစေး၊ ချောင်းကလေးလောက်ဆိုးရင်ပဲ ဆေးတိုက်ရတာအမော။

"သဇင် ... ညနေစောင်းပြီ၊ ခေါင်းမလျှော်နဲ့" ... ဆိုတာကရှိသေး။

အဲဒီလို ချစ်တတ်တဲ့ယောကျ်ားတွေလည်း တပုံတပင်ပါ အမေရယ်။

ညီရေ ... ညီဆိုရင်တော့ ဦးသွေးလိုမျိုး ချစ်တတ်မှာလို့ ကျွန်မက ယုံကြည်ထားပါတယ်။ ဒါပေမဲ့ ... အဲဒီလိုမျိုး အချစ်ခံရခွင့် ... ကျွန်မ မရနိုင်တော့ဘူးထင်တယ်နော်။

"ညည်းကလည်း စကားနည်းလှချေလား"

အတွေးထဲမှာ ပြောနေပါတယ် အမေ ... လို့ မပြောရှင်းတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ညည်း အရမ်းပြောင်းလဲသွားတယ်နော်။ ညည်းကြည့်
ငါတောင် ပြန်ရှက်လာတာနဲ့ နည်းနည်းဆင်ခြင်နေရတ
ငါ့ကို ပိုက်ဆံတော့ နည်းနည်းပေးထားပါဦးအေ"

မြနှင်း ... စိတ်မကောင်းဖြစ်နေပါသည်။ အမေ
ဈေးသွားဝယ်ခြမ်းသည်မို့ မြနှင်းနေ့တိုင်း ဈေးဖိုးပေးထား
လောက်ငှပေမယ့်၊ အမေ့မှာ သူပိုင်ပိုက်ဆံ မရှိဘူးပေါ့။

"ငါ အဆက်အသွယ်ရပြီအေ ... ဖိုင်းကောင်းရှိတယ်"

"ရှင်"

"ဟိုကောင် ... ဆိုက်ကားနဲ့ရတုန်းက သူသင်ပေးလို့ တ
ခဲ့တာ"

ကိုယ့်ယောကျ်ားကို ဟိုကောင်တဲ့။ နာမည်တော
မခေါ်။ ဆိုက်ကားနင်းသူမို့ ခေါ်ပုံက ဆိုက်ကားတဲ့။ ဟိုလူမသ
တာ အပြစ်တင်စရာလည်း မရှိတော့ပါဘူးလေ။

"ဦးသွေးက အဲဒါကို လုံးဝမကြိုက်ဘူး အမေ"

"သူ့အိမ်နေတာမှမဟုတ်ဘဲ၊ နည်းနည်းပါးပါးပါ၊ နိုင်
တော့လည်း ညည်းကိုပဲပေးမှာ"

"မလိုချင်ဘူး အမေ၊ နိုင်လာရင်လည်း ကျွန်မကိုမပေးပါ
ရှုံးလာရင်လည်း ထပ်မတောင်းပါနဲ့နော်"

ငွေတစ်ထပ်ကိုတော့ပေးလိုက်ရတော့၏။



"ဟင်"

အိမ်မှာ ဧည့်သည်ရောက်နေသည်။ ဧည့်သည်က ယောကျ်ား။ မြနှင်းထက် အသက်ကြီးမှာပေမယ့် အမေထက်တော့ ငယ်ပုံရသည်။ မြနှင်း ... ကျူရှင်မှအပြန် အမောဆို့ရကိန်းပါ။

"အဲဒါသမီးပေါ့၊ ဒီတစ်ယောက်တည်းရှိတယ်၊ ကျူရှင်ကပြန်လာတာ၊ သူကကျူရှင်ကို ကိုယ့်ကားကိုယ်မောင်းတက်တာ"

ဧည့်သည်က ဟဲ ဟဲ ... ဟု ရယ်ပြ၏။ မြနှင်း ပြန်မရယ်ခဲ့ပါ။ ဟိုတုန်းကဆိုလျှင်တော့ ... သူက ဟဲ ဟဲဆို ... ကိုယ်က စိတ်ပါလို့တော့မဟုတ်၊ နှုတ်ခမ်းစူကာ ခပ်ရွဲ့ရွဲ့နှင့်ပဲ ... ဟား ဟား ... ဟု မျက်စောင်းတစ်ချက်တော့ လှည့်ထိုးဖြစ်ခဲ့မည်။ ခုတော့ ... ဘာမှ မပြောချင်။ ကိုယ့်အိမ်ပေါ် ဒီမျက်နှာပိုးမျိုးနှင့် ယောကျ်ားသူစိမ်းကို မတင်ချင်ပါ။ ဘာမှ ပြန်မပြောဘဲ၊ အခန်းထဲဝင်၊ တံခါးပိတ်။

ညီရေ ... ခုနေများ ညီရောက်လာရင် ... ကျွန်မကို အထင်သေးလိုက်မယ့်ဖြစ်ခြင်းနော် ...။

ညီ့မေမေဟာ ကျွန်မအမေကို ခမည်းခမက်အဖြစ် ဆက်ဆံလိုစိတ် တစ်စက်ကလေးတောင်မှ ရှိမှာမဟုတ်၊ ဒါပေမဲ့ ကျွန်မအဖို့တော့ အမေဟာ အမေပါပဲ။ အမေ့မှာ စားဝတ်နေရေး မပြေလည်တော့တဲ့အချိန်မို့ ကျွန်မမှာ စောင့်ရှောက်ဖို့တာဝန် ရှိတယ် ညီရယ်။ ဘယ်လိုအမေမျိုးပဲဖြစ်ဖြစ် ... သမီးဖြစ်သူက ကျေးဇူးဆပ်ရမယ်ဆိုတာတော့ ညီရော ညီ့မေမေပါ လက်ခံမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်ညစ်နှင့် မေးခန် အိပ်ပျော်သွားခဲ့သည် တစ်ရေးနိုးမှ ထ,၍ရေချိုး။ ညနေစာစားချိန်တောင်ရောက် မြနှင်း အခန်းတံခါးဖွင့်၍ အပြင်သို့ထွက်၏။

ဟောတော့ ... ညွှန့်သည်က ထမင်းစားပွဲမှာ အ နှင့် ထမင်းလက်ဆုံ စားနေသည်။

"လာ ... တစ်ချိုတည်း ဝင်စားမလား"

"ကျွန်မ မဆာသေးပါဘူး"

ပြောလိုက်ကာမှ ဗိုက်ထဲက လိုက်ခနဲဆာတက် သည်။ ဆာလာလျှင် အစာတစ်ခုမှ မဖြည့်လျှင် ဗိုက်အောင့်တ တာ အရင်ကတည်းကအကျင့်ပါ။ တစ်ခုခုတော့ သောက်ထ ဖြစ်မည်။ ကွန်ဒိုဆိုတာက အိပ်ခန်းစစ်စစ်နှစ်ခန်း၊ အိပ်ခန်းပဲ သုံး၊ ဘာပဲသုံးသုံး၊ သုံးလို့ရသည့်အခန်းလေးက နှစ်ခန်း၊ ထ စားခန်း၊ မီးဖိုခန်း ... ဒါလေးတွေကို နေရာပိုမရှိအောင်ဖွဲ့ ထားတာမို့ မြနှင်းက ထမင်းစားခန်းကို မဖြတ်မဖြစ် ဖြတ် သည်။ မီးဖိုခန်းကလည်း ထမင်းစားခန်းနှင့် တစ်ဆက်တည်းဖြစ်

မြနှင်းက အိုဗာတင်းတစ်ခွက် ဖျော်၏။ ခုချိန် ဒါမျိုးသောက်နိုင်တာ ဦးသွေး ကျေးဇူးပါပဲ။ ဟိုတုန်းကဆို ဗိုက်ဆာလို့ ထမင်းကြမ်းခဲဝင်ဖဲ့လျှင်တောင် ညနေစာထဲထည့် ဖို့ဟု အဘွားက ငြူစူ၏။ ညစာထမင်းချက်လျှင် ထမင်းရည် သောက်ဖို့ဇလုံကလေးကိုင်၍ဝင်လာလျှင် အဘွားနှင့် လုနေရ တွေ့ရှိသည်။ ဦးသွေးအိမ်ပေါ်မှာနေတုန်းကထက် မြနှင်းစိတ် ပို၍ နူးညံ့လာသည်။ ပို၍ တွေးတောလာ၏။ ပို၍ လိမ္မာလာ ဟုပဲ ဆိုပါတော့။ တိတိကျကျ ဆိုရလျှင်တော့ စိတ်ဓာတ်



၏ အနေအထိုင်၊ အတွေးအခေါ်၊ အပြုအမူအားလုံး အဆင့်အတန်း ြင့်လာခြင်းပါပဲ။

ဒါဟာ ... ဦးသွေး ကျေးဇူး၊ သဇင့်ကျေးဇူးမှာ ခြေခံပါသည်။ အဲဒါထက်ပိုပြီး မြနှင်းစိုးဆိုသည့်ကောင်မလေး ကို ပြုပြင်ပြောင်းလဲပစ်လိုက်တာကတော့ ... မြနှင်းချစ်ရပါသော ကိုယ့်ကို သဘောမတူမကြည်ဖြူနိုင်ပါဟု ဆိုထားပါလျက် တ်မနာနိုင်ဘဲ အထုင်ကြီးမိသော ညီမေမေ ...။ မြနှင်းဆိုသော း်းမသားတစ်ဦး၏ တန်ဖိုးကို မြနှင်းမြင့်သည်ထက်မြင့်အောင် င့်ချင်ခဲ့ပါပြီ။

"မမသမီးက မာနကြီးကြီးထဲက ထင်ပါရဲ့"

ဝါကျမစမီ တစ်ခွန်းရယ်သည်။ ဝါကျပြီးတော့ တစ်ခွန်းရယ်၏။

"သမီးက အေးတဲ့ပါ"

"ကျွန်တော်က သည်းခံနိုင်တယ်နော်။ မာနကြီးတဲ့သူနဲ့တွေ့ ရင် အောက်ကျို့လိုက်မယ်။ ပေးရင်ယူမယ်၊ ကျွေးရင်စား မယ်၊ မသထာပါဘူး ဆိုလာရင်လည်း ဗိုက်ဆာခံနေလိုက် ရုံပဲ၊ အားလုံး အေးဆေးပဲ"

ဘာစကားလဲ။ သူ့စကားက ဘယ်အဓိပ္ပာယ်ကို က်လေသလဲ။

ပြီးတော့ ... ဘာရည်ရွယ်ချက်နှင့်ပြောမှန်းမသိပေ ယောကျ်ားမာနဆိုတာတော့ ပျောက်ဆုံးနေသည်။ ယောကျ်ား ယောက်မှာ ရှိသင့်ရှိထိုက်သည့် သိက္ခာတရားမှ ကင်းမွဲတ ၏။

www.burmeseclassic.com

www.burmeseclassic.com



"တွေ့ကရာတွေမပြောနဲ့ နှောင်နှောင် ... မမ ဒါတွေလုံးဝ စိတ်မကူးတော့ဘူး၊ မိတ်ဆွေချင်းမို့ ခင်တာမင်တာရှိရှိပဲ"

"မမကတော့ ပြောအားရှိတာပေါ့၊ ကျွန်တော်မှမနေနိုင်တာ၊ မမ ... အခုအပြတ်ငြင်းလိုက်ကြည့်၊ ဒီကအပြန်ကားရှေ့မှာ လိုးအအိပ်ပဲ"

"တကယ်လုပ်ရဲလို့ ပြောတာလား"

"စမ်းကြည့်လေ"

"ဒါဖြင့်လည်း ငြင်းပါပြီ။ အပြတ်ပဲငြင်းတယ်။ မိတ်ဆွေ အဖြစ်တော့ကြိုဆိုမယ်၊ ခင်မင်မယ်။ ဝါသနာတူတွေပဲ။ အိမ်ထောင်ပြုဖို့ စိတ်ကူးကတော့ လုံးဝမရှိတော့ဘူး"

မြတ်စွာဘုရား။

စကားတွေက ပွင့်လင်းကုန်ပြီမို့ မသိချင်လို့လည်း မရတော့ပါလား။

"မမ ရက်စက်တယ်"

"ပွင့်ပွင့်လင်းလင်း ပြောတာပါ"

"ဒီထမင်းတစ်နပ်ဟာ မသေခင်အဝကျွေးလိုက်တဲ့သဘော ပေါ့"

"ဒီလိုသဘောမထားပါဘူး"

"မမ ... ဒီမျက်နှာကို တဝကြည့်လိုက်"

ခုံဆွဲထုတ်သံ ဂုန်းဒိုင်းတွေကြားရသည်။ မြူနှင်း — မသိချင် ကြားလျက်သား၊ ဆိုသလိုပေမယ့် လုံးဝ လှည့်မကြည့်ပါ။ ခြေသံပြင်းပြင်းကိုကြားရ၏။ အမေ နောက်မှလိုက်သွားတာသိ သည်။ လိုက်ဆွဲတာ မဟုတ်ပါစေနဲ့ ... ဆုတောင်း၏။



ဒေါ်ခင်စိန်ရီက တံခါးပိတ်ပြီး ပြန်ဝင်လာ၏။

"ကြားလိုက်လား"

"ဟုတ်ကဲ့ ... ဒါပေမဲ့ စိတ်ချပါ အမေ၊ ကားမပြောနဲ့ ချယ်ကားလီအောက်တောင် မဝင်ပါဘူး"

"သိပါတယ်"

"ဒီလိုလူမျိုးနဲ့ မပေါင်းပါနဲ့လား အမေ" — ဟု ပြောလျှင် မီခင်ကို သွန်သင်ရာရောက်တော့မည်။ ငဲကြီးလေသား။

"အဲဒီဖျော်ထားတာ မသောက်နဲ့တော့လေ၊ ဗိုက်ဆာနေတာ မဟုတ်လား"

"ဟုတ်ကဲ့"

မြူနှင်း ထမင်းစားပွဲမှာ ဝင်ထိုင်၏။ အမေက စား ...က်စပန်းကန်တွေ နောက်ဖေးပို့ကာ စားပွဲဝိုင်းကို သပ်ရပ်အောင် ...ပ်ပေးသည်။

"ငါတောင် သပ်သပ်ရပ်ရပ် နေတတ်လာပြီ"

ပြောပြီး ရှက်ကိုးရှက်ကန်းရယ်ပြနေသည်မို့ အချော ...အားသွားမိလေ၏။ အမေ့အပေါ် အကြင်နာတွေပုံကျသွားသည်။ ...အမေ ... ဒါဟာ ကျွန်မကို မွေးထုတ်လိုက်တဲ့အမေ — ဟု ...ယောဇဉ်တင်းသွားရသည်။ ဒီလိုညွတ်ပျောင်းခံစားမှုမျိုး ဟိုတုန်း ...တစ်ခါမှမခံစားဖူးခဲ့တာကို ဝန်ခံချင်ပါသည်။

ညီ့ကို သတိရ၏။

ကျွန်မ အမေကို ရုတ်တရက်ကြီး ... ချစ်သွားမိတယ် ...ရ ...။ ဟိုတုန်းကလည်း ကိုယ့်အမေကိုယ်ချစ်တော့ချစ်...မှာ ...ချစ်လို့လည်းချစ်နေမှန်းမသိ၊ ချစ်ကြောင်းပြသက်သေ...လည်း

www.burmeseclassic.com

www.burmeseclassic.com



မိသားစုကြားထဲမရှိ၊ ခပ်ကင်းကင်း ခပ်ဝေးဝေးနဲ့ သူ့ဘာသာကိုယ့်ဘာသာကြီးတွေ။ ဒါတောင် ... အခု ကျွန်မ ... အမေ့ကို ချစ်တတ်လာပြီ။ ခမမေဆိုတာကို တစ်သက်လုံး ချစ်ကြောက်ရိုသေ၊ လေးစား၊ အထင်[illegible]ီးခဲ့တဲ့ ညီ့ရဲ့ရင်ထဲမှာ ညီ့အမေဟာ ဘယ်လောက် နေရာယူထားမယ်ဆိုတာ တွေးကြည့်နိုင်ပါပြီ ညီ။

မေမေ့သားလိမ္မာလေးဟာ ချစ်သူကို လမ်းခွဲဖို့ ရင်ကွဲခံပြီး ကြိုးစားနေတယ်ဆိုရင်တောင်၊ ကျွန်မ ... ညီ့ကို ဂုဏ်ယူချီးကျူးတတ်ပါပြီ ညီရယ် ...။

"ညည်း ဒီလိုကောင်းစားချိန်မှာ ညည်းအဘွားနဲ့ ညည်းအဖေ ရှိရင် ဘယ်လောက်ပျော်ကြမလဲ"

သြော် ... ဟိုတုန်းက မပျော်ရွှင်ကြရခြင်းမှာ ဆင်းရဲခြင်းက အကြောင်းခံတယ် ထင်ပါရဲ့။

"သမီးလုပ်တဲ့သူက အဆင့်အတန်းမြင့်နေပြီ၊ ဘွဲ့လည်း ရတော့မှာ၊ သူဌေးမလေးလည်း ဖြစ်နေပြီဆိုတော့၊ အမေက အဲဒီသမီးရဲ့အမေနဲ့ တန်တဲ့နေရာမှာ နေပြရတော့မယ်။ ခင်နှင်းရီ ... ညည်းက သမီးပေမယ့်၊ ငါ့ဆရာမ ပြန်ဖြစ်နေပြီ"

အမေ တဟားဟားရယ်၏။ ကျေနပ်ပျော်ရွှင်နေပုံပါ။

"စောစောကကောင်နဲ့က ခင်မင်နေတာ၊ ငါကလည်း ခပ်ကြားကြား၊ ဟုတ်တယ်လေ ... သမီးက သူဌေးမ။ တိုက်ကြီးနဲ့ကားကြီးပိုင်တော့။ နိုင်ငံခြားသားငှားထားတဲ့တိုက်ကြီးကိုငှားတော့ ဒေါ်လာရတာတွေ ကြားမိတာပေါ့အေ"



အမေက ရယ်၍ ရယ်၍ ပြောနေ၏။

"ငါတို့လို ပေါးလား ဝါးလားဝိုင်းက ကြားနိုင်မှဂုဏ်ရှိတာ။ အဲဒါ ... စောစောကကောင်၊ နောင်နောင်တဲ့။ ငါ့ကိုကြိုက်ပါတယ် ဖြစ်တော့တာပါပဲ။ ဒီအသက်ဒီအရွယ်လည်း ရောက်ပြီ၊ ယောက်ျားတွေအကြောင်းလည်း နောကျေပြီ။ ယောက်ျားများ မယူချင်တော့ပါဘူးအေ။ ဘာလုပ်မလဲ။ ယောက်ျားဆိုတာ သူတို့ဘက်ကအသာစီး၊ ညည်းကျေးစူးရှင်ရော ဘယ့်နှယ်လဲ"

မြူနှင်းက ထမင်းကို ဖွန်းနှင့်ခက်ရင်းနှင့် သပ်သပ်ရပ်ရပ်စားနေတာကို အမေက ကြည့်နေ၏။ ပြီးလျှင် မြူနှင်းက ဆေးစရာတွေ စုဆေးမှာပါ။ သို့ပေမယ့် ... လုဆေးလိုက်မယ်ဟု ဒေါ်ခင်စိန်ရီ ဆုံးဖြတ်နေ၏။

"ဦးသွေးက ယောက်ျားကောင်းပါ အမေ။ သဇင့်ကိုညှာတယ်၊ အရိပ်တစ်ခုလို မိုးပေးတယ်။ မပူမပင်ရအောင် လုပ်ကိုင်ရှာဖွေ ကျွေးမွေးတယ်"

"လခအပ်လား"

"ဒီအထိတော့ ကျွန်မ မေးမကြည့်ပါဘူး"

"မိန်းမမှာ ဝင်ငွေမရှိရင်၊ ယောက်ျားတွေက ပိုက်ဆံမအပ်ချင်ဘူး၊ မကောင်းပါဘူးအေ။ မကောင်းတာများပါတယ်။ ဒါနဲ့ ... ငါ သဇင့်ကို ကျိတ်မေးခဲ့တယ်၊ ညည်းမှာ ရည်းစားရှိလားလို့"

မြူနှင်း မော့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သဇင်က ပြောတယ်။ မြူနှင်းက ဘာမှ ဖုံးဖိမထားနဲ့လို့ မှာထားလို့ပြောမှာတဲ့၊ ဂုဏ်ထောင်တာမဟုတ်ဘူးတဲ့။ ညည်း ရည်းစားက သူ့အမေသဘောမတူလို့ ညည်းကိုဖြတ်သွား တယ်ဆို"

ဒီလောက်ပေါ့ပေါ့ဆဆ ဓာတ်လမ်းတော့မဟုတ်ပါ ဘူး အမေရယ် ... ဟု ပြောချင်ပါသည်။ သဇင်ကလည်း ဒီလောက် ပေါ့ပေါ့တိမ်တိမ်ပြောခဲ့မည်မထင်ပါ။ အမေ့ပါးစပ်ထဲရောက်တော့ အမေပြောချင်သလို၊ ကြားရနားဝင်မချိုသည့်ဓာတ်ကြမ်းဖြစ်ရတော့ သည်။

"ဟဲ့ ... မေးနေတယ်၊ ညည်းကိုကြည့်နေတယ်၊ ငေးတီငေး ငိုင်၊ မှိုင်တိမှိုင်တိုင်နဲ့။ စကားလည်းသိပ်နည်းသွားတာပဲ၊ ဘာတွေတွေးနေလဲ၊ ရည်းစားများ ... ချင်းစိမ်းနဲ့မိတ်သလင်၊ သူကြင်မှကိုယ်ကြင်ပေါ့။ တကတဲ"

မြူနှင်း ... ရင်ထဲ လှိုက်ဆို့လာ၏။

"သူ့အမေ ရွှေမှုန့်စားပြီး မွေးထားလို့ သူ့သားနဲ့ သဘော မတူရတာလား။ ဟော့ ... သူဌေးဖြစ်ဖြစ်၊ သူတောင်းစား ဖြစ်ဖြစ်၊ လူ့ပြည်ရောက်လာပုံကျတော့ အတူတူပဲ"

ဩော် ... အမေရယ်။ ဟိုတုန်းကသာဆို ဒီ့ထက် ရုန့်ရင်းသောစကားကို အမေ သုံးပါလိမ့်မည်။ ခုတော့ ... အမေ့ ခမျာ စကားပြောကာနီးလျှင်တောင် ဆင်ချင်တတ်လာပါပြီ။

"ညည်းလည်း သူဌေးမပဲ။ အောက်ကျမခံနဲ့"

ညီရေ ... အမေက အောက်ကျမခံနဲ့တဲ့။ ညီ့ထံမှာ အချစ်ဦးသို့ ရွှေနားတော်သွင်းချေင်း သွားဆိုမပြနဲ့လို့ တခမ်း



တနား ဘာသာပြန်လိုက်ချင်ပါတယ်။ ညီရေ ... လွမ်းတယ်။ သိပ်ချစ်လို့ပါ ညီရယ်။

"ကျွန်မမှာရှိတယ်ဆိုတာ ညီတို့အိမ် ဖိနပ်ချွတ်စာလောက် တောင် မရှိပါဘူး အမေ"

"တအားချမ်းသာတာပေါ့"

"ဟုတ်ကဲ့"

"ဒါကြောင့်လည်း ဂုဏ်မောက်တာ နေမှာပေါ့"

"ဂုဏ်မောက်တာ မဟုတ်ပါဘူး၊ ညီ့မေမေက စိတ်ထား ကောင်းပါတယ်"

"စိတ်ထားကောင်းရင် သဘောတူပေါ့"

"လူဖြစ်လာချင်း တူပေမယ့် ကြီးပြင်းရတဲ့ ပုံစံချင်းကွာ တယ် အမေ"

"ဘာ"

ကျွန်မက ... အရက်သမားဒရိုင်ဘာနဲ့ လိုက်ပြေးခဲ့ တဲ့သူ့ရဲ့မြေး၊ အဖေက ဖဲရိုက် အရက်သောက်၊ အမေက အိမ် ထောင်ဆက်တွေများ၊ မျိုးရိုးစဉ်ဆက် စည်းမရှိ ကမ်းမရှိ ပရမ်း ပတာမို့ သဘောမတူတာအမေ၊ ကျွန်မ ဆင်းရဲတာ တစ်ကြောင်း တည်း မဟုတ်ဘူး၊ ညီချစ်တာ ကျွန်မ မဟုတ်ဘဲ၊ သဇင်ဆိုရင် တောင် သူ့မေမေက သဘောတူ ကြည်ဖြူပေးနိုင်တဲ့ စိတ်ကောင်း သဘောကောင်းမျိုးနဲ့ပါ အမေရယ် ... ဟု ပြောမနေချင်တော့ပါ။ သို့ပေမဲ့ ...

အမေ့စကားနှင့်ပဲ ပြန်ပြောရ၊ အမေ့စကားပုံကိုပဲ ခပ်ရိုင်းရိုင်း ပြန်သုံးရလျှင်၊ ရှင်ကြီးဝမ်းထဲလည်း ဝင်ခဲ့၊ ရှင်ငယ်

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းထဲလည်း ဝင်ခဲ့၊ ချေးဇော်နံလို့ ပြန်ထွက်ခဲ့ ... ဆိုသော အမေက လူရည်လည်လွန်းမက လည်သည်မို့၊ အခြေအနေ အရပ်ရပ်ကို ဝါကျတစ်ကြောင်းတည်းနှင့် သဘောပေါက်သွားပါတော့သည်။

"ဘာ"... ဆိုတာကြီး ဟိန်းထွက်လာပြီး နောက်မှာ ဒေါ်ခင်စိန်ရီ အသံလုံးဝတိတ်လေသတည်း။

"ခမည်းခမက်ဆိုတာ တန်းတူရည်တူ ပေါင်းကြတာ၊ ငါ့လိုမိန်းမမျိုးနဲ့ ခမည်းခမက်တော်ဖို့၊ ဟိုပညာတတ် သူဌေးမကြီးက ရှက်ရှာမှာပေါ့"

အမေငိုပြီ ညီ။ အမေ့ကို ကျွန်မ ... မချော့တတ်ပါဘူး။ ဘာစကားလုံးသုံးပြီး ချော့ရမလဲ ညီရယ်"

"သက်လျှာမြင်လှည့်"လို့ ကဗျာဆန်ဆန်လေးပြောပြီး၊ ပါးပြင်ပေါ်က ကျွန်မ မျက်ရည်တွေကိုလည်း သုတ်မနေချင်တော့ပါဘူး။ လွမ်းတယ် ညီရယ်။ အရမ်းချစ်တယ်။



## ၁၄

မြနှင်းစို ... တဲ့။

အမေ့လက်ရေးဖြစ်၏။ အမေသည် အတန်းပညာ သိပ်မရှိရှာ။ စာကို ရေးတတ် ဖတ်တတ်ရုံသာသာ၊ မြနှင်း စိတ်ထင်၊ ခုနစ်တန်း၊ ရှစ်တန်းလောက်ထိတော့ ရောက်မည်ထင်သည်။ အမေ ဘယ်နှတန်းအောင်သလဲ ဆိုတာတော့ မသိအောင် ပေါ့ဆခဲ့သည့် သမီးပါပဲ။

မြနှင်းတို့မိသားစု စည်းလုံးချစ်ခင် မရှိခဲ့ပုံ၊ တစ်ယောက်နှင့်တစ်ယောက် စိတ်ဝင်စားခြင်းမရှိ၊ အပေးအယူ မမျှ၊ ကိုယ့်ဖို့ကိုယ်ချည်း ကြည့်ခဲ့ကြပုံတွေဟာ မိသားစုပုံစံမှ မဟုတ်လေပဲ။

အမေက စာတစ်စောင် ရေးခဲ့ရာ၌၊ ခါတိုင်းလို ခင်နှင်းရီ ... ဟု မသုံးဘဲ၊ မြနှင်းစို ... ဟု ရေးလိုက်ပုံထောက်တော့၊ သူ့သမီး မြနှင်းစို ဘဝမှာ အရင်ပုံစံနှင့်မတူ၊ ပြောင်းလဲတိုးတက်သွားကြောင်း အသိအမှတ်ပြုလိုက်တာပင် ဖြစ်ပါမည်။

www.burmeseclassic.com

www.burmeseclassic.com



"မြူနှင်းစို။

ပြောပြီးသွားလည်း ရတော့ရတာပဲ။ ဒါပေမဲ့ အမေ နှုတ်မဆက်ချင်ဘူး။ ငိုမိမှာစိုးလို့။ မသွားဖြစ်မှာလည်း စိုးတယ်။ အမေ့ပုံစံကို ပြုပြင်ခဲ့တာ သမီးလည်း သိပါတယ်။ အမေဟာ အရင်က ခင်စိန်ရီ မဟုတ်တော့ပါဘူး၊ ဒါပေမဲ့ အများအမြင်မှာ အခု ခင်စိန်ရီဟာ အရင် ခင်စိန်ရီပဲ ဖြစ်နေတယ်။ ဒီတော့ ခင်စိန်ရီ ဆိုတဲ့ အမေဟာ ဒေါ်မြမိုးဆွေဆိုတဲ့ သူဌေးမကြီး၊ ပညာတတ်မကြီးနဲ့ ခမည်းခမက်တော်ဖို့ မထိုက်တန်ဘူး။ သူတို့ဘယ်ဆက်ဆံချင်မလဲ။ တရားပါတယ်။ ငါ့သမီးက အဆင့်အတန်း မြင့်နေပြီ။ လိမ္မာယဉ်ကျေးနေပြီ။ နူးညံ့သိမ်မွေ့နေပြီ။ တန်ဖိုးရှိတဲ့ ဣန္ဒြေရှင်မိန်းမသား ဖြစ်နေပြီ။ မိန်းမပီသနေပြီ။ မကြာခင် ဘွဲ့ရတော့မှာ။ လူတစ်လုံး သူတစ်လုံးလည်း ဖြစ်နေပြီ။ ဒီလောက်ဆိုရင် ဒေါ်မြမိုးဆွေက ချွေးမတော်နိုင်လောက်ပါပြီ။

အမေ ရှိနေရင် အမေ့ကြောင့်၊ အမေ့ကို မဆက်ဆံချင်တာနဲ့ ငါ့သမီးမှာ အနှောင့်အယှက်ဖြစ်မယ်။ အမေလည်း လူ့ရောစိတ်ပါ ပြုပြင်ပြောင်းလဲခဲ့တာ ငါ့သမီး အသိပဲ။ အမေ ဘယ်မှသွားတာ မဟုတ်ဘူး၊ တရားစခန်းဝင်ဖို့ပါ။ အဲဒီမှာပဲနေပြီး၊ တရားဘာဝနာနဲ့ နေတော့မယ်။ မှားခဲ့တာတွေ ပြန်တွေးရင် အရှမ်းရှက်ဖို့ကောင်းတယ်။ ရေဲတွေလည်း ကြီးလိုက်တာ။ အများကြီးပဲ။ ဒါတွေကို ကောင်းအောင်ပြန်လုပ်ရဦးမယ်။ နောက်ဘဝထိ အဲဒီငရဲတွေ



ပါသွားမှာ စိုးတယ်။ အေးအေးဆေးဆေးရှိမှ၊ အမေ့ကို တစ်လတစ်ခါလောက် လာတွေ့ပါ။ ခုလောလောဆယ် မလာနဲ့ တစ်လပြည့်မှလာ။ ငါ့သမီး တစ်ယောက်တည်း နေလို့မသင့်တော်ဘူး၊ သဇင်တို့နဲ့ သွားပြန်နေပါ။

မြူနှင်းစို ... ညည်းဟာ မြူနှင်းစို ဖြစ်နေပြီ၊ ခင်နှင်းရီ မဟုတ်တော့ဘူး၊ မြူနှင်းစို ဆိုတဲ့ဘဝနဲ့တန်အောင် လိမ်လိမ်မာမာနေပါ။ သမီးကြောင့် အမေပါ ပြုပြင်ပြောင်းလဲသွားတဲ့အတွက် အမေက သမီးကို ကျေးဇူးတင်ပါတယ်။ အမေ စိတ်ချမယ်။

အမေ"

ရင်ထဲမှာ လစ်ဟာကျသွားလိုက်ရပုံကို ပြောမပြတတ်တော့ပါ။ ငယ်ငယ်တုန်းကတော့ အမေရှိနေလည်း အမေ့တန်ဖိုးမသိ၊ အမေမရှိတော့လည်း ဆုံးရှုံးသွားရသည့် အမေ့တန်ဖိုးကို နားမလည်။ အခု ... အမေနှင့် ပြန်နေလိုက်ရသည့် ခဏတာအတွင်းမှာမှ အမေ့မေတ္တာ၊ အမေ့အရိပ်၊ အမေ့တန်ဖိုးနှင့် အမေ့ဂုဏ်ကျေးဇူးတို့ကို သိရှိနားလည်ရုံရှိသေး၊ အမေက စွန့်ခွာထားပစ်ခဲ့ချေပြီ။ ဒီတစ်ခါ အမေနှင့် ခွဲခွာရတာကမှ တကယ့် ဆုံးရှုံးမှုကြီး ဖြစ်၏။ သို့ပေမဲ့ ... အမေက ကောင်းရာကောင်းကြောင်း လုပ်သွားတာလေ။ အမေယူမယ့် ကုသိုလ်တွေ၊ အမေဆေးကြောမယ့်အကုသိုလ်တွေကို မလုပ်ပါနဲ့ဟု လိုက်လံတားဆီးလို့ ရကောင်းမည်တဲ့လား။

တံခါးခေါက်သံကြောင့် ချောင်းကြည့်ပေါက်မှ ကြည့်လိုက်၏။ သဇင်။ မြူနှင်း တံခါးဖွင့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဪ … ဦးသွေးလဲ ပါတာကိုး"

ဦးသွေးနှင့် သဇင်တို့က ဝင်လာ၏။ အားကိုးသူ နှစ်ဦးကိုတွေ့မှ မြနှင်း မျက်ရည်ကျတော့သည်။

"အမေ ထွက်သွားပြီ"

သဇင့်လက်ထဲကို စာထိုးပေးလိုက်၏။ ကုလားထိုင်ပေါ် ထိုင်ချကာ ငိုတော့ သဇင်က လာဖက်သည်။ စာကို ဦးသွေး လက်ထဲ လှမ်းထည့်တော့ ဦးသွေးက ဖတ်၏။ မြနှင်း ငိုနေတာကို သဇင်က ပခုံးလေးကာသာ ဖက်ထားပြီး၊ ငိုပေစေဟု လွှတ်ပေးထား၏။ ခဏကြာမှ ရေခဲသေတ္တာသွားဖွင့်ကာ ရေတစ်ခွက် လာခပ်ပေးသည်။

"ဒေါ်ဒေါ်သွားတာ သိတယ်"

"ဪ"

"အိမ်ကို ဖုန်းလှမ်းဆက်တယ်။ မြနှင်းတစ်ယောက်တည်း ဖြစ်နေပြီ၊ သွားခေါ်လိုက်ပါတဲ့"

"ဪ"

မြနှင်းက စကားမပြောနိုင်သေးပါ။

"ဒေါ်ဒေါ်က အရမ်းကို ပြောင်းလဲသွားတာပဲနော်။ လူကြီးလည်းဖြစ်၊ အတွေ့အကြုံလည်း ရင့်ကျက်ပြီဆိုတော့လေ၊ ပြောင်းလဲတာ ပိုမြန်သလား မသိဘူး"

ဒေါ်ခင်စိန်ရီဟာ ကောက်လျက်သားပါလာသည့် ဆံပင်တွေကို ထပ်မကောက်တော့ပါ။ နည်းနည်းလေး ရှည်လာတော့ သားရေကွင်းနှင့် စုစည်းကာ ဆံပင်လုံးလုံးလေးရသည့် အခါ ပိုက်ကျဲလေးအုပ်ပြီး ဆံထုံးသဘောလုပ်၍ ကလစ်ထိုးထား



သည်။ မိတ်ကပ်မရှိ။ သနပ်ခါး ခပ်ပါးပါးကို အသားအရေရဲ့ လိမ်းကာ ဝတ်တာစားတာကမှအစ တဖြည်းဖြည်း အားလုံးပြုပြင် ပြောင်းလဲသွားတာ၊ အိမ်သို့မကြာခဏ လာလည်သည့် သဇင်က တွေ့နေရပါသည်။ သဇင်သာ အိမ်လည်လာ၍ ဦးသွေး တစ်ခါမျှ လာမလည်ပါ။ ဒါ … ဒီအိမ်သို့ ဦးသွေး ပထမဆုံးရောက်ခြင်း တည်း။

"ပစ္စည်းတွေတော့ နောက်မှ ဖြည်းဖြည်းပြောင်းတာပေါ့၊ ဒီနေ့ပဲ ပြန်လိုက်ခဲ့တော့လေ၊ အိမ်မှာ မင်းအခန်းက ဒီတိုင်း ရှိနေတာပဲ"

မြနှင်း … ဦးသွေးကို မော့ကြည့်၏။ ဦးသွေးပြောစကား နားထောင်ရမှာပါပဲ။ ဦးသွေးဟာ မြနှင်းရဲ့အုပ်ထိန်းသူလေ။

"ဖုန်းဆက်တုန်းက ဒေါ်ဒေါ်က ပြောသွားတယ်။ မြနှင်း ခုလို အဖိုးတန်မိန်းမသားလေး ဖြစ်လာတာ ဦးသွေးတို့ သဇင်တို့ ကျေးဇူးပါ။ ဒေါ်ဒေါ်ကတော့ နောင်တ သိပ်မရ သေးဘဲ ပေါ့ပေါ့ပါးပါး နေချင်သေးတာတဲ့။ ကိုယ်ကမွေး တဲ့ ကိုယ့်သမီးက ကိုယ့်ထက် တန်ဖိုးရှိနေတာမြင်ရမှ …

"နည်းနည်းပါးပါး ရှက်လာတယ်တဲ့။ အဲဒီတော့မှ အရင်တုန်း အကြောင်းတွေ ပြန်တွေးပြီး အရမ်းလည်းရှက်၊ ဝမ်းလည်းနည်းတယ်တဲ့။ နောင်တတွေ အရမ်းရတယ်တဲ့။ ဒါပေမဲ့ ဘာမှပြန်လုပ်လို့လဲ မရတော့ဘူးတဲ့။ အရမ်းမှား ခဲ့တယ်တဲ့ …

"သမီးက အမှန်တွေဆီ သွားနေတာ၊ ကောင်း ကောင်း ဆက်သွားနိုင်ဖို့ သူ မရှိမှဖြစ်မယ်တဲ့"၊ သဇင်က

www.burmeseclassic.com

www.burmeseclassic.com



ပြောပါသေးတယ်။ ဒီလိုလည်း မဟုတ်ပါဘူး၊ အမေဟာ အမေပဲပေါ့၊ မြူနှင်းကလည်း ဒေါ်ဒေါ်နဲ့ နေချင်ပါတယ်လို့ ဆိုတော့ ... သူ နေချင်ရင်တောင် ဒေါ်ဒေါ်က နေခွင့်မပြု နိုင်တော့ဘူးတဲ့ ...

"ဒေါ်ဒေါ်ငရဲတွေ ဆေးကြောဖို့ ကုသိုလ်တွေအများ ကြီး ယူရင်တောင် မစင်ကြယ်နိုင်ပါဘူးတဲ့၊ နောင်တနဲ့ အတူ၊ တရားတွေလည်း အများကြီး ရပါပြီတဲ့ မြူနှင်းရယ်၊ တစ်လပြည့်မှ လာကြည့်ချင် ကြည့်ပါတဲ့။ မလာလည်း ရပါတယ်တဲ့"

"ကျွန်မ ... အမေ့ကို သနားလိုက်တာ"

"ကောင်းရာကောင်းကြောင်း သွားတာပဲ"

"ဒီလိုပဲ ဖြေရတော့မှာပါ"

"ဩော် ... တဲ၊ အရေးအကြီးဆုံးဟာ ပြောဖို့မေ့နေတယ်၊ မြူနှင်း စာမေးပွဲအောင်တယ်၊ သဇင်က အရမ်းဝမ်းသာ နေတာ၊ မနက်က ဦးသွေး သွားကြည့်ပေးတယ် အောင် စာရင်း"

မြူနှင်း ပြုံးလိုက်ပါသည်။ အငိုတိတ်သည့် အပြုံးပါ။ စာမေးပွဲအောင်တာ ဝမ်းသာပေမယ့် ပျော်ရွှင်ခြင်းတော့ မဖြစ်လှ ပေ၊ မြူနှင်း မပျော်တတ်တာလည်း ကြာပါပြီ။

"ကဲ ... ကဲ ... ဘာယူမလဲ၊ ပစ္စည်းသိမ်းရအောင်၊ သဇင် လည်း ဝိုင်းသိမ်းပေးမယ်"

"တစ်ခု စားသွားမလားဟင်"

"ဘာကျွေးစရာရှိလို့လဲ"



"မြီးရှည် ... ညကတည်းက အားလုံး အဆင်သင့်လုပ် ထားပြီးသား၊ ဒီမနက်ကျမှ ကြာဆံဖတ် ပြုတ်ရုံပဲ၊ ဝက် သားတောင် ညကတည်းက လှီးထားတာ၊ ရေခဲသေတ္တာထဲ ထည့်ထားတော့၊ လှီးပြီးသားလေးတွေ မိုက်ခရိုဝေ့ဖ်နဲ့ နွေး မလို့"

"ဒါဖြင့် သဇင် နွှေးမယ်၊ မြူနှင်းက ကြာဆံသွားပြုတ်၊ မုန်ညင်းချဉ်လှီးပြီးပလား"

"လှီးပြီးသား"

"ဆီတို့ဟူးနဲ့ ပဲငါးပိနဲ့ ရောနယ်ပြီးပလား"

"မနယ်ရသေးဘူး၊ အဲဒါ တစ်ခုကျန်တယ်"

"ဒီလို ... ခွန်အားသုံးရတဲ့အလုပ်ဆို ကိုယ့်တာဝန်ထား"

ဦးသွေးက သဇင့်ကို လှမ်းပြောကာ ရှပ်အင်္ကျီလက် ရှည်ကို ခေါက်လေ၏။ ဒောစင်မှာ လက်ဆေး၏။ မြူနှင်းက ဆီတို့ဟူးတုံးလေးတွေနှင့် ပဲငါးပိပုလင်းကို ဦးသွေးရှေ့ ချသည်။

"ဒီနှစ်မျိုး အကုန်ရောနယ်ရမှာလား"

"ဟုတ်ကဲ့ ... ဦးသွေး၊ ကျေအောင်ချေနော်"

"ကောင်းပြီ"

"မြူနှင်း ... ကြက်သွန်ဖြူ ..."

"ပြီးပြီ၊ ထောင်းပြီး သကြားနည်းနည်းနဲ့ ညတည်းက ရေ နည်းနည်း စိမ်ထားတယ်၊ ငရုတ်သီးစိမ်းလည်း လှီးပြီး၊ သကြားနည်းနည်းနဲ့ပဲ ရေစိမ်ထားတယ်"

"မြီးရှည်ထဲမှာလေ ကြက်သွန်ဖြူထောင်း ရေစိမ်တစ်ညသိပ် ရယ်၊ ငရုတ်သီးစိမ်းရေစိမ် တစ်ညသိပ်ရယ်ပါတာ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လိုမှန်းမသိဘူး၊ အရမ်းကောင်းတယ်၊ တစ်ညသိပ်တာ
ချက်ချင်းစိမ်တာထက် ပိုကောင်းတယ်နော်၊ ဆီနီလည်း
ချက်ပြီးပြီပေါ့ ... ဟုတ်လား"

"ချက်ပြီးပြီ၊ ကြက်သွန်ဖြူနဲ့။ ကော်ရည်ကျိုဖို့ ကျန်သေး
တယ်၊ ကျွန်မ ... လက်စနဲ့ လုပ်လိုက်မယ်"

"ပဲပင်ပေါက် ရေနွေး ဖျောမယ်နော်၊ ဩော် ... သခွား
သီး"

"ဟုတ်ပါရဲ့ ... မလှီးရသေးဘူး"

"အဲဒီ သခွားသီး ... ကျွန်တော် လှီးပေးပါရစေ"

"ဟင် ..."

ဦးသွေးနှင့် သဇင် ဝင်လာစဉ်က၊ မြူနှင်းအားပေ
သွားစိတ်နှင့် ငိုချလိုက်သည်မို့ တံခါးပြန်ပိတ်ဖို့ သတိမရ
ပွင့်ဆဲဖြစ်နေသည့် တံခါးမှ ဝင်လာသူက ... ညီ။

"ဟော ... ကိုညီမိုးညို ဘယ်ကလှည့်လာလဲ"

သဇင်က ဘယ်တုန်းကမှ ဘာမျှမဖြစ်ခဲ့သ
မိတ်ဆွေချင်း ပုံမှန်တွေ့ဆုံပုံနှင့် နှုတ်ဆက်၏။

"ဒီကိုပဲ တမင်လာတာ"

"သခွားသီး လှီးမယ်ဆိုရင် လက်ဆေး"

"ဟုတ်ကဲ့"

ရှပ်အင်္ကျီလက်တို ... အစိမ်းနု၊ ပန်းရောင်နု၊ အပြာ
ကွမ်ရိုးစင်းသေးသေးလေးများပါသည့် အင်္ကျီလေးနှင့် ဝ
ဘောင်းဘီအနက်စိုစိုနှင့် ညီက ကြည့်လို့ကောင်းလွန်းနေ
မြူနှင်း ... အကြောင်သားငေးကာ နှုတ်ဆိတ်တော့သည်။



ထမင်းစား စားပွဲမှာ ဦးသွေးက ဆီတို့ဟူးနှင့် ပဲ
ပါးမိုးရှိုးပဲစေ့လေးတွေပါကျေအောင်ချေပြီး သမအောင်နယ်နေ
သည်။ ညီက သခွားသီးတွေ ရေဆေးပြီး စားပွဲမှာ လာထိုင်လှီး
၏။ စားပွဲနှင့် ခပ်လှမ်းလှမ်း မိုက်ခရိုဝေ့ဖ်နားမှာ သဇင်၊ ဘေး
နားက ဟော့တ်ပလိတ်ပေါ် ရေနွေးအိုး တင်ထားသည်။ မြူနှင်း
အစ်ယောက်သာ မီးဖိုထဲမှာ။ မီးဖိုဆိုတာကလည်း ထမင်းစားခန်း
နှင့် ဆက်စပ်တည်းမို့ ဝေးလှသည် မဟုတ်ချေ။

"ကိုညီမိုးညို ... မတွေ့တာ ကြာပြီနော်"

ဦးသွေးက စကားစ၏။ ဒါ ... ဦးသွေး၊ ဒါ ...
ညီမိုးညိုရယ်လို့ သိကြပေမယ့် ဦးသွေးနှင့် ညီမိုးညိုတို့ တစ်ခါမျှ
မျက်နှာချင်းဆိုင်ပြီး စကားမပြောခဲ့ဖူးကြပါ။ မိတ်ဆက်ပေးမည့်သူ
မရှိပါဘဲ၊ ဦးသွေးက မိတ်ရင်းဆွေရင်းနှယ် စကားစသည်။

"ဦးသွေးကို စပြီး အရင်ဆုံး တောင်းပန်ရမှာပဲ ခင်ဗျ၊
အမေက အန်ကယ်ဦးကျော်ခေါင်တို့အိမ်သွားပြီး အန်တီ
ကရော်စေ့ ဦးသွေးနားကိုပေါက်အောင် ပြောပေးပါလို့
ပြောတာ ကျွန်တော် ... အဲဒီကိစ္စ တောင်းပန်ပါတယ်
ဦးသွေး"

"ရပါတယ် ... စိတ်ထဲ ဘယ်လိုမှ မရှိဘူး၊ မိဘဆိုတာ
ဒီလိုပါပဲ"

မြူနှင်းက ခုချိန်ထိ ညီနှင့်မျက်နှာချင်းဆိုင်၍ စကား
တစ်ခွန်းမျှ မပြောဖြစ်သေးပါ။ ကိုယ့်အလုပ်ပဲ ကိုယ်လုပ်နေလိုက်
သည်။ ညီ ဘာသဘောနှင့် ရောက်လာမှန်းကို နားမလည်နိုင်
သေးလို့ပါ။ ဘာသဘောနှင့်ပဲ ရောက်လာ ရောက်လာ၊ ရက်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



လပေါင်းချီ၍ မတွေ့မမြင်ခဲ့ရသော ချစ်သူ၊ အသံလေးတောင် ကြားခွင့်မရခဲ့သော ချစ်သူ၊ အိမ်တိုင်ရာရောက် ... ရောက်လာသည့်အတွက်၊ ရင်ထဲမှာ အပျော်ကြီး ပျော်သွားရပါသည်။ ဒိန်းနိုင်းမြည်လျက် ရင်တွေခုန်၏။ ညီ ဘာတွေပြောမလဲ နားစွင့်ထားပါသည်။

ဦးသွေး တစ်ယောက်လုံး ရှိနေသည်မို့ ဦးသွေးကို အရင်ဆုံး ဦးတိုက်တောင်းပ[illegible]ကန်နာချိုသွေးနေတာ ဖြစ်ရပါလိမ့်မည်။

"မေမေက တမင်လည်း သတင်းရောက်အောင် ပို့တာပါ။ ဒီလို ... ဦးသွေးရဲ့၊ ဦးသွေးရဲ့ အုပ်ထိန်းမှုအောက်မှာ မြနှင်းက လိမ္မာစမြဲပြီဆိုပေမယ့်၊ သူက စိတ်မထင်ရင် ကျွန်တော့်လည်း ထပေါက်ချင် ပေါက်တာ"

"ဘာလဲ ... သူ့သား တစ်သက်လုံး အပေါက်ခံနေရမှာ စိုးလို့လား"

"အဲဒီလိုတော့ မဟုတ်ပါဘူး၊ မြနှင်းကို အဲဒီကတည်းက ... တစ်နေ့ လက်ခံနိုင်ဖို့ ရည်ရွယ်ပြီးသားပါ။ မြနှင်း မခံချင်စိတ်နဲ့ ပြုပြင်ပြောင်းလဲစေချင်လို့၊ ဦးသွေးတို့နားပေါက်အောင် ပြောပေးပါလို့ ကြားလူနဲ့ သတင်းပို့တာပါ"

"ဟုတ်ရဲ့လား ကိုညီမိုးညို"

"ဦးသွေး ... ညီမိုးညိုလို့ပဲ ခေါ်ပါ"

"ကောင်းတာပေါ့ ညီမိုးညို ... မြနှင်းက နဂိုကတည်းက ရွံ့တဲ့တဲ့ ဂျစ်ကန်ကန်၊ အိုးကရွံ့လာပြီဆိုတော့ စလောင်းရွံ့နဲ့ ထဖုံးလိုက်ရင် ဘယ့်နှယ်လုပ်မလဲ"



"ဦးသွေးတစ်ယောက်လုံး ရှိတာပဲ၊ မသဇင်လည်း ရှိတာပဲ၊ အဲဒီလို ဘယ်ဖြစ်ပါ့မလဲ"

"အင်း ... ထားပါတော့"

"ကျွန်တော်နဲ့ မြနှင်းက တွေ့ကြတာလည်း မြန်တယ်၊ ချစ်သူတွေ ဖြစ်သွားတာလဲ သိပ်မြန်တော့၊ အချိန်ယူစေချင်တဲ့ သဘောလည်း ပါပါတယ်၊ ခပ်ခွာခွာနေပြီး၊ လေ့လာချိန်ယူစေချင်တယ်တဲ့။ တစ်သက်လုံး လက်တွဲသွားလို့ ဖြစ်မဖြစ်"

"နေဦးကွ ... ကိုယ် မေးချင်လာပြီ၊ ညီမိုးညို အခု ဒီကို လာတဲ့ကိစ္စက"

"ကန်တော့ ဦးသွေးရေ ... နားနဲ့မနာ၊ ဖဝါးနဲ့ နာပါတော့၊ မြနှင်းကို ဒုတိယအကြိမ် ချစ်ရေးဆိုဖို့၊ ပထမအကြိမ် ယာယီခွဲခွာမှုကို တောင်းပန်ဖို့"

ညီက ပြောပြီး ရှက်ရယ် ရယ်၏။

"ညီမိုးညို မားသားကြီးက မီးစိမ်းပြလိုက်ပြီလား"

"ဟုတ်ကဲ့ ... မေမေက မြနှင်းကို သိပ်ချီးကျူးနေပါပြီ"

"ဘာကို ချီးကျူးစရာ ရှာတွေ့သွားတာလဲ"

"နောင်တဆိုတာ လူတွေတော်တော်များများ တ,တတ်ကြပါတယ်တဲ့။ ဒါပေမဲ့ ... အဲဒီနောင်တကို ချေဖျက်ပြုပြင်တဲ့သူတော့ ရှားပါတယ်တဲ့။ မေမေ ဒီလိုသတင်းပို့လိုက်ရင် မြနှင်း စိတ်နာချင် နာသွားနိုင်ပါတယ်တဲ့။ ဒါပေမဲ့ ... ဦးသွေးတို့ မသဇင်တို့နဲ့ တူတူနေတော့ ...

www.burmeseclassic.com

www.burmeseclassic.com



"ဆိုးဆိုးဝါးဝါး ဖြစ်မသွားဘူး ဆိုတာလည်း ယုံတယ်၊ မြနှင်းရဲ့ တုံ့ပြန်မှုကိုလည်း စောင့်ကြည့်ချင်တယ်တဲ့"

"မြနှင်းက ဘာမှမတုံ့ပြန်ခဲ့ဘူးလေ"

"ဟုတ်ကဲ့ ... ဖုန်းဆက်မလား၊ ကုန်တိုက်ကို လိုက်လာမလားလို့ ထင်နေတာပါ၊ လုံးဝရောက်မလာတာကို မေမေက ချီးကျူးအထင်ကြီးသွားတာပါ။ မိန်းမသားမှာလည်း မိန်းမသားမာန ရှိနေရမယ်တဲ့၊ ရှိသင့်တဲ့ မာနကို ထားရှိခြင်းဟာ ထက်မြက်ခြင်း တစ်မျိုးတဲ့ ...

"မေမေ့တော့ သူကိုယ်တိုင် ထက်မြက်တော့ မိန်းကလေးဆိုရင်လည်း ထက်ထက်မြက်မြက်ဆို အရမ်းချီးကျူးတာပါ။ မြနှင်းကိုတော့ အစကတည်းက မိန်းမထက်ကလေးလို့ ချီးကျူးပြီးသားပါ။ ထက်မြက်ခြင်းက လမ်းကြောင်းလွဲနေလို့ ...

"လမ်းမှန်ပေါ် တည့်သွားစေချင်တာပါပဲ၊ ဒါကိုယောကျ်ားမလော်င်းတစ်ယောက်က ဝင်ထိန်းပေးရင် နားလည်မှုလွဲပြီး ပိုဆိုးသွားမှာတဲ့။ အုပ်ထိန်းသူဖြစ်တဲ့ ဦးသွေးတို့ကိုပါ မခံချင်အောင် ဆွလိုက်သလိုဖြစ်တော့ ဦးသွေးတို့က ဝင်ထိန်းကြမှာလေ"

"အင်း ... ကြားရတာ နည်းသစ်နည်းဆန်းပါပဲ"

"ဦးသွေး ... ကျွန်တော့်ကို အစာမကျေရင်၊ ကျွန်တော် ... မြနှင်းရဲ့အုပ်ထိန်းသူအဖြစ် ကန်တော့ပြီး တောင်းပန်မှာ၊ မေမေကလည်း မှာလိုက်ပါတယ်၊ ဦးသွေး မကျေနပ်ရင် ထိုင်ရှိခိုးခဲ့တဲ့"



"မလုပ်ပါနဲ့" ... ဟု ဆိုကာ ဦးသွေး ရယ်သည်မို့ ညီကလည်း လိုက်ရယ်သည်။ ဦးသွေး ကြည့်ရတာ အစာကျေသွားသည့်ပုံစံပါ။

"မသဇင်ကိုလည်း တောင်းပန်တယ်နော်"

"သဇင်က ဘာဆိုင်လို့လဲ ... ဟောတော့ ... ကိုညီမိုးညိုသန္တာသီးတွေလှီးတာ ကြီးလိုက်တာ"

"မလှီးတတ်ဘူးဗျ"

"ယောက်ျားမို့ မိန်းမအလုပ် မတတ်ဘူးဆိုပြီး မိန်းမကိုမကူညီရင် ချစ်ရာမရောက်ဘူး ညီမိုးညိုရဲ့၊ တတ်အောင်သင်ဦး"

ဦးသွေးက လက်ထဆေး၏။

"ဒီကြားထဲမှာ မြနှင်းက စိတ်နာပြီး လုံးဝပြန်လက်မခံတော့မှာ မစိုးရိမ်ဘူးလား ကိုညီမိုးညို။ ရှင်က လုံးဝအဆက်ဖြတ်ထားတာလေ"

"ဒါက ... မြနှင်းကို မင်္ဂလာရှိတဲ့ သတို့သမီးလောင်းဖြစ်စေချင်လို့ပါ။ သားရှင် သဘောမတူတဲ့ သတို့သမီးလောင်းဟာ မင်္ဂလာနဲ့ မပြည့်စုံ၊ ကျက်သရေမရှိဘူးလို့ ရှေးလူကြီးတွေ ပြောကြတယ် မဟုတ်လား ...

"မေမေက တစ်နေ့ ... ခွင့်ပြုမှာ သေချာနေတော့ ခဏယာယီသဘော ... ကျွန်တော် ဖုန်းဆက်ရင် မြနှင်းက ပြန်ပြောမှာလေ၊ သားရှင်က မကြည်ဖြူပါဘူး ပြောထားတဲ့ကြားက၊ ဖုန်းခိုးဆက်နေရတဲ့ သတို့သမီးလောင်းအဖြစ် မျက်နှာမငယ်စေချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း ထူးခြားဆန်းသစ်တဲ့ နည်းတစ်မျိုးထင်ပါရဲ့ရှင်"

"ပြီးတော့ ... မြနှင်း စိတ်နာသွားမှာ မစိုးရိမ်ပါဘူး။ အချစ်စစ်တို့မည်သည်မှာ စိတ်နာရိုးထုံးစံမှ မရှိတာ"

"ကဲ ... ရှင့်သစ္စာသီးတွေလည်း ပြန်စိပ်ရမယ့်တူတူ ထား လိုက်ပါတော့၊ မီးဖိုထဲက ကာယကံရှင်ကိုသာ သွားချော့ ချော့ပါ"

"ကျွန်တော် ... နည်းမျိုးစုံနဲ့ ချော့တော့မှာနော်၊ ဦးသွေးနဲ့ မသဇင် ဆွဲ့အနားမကြားကျောင်း၊ ခဏတက်ချင် တက် ထားကြပါ"

"မျက်မမြင်လည်း ပါသေးတယ်"

"အဲဒီအတိုင်းပဲ"

"ကြားလား ဦးသွေး"

"ကိုယ်က လက်ဆေးပြီးသွားပြီ၊ ဧည့်ခန်းမှာ စတိုင်နဲ့သွား ထိုင်တော့မယ်၊ သဇင်တို့အားလုံးပြီးလို့ စားကာနီးမှခေါ် လိုက်တော့"

"သဇင်ကတော့ ပဲပင်ပေါက် ရေနွေးဖျောဦးမှာ"

"ဖျောသာဖျော မသဇင် ... ရေနွေးအိုးထဲ တစ်ကိုယ်လုံး ဝင်စိမ်ချင်လည်းစိမ်"

"အောင်မယ် ... ဒါ ... ရှင့်အမျိုးသမီးလို အသားမဖြူလို့ ပြုတ်ခိုင်းတာပေါ့လေ"

"ကျွန်တော့်အမျိုးသမီးက ကမ္ဘာပေါ်မှာ အလှဆုံးဗျ"

ညီက မီးဖိုဘက်သို့ ဝင်လိုက်၏။ မြနှင်း ရင်ထဲ ဒိတ်ခနဲ ခုန်သွားသည်။ ကိုယ်ထဲမှာရှိသော သွေးကြောမျှင်မျှင်လေး



များ၊ ဆတ်ခနဲ ဆတ်ခနဲ တုန်ခါ၏။ မျက်နှာပြင်ပေါ်မှာကျတော့ ပုရွက်ဆိတ်လေးတွေ တရွရွတက်လာသလို။

"မြနှင်း"

အနားနားကပ်ပြီး ခေါ်သည်မို့ မျှော်လင့်ထားသည့် ကြားမှ လန့်ဖျပ်ရသေး၏။

"ခွင့်လွှတ်တယ်မှလား"

မြနှင်း ... ခုမှ ဝမ်းနည်းလာတော့သည်။

"ဟာ ... မြနှင်း မျက်နှာတွေ ဖောင်းလို့ပါလား။ စော စောကတည်းက ငိုထားတာ ထင်တယ်၊ ဆောရီးကွာ ... ညီ ဘာလုပ်ပေးရမလဲ"

"ဟင့်အင်း"

"မမေက ချွေးမလေးဖို့တဲ့ စိန်လက်စွပ်တစ်ကွင်းပေးလိုက် တယ်"

"မလိုချင်ပါဘူး"

"မြနှင်းကို ညီမိုးညို ပိုင်သည်လို့ စရံသတ်လိုက်တာ၊ မယူချင်လို့ ရမလား"

မြနှင်း မျက်ရည်ပေါက်ခနဲ ကျလေ၏။

"မငိုပါနဲ့ကွာ ... မြနှင်း မျက်ရည်ကျတာမြင်တော့ ညီ ရင်ထဲမှာ မချိဘူး၊ စောစောကတည်းက ငိုနေတာလား"

"အမေက ကျွန်မကို ထားခဲ့ပြီ"

"ဘယ်လို ... ဘာဖြစ်လို့လဲ"

"ဦးသွေးတို့နဲ့ ပြန်နေတဲ့။ တရားစခန်းမှာပဲ နေတော့မယ် တဲ့၊ ခုမနက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အဲဒါကြောင့် ငိုထားတာလား။ စိတ်မကောင်း မဖြစ်ပါနဲ့၊ ဒါ ... ကောင်းရာကောင်းကြောင်း ကုသိုလ်ရေးပဲ၊ ညီတို့ သွားတွေ့ကြမှာပေါ့"

"တစ်လပြည့်မှလာ ... တဲ့"

"ငိုသံပါလေးနဲ့ကွာ ... ပြောနေပုံလေး သနားလိုက်တာ။ ညီ့ကို စိတ်မဆိုးဘူး မဟုတ်လား၊ ခွင့်လွှတ်တယ် မဟုတ်လား"

"ကျွန်မ အမေနဲ့ ဒီကိုပြောင်းနေတာ သိလား"

"မသိဘဲနေမလား။ အမြဲစုံစမ်းနေတာ။ သွားတာလာတာလည်း အမြဲလိုက်ချောင်းကြည့်နေတာပဲ၊ တစ်နေ့တစ်ခါ ... မတွေ့မမြင်ရဘဲနဲ့မှ မနေနိုင်တာ"

"တကယ်လားဟင်"

"တကယ်ပေါ့ ... မြူနှင်းသာ ညီ့ကို လိုက်ချောင်းမကြည့်တာ။ ဒီကောင်က နေ့တိုင်း လိုက်ချောင်းကြည့်တယ် သိလား"

"ကျွန်မက မိန်းကလေးလေ ... လိုက်ချောင်းလို့မှ မရတာ"

"ညီ့ကိုချစ်လား"

"ဟင် ... မဆီမဆိုင် ဘာလို့ မေးတာလဲ"

"ညီက သိပ်ချစ်လာလို့၊ ပေး ... လက်"

ပြောပြောဆိုဆို ... မြူနှင်းရဲ့ညာဘက်လက်ကလေး ဆွဲယူလိုက်၏။ လက်ဖွင့်ကို ဖွင့်ကြည့်တော့ လက်သူကြွယ် တိတိကလေးတော်၏။

"ချွေးမလေး ... လက်ပေးဆိုတော့ ပေးတယ်။ လိမ္မာတယ်"



မြူနှင်း ခစ်ခနဲ ရယ်မိတော့သည်။

"မြူနှင်းကို ဘယ်လောက်ချစ်လဲ ... မြူနှင်းရဲ့ညာဘက်လက်သူကြွယ်လေးကို တစ်ခါတည်းလေး ကိုင်ဖူးတာနဲ့ တိတိဖြစ်မယ့် လက်စွပ်ကွင်းကို ရွေးနိုင်တယ် သိလား။ မေမေက သေးများနေမလားတဲ့။ မြူနှင်းလက်က သေးသေးလေးလို့။ ခြေထောက်လည်း သေးသေးလေးလို့၊ ဖိနပ်ဆိုရင် နံပါတ်အသေးဆုံး ဝယ်ရတယ်လို့ ပြောလိုက်တယ်"

"ညီ"

ညီက ငုံ့ကြည့်၏။

"ပြောလေ ... ညီ့ကို ရန်တွေ့မလို့လား"

"မတွေ့ပါဘူး ... ဒါပေမဲ့ ... ညီ ပြန်စဉ်းစားဦးမလားဟင်"

"ဘာကိုလဲ"

"ကျွန်မဆီ ပြန်လာဖို့"

"ဟာကွာ ... မဟုတ်တာ"

"ဘဝဆိုတာ ... ကျွန်မအဖို့တော့ တစ်ယောက်တည်း လျှောက်သာတဲ့ လမ်းကျဉ်းလေးလိုပဲ။ အမြဲတစ်ယောက်တည်း နေခဲ့ရတယ်၊ မိသားစုနဲ့တုန်းကလည်း ... တစ်ယောက်တည်းပါပဲ၊ ခုလည်း တစ်ယောက်တည်းပဲ၊ ကျွန်မ နေတတ်နေပြီ၊ တစ်ယောက်တည်း နေရတဲ့ အထီးကျန်ဘဝဟာ ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအတွက် အဆန်းမဟုတ်တော့ဘူး။ ညီချန်ရစ်ရင်လည်း၊ ကျွန်ရစ်တတ်နေပါပြီ။ သနားရုံသက်သက်နဲ့ ပြန်လာတာဆိုရင် ပင်ပန်းမှာစိုးလို့ပါ"

"ခုချိန်ကစပြီး ... မြူနှင်းဟာ နှစ်ယောက်ဖြစ်သွားပြီ။ မြူနှင်း အားမှာ ညီ အမြဲရှိတယ်။ မြူနှင်းကို တစ်ယောက်တည်း ဘယ်တော့မှ မထားခဲ့တော့ဘူး။ အဲဒါ ယုံလိုက်တော့"

"ကျေးဇူးတင်ပါတယ် ညီရယ်"

"စိတ်မညစ်နဲ့တော့နော်"

"ဟုတ်ကဲ့"

"မြူနှင်း စိတ်ညစ်နေရတဲ့ ကာလလေးကို လျှော်ပေးမယ်"

"ဘယ်လိုလျှော်ပေးမှာလဲ"

"အဲဒါ ... နောက်မှပြောမယ်"

ခိုးခိုးခစ်ခစ် ရယ်သံလေး ထွက်လာတော့သည်။

"မြူနှင်းရေ ... နည်းနည်းပါးပါးများ မူပါဦးတော့လား၊ ခွင့်မလွှတ်ပါဘူး၊ ညာဘူးနဲ့ ခြေထောက်ကလေး ဆောင့်ပါလား"

သဇင်က လှမ်းအော်ပြော၏။

"ဒီမှာ ... ဝက်သားလည်း နွေးပြီးပြီ၊ ပဲပင်ပေါက်လည်း ရေနွေးဖျောပြီးပြီ။ သစ္စာသီးကိုယ်တော်ကြီးရဲ့သစ္စာသီးစိပ်တွေပဲ ကြီးနေတာ"

"မသဇင်ပဲ သေးလိုက်တော့"

"မြူနှင်းရေ ... နှုတ်ခမ်းစူထားဟေ့"



"ဒီမှာ ... ကော်လည်းကြိုပြီးပြီ၊ ကြာဇံလည်း နူးပြီ၊ ယူလာပြီ"

"ရှင့်လူကြီးကို မဆုံးမတော့ဘူးလား"

"ဟင့်အင်း"

"ကျွန်တော့်ချစ်သူလေးက မူတောင်မမူရက်ဘူးဗျ၊ ခင်ဗျားပဲ အိမ်ရှေ့ထွက်ပြီး ဦးသွေးကို သွားမူချေ"

ညီနှင့် မြူနှင်းက ကော်ရည်ဇလုံ၊ ကြာဆံဇလုံတို့ကိုင်၍ ထွက်လာ၏။

"မသွားပါဘူး၊ ဒီနားမှာထိုင်ကြည့်ပြီး အနှောင့်အယှက်ကိုပေးဦးမှာ၊ ဘယ့်နှယ် ... သဇင်တို့အုပ်ထိန်းထားတဲ့ကလေးကို ရှင့်လက်ထဲ အပ်ခဲ့ရမှာလား"

"အဲဒါပေါ့ ... အလိုက်မသိ အားမနာ၊ ကျိုက်ပိဘုရားဒကာဆိုတာ"

စင်စစ် ... သဇင်နှင့် ညီတို့ တစ်ခါမျှ အဲဒီလောက် မရင်းနှီးခဲ့ကြဖူးပါ။ နှစ်ဦးနှစ်ဖက်လုံးဟာ မြူနှင်းကို ချစ်ကြသူချည်းမို့ ရင်းနှီးမှုက ချက်ချင်းဖြစ်ထွန်းတော့သည်။

"ထိုင်နေပါ မြူနှင်းရယ် ... အဲဒီသစ္စာသီးကိုယ်တော်ကြီးနားမှာ ထိုင်ပါ၊ သူ့သစ္စာသီးစိပ်တွေ ပြန်လှီးပါ။ ပန်းကန်တွေ သဇင် ထုတ်ပါ့မယ်၊ ဘယ်နား ဘာရှိလဲ အကုန်သိတယ်"

မြူနှင်းက ညီ့ကိုမော့ကြည့်ပြီး တစ်ချက်ပြုံးပြသည်။ ညီက နှာခေါင်းရှုံ့၍ မျက်စိမှိတ်ပြ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ပျော်လိုက်တာ ညီရေ ... မြနှင်းဘဝလေး ဆစ်ချိုးကွေ့ပြန်ပြီ။ ဒီတစ်ခါကွေ့တာက ကိုးဆယ်ဒီဂရီမျဉ်းမတ် ထောင်ပြီးတော့ ကွေ့တာလေ၊ မျဉ်းမတ်လေးရဲ့ထိပ်မှာတော့ မြနှင်းအတွက် အပျော်ဘုံကြီး တည်ရှိနေလေရဲ့။

ညီက မြနှင်းနှင့် ပခုံးချင်း တိုက်ပစ်လိုက်သည်။

"ပျော်လား"

မြနှင်း ခေါင်းညိတ်၏။

"ချစ်လား"

မြနှင်းက ခေါင်းလေးကို တဆတ်ဆတ်ညိတ်၏။

"အမြန်ဆုံး လက်ထပ်ကြမယ်နော်"

မြနှင်း ခေါင်းကလေး မရပ်မနား ညိတ်ပြနေတော့ သတည်း။

စာချစ်သူတိုင်းကိုချစ်တဲ့

နေနွယ်ဇင်မြင့်

BURMESE CLASSIC .com

www.burmeseclassic.com